
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


တက္ကသိုလ် တင်မြင့်

ပြေးမလွတ်ပါလား

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

**တန်ဖိုး**

၁၀၀ ကျပ်

**အုပ်ရေ**

၅၀၀

**ထုတ်ဝေသူ**

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ် (၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်

**ပုံနှိပ်သူ**

ဦးကျော်လှိုင် (၅၅၇၃) စေတနာ Offset

အမှတ် (၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

တက္ကသိုလ်တင်မြင့် ၈၉၅.၈၃

ပြေးမလွတ်ပါလား၊ တက္ကသိုလ်တင်မြင့် (ရန်ကုန်)

စေတနာစာပေ ၂၀၁၃

၃၂၄-စာ၊ ၅x၇

(၁) ပြေးမလွတ်ပါလား




# တက္ကသိုလ် တင်မြင့်

# ပြေးမလွတ်ပါလား



စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ၄ · ၁

ပရိုက်ဗိတ်ကားများကို တားဆီးခြင်းမရှိ။

ပါစင်ဂျာဆွဲ အဝေးပြေးကားများကိုလည်း တားဆီးခြင်းမရှိ။

ကုန်တင်လော်ရီထရပ်ကားကြီးများ ဝင်လာသ ကိုင် ရှေ့တွင်တပ်ထားသော ကား၏နံပါတ်ပြားမှ နံပါတ်ပြားမှနံပါတ်ကိုကြည့်သေးသည်။ သတင်းရရှိထားသော နံပါတ်မဟုတ်လျှင် တားဆီးခြင်းမရှိဘဲ လွှတ်ပေးလိုက်သည်။

သတင်းအရမဟုတ်သော နံပါတ်ပေါ်မှ ဒရိုင်ဘာ၊ စပယ်ယာတို့သည် ဤနေရာတွင် စစ်ဆေးဂိတ်ရှိနေမှန်းပင် မသိလိုက်။

စစ်ဆေးသူများသည် ကားလမ်းဘေးတွင် ရှိနေကြသည်လည်းမဟုတ်။ ကားလမ်းဘေး၏ တောအုပ်ထဲတွင် ကိုယ်ဖျောက်နေကြသည်။

စစ်ဆေးသူများအားလုံးသည် လက်နက်ကိုင်ယူနီဖောင်းဝတ် သက်ဆိုင်ရာဌာနအသီးသီးမှဖြစ်သည်။ ရဲပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အကောက်ခွန်ပါသည်။ ယစ်မျိုးပါသည်။ ထောက်လှမ်းရေးပါသည်။ ထို့ပြင် ဤဂိတ်နှင့်အနီးဆုံးကျေးရွာမှ လူကြီးနှစ်ဦးပါဝင်သည်။

သူတို့ထဲတွင် သူတစ်ဦးသာလျှင် အဆန်းဖြစ်နေ

သူသည် အရပ်ဝတ် အရပ်စား ဝတ်ဆင်ထားသည်။

အသက်မှာ အစိတ်လောက်ရှိမည်ဟု ခန့်မှန်းနိုင်သည်။

တကယ်တော့ ထိုသူ၏အသက်အမှန်သည် နှစ်ဆယ့်ရှစ်နှစ်သာဖြစ်ပါ၏။ သို့သော် သူဝတ်စားဆင်ယင်ပုံကြောင့်ရော၊ သူ၏ ချောမောသောရုပ်ကြောင့်ရော၊ ကိုယ်လုံးကိုယ်ထည် ကြည့်ကောင်းခြင်းကြောင့်ရော သူ၏ တကယ်ရောက်ရှိနေသောအသက်အမှန်ထက် ပိုမိုငယ်သည်ဟု ထင်ရခြင်းဖြစ်ပေသည်။

သူသည် တီရှပ်အင်္ကျီအပေါ် ဂျင်းဂျက်ကက်ထပ်ဝတ်ထားသည်။ ဘောင်းဘီကလည်း ဂျင်းဘောင်းဘီဖြစ်သည်။ တောစီးဖိနပ်စီးထားပြီး သားရေပျော့ အညိုရင့်ရောင် သံပရာဦးထုပ်ဆောင်းထားသည်။ ရေဘင်နေကာမျက်မှန်လည်း တပ်ဆင်ထားသည်။ နေကာမျက်မှန်ဆိုပေမယ့် မျက်မှန် မှန်သားအတွင်းမှ သူ၏မျက်လုံးများကို အတိုင်းသား မြင်နေရအောင် မျက်မှန်ရောင်မှာ နုနုအရောင်လေးဖြစ်နေသည်။

လူက လူချော။

သူ၏အရပ်ကလည်း ငါးပေရှစ်လက်မရှိသည်။ သူ၏အရပ်နှင့် လိုက်လျောညီထွေသော ကိုယ်လုံးကိုယ်ထည်နှင့် ခြေတံလက်တံတွေရှိသည်။



သက်ဆိုင်ရာပုဂ္ဂိုလ်တွေတွင် ပစ္စတို၊ ခြောက်လုံးပြူး စသည်ဖြင့် အသီးသီးပါရှိသော်လည်း သူ့တွင် ဘာသေနတ်မျှ မပါ။ သူ၏လည်ပင်းတွင် စွပ်ထားသော မှန်ပြောင်းတစ်လက်သာ ပါရှိသည်။

သူက ဟိုးအဝေးမှ ကားတစ်စီးလာတိုင်း သစ်ပင်ကွယ်မှ မှန်ပြောင်းဖြင့် လှမ်းကြည့်သည်။ သူလိုချင်သောကား မဟုတ်လျှင် သူ့ကိုစောင့်နေသည့် ဌာနဆိုင်ရာပုဂ္ဂိုလ် ယူနီဖောင်းဝတ်များအား လက်ဝါးခါပြလိုက်သည်။

“ဘယ်လိုလဲဗျ ကိုဖေယျာအောင်၊ ခင်ဗျား အင်ဖော်မေးရှင်း သတင်းမှားနေပြီလား”

မှန်ပြောင်းနှင့် ဖေယျာအောင်က သူ၏မှန်ပြောင်းကို ရင်ဘတ်တွင် တွဲလွဲပြန်ချထားလိုက်သည်။ ထို့နောက် ပါးစပ်ကို လက်မထောက်၍ ညွှန်ပြသည်။ တစ်ဆက်တည်းမှာပင် သူ၏ လက်ကောက်ဝတ်ကို ဓားဖြင့်ခုတ်ပြသည့် ပုံသဏ္ဌာန်လုပ်ပြသည်။

“မှားသွားရင် ကျွန်တော့်ပါးစပ်ထဲ သံပူရည်တွေလောင်းထည့်ဗျာ၊ နောက်ပြီး ကျွန်တော့်လက်ကိုပါ ဖြတ်ပစ်လိုက်”

ဖေယျာအောင်၏အပြောကို အများကသဘောကျပြီး ရယ်မောကြသည်။

“အလကား နောက်တာပါ ကိုဖေယျာအောင်၊ ခင်ဗျား စွမ်းဆောင်ချက်ကြောင့်ပဲ ဓာတ်ကပွဲရုံ ပြိုရုံတင်မကဘူး၊ ခြေရာဖျောက် ရေနောက် ထွက်ပြေးသွားပြီ မဟုတ်လား၊ အဲဒီတုန်းက ဘာပြောပြော နိုင်ငံတော်ရဲ့ဘဏ္ဍာတော်မှာ သိန်းနှစ်ရာလောက် ဖြည့်ထည့်လိုက်ရတယ်လေ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ၊ သက်ဆိုင်ရာက ကျွန်တော့်ကို ရာခိုင်နှုန်းအချိုးကျအတိုင်း ဆုငွေနဲ့ နာမည်ကောင်းလက်မှတ် ထုတ်ပေးတာကို ပြောချင်သေးလို့လား"

"တော်စမ်းပါ ကိုဗေယျာအောင်ရာ၊ မသိရင် ခက်မယ်၊ ခင်ဗျား ဆုငွေရတဲ့ ငွေအရေအတွက်နဲ့ မတိမ်းမယိမ်း ဆုငွေထုတ်ပြီးတစ်ပတ်အတွင်း ဘိုးဘွားရိပ်သာမှာ အမည်မဖော်သူတစ်ဦးက လှူသွားတာကို ကျုပ်တို့က မသိတာကျနေတာပဲ"

"အား ... အထင်ကြီးလှချည်လား၊ အမည်မဖော်သူဆိုတာ တခြားပုဂ္ဂိုလ်တွေထဲက တစ်ယောက်ယောက်ဖြစ်မှာပါဗျာ၊ ကျွန်တော့်အဖို့ ဒီလိုကိစ္စတစ်ခု အောင်မြင်တဲ့အထိ သတင်းလိုက်တာရော၊ ဘာရောညာရော ငွေကုန်ခံပြီးလုပ်ရတာဗျ"

ထိုစဉ်မှာပင် ...

ဟိုးအဝေးမှလာသော လော်ရီထရပ်ကားကြီးတစ်စီး၏ အင်ဂျင်သံကို သဲ့သဲ့ကြားရသည်။

ဗေယျာအောင်၏ ရေဘင်နေကာမျက်မှန်ပေါ်သို့ မှန်ပြောင်းရောက်သွားသည်။

ကားကြီး၏ ရှေ့ဘန်ဘာတွင် တပ်ဆင်ထားသော ကားနံပါတ်ကို မှန်ပြောင်းဖြင့်သဲကွဲစွာ မြင်လိုက်ရပြီဖြစ်သည်နှင့် ဗေယျာအောင်က အဖွဲ့ကို လက်မြှောက်အချက်ပြလိုက်တော့သည်။

"လာပြီဗျို့ ... ဒီကောင်ကြီးပဲ"

ပေတစ်ရာခွါးဆယ် အကွာခန့်ကျုမှ တောထဲမှ ဘွားခနဲ ထွက်လာကြသည်။



ထရပ်ကားကြီးရပ်လိုက်သည်နှင့် ရှေ့နောက်ဝဲယာကို ပတ်လည်ဝိုင်းလိုက်၏။

"သနပ်ဖက်တွေပါဗျာ၊ တခြားဘာမှ မပါပါဘူး"

ဒရိုင်ဘာရော စပယ်ယာရော ရှေ့ခန်းတွင် မျက်နှာငယ်လေးတွေနှင့် ဖြစ်နေကြသည်။ သူတို့တွင် ကိုင်ဆောင်ထားသော ယာဉ်မောင်းလိုင်စင်နှင့် စပယ်ယာလိုင်စင်ကိုလည်း မတောင်းရဘဲ ထုတ်ပေးနေကြသည်။

"လိုင်စင်တွေ မလိုပါဘူးကွာ"

"ကဲ ... ဦးရွှေမုန်းရေ ... ခင်ဗျားလူတွေ ခေါ်လိုက်ပါဦး"

ဦးရွှေမုန်းမှာ ကျေးရွာလူကြီးဖြစ်သည်။ နဂိုကတည်းကပင် သူ့ရွာမှ လူရွယ်တောင့်တောင့်ခိုင်ခိုင် ဆယ်ယောက်ခေါ်ပေးထားသည်။

ဦးရွှေမုန်းက သူ့လူတွေကို တောထဲမှ လှမ်းခေါ်ပြီး သနပ်ဖက်ပိုတွေကို ချခိုင်းတော့သည်။

"ဘယ်လိုလဲ ကိုဗေယျာအောင်၊ ဖက်ပိုတိုင်း ဖောက်ကြည့်ရမှာလား"

"မဖောက်နဲ့ဦး ရဲအုပ်ကြီး၊ အားလုံး ဖက်ပိုတွေ အောက်ချပြီး လမ်းဘေးမှာ စီထားပါလိမ့်စေ၊ ရှေ့ဆုံးဘက်မှာ အောက်ခံထားတဲ့ ဖက်ပိုတန်းက နံပါတ်သုံးဖက်ပိုကိုသာ အောက်ချပြီးရင် ဖောက်ကြည့်"

"သေချာလှချည်လား ကိုဗေယျာအောင်"

"အင်း ... လမ်းမှာ ဗလောင်းဗလဲ မလုပ်ရင်တော့ ကျွန်တော်ပြောတာ သိပ်သေချာတယ်၊ တကယ်လို့ ဗလောင်း

www.burmeseclassic.com

www.burmeseclassic.com



ဗလဲ လုပ်လာလို့ မတွေ့ရင်တော့လည်း ဖက်ပိုတိုင်းဖောက်ကြည့်ရမှာပေါ့ဗျာ"

ဖက်ပိုတွေ ချကြသည်။ လမ်းဘေးတွင် စီးထားသည်။

သက်ဆိုင်ရာတို့က ဖေယျာအောင် ပြောသည့် ရှေ့ပိုင်းအောက်တန်း တတိယပို ရောက်သည်အထိ ကားဘေးပတ်လည်နှင့် ရှေ့နောက်မှ စောင့်ကြည့်နေကြသည်။ ဒရိုင်ဘာနှင့် စပယ်ယာကို ရှေ့ခန်းမှာပင် ထိုင်စေပြီး အောက်သို့ ဆင်းခွင့်မပြုပါလေ။

ဖေယျာအောင် ပြောသည့်အတိုင်း အောက်တန်း တတိယပိုသို့ ရောက်ပေပြီ။

"ကဲ ... အဲဒီပို အောက်ချ"

သက်ဆိုင်ရာ တာဝန်ရှိသူတွေထဲမှ အကြီးအကဲ သုံးဦးက ဖက်ပိုကို ဝိုင်းကြည့်သည်။

ကျေးရွာလူကြီးနှစ်ဦးကိုလည်း ဂရုပြုကြပါရန် သက်သေပြုထားသည်။

သနပ်ဖက်ရှက် အထပ်လိုက် အောက်သို့ ထုတ်ယူသည်။

"ဟိုက် ... မည်းမည်းအတုံးတွေပါလား"

"အပေါ်က သဘော်ဆေးအမည်း သုတ်ထားတာ ဖြစ်မယ်၊ ဓားနဲ့ခြစ်ကြည့်"

ဓားနှင့်ခြစ်ကြည့်လိုက်သည်။ ခဲရာခဲဆစ်မဟုတ်။ နည်းနည်း ဓားသွားဖိခြစ်လိုက်သည်နှင့် ဝင်းဝါသောအရောင် ထွက်လာသည်။



"ဟာ ... အဖိုးတန်တွေ၊ ဓားနဲ့ခြစ်ကြည့်၊ ထပ်ခြစ်ကြည့်ဗျို့"

"အားလုံး ဆယ့်နှစ်ခု၊ ကဲ ... ပုံစံရေးတော့"

သက်ဆိုင်ရာရော သက်သေလူကြီးတွေရှေ့မှာရော ခိုးတင်လာသော ပစ္စည်းဆယ့်နှစ်ခု မိလေပြီ။

"တစ်ခုကို ငါးဆယ်သားလောက် စီးမယ်ဗျ"

"ဒါဆို ခြောက်ပိဿာကြီးပါလား၊ ဗျို့ ..., ကိုဖေယျာအောင် ဒီမှာလေ ခင်ဗျားပြောတဲ့အတိုင်း မိပြီ"

သို့သော် ဖေယျာအောင်အား အစအနပင် ရှာဖွေမတွေ့ပါလေတော့။ ဖေယျာအောင် စီးလာသော ဟွန်ဒါဆိုင်ကယ်လည်း မရှိပါလေတော့။ ပထမဆုံးပစ္စည်းကို ဓားနှင့်ခြစ်ပြီး ရှိသမျှလူအားလုံး ၎င်းပစ္စည်းတွင် အာရုံစိုက်နေစဉ်မှာပင် ဖေယျာအောင်သည် သူ၏တာဝန် ပြီးပြီ။ ကျန်တဲ့ကိစ္စတွေသည် သက်ဆိုင်ရာအသီးသီး၏ တာဝန်ဟု ယူဆလေသလား မသိ။ လစ်ထွက်သွားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂

ကမ္ဘာအေးလမ်းမကြီးတွင်ရှိသော ခြံကျယ်ခေတ်မီ နှစ်ထပ်တိုက်အိမ်ကြီး၏ အောက်ထပ် ဧည့်ခန်းတွင်ဖြစ်သည်။

ဧည့်သည်တော့ မှန်သည်။

သို့သော် ယင်းဧည့်သည်ခမျာ ဆိုဖာပေါ်တွင်မထိုင်ဘဲ အောက်တွင်ခင်းထားသော မွေးပွကော်ဇောပေါ်တွင် ဆောင့်ကြောင့်လေး ထိုင်နေသည်။ ဧည့်သည်၏မျက်နှာ ငယ်လှသည်။ ပြစ်မှုတစ်ခုကို ကျူးလွန်ထားသဖြင့် ဆရာ အရိုက်ခံရတော့မည့် ကလေးငယ် ကျောင်းသားလေးပမာ စိုးရိမ်ကြောက်လန့်သော အသွင် ရှိနေ၏။

ဧည့်ခန်းသို့ အလျားလိုက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသူမှာ ဤတိုက်အိမ်ပိုင်ရှင် ဦးရှိန်လှမောင် ဖြစ်ပါ၏။

"တောက်"

ပြင်းထန်သော ဦးရှိန်လှမောင်၏ တောက်ခတ်သံမှာ ဧည့်ခန်းမှာပင် ဟိန်းထွက်သွားသည်။



ဤနှယ် ဟိန်းထွက်သော တောက်ခတ်သံသည် ယခုတစ်ကြိမ်ပါဆိုလျှင် ငါးကြိမ်တိုင်တိုင် ရှိလေပြီ။

ယောင်အိမ်ထဲမှ ကျားကြီးသဖွယ် ဦးရှိန်လှမောင် ဒေါပွနေသည်။

"ခြောက်ပိဿာဗျ ... ခြောက်ပိဿာ၊ ခြောက်ပိဿာဆိုတာ တစ်ကျပ်သားပေါင်း ခြောက်ရာတိတိ၊ နားလည်လား"

ဦးမြိုင် ဆိုသူသည် ဘာပြန်ပြောရမှန်းမသိ။ ယခုလို ပစ္စည်းမျိုးကို သက်ဆိုင်ရာမှ ဖမ်းမိသွားသည်မှာ မိမိအပြစ်ဟုတ်လေသလား၊ မဟုတ်လေသလားပင် မဝေခွဲတတ်။

အမှန်တော့ ဦးရှိန်လှမောင်လိုလူသည် ဦးမြိုင်လိုလူအပေါ်တွင် လူလည်လုပ်ထားခြင်းသာ ဖြစ်သည်။ ယခု ရဲတွင် သနပ်ဖက်ပိုတွေထဲမှ အဖိုးတန်ပစ္စည်း ဖမ်းမိသွားသော ဆယ်သိန်းကျော်တန် ဂျီအမ်စီထရပ်ကားကြီး အစစ်အမှန် ပိုင်ဆိုင်သူမှာ ဦးရှိန်လှမောင်သာလျှင် ဖြစ်သည်။ သို့သော် ဦးရှိန်လှမောင်က ယာဉ်ပိုင်ရှင် အမည်မခံ။ ဦးမြိုင်အား ယာဉ်ပိုင်ရှင် အမည်ခံစေသည်။ ယခုလို အရှုပ်အယှက်တွေ ဖြစ်လာသောအခါ ဦးရှိန်လှမောင် လုံးဝတာဝန်ကင်းသည်။ ယာဉ်ပိုင်ရှင် ဦးမြိုင် အပေါ်၌သာ သက်ဆိုင်ရာက လိုက်ရတော့သည်။

ကားကြီးတစ်စီးလုံး သူများနာမည်နှင့် ပေးထားသောကြောင့် အကယ်တန္တု ဦးမြိုင်က ကူလီကူကာ လုပ်လာလျှင် ဦးရှိန်လှမောင် ခံသွားရမှာပေါ့ဟု မတွေးပါလေနှင့်။

ကျားခေါင်းကို ခြင်ကိုက်သလိုသာ ဖြစ်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရှိန်လှမောင်လိုလူအား ဦးမြိုင်လိုလူက တစ်သက်လုံး မလှန်ရဲ။ ဦးမြိုင် ခံသွားရမည်သာ။ အင်မတန် သတ္တိကောင်းပြီး ကူလီကူမှာ မော်တော်ကားကို အပိုင်စီးလိုက်လျှင် သက်ဆိုင်ရာ [illegible] တရားဝင်ကိစ္စများကြောင့် ကားကို ပိုင်ဆိုင်ခွင့်တော့ ရသွားမည်။

သို့သော် သိပ်ကြာလိုက်မည်မဟုတ်။ ဦးမြိုင် တစ်ယောက် ရေနစ်သေချင်သေမည်။ မီးရထားပေါ်မှ လိမ့်ကျပြီး ရထားကြိတ်လို့ သေချင်သေမည်။ မတော်တဆ သေဆုံးခြင်းတစ်ခုခုနှင့် သေသွားပေလိမ့်မည်။ မသကာ ဦးရှိန်လှမောင်လိုလူအဖို့ ကားတစ်စီး ဆုံးရုံပေါ့။ ကင်းခြေများ ခြေတစ်ချောင်းကျိုးရုံသာပေါ့။

ဦးရှိန်လှမောင်တွင် ဦးမြိုင်လိုလူတွေ အများကြီးရှိသည်။ ကုန်းလမ်း၌လည်းရှိ၏။ ရေလမ်း၌လည်းရှိ၏။

သူပိုင်ယာဉ်ကို သူကပင် ဦးမြိုင်တို့ထံ၌ ခေါက်ကြေးအခငွေဖြင့် ပြန်ငှား၏။ နောက်ပြီး သူ တင်ချင်သော ကုန်တွေတင်သည်။ ယင်းကုန်တွေကြားမှာပင် ဥပဒေမဲ့ပစ္စည်းတွေ တင်ခဲ့သည်။ လွတ်ပေါင်းများ၍ ဦးရှိန်လှမောင်သည် ငွေသိန်းနှင့်ချီချမ်းသာနေပြီ။

ယခု တစ်ကြိမ်သည် ပထမဆုံးအကြိမ် ခံလိုက်ရခြင်းဖြစ်ပေတော့သည်။

"ကဲ ... ဦးမြိုင်၊ သွေးအေးအေးနဲ့ပြောစမ်း၊ ဖြစ်ပုံတွေအားလုံး"



"စံမြင့် ပြောပြသလောက်ပဲ ကျွန်တော် ပြန်ပြောနိုင်မှာပါ ဆရာကြီး၊ ကျွန်တော် ကိုယ်တိုင်လည်း ဒီတစ်ခေါက်ပဲမသွားဘူးလေ၊ ဆရာကြီးက လိုက်မသွားနဲ့၊ နေခဲ့ဆိုလို့ ကျွန်တော် နေခဲ့တာပဲ"

"အင်းပါလေ ... စံမြင့် ပြောတဲ့အတိုင်း ပြောစမ်းပါ"

စံမြင့် ဆိုသူမှာ ဒရိုင်ဘာ ဖြစ်ပါသည်။

"မမျှော်လင့်တဲ့နေရာမှာ ဘွားခနဲ တောထဲက ဖမ်းဆီးတဲ့သူတွေ ထွက်လာတာပဲတဲ့ ဆရာ၊ တစ်လမ်းလုံး ရှေ့မှာဘာတိတ်ရှိသလဲဆိုပြီး သတိထားမောင်းလာရင်းက ဂိတ်မဟုတ်တဲ့နေရာက သက်ဆိုင်ရာတွေ ထွက်လာတာတဲ့၊ သူတို့ထဲမှာ နိုင်ငံခြားရုပ်ရှင်ထဲက ဓာတ်လိုက်နဲ့ သိပ်တူတဲ့ လူတစ်ယောက်က မှန်ပြောင်းစွပ်ထားတယ်တဲ့၊ ကားတွေလာတာကို အဝေးကြီးကတည်း မှန်ပြောင်းနဲ့ကြည့်ပြီး ဆရာ့ကားကို တစ်စီးတည်း ရွေးဖမ်းတာမျိုးတဲ့"

"ဒီကောင်က ဘာကောင်လဲ"

"သူတို့အချင်းချင်း ပြောတာကို စံမြင့်က နားစွင့်ထားတယ် ဆရာကြီး၊ အဲဒီ ရုပ်ရှင်ဓာတ်လိုက်နဲ့တူတဲ့ကောင်ကို သူတို့က ဇေယျာအောင်လို့ ခေါ်သံ စံမြင့်က ကြားလိုက်တယ်တဲ့"

"ဘာ ..."

ဦးရှိန်းလှမောင် အော်လိုက်သံကြီးမှာ အင်းခွေးကြီး ဟိန်းလိုက်သလား အောက်မေ့ရသည်။ တစ်ခန်းလုံး ဟိန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဇေယျာအောင် ... ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ အဲဒီ ဇေယျာအောင်ကပဲ ကားရဲ့ ရှေ့ဆုံးဘက် အောက်တန်းဖက်ပိုထဲက တတိယပိုကိုသာ ဖောက်ကြည့်လို့ ပြောတာတဲ့၊ ဒက်ထိကို ရွေးထုတ်ဖောက်တာပဲ ဆရာကြီး၊ တခြားဖက်ပိုတွေ တစ်ချက်မဖောက်ဘဲ လမ်းဘေးမှာ စီထားတာ"

"အင်း ... ဒီကောင် ဇေယျာအောင်ကိုး၊ ဇောတိကကြီး တစ်ဖွဲ့လုံး ပြုတ်ရုံမက ဇောတိကကြီး ကိုယ်တိုင်တောင် နယ်ခြားကို ရှပ်ဖျက်ပြေးရတဲ့အထိ ဆော်ထားခဲ့ဖူးတဲ့ အကောင်ပဲ ..."

"တော်ပြီ ဦးမြိုင်၊ ဒါလောက်ဆို ကျွန်တော် သိပြီ၊ အခု ကျွန်တော့်ဆီ ခင်ဗျားလာတဲ့ကိစ္စက ဆို ... ဘာလဲ"

"ဒရိုင်ဘာ စံမြင့်ကို ဖမ်းထားတယ် ဆရာကြီး၊ စပယ်ယာတွေကိုတော့ အရပ်လူကြီးအာမခံနဲ့ ပြန်လွှတ်ပေးတယ်၊ ဂျီအမ်စီကားကြီးကိုလည်း ရဲစခန်းမှာပဲ သိမ်းထားတယ်၊ အဲဒါ ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိလို့၊ စံမြင့်မိန်းမကလည်း တငိုငို တရယ်ရယ်နဲ့၊ သူတို့ညားတာမှ လေးလ ရှိသေးတာ ဆရာကြီး"

ဦးရှိန်လှမောင်သည် ဧည့်ခန်းထောင်သို့ လျှောက်သွားသည်။ စားပွဲမှ အံဆွဲတစ်ခုဖွင့်ပြီး လက်နှိုက်လိုက်သည်။ လက်ပြန်နှုတ်သောအခါ သူ၏လက်ထဲတွင် ငွေစက္ကူတစ်ထပ်ပါလာသည်။



"ရော့ ... အဘိုးကြီး၊ စံမြင့်မိန်းမကို ငွေတစ်သောင်းပေးပြီး နှစ်သိမ့်ထားလိုက်၊ ပိုတာ ခင်ဗျားယူ၊ ရဲက သိမ်းထားတဲ့ကားကြီး ပြန်ရလာအောင် ကျုပ် နည်းလမ်းရှာပြီးဆက်ပြောမယ်၊ အဲ ... အဘိုးကြီး သေချာနားလည်ထားဖို့ တစ်ခု ရှိနေတယ်နော်၊ အဲဒါ ဘာလဲ ဦးမြိုင်"

"နားလည်ပါတယ် ဆရာကြီး၊ ကျွန်တော့်ဘာသာ သေတွင်းထဲရောက်နေနေ ဆရာကြီးရဲ့နာမည်ကို ဘယ်သက်ဆိုင်ရာလူကိုပဲဖြစ်ဖြစ် ထုတ်မပြောဖို့ပါ"

"မှန်တယ် ... ဒါပဲ။ ခင်ဗျားသွားတော့"

ဦးမြိုင်ဆိုသူသည် ကျို့ကျို့ယို့ယို့၊ ကုန်းကုန်းကိုင်းကိုင်းနှင့်ပင် အရိုအသေတွေပေးပြီး ဧည့်ခန်းကြီးထဲမှ ထွက်ခွာသွားလေတော့သည်။

✤ ✧ ✤

www.burmeseclassic.com

www.burmeseclassic.com



# ၄ ၊ ၆

ဦးမြိုင် ထွက်သွားမှပင် ညှော်ခန်းထဲသို့ ဒေါ်ကေသီ ဝင်လာခဲ့သည်။

ဤအိမ်ကြီးတွင် ဦးရှိန်လှမောင်သည် အရှင်သခင် ဖြစ်ပါလေ၏။ ဦးရှိန်လှမောင်၏ ပတ်ဝန်းကျင်တစ်ရပ်လုံးသည် ဦးရှိန်လှမောင်အား သက်ဦးစံပိုင်ဘုရင်တစ်ဆူနှယ် မှတ်ယူထား ကြသည်။ ကိုးကွယ်ထားကြသည်။

ဇနီးမယားဖြစ်သော ဒေါ်ကေသီပင်လျှင် ခင်ပွန်း သည်က မျက်နှာချိုလျှင် ချိုသလို နေရပြီး ခင်ပွန်းသည် မျက်နှာ တော်ညိုလျှင် ညိုသလို နေထိုင်ရပေသည်။

စောစောက ဦးမြိုင် လာစဉ် တစ်အိမ်လုံး မည်သူမျှ ညှော်ခန်းမဝင်ရဟု ဦးရှိန်လှမောင်က အမိန့်ထုတ်လိုက်သည်။ ဦးမြိုင် ပြန်သွားလေမှ ဒေါ်ကေသီ ညှော်ခန်းသို့ ဝင်လာရသည်။

ဒေါ်ကေသီဟု ဒေါ်တပ်ခေါ်လိုက်သဖြင့် ဒေါ်ဒေါ် အရွယ်ဟု မထင်လိုက်ပါလေနှင့်။ ဦးရှိန်မောင်၏ ကြွယ်ဝချမ်းသာ သော အရှိန်အဝါဖြင့် ဒေါ်တပ်ခေါ်လိုက်ရခြင်း ဖြစ်သည်။



ဦးရှိန်လှမောင်က ဒေါ်ကေသီထက် အနှစ်,နှစ်ဆယ် ပို၍ အသက်ကြီးသည်။ ယခုဆိုလျှင် ...

ဦးရှိန်လှမောင်က ၄၅ နှစ်။

ဒေါ်ကေသီက ၂၅ နှစ်။

အသက်အားဖြင့် အရွယ်အားဖြင့်သာ ဒေါ်ကေသီ နုပျိုသည်မဟုတ်။ ဒေါ်ကေသီ၏ရုပ်မှာလည်း တကယ်ပင် နုပျို ဆဲ၊ အင်မတန် လှပဆဲဖြစ်သည်။

ပွဲတိုင်းမှာပင် "ဦးရှိန်လှမောင်ရဲ့ ဇနီးကတော့ တကယ်ကို ချောဗျာ၊ ရုပ်ရော ကိုယ်လုံးရော"ဟူ၍ ချီးမွမ်းသံများ ပွဲတင်ထပ်ခဲ့သည်ချည်း ဖြစ်ပါ၏။

ကေသီ၏အချောအလှကို မက်မောလွန်း၍လည်း ဦးရှိန်လှမောင်က ကေသီ့ကို လက်ထပ်ပြီး အရယူခဲ့သည်မှာ သုံး နှစ်သုံးမိုးပင် ရှိလေပြီကော။

ကေသီ ဝင်လာသည်ကို ဦးရှိန်လှမောင်က မျက်လွှာ ဖြင့် တစ်ချက်ကြည့်လိုက်ပြီး ချက်ချင်းသုန်မှုန်နေသော မျက်နှာ မှ ပြုံးရွှင်သော မျက်နှာသို့ ပြောင်းလိုက်သည်။

"ကိုယ် စိတ်တိုနေတာ အမှန်ပဲ ကေသီ၊ ဒါပေမဲ့ ကေသီ့ ကို မြင်လိုက်တာနဲ့ ဒေါတွေ မာန်တွေ ချက်ချင်းလျော့ပါး သွားသလိုပဲ"

"သိပ်ကောင်းတာပေါ့ ကိုမောင်၊ ဒေါတွေ မာန်တွေ တက် နေတုန်း ဆုံးဖြတ်ချက်တစ်ခုခု ချမိရင် မှားသွားတတ်တယ် မဟုတ်လား ကိုမောင်"

www.burmeseclassic.com

www.burmeseclassic.com



ကေသီက သူ့ယောကျ်ားကိုအမြတ်တနိုး "ကိုမောင်" ဟု ခေါ်ခဲ့သည်မှာ စတင်လက်ထပ်သည့်နေ့မှ ယနေ့တိုင်အထိ ဖြစ်သည်။

"ဘယ်မိန်းမသားမဆို ကိုယ့်လင်ကို အမြတ်တနိုးနဲ့ တချို့ ကိုကိုလို့ ခေါ်တယ်၊ တချို့က မောင်လို့ ခေါ်တယ်နော်၊ ကေသီက အဲဒီမိန်းမသား နှစ်မျိုးလုံး ပေါင်းပြီး ချစ်တဲ့ အချစ်မျိုးနဲ့ ကိုမောင့်ကို သိပ်ချစ်တာမို့ ကိုမောင်လို့ ခေါ်တာပါနော်"

ဟုလည်း သူမ၏ချစ်လင်အား ကိုမောင် ခေါ်ရကြောင်း ရှင်းတမ်းလေး ထုတ်ပြလိုက်သေးသည်။

ဦးရှိန်လှမောင်ကတော့ ဂိုက်ကောင်း ဆိုက်ကောင်း ရုပ်ရည်ချောမောသည့် ယောကျ်ားတစ်ဦး မဟုတ်ပါ။

ရွက်ကြမ်းရေကျိုလို့ပဲ ပြောလို့ရမည်။

ဦးရှိန်လှမောင် အသားညိုသည်။ အရပ်အမောင်း ငါးပေခြောက်လက်မခန့် ရှိသော်လည်း သူ၏ကိုယ်လုံး ကိုယ်ထည်က ဖွံ့ထွားလွန်းသောကြောင့် တုတ်ခိုင်ပြီး အရပ်ပုသည်ဟုပင် ထင်ရသည်။ ဆံပင်အုံကောင်းပြီး ဘာဆီမျှ မလိမ်းပါဘဲလျက် နက်မှောင်ရုံမက လှိုင်းများထနေသည်။

ကေသီ့စိတ်ထဲတွင် သူမ၏ကိုမောင်သည် ရုပ်မချောသော်လည်း ဆွဲဆောင်မှု အပြည့်အဝရှိသည့် လူခန့်ကြီးတစ်ယောက်ပါဟု ပြောလေ့ရှိသည်။

ကေသီက ဆိုဖာအိညက်ညက်ပေါ်တွင် ထိုင်ချလိုက်သည်။ ဦးရှိန်လှမောင်ကလည်း ကေသီနှင့် အနီးဆုံးဆိုဖာတွင် ထိုင်လိုက်ပါ၏။



"ဒီနေ့ ကေသီ နေကောင်းရဲ့လားဟင်"

ဦးရှိန်လှမောင်က ကေသီ၏နဖူးပြင်လေးကို လက်ဝါးအုပ်စမ်းသည်။ လက်ကောက်ဝတ် သွေးကြောကို တယုတယ ကိုင်တွယ်ပြီး သွေးတိုးနှုန်းကို စမ်းသည်။

"နေလို့ကောင်းပါတယ် ကိုမောင်၊ ဒါပေမဲ့ မျက်စိထဲမှာ အေးရိပ်ငြိမ်တုန်းက လဲကျနေတဲ့ ဦးညွန့်ဦးရဲ့အလောင်းကြီးကိုပဲ မျက်စိထဲမှာ မြင်မြင်နေတယ်"

"အိုကွာ ... ကေသီရာ၊ အဲဒီအကြောင်းကို လုံးဝခေါင်းထဲ အဝင်မခံနဲ့လေ၊ ကေန္တ ဒေါက်တာခင်မောင်ညို ပေးထားတဲ့ စိတ်ငြိမ်ဆေးကို ကေသီ မှန်မှန်မသောက်ဘူးထင်တယ်၊ ဟုတ်လား"

"မသောက်မိတာ နှစ်ရက်ရှိပြီ ကိုမောင်၊ အဲဒီဆေးတွေ သောက်ရင် ခေါင်းမူးလွန်းလို့"

"ဘယ်ဟုတ်ပါ့မလဲ ကေသီ၊ ဒေါက်တာခင်မောင်ညိုရဲ့ အညွှန်းအတိုင်း သောက်မှပေါ့၊ ကေသီ့မှာတော့ လူကတော့ ဝလို့ လှလို့၊ ခန္ဓာကိုယ်ကျန်းမာရေးကောင်းလျက်နဲ့ အေးရိပ်ငြိမ်မှာ ဖြစ်ပျက်လာပြီးနောက် စိတ်ဝေဒနာမျိုး ဖြစ်ချင်နေတာ မဟုတ်လား၊ ဒါပဲနော် ... ဒေါက်တာခင်မောင်ညို ပေးတဲ့ဆေးကို မှန်မှန်သောက်၊ ဆေးမှန်မှန် မသောက်ရင် ကေသီ့ကို ဆေးရုံတင်ရမယ်"

"ဆေးရုံ ... ဟုတ်လား၊ ဘယ်ဆေးရုံလဲ ကိုမောင်"

"စိတ်ကျန်းမာရေးဆေးရုံပေါ့ ကေသီ"

www.burmeseclassic.com

www.burmeseclassic.com



"အို … မဟုတ်တာ၊ ကေသီက အရူးမှ မဟုတ်တာ၊ နောက်ပြီး အေးရိပ်ငြိမ်ကို ကေသီ တစ်ယောက်တည်းသွားမိတာကလည်း ကိုမောင့်ကြောင့်ပါ"

"ဘာလဲ … ခင်ထားရီနဲ့ ကိုယ်တွဲနေတာကို ကေသီ မနှစ်မြို့လို့ တမင်အရွဲ့တိုက်ပြီး အေးရိပ်ငြိမ်ကို တစ်ယောက်တည်း သွားခဲ့တာ မဟုတ်လား"

"ကိုမောင့်ကို အရွဲ့တိုက်ပြီး သွားတာမျိုးတော့ မဟုတ်ရိုးအမှန်ပါ ကိုမောင်၊ ကိုမောင်နဲ့ ခင်ထားရီ ကားတစ်စီးအတူတူစီးပြီး ထွက်လည်းသွားရော ကေသီ စိတ်တွေသိပ်ညစ်လာတယ်၊ ဒါနဲ့ စိတ်ပြေလက်ပျောက် ကေသီလည်းသွားချင်ရာသွားမယ်ဆိုပြီး ထွက်သွားမိတာမျိုးပါ"

"ခက်တယ် ကေသီ"

ဦးရှိန်လှမောင်က လေးလေးတွဲ့တွဲ့ကြီး ညည်းတွားလိုက်သည်။ ဆိုဖာပေါ်ထိုင်ရာမှ ထသည်။ မွေးပွကော်ဇောပေါ်တွင် ဟိုဟိုသည်သည် ဖြည်းညှင်းစွာ လမ်းလျှောက်သည်။

"ခင်ထားရီကို ကိုယ်တွဲနေတာက ကေသီ လုပ်မပေးနိုင်တာမျိုးတွေ ခင်ထားရီက လုပ်ပေးနိုင်စွမ်းရှိတယ် ကေသီ၊ ခင်ထားရီက လူကြီးတွေနဲ့ တော်တော်များများ အဆက်အသွယ်ရှိတယ်၊ ကွယ်လွန်သွားတဲ့ ခင်ထားရီရဲ့ဖခင်ကိုယ်တိုင်က တစ်ချိန်က အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးမဟုတ်လား၊ အဲဒီပုဂ္ဂိုလ်ကြီး ဆုံးသွားတော့ သူ့ရဲ့ကျန်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းတွေက ခင်ထားရီကို ကူညီတဲ့စေတနာလေးတွေ ရှိနေတယ်၊ ခင်ထားရီ ကိုယ်တိုင်



ကလည်း ဝိဇ္ဇာသိပ္ပံ တက်ခဲ့ပြီး ဘီအက်စ်စီဘွဲ့ ရထားသူပါ ကေသီ၊ ဒီတော့ ကိုယ့်မှာ မလွဲသာ မရှောင်သာ ငြိသွားတဲ့ကိစ္စမျိုးလေးတွေကျတော့ ကေသီက ကူညီနိုင်မှာမို့လဲ၊ ခင်ထားရီကိုပဲ အားကိုးရတယ် မဟုတ်လား၊ အခုပဲ လောလောဆယ် ဦးမြိုင်ရဲ့ဂျီအမ်စီထရပ်ကားကြီးကို ရဲကသိမ်းလိုက်ပြီ၊ အဲ … အဲဒါမျိုးတွေပေါ့ ကေသီ၊ အဲဒါမျိုးတွေကြောင့် ခင်ထားရီကို ကိုယ်က အပေါင်းအသင်း လုပ်ထားရတာပါ"

ကေသီမှာ မျက်ရည်ဝိုင်းလာသည်။ ညှိုးငယ်သော မျက်နှာလေးဖြင့် လင်တော်မောင် ရှိန်လှမောင်အား မော့ကြည့်သည်။

"ဒါပေါ့လေ … ကေသီက ဘယ်တက္ကသိုလ်က ဘာဘွဲ့မှ မရဘူး၊ လူပေါင်းလည်း မဆံ့ဘူး၊ ဘယ်ကိုမှလဲ မဝင်ဆံ့ဘူး၊ ခင်ထားရီနဲ့ စာလိုက်တော့ ကေသီဟာ အလကားဖြစ်နေတယ်"

"အို … မဟုတ်တာပဲ ကေသီရယ်"

ရှိန်လှမောင် ကပျာကယာပင် ကေသီ ထိုင်နေသော ဆိုဖာမှာပင် ကတ်သီးကတ်သတ် ပူးကပ်ဝင်ထိုင်ပြီး ကေသီ့အား တယုတယ ပိုက်ထွေးထားလိုက်သည်။

"ကေသီဟာ ကိုယ့်အတွက် ထိပ်ခေါင်တင် အလှမိဖုရားလေးပါ ကေသီ၊ ကိုယ် ဘယ်လောက်ပင်ပန်း ပင်ပန်း ဘယ်လောက် ဒေါသထွက်ထွက် ကေသီ့ကို တွေ့လိုက်တာနဲ့ အပန်းပြေသွားတယ်၊ ဒေါသတွေ ငြိမ်းအေးသွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ထားရှိနဲ့ ကိုယ်နဲ့ အထင်မလွဲပါနဲ့လား ကေသီ၊ ကိုယ် ခင်ထားရှိကို ဆက်ဆံတာ မရိုးမသားမှုမဟုတ်တာ၊ လုပ်ငန်း သဘောပါ၊ တကယ်တော့ ကိုယ့်တရားဝင် လက်ထပ်ဇနီး ဟာ ဟောဒီ ကေသီဆိုတဲ့ အလှဘုရားမလေးပဲ မဟုတ် လား၊ ကိုယ် ကေသီ့ကို ဘယ်လောက် ချစ်မြတ်နိုးတယ် ဆိုတာ ကေသီရဲ့ရင်ထဲက သိနေမှာပါ"

ကေသီ ပြုံးလာသည်။

ဒါပဲပေါ့။ မိန်းမသားဆိုတော့လည်း ကိုယ့်လင်က ကိုယ့်ကိုချစ်ပါသည်။ မြတ်နိုးပါသည်ဟု တတွတ်တွတ် ပြော လိုက်သည်နှင့် ကျေနပ်စမြဲ၊ ကြည်နူးစမြဲ ဖြစ်သွားရပြန်သည်ပဲ ပေါ့။

✣ ✧ ✣



# ( ၄ )

"အဟမ်း … အဟမ်း"

မဆိုးချင်ပါဘဲလျက် ဆိုးလိုက်သော ချောင်းသံသည် ဧည့်ခန်းတံခါးဝက ပေါ်လာခြင်း ဖြစ်ပေသည်။

ရှိန်လှမောင်ရော ကေသီပါ တံခါးဝသို့ လှမ်းကြည့် လိုက်သည်။

ကြီးမြင့်က ပြုံးစိစိဖြင့် တံခါးဝတွင် ရပ်နေပါ၏။

ရှိန်လှမောင် ထောင်းခနဲ ဒေါသထွက်သွားသည်။ ကြီးမြင့်သည် ဘယ်တော့မှ အပိုးမသေ။ ရှိန်လှမောင်အား တမင် တကာ မလေးမခန့်လုပ်ခြင်း မဟုတ်မှုဘဲ သူ၏အကျင့်ကိုကပြုမှု လေတိုင်း မထိလေးစား လုပ်သည့်အသွင် သက်ရောက်နေတတ် မှန်း ရှိန်လှမောင် သိထားပါ၏။

သို့တစေ မိမိအား တစ်စုံတစ်ရာ အကြောင်းကြား ထားခြင်း မရှိပါဘဲလျက် အိမ်၏ဧည့်ခန်းထိ ဒုတ်ဒုတ်ထိရောက် အောင် ဝင်လာသည်မျိုးကိုတော့ ရှိန်လှမောင် ဒေါသထွက်မိလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ကြီးမြင့်၊ ဒါ မင်းပထွေးအိမ် အောက်မေ့လို့ ဝင်ချင်တိုင်း ဝင်လာတာလား"

"ဟာ ... ပွတာပဲ၊ အာစရိသာ ကျွန်တော့်ပထွေးဆိုရင် ကြီးမြင့်ဆိုတဲ့ကောင် အဆင်ပြေပြီပေါ့"

ကေသီက ရှိန်လှမောင်၏ လက်ဝါးတစ်ဖက်ကို ဖျစ်ညှစ်လိုက်သည်။ အဓိပ္ပာယ်မှာ ဒေါ်သမကြီးပါနဲ့ ကိုမောင်ဟု သတိပေးခြင်းဖြစ်သည်။

"ကဲ ... ကြီးမြင့်၊ ငါ့စာကြည့်ခန်းထဲဝင်နေ၊ နောက်ပြီး ငါလာခဲ့မယ်၊ ကေသီ့ကို သူ့အိပ်ခန်း ငါလိုက်ပို့ပေးလိုက်ဦးမယ်၊ ကေသီက ကောင်းကောင်းနေမကောင်းချင်ဘူး"

"အိုကေ ... အာစရိ"

ရှိန်လှမောင်သည် ကေသီ့အား တယုတယတွဲကာ အိပ်ခန်းဆီသို့ ခေါ်သွားသည်။

အမှန်တော့ ကြီးမြင့်သည် ရှိန်လှမောင်လိုလူအား ကြောက်ရွံ့လေသည်။ ရှိန်လှမောင်နှင့် အပေးအယူ ဆက်သွယ်သူတိုင်း ရှိန်လှမောင်အား မကြောက်ဟူသော သူတစ်ယောက်မျှမရှိပါလေ။

ရှိန်လှမောင်ကလည်း ကြီးမြင့်၏ အနေမတတ်အလိုက်မသိတတ်သည်များကလွဲပြီး ကြီးမြင့်လိုကောင်ကို လက်သပ်မွေးထားရသည်။ ကြီးမြင့်သည် နောက်ယောက်ခံခြင်း၊ သတင်းလိုက်ခြင်း၊ တစ်ပါးသူ၏အတွင်းရေးကို စုံစမ်းခြင်းတို့တွင် အင်မတန် အားကိုးရလောက်အောင် တော်သူဖြစ်သည်။ လျင်သူဖြစ်သည်။ ကြီးမြင့် ရရှိခဲ့သော သတင်းနှင့်အချက်အလက်တို့သည် ရှိန်လှမောင်အား အကျိုးပြုခဲ့ပေါင်း များလှလေပြီ မဟုတ်လား။



ကေသီအား အိပ်ရာထဲတွင် လဲလျောင်းစေခဲ့သည်။ မှုန်စောင်ပါးပါးချောချောလေး ခြုံပေးသည်။ ပြီးမှ ကေသီ၏ပါးပြင်လေးကို နှုတ်ဆက်အနမ်းလေး နမ်းခဲ့ပြီးမှ ရှိန်လှမောင်အခန်းထဲမှ ထွက်လာသည်။

စာကြည့်ခန်းထဲတွင် ကြီးမြင့်က လွတ်လပ်နေသည်။

ထိရက်စရာမရှိအောင် ပါလစ်ရောင် ပြောင်လက်နေသော စာရေးစားပွဲကြီးပေါ်တွင် ငွေသားဖြင့် လုပ်ထားသော စီးကရက်ဘူးထဲမှ ငါးသုံးလုံးစီးကရက်ကိုယူပြီး ရှိန်လှမောင်၏ ဆုံလည်ကုလားထိုင်တွင် အကျထိုင်ပြီး မှိန်းနေသည်။

"ဖြန်း"

ရှိန်းလှမောင်၏လက်ဝါးသည် ဖြန်းခနဲမြည်အောင် ကြီးမြင့်၏ပါးပေါ်သို့ ကျရောက်သွားသည်။ ခဲထားသော ကြီးမြင့်၏ပါးစပ်မှ ငါးသုံးလုံးစီးကရက်သည် ဝဲခနဲ ပျံထွက်သွားကာ ကြမ်းပြင်တစ်နေရာသို့ ကျသွားသည်။

"ဟာ ... အာစရိ၊ ဘာလို့ ဆော်တာတုံး"

"ထစမ်း၊ စီးကရက်တိုကို ပြန်ကောက်ပြီး ပြာခွက်ထဲ ထည့်စမ်း၊ ပြီးမှ ငါ့စားပွဲရှေ့က ကုလားထိုင်မှာ မင်းထိုင် ကြီးမြင့်"

သည်လိုဆိုတော့လည်း ကြီးမြင့်သည် ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း လုပ်ရှာပေသည်။ အားလုံးပြီးမှ စားပွဲရှေ့ကုလားထိုင်တွင် ထိုင်ပေသည်။

"မင်းအနေအထိုင် မတတ်တာကို ပါးရိုက်ခံရသည်လည်း အမှတ်မထား၊ ရှိန်လှမောင် ဘာဆက်ပြောမည် ဆိုသည်ကိုသာ နားစွင့်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဦးမြိုင်ရဲ့ဂျီအမ်စီကြီး ခံလိုက်ရတာ ကြားပြီးပြီ မဟုတ်လား ကြီးမြင့်"

"ကြားပါတယ် အာစရိ"

"ငါ အထိနာသွားတယ်၊ ဒါ ပထမဆုံး ငါခံရတာပဲ"

ကြီးမြင့် ဘာမျှမပြော။ လုပ်ငန်းစကား ပြောလာပြီမို့ မျက်နှာပိုးသေသေနှင့် နားထောင်ပေးသည်။

"မင်း ဇေယျာအောင် ဆိုတဲ့ကောင်ကို သိသလား ကြီးမြင့်"

"သိတော့ မသိဘူး၊ ကြားတော့ ကြားဖူးထားတယ်၊ ဓားတိကကြီး တစ်ဖွဲ့လုံး ပြုတ်သွားအောင် နှိပ်စက်တာ ဇေယျာအောင်ဆိုတဲ့ သူကောင်းသားလို့ ကြားဖူးထားတာပါ"

"မင်းအမေ သူကောင်းသာလား၊ မင်းကိုယ်တိုင်က ဇေယျာအောင်ကို မဟာလူစွမ်းကောင်းကြီးလို ကိုးကွယ်ထားလို့လား"

"ထပ်သူရီး ... ကျွန်တော်တို့လောကမှာ ကိုးကွယ်တယ်ဆိုတာ မရှိပါဘူး အာစရိ၊ နောက်ပြီး ဇေယျာအောင်ဆိုတာက ကျွန်တော့်ခွင်ထဲ တစ်ခါမှ မရောက်ဖူးဘူးလေ၊ သူနဲ့ပတ်သက်ပြီး ကျွန်တော် ပတ်သက်စရာ ဘာမှမရှိခဲ့ဘူးတာပဲ"

"အေး ... အခု ပတ်သက်ရမယ်"

"ဆိုပါ အာစရိ"

"ဇေယျာအောင်ရဲ့ အကြောင်းတွေ ငါ အသေးစိတ်သိချင်တယ်၊ သူ့ရဲ့ထက်မြက်မှုရော၊ အားနည်းချက်ရော။ ဟိုတုန်းက ဘာကောင်၊ အခု ဘာကောင်၊ ဒီကောင့် ဦးတည်ချက်၊ ဒီကောင့်ရဲ့ခြေလှမ်းနဲ့ ဒီကောင်ဟာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ကစ်ခုခုက တာဝန်နဲ့လူလား၊ လူလွတ်လား၊ အို ကွာ ... ဒီကောင့်အကြောင်း ရသမျှ ငါသိချင်တယ်"

"အချိန် ကျွန်တော့်ကို ဘယ်လောက်ပေးမှာလဲ အာစရိ"

"ကြိုက်သလောက်ယူ၊ တိကျရမယ်၊ သတင်းမှန်ရမယ်၊ ရသလောက်၊ သိသလောက် သတင်း ငါ့ဆီ ပို့ပေးရမယ် ကြီးမြင့်"

"အိုကေပါ အာစရိ"

ရှိန်လှမောင်က သူ့စားပွဲ အံဆွဲဖွင့်လိုက်သည်။ ငါးဆယ်တန်အုပ် တစ်အုပ်ယူကာ ကြီးမြင့်ထံသို့ ပစ်ပေးလိုက်သည်။ ဧည့်ခန်းစားပွဲ၊ စာကြည့်ခန်းစားပွဲတို့တွင် ရှိန်လှမောင်က ဤသို့နှယ် အရေးပေါ်ငွေ လေးငါးခြောက်ထောင် ထည့်ထားသော အကျင့်ရှိပါသည်။ အိမ်သို့ လုပ်ငန်းနှင့်ပတ်သက်ပြီး ရောက်လာသူကို အလွယ်ပေးနိုင်ရန် အသင့်ဆောင်ထားခြင်းဖြစ်သည်။ ယင်းသို့ စားပွဲအံဆွဲတွေ၌ ငွေတွေထည့်ထားသဖြင့် ကျပ်တန်တစ်ရွက် ပျောက်သွားသည် ဆိုခြင်းမျိုး ရှိန်လှမောင်၏အိမ်တွင်မရှိခဲ့ရ။ အကယ်၍ ငွေပျောက်သည်ဆိုသည်နှင့် တစ်အိမ်လုံးရှိ အလုပ်သမား အမျိုးသား၊ အမျိုးသမီးအားလုံး ရှိန်လှမောင်၏ ကျောပွတ်စာမိသွားလေမည်သာ။

"ကဲ ... မင်းသွားတော့ ကြီးမြင့်"

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ( ၃ )

မိုလ်ချုပ်ဈေးတွင် ဒေါ်ကေသီ ယောင်ချာချာဖြစ်နေသည်။ တယ်လီဖုန်းနှင့်ဖြစ်ဖြစ် အချိန်ကို တိကျစွာ ချိန်းဆိုထားခြင်း မရှိသောကြောင့် ဆံကေသာအလှပြုပြင်ရေးဆိုင်တွင် မိမိထက် ပိုမိုစောစီးစွာ ရောက်နှင့်နေသူတွေက ရှိနေသည်။

ဒေါ်ကေသီကလည်း ထွက်လာမိပြီးမှတော့ ဆံကေသာအလှမပြင်ရဘဲလျက် အိမ်ကို မပြန်လို။

အထူးသဖြင့် ကိုမောင့်ကို ကေသီ ဖမ်းစားနိုင်သည်မှာ အလှအဓိက၊ အလှအားကိုးနှင့်ဖြစ်သည်။ ကိုမောင်က ခင်ထားရီကို အလွန်အထင်ကြီးနေချိန်ဝယ် မိမိက မိမိကိုယ်ကိုလှသည်တက် ပိုမိုလှအောင် လုပ်ဆောင်ထားလေမှ လွန်ကြိုးကိုပိုမိုအားပြည့်စွာ ဆွဲနိုင်လိမ့်မည်ဟု ကေသီက မိန်းမတွေး တွေးထားမိသည်။

သို့သော် စောင့်ရဦးမည်။ တစ်နာရီလောက် နောက်ထပ်စောင့်ရမည်ဟု အလှပြင်ဆရာမလေး အပြုံးက ပြောထားသည်။

တစ်နာရီလောက် အချိန်ဘယ်လို ဖြုန်းရပါ့။



ဩော် ... သိပြီ၊ ကြက်သား နန်းကြီးသုပ် မစားသည်မှာ ကြာသွားပြီ။ ရှေ့တည့်တည့်တွင် အခင်းအကျင်းသားသားနားနား ဆိုင်သန့်သန့် ရှိနေသားပဲ၊ ထိုဆိုင်မှ နန်းကြီးသုပ်သည်မဆိုး။

ကေသီသည် ရှေ့တည့်တည့် ဆိုင်အတွင်းသို့ ဝင်ခဲ့သည်။ စားပွဲလွတ်တစ်ခုတွင် ထိုင်လိုက်သည်။

စားပွဲထိုးလေးတစ်ယောက် ကေသီ၏ဆီသို့ ခြေစုံရပ်လာသည်။

"နန်းကြီးသုပ်တစ်ပွဲ ပေးကွယ်၊ ပက်(ပ)စီတစ်ပုလင်းလည်း ယူလာခဲ့နော်"

စားပွဲထိုးလေး ထွက်သွားသည်။

ကေသီက ဆိုင်အတွင်းသို့ ဘာရယ်မဟုတ် ဝေ့ဝိုက်ကြည့်မိသည်။

စားသောက်နေကြသည့် ဧည့်များ စားပွဲတိုင်းလိုလိုတွင် အလပ်မရှိ၊ သို့သော် စားပွဲတိုင်း လူပြည့်နေသည်မျိုးတော့မဟုတ်။ စားပွဲတစ်လုံးလျှင် လူနှစ်ယောက်၊ သုံးယောက်၊ တစ်ယောက်တည်း စသဖြင့်သာ စားပွဲတိုင်း အလပ်မရှိနေခြင်းမျိုးသာဖြစ်သည်။

ကေသီက မည်သူမျှ ထိုင်မထားသော စားပွဲလွတ်တစ်လုံး သတ်သတ်ရရှိလိုက်သည်ကိုပင် ကံကောင်းသည်ဟု စိတ်ထဲတွင် မှတ်ယူထားလိုက်မိသည်။

"အယ် ... ချောလိုက်တာဟယ်"

www.burmeseclassic.com

www.burmeseclassic.com



ကေသီချောသည်ကို သူများက ချီးမွမ်းလိုက်ခြင်း မဟုတ်။ ကေသီ ကိုယ်တိုင်ကပင် မိမိစားပွဲတွင် လာရောက်ထိုင်လိုက်သော အမျိုးသမီးတစ်ဦးကို ဖြုန်းခနဲတွေ့လိုက်ရပြီး ကေသီ့ရင်ထဲမှာ အလိုအလျောက် ချီးမွမ်းမိလိုက်ခြင်းသာဖြစ်သည်။

ယင်းအမျိုးသမီးမှာလည်း ကေသီကဲ့သို့ပင် ဆိုင်ထဲသို့ အချိန်ဖြုန်းရင်း တစ်ခုခု စားသောက်ရန် ရောက်လာပုံမျိုးဖြစ်သည်။

စောစောက ကေသီသည် ဆိုင်အတွင်း စားပွဲတွေရှိရာသို့သာ မျက်စိရောက်နေသဖြင့် နောက်ထပ် အပြင်မှ ဝင်လာသော အမျိုးသမီးချောကို မတွေ့မြင်လိုက်ခြင်းဖြစ်မည်။

နောက်ထပ်ရောက်လာသော အမျိုးသမီးက မိန်းမဖော်ရှိရာ ကေသီ တစ်ယောက်တည်းရှိသော စားပွဲတွင် ဝင်ရောက်နေရာယူခြင်း ဖြစ်ပါ၏။ အခြားစားပွဲများတွင် အမျိုးသားတွေသို့မဟုတ် စုံတွဲတွေ ရှိနေကြသည်ကိုး။

စားပွဲတွင် အတူတူထိုင်ကြရင်း ကေသီကသာ နောက်ထပ် မိန်းမချောလေးကို ငေးကြည့်နေသည်။ နောက်ထပ်မိန်းမချောလေးက ကေသီ့ကိုလည်းမကြည့်၊ မည်သူ့ကိုမျှလည်း မကြည့်။

သူမသည် စားပွဲကိုသာ ငေးစိုက်ကြည့်နေသည်။ တစ်စုံတစ်ခုအတွက် မိန်းမချောလေးသည် စိတ်ညစ်ညူးနေပုံရသည်။

အဝတ်အစားမှာ ထည်ထည်ဝါဝါ မရှိလှ။ ပါတိတ်ဝမ်းဆက်ကို အကျီရော ထဘီရော ချုပ်ထားသည်ဆိုစေကာမူ



ဈေးအတန်အသင့်သာ ပေးရသော ပါတိတ်မျိုးမှန်း ကေသီ မြင်ရုံနှင့်သိသည်။ ကေသီ အကြမ်းဝတ်သော ပါတိတ်တစ်ထည်သည် အနည်းဆုံး တစ်ထောင်အထက်တွင်သာ ရှိသည်။ သူ့ရှေ့မှအမျိုးသမီး့ ပါတိတ်ဝတ်စုံမှာ ငါးရာကျော်မျှသာ တန်ကြေးရှိသည်။

သို့သော် ... အမျိုးသမီးသည် သိပ်လှသည်။

အသားလေးမှာ ဖြူသည်ဆိုရုံနှင့် မလုံလောက်။ အဖြူတွင် ဝါနုနုလေးစွက်ဖက်ပြီး စိုပြည်ဝင်းမွတ်နေသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံတို့သည် သူ့အရွယ် သူ့အချိုးအတိုင်း ပန်းချီပုံဆွဲထားသည့်နှယ် ရှိသည်။

အထူးသဖြင့် ...

တစ်ခါတစ်ရံ အမျိုးသမီးသည် ဘာကိုမကျေနပ်၍မှန်းမသိ အပေါ်သွားလေးများဖြင့် အောက်နှုတ်ခမ်းကို မသိမသာလေး ကိုက်လိုက်သည်နှင့် ပါးပြင်တွင် ပါးချိုင့်လေးခွက်ဝင်သွားသည်မှာ လှမှလှ။ ကြည့်ကောင်းသည်မှ အရမ်းကြည့်ကောင်း။

ကိုယ်လုံးကိုယ်ထည်မှာတော့ မည်မျှ အချိုးကျမှန်းမှန်းခန့် မသိနိုင်။ ထိုင်နေသောကြောင့် ဖြစ်ပါ၏။ မည်သို့ဆိုစေ ယောဘုယျအားဖြင့် အမျိုးသမီးများ ထိုင်လိုက်လျှင် ဗိုက်မှအဆီအခေါက်လေးများ ရှေ့သို့ထွက်လာတတ်သည်။ ယင်းအမျိုးသမီးမှာ ထိုင်နေစေကာမူ ဝမ်းဗိုက်သားရှူခြင်း၊ ထွက်ခြင်းမရှိ။ ဤသို့ထိုင်ပေါ် တင်ပါးအပြည့်ရှိခြင်းကြောင့်လည်း တင်းပါးအလှရှိသူ ဖြစ်နိုင်သည်။

ပထမရောက်သော ကေသီ့အတွက် နန်းကြီးသုပ်ပွဲနှင့် ပက်(ပ)စီတစ်ပုလင်း အရင်ရောက်လာသည်။

www.burmeseclassic.com



ကေသီက စတင်စားသောက်ရန် ဇွန်းဖြင့် နန်းကြီးသုပ်ကို မွှေနှောက်နေစဉ်မှာပင် စားပွဲထိုးလေးတစ်ယောက်သည် ကျယ်လောင်သော အသံဖြင့် စားပွဲအားလုံးရှိ လူများရှိရာသို့ ရည်ညွှန်းကာ အော်ပြောလိုက်သည်။

"ကိုညွှန့်ဦးခင်ဗျား ..."

ကိုညွှန့်ဦး ဟူသောအသံ ကြားလိုက်သည်နှင့် ကေသီမှာ ဆတ်ခနဲ တုန်သွားသည်။ ပြူးတူးပြဲတဲနှင့် ဟိုကြည့် သည်ကြည့်လည်း လိုက်ကြည့်မိသည်။ စားပွဲထိုးလေး၏ အသံသည် ဆက်လက်ထွက်ပေါ်လာပြန်သည်။

"ကိုညွှန့်ဦးခင်ဗျား ... ကိုညွှန့်ဦးကို တွေ့ချင်တဲ့ညွှေသည် တစ်ယောက် ဆိုင်အပြင်မှာ စောင့်နေပါတယ်၊ ဒီဆိုင်ထဲမှာ ကိုညွှန့်ဦး ဆိုတဲ့သူရှိရင် အပြင်မှာ စောင့်နေတဲ့လူနဲ့ တွေ့ဖို့ပါ ခင်ဗျား"

စားပွဲထိုးလေး၏ စကားမဆုံးမီမှာပင် ကေသီ၏ ဦးခေါင်းမှာ ရီဝေမူးနောက်လာသည်။ ရင်တွင်းမှ နှလုံးသည် တဆတ်ဆတ် ခုန်လာသည်။ ကေသီ ခံနိုင်ရည် မရှိပါလေတော့။ စားပွဲပြင်ထက်သို့ ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

"ဟေ့ ... ဟေ့ ... ဒီမှာလုပ်ပါဦး၊ ဒီမှာ ဘာဖြစ်သွားမှန်းမသိဘူး"

ကေသီနှင့်အတူ ထိုင်နေသော အမျိုးသမီးက ဆိုင်အတွင်းဘက်သို့ လှမ်းကြည့်ရင်း ပျာပျာသလဲ အော်လိုက်မိသည်။

သို့သော် ဘယ်သူသည် ဘာလုပ်ရမှန်းမသိ။ ကေသီ ကိုယ်တွင်ဝတ်ထားသော စိန်၊ ရွှေတို့ကြောင့်လည်း ဖြုန်းခနဲမည်



သူမျှ မတို့ရဲ မထိရဲ ဖြစ်နေဟန်တူသည်။ ဝိုင်းအုံစပြုလာခြင်းသာ အဖတ်တင်သည်။

ကေသီသည် မိုက်ခနဲ မူးသွားပြီး ခေါင်းပြန်မထူနိုင်စေကာမူ သတိမလစ်။

မိမိဝတ်ဝန်းကျင်မှ အသံဗလံများကို နားတွင်ကြားနေရသည်။

"ဒီအနီးအနားမှာ ဆရာဝန်တစ်ယောက်လောက် ရနိုင်မလားရှင်"

"ဟာ ... ဈေးထဲမှာ ဆရာဝန် အသင့်ဘယ်ရှိမလဲ"

"ဒါဆို ဝိုင်းနေတဲ့လူတွေအားလုံး ဖယ်ကြရှင်၊ ကျွန်မတတ်သမျှ လုပ်ပေးမယ်"

အမျိုးသမီးသည် သူမ၏လက်ကိုင်အိတ်ဖွင့်သည်။ အသင့်ပါလာသော ယူကလစ်ဆီပုလင်းကိုထုတ်ကာ လက်ကိုင်ပဝါတွင် ဆွတ်လိုက်သည်။ ထို့နောက် ကေသီအားထူကာ သူမရင်ခွင်ထဲ ခေါင်းအပ်ထားစေပြီး ယူကလစ်ဆီဆွတ်ထားသောလက်ကိုင်ပဝါဖြင့် ကေသီ၏နှာခေါင်းထိပ်ဖျားသို့ အုပ်ပေးသည်။ ထို့ပြင် အမျိုးသမီးသည် တတ်သရွေ့ မှတ်သရွေ့ ကေသီ၏နားထင်ကြောကို နှိပ်သည်။ ဖက်ကြောတွေကို နှိပ်သည်။

သူမ၏နှိပ်နယ်ပေးမှုကြောင့်လားတော့ မသိ။ ကေသီသည် နှစ်မိနစ်အတွင်းမှာပင် ဦးခေါင်းပြန်မတ်လာသည်။ ရီဝေဝေခံစားနေရသော်လည်း ပုံမှန်နီးပါး ပြန်ကောင်းသွားလေပြီ။ နဂိုကတည်းကလည်း ရှော့ခ်ဖြစ်သွားစေကာမူ သတိလက်လွတ်အထိ မပြင်းထန်သောကြောင့်လည်း ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေလည်း ကိုယ့်စားပွဲကိုယ် အသီးသီး ပြန်သွားကြသည်။ သူတို့စားပွဲတွင် သူတို့နှစ်ယောက်သာ ကျန်ခဲ့ပါ၏။

"ကေသီတော့ သူကို အရမ်း ကျေးဇူးတင်ရတော့မှာပဲ၊ တစ်ခါတလေ ဒီလိုပဲ မူးသွားတတ်တယ်လေ"

"ရပါတယ်၊ ဒီက နာမည်က လေးလေးမြင့်ပါ၊ သူက မကေသီတဲ့လား၊ နန်းကြီးသုပ် ဆက်စားဦးလေ"

"ဟင့်အင်း ... မစားတော့ဘူး၊ ကေသီ ပြန်ချင်ပြီ၊ ဟို ဆံပင်အလှပြင်ဆိုင်ကလည်း ကေသီကို စောင့်နေတော့မှာပဲ၊ တစ်နာရီအတွင်း ကေသီပြန်လာမယ်လို့ ပြောထားလို့"

"ဒါဆို ဒီမှာပဲ ခဏထိုင်နေဦး၊ လေးလေး ဆံပင်အလှပြင်ဆိုင်ကို သွားပြောပေးမယ်၊ ဒီနေ့ ကေသီ အချိန်မရလို့ မပြင်တော့ဘူးလို့"

ကေသီက ခေါင်းညိတ်သည်။

"ဩော် ... ကေသီ မူးမေ့သွားတာတွေ ဘာတွေ ထည့်မပြောနဲ့နော် လေးလေး၊ စကားတွေကားပြီး ပုံကြီးချဲ့သွားမှာစိုးလို့ပါ"

လေးလေး ထွက်သွားသည်။

ကေသီသည် နန်းကြီးသုပ်မစားတော့ဘဲ ပက်(ပ)စီကိုသာ ပိုက်လေးနှင့် စုပ်သောက်နေမိသည်။

ကေသီက သူ့ဟာသူပြန်ဆန်းစစ်မိသည်။ အကောင်းစက်စက်မှနေပြီး စားပွဲထိုးလေးက ကိုညွန့်ဦး ဆိုသည့် အမည်ကို ခေါ်လိုက်သည်နှင့် မိမိမှာ မူးမေ့သွားခဲ့ရသည်။ ကိုညွန့်ဦးသည် မိမိအား အမြဲတစေ ခြောက်လှန့်နေပြီလား။ အိမ်မှာလည်း မိမိ



တစ်ယောက်တည်းဆိုလျှင် မျက်စိထဲ၌ ကိုညွန့်ဦး၏ မျက်နှာကြီးသာ မကြာခဏ မြင်ယောင်နေမိတတ်သည်။ ကိုမောင် ပြောသလို ဒေါက်တာခင်မောင်ညို ပြောသလို မိမိတွင် စိတ်ဝေဒနာတစ်ခုခု စွဲကပ်နေသည်ဆိုခြင်းမှာ မှန်ကန်နေပြီလား။

မြန်မာပြည်တွင် ကိုညွန့်ဦးဟူသော နာမည်တွေ ဒုနှင့်ဒေးရှိသည်။ စားပွဲထိုးလေးက တခြား ကိုညွန့်ဦး တစ်ယောက်ယောက်ကို လှမ်းခေါ်အကြောင်းကြားပေးခြင်း ဖြစ်ပါလျက် ဤနာမည်ကြားရရုံဖြင့် မိမိမှာ ဤမျှမူးမေ့သွားအောင် ဖြစ်ရသလားဟုလည်း ကေသီက သူ့မဘာသာ အပြစ်တင်နေမိသည်။

လေးလေး ပြန်ရောက်လာပြီး စားပွဲတွင် ပြန်ထိုင်လေမှ ကေသီသည် အတွေးကို ဖျောက်လိုက်သည်။

လေးလေး စောစောက မှာထားသော နန်းကြီးသုပ်ပွဲလည်း ရောက်လာသည်။ လေးလေးက နန်းကြီးသုပ်ပွဲကို ဇွန်းနှင့်မွှေနှောက် နယ်ဖတ်နေသည်ကို ကေသီက ငေးကြည့်နေသည်။ ဇွန်းကိုင်ထားသော လေးလေး၏လက်ချောင်းလေးတွေကပင် လှပသည်။ လက်ချောင်းလေးတွေမှာ သွယ်သွယ်ရှည်ရှည်လေးတွေဖြစ်နေကာမှ လက်ဆစ်ကြီးခြင်းမရှိ။ ဆင်စွယ်ရောင် ဖယောင်းတိုင်လေးလား အောက်မေ့ရသည်။ ပြီး ဇွန်းခပ်ကာ ပါးစပ်ထဲထည့်ချင်းဆာတွင် နှုတ်ခမ်းလေးဟလေတိုင်း ပါးချိုင့်လေး ချိုင့်ဝင်သွားသည်မှာလည်း လေးလေး လှသည်ထက် ပိုလှသွားစေပြန်သည်။

"လေးလေးက ဘယ်ကို ပြန်ရမှာလဲဟင်"

"ဘိုးကလေးဈေးလမ်းက ဘော်ဒါဆောင်ကို ပြန်ရမယ် ကေသီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆို လေးလေး တစ်ယောက်တည်းသမားပေါ့၊ အမျိုးသမီးဘော်ဒါဆောင်မှာ နေတယ်ဆိုလို့လေ"

လေးလေးက ခေါင်းညိတ်သည်။

"ဒါဆို လေးလေးမှာ အိမ်ထောင်မရှိတာ သေချာတာပေါ့ နော်"

လေးလေးက ပြုံးလိုက်သည်။

"ထိုက်ထိုက်တန်တန်ဆိုရင် နက်ဖြန် သန်ဘက်တောင် အိမ်ထောင်ကျလိုက်ချင်ပါရဲ့ ကေသီ"

"ဟယ် ... ဘာလို့လဲ လေးလေး"

"အားကိုးချင်လို့ပေါ့ ကေသီ၊ အားကိုးအားထား ဆိုလို့ မိဘလည်းမရှိ၊ မွေးချင်းအစ်ကိုမျိုး၊ အစ်မမျိုးလည်းမရှိတဲ့ အထဲမှာ အလုပ်ကလည်းမရှိဆိုတော့ အားကိုးရမယ့်သူ မျိုးတွေ့ရင် နက်ဖြန်သန်ဘက် ယူပစ်လိုက်ချင်ရဲ့ဆိုတဲ့ သဘောပါ"

ပြောရင်းပင် ဟာသပါသော သူမ၏စကားကို သူ့ ဘာသာ ပြန်လည်သဘောမကျသလို့လေးလေးက ရယ်မောလိုက် သေးသည်။

"ဒါဆို လေးလေးက အလုပ်ရှာနေတဲ့ သဘောပေါ့ ဟုတ် လား၊ စိတ်မဆိုးနဲ့နော်၊ လေးလေး ဘာလုပ်တတ်သလဲ"

"မည်မည်ရရ ဘာမှတော့ မလုပ်တတ်ဘူး၊ ဒါပေမဲ့ ဘွဲ့အပြင် လေးလေးရဲ့လက်ကိုင်အိတ်ထဲမှာ မန်းတက္ကသိုလ်က မြန်မာ စာအဓိကနဲ့ ဘီအေဘွဲ့ ရထားပြီးတဲ့ အောင်လက်မှတ်ကြီး တော့ ရှိတယ်၊ ခက်သားပဲ ကေသီ"



လေးလေး စကားအဆုံးတွင် ဘာလို့မှန်းမသိ ကေသီ ၏စိတ်ထဲတွင် ခင်ထားရီကို အလိုလို ဖျတ်ခနဲ တွေးလိုက်မိ သည်။ ကိုမောင် ခင်ထားရီကို အထင်ကြီးရာတွင် ခင်ထားရီက တက္ကသိုလ်မှ ဘွဲ့တစ်ခု ရထားခြင်းလည်း ပါဝင်သည်။ လေးလေး ကလည်း တက္ကသိုလ်မှ ဘွဲ့ရထားပြီးသား ဖြစ်နေသည်။ ထို့ထက် မှာမူ လေးလေးက ခင်ထားရီထက် အဆမတန် အပြတ်အသတ် ပိုမိုလှပသည်။ ခုနက ကေသီ မလာနိုင်တော့ကြောင်း အလှပြင် ဆိုင်သို့သွားပြီး အကြောင်းကြားပေးရာတွင် စားပွဲမှ ထလျှောက် သွားသော လေးလေး၏ ကိုယ်ခန္ဓာပိုင်းကို အားကျစွာပင် ကေသီ ငေးကြည့်ရသေးသည်။

လေးလေး၏ရင်သည် ဝိုင်းမို့ စို့ပို့စွာ တည်ရှိသည်။ ကြီးထွားခြင်းမျိုးမဟုတ်၊ လှပခြင်းမျိုးသာ ဖြစ်သည်။ ပခုံးတန်းမှ သေးသော်ခါးတိုင်အောင် ကျဆင်းလာသော ကျောပြင်တွင် အဆီ ပို အသားပို တစ်စက်လေးမျှမရှိ။ ကြော့ရှင်းလှသည်ဆိုသည့် ကိုယ်ထည်မျိုး။

"နေပါဦး၊ လေးလေးက မန်းတက္ကသိုလ်က ဘွဲ့ရတယ်လို့ လည်း ပြောတယ်၊ အခုလည်း အမျိုးသမီးဘော်ဒါဆောင် မှာနေတယ် ပြောတယ်၊ လေးလေး ရန်ကုန်ဇာတိမဟုတ် ဘူး ထင်ရဲ့နော်"

"မန္တလေးကပါ ကေသီ၊ မိန်းမကြောက်တဲ့ ဦးလေးက ဘွဲ့ရတဲ့အထိတော့ သူ့အိမ်မှာ နေစေပြီး ကျောင်းတက်ဖို့ ထောက်ပံ့ခဲ့ပါတယ်၊ အဲ ... ဖိုင်နယ်ဖြေပြီးလို့ ဘွဲ့လည်း ရပြီးရော ကိုယ့်ဝန် ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားစေဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အမိန့်ချမှတ်လိုက်တာပဲ၊ ဒါနဲ့ ရှိစု မဲ့စုလေးပိုက်ပြီး အလုပ်ရလွယ်တယ်လို့ သတင်းကြီးနေတဲ့ ရန်ကုန်ကို လေးလေးဘာသာ စွန့်စားပြီး ရောက်လာတာ တစ်လလောက်ရှိသွားပြီလေ"

"အခုထက်ထိ အလုပ်မရသေးဘူးပေါ့"

လေးလေးက နိုင်ခြားရုပ်ရှင်ထဲမှ မင်းသမီးလေးတွေ ပခုံးတွန့်ပုံမျိုး တွန့်ရင်း နှုတ်ခမ်းလေးပါ မဲ့ပြလိုက်သည်။ ဒါလည်း ကြည့်၍လှသော အလှတစ်မျိုးပင်။

"ကျဲသားပဲ၊ ဘယ်ရုံး ဘယ်ဌာန ဘယ်ကုမ္ပဏီကို သွားသွား အခုတော့ လူပြည့်နေသေးတယ်၊ လစ်လပ်တဲ့နေရာ မရှိသေးဘူး ဆိုတာကိုပဲ ကြားခဲ့ရတယ်"

"လေးလေး ရုပ်ရည်မျိုးနဲ့ကွယ်၊ ချစ်သူဝိုင်းဝိုင်းလည်နိုင်သားနဲ့ ထိုက်ထိုက်တန်တန် တစ်ယောက်ယောက်ကိုတောင် မချိတ်မိခဲ့ဘူးတဲ့လား"

လေးလေးက ဒုတိယအကြိမ် ပခုံးတွန့်ကလေးတွန့်လိုက်ပြန်၏။

"မထင်နဲ့ ကေသီ၊ ရုပ်ချောလို့ ကိုယ်လုံးလေးလှလို့ ချစ်သူဝိုင်းဝိုင်းလည်တယ် ဆိုတာက တစ်မျိုးပါ၊ လေးလေးမှာ ကျောင်းသားဘဝက ဝိုင်းဝိုင်းတွေ လည်လို့၊ ဒါပေမဲ့ ဝတ်ရည်စုပ်ချင်တာတွေ၊ ပွင့်ဖတ်ဝါးချင်တာမျိုးတွေမျိုးလေ၊ ဒီကြားထဲ လေးလေးက ဆင်းရဲတော့ အချောင်ရမလားဆိုတဲ့ သူတွေက တစ်ပုံကြီးရှိသေးတယ်၊ အားလုံးကန်တော့ဆွမ်းပါဘုရားလို့ တောင်းပန်ပြီး မနည်းကြီးရှောင်



ခဲ့ရှားခဲ့ရတယ်၊ မသထာရေစာနဲ့ ဦးလေးရဲ့မယားက ကျောင်းထားပေးတာ၊ ကိုယ်က အလွဲလွဲ အမှားမှား ဖြစ်သွားရင် အခုရတဲ့ ဘွဲ့လက်မှတ်လေးတောင်မရခင် ကျောင်းထွက်လိုက်ရမှာ စိုးတာနဲ့ ဘယ်ပုရိသကိုမှ အကပ်မခံနိုင်ဘူး ကေသီ၊ လေးလေးရဲ့ တကယ်အာသီသက မဟာဝိဇ္ဇာဆက်တက်မယ်၊ မဟာဝိဇ္ဇာရရင် မန်းတက္ကသိုလ်က မြန်မာစာဌာနမှာပဲ ကျူတာပြန်လျှောက်မယ် ဆိုတဲ့ စိတ်ကူးလေ၊ ဒါပေမဲ့ ပြောခဲ့ပြီလေ၊ ဖိုင်နယ်ဖြေပြီးတာနဲ့ အိမ်ပေါ်က ဆင်းတော့လို့ အနှင်ခံလိုက်ရတဲ့ အခြေအနေပါလို့"

"ဒါဖြင့် ... အခု လေးလေး ဘာဆက်လုပ်မယ် စိတ်ကူးသလဲ"

"ထီးထမ်း လမ်းလျှောက်နဲ့ပဲ ဆက်ပြီး အလုပ်ရှာမယ်၊ နောက်တစ်ဖက်က တီးဝိုင်းတစ်ခုခုမှာဝင်ပြီး ချဉ်းကပ်မယ်လို့ စိတ်ကူးတာပဲ"

"တီးဝိုင်းမှာ ချဉ်းကပ်မယ် ဟုတ်လား၊ လေးလေးကအဆိုအတီး ရသလား"

"စန္ဒရားမှာ ကနေ့ခေတ် ပထမတန်းစားတွေနဲ့ စာရင် လေးလေးက ဒုတိယတန်းနေရာလောက်အထိတော့ တီးတတ်တယ်၊ မန္တလေးက ဦးလေးက ရုံးအုပ်လခလေးသာ ရပေမယ့် မိဘလက်ထက်ကတည်းက ကျန်ခဲ့တဲ့ စန္ဒရားရှိတယ်၊ ဦးလေး ကိုယ်တိုင်ကလည်း စန္ဒရားကျွမ်းတယ်၊ ငယ်ငယ်ကတည်းက လေးလေးကိုသင်ပေးတယ်၊ ဒါကြောင့် ဒီလောက်တတ်လာတာပါ၊ အဲ ... အဆိုကတော့ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ပွဲတို့၊ အရုပ်ပွဲတို့မှာတော့ ဆိုဖူးတယ်၊ တကယ့်ဝိုင်းကြီးတွေမှာတော့ တစ်ခါမှ ပွဲမတိုးဖူးသေးပါဘူး”

“ဘယ်ဆိုးလို့လဲ၊ လေးလေးက စွယ်စုံပဲ”

“စွယ်တော့ စုံပါရဲ့၊ ဒါပေမဲ့ ထမင်းငတ်တော့မယ့်ဆဲဆဲလေ”

လေးလေးက သူ့ဟာသူပင် ရယ်မောလိုက်ပြန်သည်။ ကေသီက ယခုတစ်ကြိမ်သာ လိုက်မရယ်ပေ။ တစ်စုံတစ်ခုကို အလေးအနက် တွေးနေမိသည်။ တစ်အောင့်ကြာအောင် တွေးပြီးမှ ကေသီက လေးလေးကို မေးခွန်းတစ်ခု မေးလိုက်၏။

“ဒါဆိုရင် တို့အိမ်မှာ လိုက်နေမလား လေးလေး”

“အယ် ... ဘာကိစ္စ”

“ဘာကိစ္စရယ်လို့တော့ သိပ်မရှိလှဘူးလေ၊ အိမ်ကြီးမှာက ကိုမောင်ကိုယ်တိုင် လိုလေသေးမရှိအောင် လူတွေငှားထားပြီးသားပါ၊ လေးလေး လိုက်နေဖို့က တို့နဲ့အဖော်ရအောင် ဆိုတာလောက်ပဲ ရှိနိုင်မယ်”

“မလွယ်ဘူးထင်တယ် ကေသီ၊ လူတစ်ယောက်တာဝန် မသေးလွန်းလို့ ဦးလေးအရင်းကတောင် မောင်းချတာခံခဲ့ရဖူးပြီလေ”

“တို့မှာက လူတစ်ယောက်တာဝန် ဘယ်လိုမှ အပန်းကြီးဘူးပါဘူး လေးလေး၊ အဲ ... တစ်ခုပဲရှိတယ်၊ ကေသီရဲ့ ကိုမောင်က တစ်မျိုးကြီး၊ ကေသီ လိုချင်တာအားလုံးပေးတယ်၊ စိန်ယူမလား၊ ပတ္တမြားယူမလား၊ ဒါပေမဲ့ ကေသီကို ငွေတွေကိုင်ပြီး ထားဖို့တော့ ခွင့်မပေးဘူး



ဒီတော့ လေးလေးကို လခပေးတဲ့ အလုပ်မျိုးတော့ တို့မပေးနိုင်ဘူး၊ အထူးသဖြင့်ကတော့ ဘယ်လိုအလုပ်သမားကိုပဲ ခန့်ခန့် ကိုမောင်က သူ့သဘောနဲ့ ခန့်လေ့ရှိတယ်၊ တို့မှာ အလုပ်ခန့်ပိုင်ခွင့် မရှိဘူး ဆိုပါတော့”

“မလွယ်ကြောကြီးပဲ ကေသီ၊ လေးလေး လိုချင်တာက အလုပ်တစ်ခုခုပဲ၊ လစာငွေရတဲ့ အလုပ်တစ်ခုခုလေ”

“လာကွယ် ... တို့အိမ် သွားကြမယ်၊ ကားပေါ်ကျမှ ကိုယ်က ဆက်ပြောမယ်၊ လေးလေးက အိမ်ကိုလည်းလိုက်ကြည့်၊ လမ်းမှာ ကိုယ်ပြောတာတွေလည်း နားထောင်ကြည့်ဦး၊ အိမ်ရောက်ပြီးမှ လေးလေးက မနေနိုင်ဘူးဆိုလည်း ပြန်ရုံပေါ့၊ ဟုတ်ဖူးလား”

“မဆိုးပါဘူး ကေသီ”

ကေသီကပင် စားပွဲပေါ်မှ ကျသင့်သမျှကို စားပွဲထိုးလေးခေါ်ကာ ရှင်းပေးလိုက်သည်။

အပြင်ဘက်ရှိ ရုပ်ဆလွန်းကားလေးကို ကေသီက အခါးသော့ဖွင့်သည်။ ကေသီက မောင်းသူနေရာတွင် ဝင်ထိုင်သည်။

ငြိမ့်ငြိမ့်လေးပင် ကေသီက ကားလေးကို မောင်းထွက်လာခဲ့သည်။

“ဘာဖြစ်လို့ လေးလေးကို တို့အိမ်မှာ တို့နဲ့အတူ လိုက်နေစေချင်တယ်ဆိုတာ ပြောရရင် တို့ဖြစ်ပျက်ခဲ့ရတာကို ပထမဆုံး ပြောပြထားမှ ပိုပြီး သဘောပေါက်မယ်လေ လေးလေး”

www.burmeseclassic.com

www.burmeseclassic.com



"ပြောပေါ့ ကေသီ"

"တို့ရဲ့ ကိုမောင့်နာမည်က ဦးရှိန်လှမောင်တဲ့၊ တို့ရဲ့စီးပွားရေးလုပ်ငန်းက ရွှေဘုံသာလမ်းထဲမှာ ရတနာဆိုင်ကြီးရှိတယ်၊ ပြီးတော့ ပွဲရုံကြီးတွေရှိတယ်၊ ပွဲရုံဆိုတာက ခေတ်ဝေါဟာရ အရာသာခေါ်တာ၊ တကယ်ကတော့ ကိုမောင့်အလုပ်က ပွဲစားမဟုတ်ဘူး၊ ကိုယ်ပိုင်ငွေတွေ၊ ကိုယ်ပိုင်ထရပ်ကားကြီးတွေနဲ့ ပြည်နယ်အနှံ့က ကုန်တွေသယ်ပြီး ကိုယ့်ဆိုင်မှာ ကိုယ်တင်ရောင်းတာ၊ တစ်ခါတလေ တာချီလိတ်တို့ ဘာတို့ဆိုတဲ့ နယ်စပ်အထိတောင် ကားတွေက သွားတယ်၊ စက်လှေတွေလည်း ရှိသေးတယ်"

"အားပါး ... အရမ်းချမ်းသာပါလား ကေသီတို့က ..."

"ဟုတ်တယ် ... လေးလေး၊ တို့ အရမ်းချမ်းသာပါတယ်၊ ဒါပေမဲ့ ချမ်းသာတာက ချမ်းသာတာ တခြား၊ တကယ့်မိတ်ကောင်းဆွေကောင်း အပေါင်းအသင်းကောင်းရတာက တခြားလေ၊ ခုခေတ်က လူတွေဆိုတာက ငွေချမ်းသာတဲ့ လူတိုင်းကို လူရာသွင်းတာမှ မဟုတ်တာ"

"ဘာကို ဆိုလိုတာလဲ ကေသီ"

"ရှင်းရှင်းပြောရရင် ကိုမောင်ကလည်း တက္ကသိုလ်ဆိုတာ ဝေးလို့ ဆယ်တန်းတောင် မအောင်ခဲ့ဘူး၊ ဒီကြားထဲ စီးပွားရေးဘက်ကိုသာ ကိုယ်ရောစိတ်ရော ဝင်လုံးနေတော့ လူမှုရေးနဲ့ ပေါင်းသင်းဆက်ဆံရေးမှာ ကိုမောင် မတိုးနိုင်ဘူး၊ အေးလေ ... ပင်ကိုကလည်း ပညာအရည်အချင်းမပြည့်တာ ပါတယ်ပေါ့၊ အဲ ... လင်ကမတိုးနိုင်လို့ မယားဖြစ်တဲ့ တို့က တိုးနိုင်သလားဆိုရင် နီးပဲ လေးလေး၊ တို့က ရှစ်တန်းနှစ်နှစ်ကျကျောင်းထွက် အရည်အချင်းပဲ ရှိတယ်၊ အဲဒီတော့ ကိုမောင်က လူကြီးပိုင်းကို ဝင်ဆံ့ရုံမက တက္ကသိုလ်က ဘွဲ့ရထားပြီးတဲ့ ခင်ထားရီဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ဆက်မိတယ်၊ ကိုမောင်ကပြောတော့ အလုပ်သဘောအရ ဆက်ဆံတာလို့ ပြောတာပဲ၊ ဒါပေမဲ့ သူတို့က နှစ်ယောက်တည်း ကွဲလွန်းလာတယ်၊ တို့ သိပ်မနာလို ဖြစ်လာတယ်၊ သိပ်စိတ်ညစ်လာတယ်၊ တို့ကို ကိုမောင် ချစ်ရှာပါတယ်၊ အင်မတန်လည်း ယုယကြင်နာပါတယ်၊ ဒါပေမဲ့ ခင်ထားရီကို ကိုမောင်က အထင်ကြီးလွန်းနေတယ်၊ ယောကျ်ားတစ်ယောက်ဟာ အမျိုးသမီးတစ်ယောက်အပေါ်မှာ သိပ်အထင်ကြီးလာရင် ဘာတွေဖြစ်နိုင်သလဲဟင်"



"သိဘူးလေ၊ လေးလေး သက်တမ်းတစ်လျှောက်မှာ ဘယ့်ယောကျ်ားတစ်ယောက်ရဲ့ အထင်ကြီးမှုကိုမှ လေးလေး မခံရဖူးသေးတာ"

"ပုဂ္ဂိုလ်ခင်တော့ တရားမင်တယ် ဆိုတာလို တရားမင်တော့ ပုဂ္ဂိုလ်ခင်သွားတယ် မဟုတ်လား လေးလေး"

"ဖြစ်နိုင်တာပေါ့"

"အဲဒါကြောင့် တို့ သိပ်စိတ်ညစ်တာပေါ့"

"ကေသီရဲ့ ကိုမောင်ကို ကေသီက မချုပ်ကိုင်နိုင်ဘူးလား"

"ဝေးသေး၊ တို့များအားလုံးက ကိုမောင့်ကို ကြောက်ရတာ၊ နောက်တစ်ချက်က ကိုမောင်က တို့ကို အချစ်လျော့

www.burmeseclassic.com



မသွားရှာဘူး၊ ချစ်မြဲ၊ ကြင်နာမြဲ၊ ယုယမြဲ ရှိနေတယ်၊ နောက်ပြီး လုပ်ငန်းအရ ခင်ထားရီနဲ့ တွဲရတာပါလို့လည်း ရှင်းပြတယ်၊ ကိုယ်က ဘာထပ်ပြီး စောဒကတက်ရဲမှာလဲ၊ ဒါပေမဲ့ ခင်ထားရီနဲ့ ကိုမောင် တွဲလေ ကိုယ်စိတ်ညစ်လေပဲ”

လေးလေး ဘာမျှထပ်မမေးတော့ဘဲ ကေသီပြောသည်ကိုသာ နားစိုက်ထောင်နေလိုက်သည်။

“တစ်နေ့မှာ ခင်ထားရီက တို့ရဲ့ကမ္ဘာအေးလမ်းကအိမ်ကိုလာတယ်၊ ကိုမောင်နဲ့ တီးတိုး တီးတိုး ပြောပြီး ကိုမောင်စီးနေကျ ကားသစ်ကြီးနဲ့ နှစ်ယောက်တွဲပြီး ထွက်သွားတယ်လေ၊ ကိုမောင်က တို့ကိုတောင် ခါတိုင်းလို နှုတ်ဆက်မသွားဘူး ...

“တို့ရင်ထဲ မီးတောက်တော့တာပေါ့။ ဒီလောက်ရှိတာ သူလည်းသွားချင်ရာသွား၊ တို့လည်း သွားချင်ရာသွားမယ်လို့ စိတ်ရူးပေါက်လာတယ်၊ တို့အိပ်ခန်းထဲ တို့ဝင်လိုက်တယ်၊ ခေါင်းအုံးအောက်က ပစ္စတိုသေနတ်ကို တို့ယူပြီး ပိုက်ဆံအိတ်ထဲ ထည့်လိုက်တယ်၊ အဲဒီနေ့က တို့လင်တရူးပြီး ဟောဒီကားနဲ့ပဲ အိမ်ကမောင်းထွက်လာမိတယ်”

“သူတို့နောက်ကို လိုက်ချောင်းတာလား”

“မဟုတ်ဘူး၊ သူတို့ ဘယ်သွားမှန်းမှ မသိတာ၊ တို့မှာ အေးရိပ်ငြိမ်ဆိုတဲ့ ဗိုလ်တဲဆန်ဆန် တစ်လုံးရှိတယ်၊ ပဲခူးမှာ ပျဉ်ထောင်နှစ်ထပ်လေး၊ ခြံအကျယ်ကြီး၊ သစ်ပင်ကြီးတွေနဲ့ သိပ်သာယာတာတယ်၊ ဗိုလ်တဲပေါ်က စီးကြည့်ရင်



ပတ်ဝန်းကျင်ဟာ သိပ်ကို ကြည်နူးစရာ ကောင်းတယ်၊ ကိုမောင် အပန်းဖြေ အလုပ်နားတဲ့အခါ အဲဒီ အေးရိပ်ငြိမ်ကို တို့များသွားပြီး နားကြတယ်၊ တို့ စိတ်ရူးပေါက်ပြီး အိမ်ကထွက်လာတုန်းကတော့ ဦးတည်ရာမောင်းတဲ့သဘောပဲ၊ ကမ္ဘာအေးလမ်းမကြီးအတိုင်း မောင်းရာက မရမ်းကုန်းလမ်းဆုံမီးပွိုင့် ရောက်သွားတယ်၊ အဲဒီကျမှ ကိုယ့်ဟာကိုယ် အေးရိပ်ငြိမ်မှာ သွားနေမယ်၊ ကိုမောင် ပြန်လာလို့ တို့ကို မတွေ့ရင် စိတ်ပူပြီး လိုက်ရှာတာမျိုးကို တို့စိတ်ထဲက လိုလားမိတယ်လေ”

ထိုနေ့က အဖြစ်အပျက်ကို ကေသီက ဆက်၍ပြောပြလေတော့သည်။

✤ ✧ ✤

www.burmeseclassic.com

www.burmeseclassic.com



ထောက်ကြံ့ကို ဖြတ်ကျော်စဉ်လည်းကောင်း၊ လှည်းကူးဖြတ်ကျော်စဉ်လည်းကောင်း ရာသီဥတုသည် နေသာမိုးသာရှိသည်။

အင်းတကော် လွန်လာသောအခါ နေသာမိုးသာရှိရာမှ ဖြန်းခနဲ မိုးသားတိမ်လိပ်တွေ မည်းနက်လာတော့သည်။

မကြာလိုက်ပါ။ မိုးသည် သည်းထန်စွာ ရွာချလိုက်သည်။ ကေသီက နောက်ကြောင်းပြန်ဖို့ပင် စိတ်ကူးသေးသည်။ သို့တစေ ရန်ကုန်ကို ပြန်လှည့်ဖို့က မိုင်သုံးဆယ်ကျော် လေးဆယ်နီးပါး ပြန်မောင်းရသည်။ ပဲခူးက ရှေ့တွင် ဆယ့်လေးမိုင်ခန့်သာ လိုတော့သည်။

ကေသီ ဆက်မောင်းခဲ့သည်။

ပဲခူးအဝင်တွင် မိုးလျော့ပါးသွားပါ၏။ သို့သော်လေက လေပြင်းတိုက်နေသည်။ မုန်တိုင်းလေမျိုး တိုက်နေခြင်းဖြစ်သည်။

သနပ်ပင်လမ်းအတိုင်း မောင်းခဲ့ပြီး ဟင်္သာကုန်လမ်းခွဲကို ဂရုတစိုက် ရှာဖွေကာ ကွေ့ချိုးခဲ့ရသည်။ အတွင်းပိုင်းမြေနီလမ်းသို့ တော်တော်ကြီး မောင်းခဲ့ရပါလေ၏။



အေးရိပ်ငြိမ်ကို လှမ်းတွေ့ရပြီ။

တောင်ကုန်းပိုင်းထိပ် မြေပြန့်တွင် ဆောက်ထားသော အေးရိပ်ငြိမ် ဖြစ်ပါ၏။ ကားကို ဦးပိုင်းမော့အောင် မောင်းတက်ရသည်။

အပေါ်ရောက်တော့လည်း ကုန်းမြင့်မြေပြန့်ဖြစ်သွားသည်။

ဗိုလ်တဲခြံစောင့်ကို မတွေ့ရ။ ကြိုတင်အကြောင်းကြားချက် မရှိသောကြောင့် အစောင့်သည် သူ့အိမ်သူ ပြန်လစ်နေဟန်တူသည်။ ခြံတံခါးကို သံကြိုးပတ် သော့ခတ်ထားသည်။

ကိစ္စမရှိ။ ကေသီ့တွင် သော့ပါလာသည်။ ခြံတံခါးဆင်းဖွင့်ပြီး ကားကိုဗိုလ်တဲဆီသို့ မောင်းလာခဲ့သည်။ မိုးသားတို့ကြောင့် နေရောင်မရှိတော့ပြီ။

ဗိုလ်တဲဆင်ဝင်အောက်တွင် ကားကို ရပ်လိုက်သည်။ ခြံဝင်းထဲတွင် ကားဂိုဒေါင် ရှိပါ၏။ သို့သော် ကေသီက အစိုးရေ။ ရန်ကုန်သို့ ထပြန်ချင်သည့်အချိန် ထပြန်မည်မို့ ဂိုဒေါင်ထဲသို့ ကားမသွင်းတော့ချေ။

တံခါးပိတ်ထားသော ဗိုလ်တဲကို သော့တံထိုးပြီး ဖွင့်လိုက်သည်။ တံခါးပွင့်သွားသည်နှင့် ဧည့်ခန်းသို့ရောက်သွားသည်။ မှောင်နှင့်မည်းမည်း ရှိနေပါ၏။

အဝင်တံခါး၏ ဘေးနံရံပေါ်မှာပင် ဧည့်ခန်းမီးခလုတ်ရှိသောကြောင့် ကေသီက မီးခလုတ်ကို စမ်း၍ဖွင့်လိုက်သည်။ ချောက်ခနဲ မီးခလုတ်မှ အသံထွက်လာစေကာမူ ဧည့်ခန်းသို့ မီးရောင်လင်းမလာပေ။

www.burmeseclassic.com

www.burmeseclassic.com



တန့်တော့ မိုးသက်လေပြင်းကြောင့် မီးလိုင်းတွေကို သက်ဆိုင်ရာက ပိတ်ထားသည်ပဲဖြစ်မည်။

ကိုမောင်က နယ်ဘက်မီးတွေကို စိတ်မချဆိုပြီး ဤဗိုလ်တဲမှာပင် မီးစက်တစ်လုံး ဝယ်ထားသေးသည်။ သို့သော် မီးစက်က ဟိုနောက်ဘက်က စတိုခန်းမှာဖြစ်သည်။ ပြီး စက်နှိုးရသည့် ကိရိယာတွေ များလှသည်။ ကေသီ မနှိုးတတ်။

ဧည့်ခန်းထောင့်ရှိ စင်လေးပေါ်တွင် ဖယောင်းတိုင်ထုပ်နှင့် မီးခြစ်တင်ထားလေ့ရှိကြောင်း ကေသီ သတိရသည်။

ကေသီ စမ်းတဝါးဝါးဖြင့် လျှောက်လာသည်။ အပြင်တက်မှ တစ်ခါတစ်ရံ လျှပ်ပြက်လိုက်သောအခါ ဗိုလ်တဲ၏ မှန်ပြတင်းများမှတစ်ဆင့် ဧည့်ခန်းတွင် ပြိုးပြိုးပြက်ပြက် လင်းသွားသည်။ ယင်း လျှပ်ပြက်အလင်းရောင်ဖြင့်ပင် ကေသီမှန်းဆ လျှောက်ခဲ့သည်။

"ခွမ်"

စင်ပေါ်တွင် ဖန်ခွက်တစ်လုံးရ ရှိနေဟန်တူသည်။ ယခင်တစ်ပတ် လာစဉ်က ကိုမောင် ဘီယာသောက်ပြီး စင်လေးပေါ်သို့ ဖန်ခွက်တင်ထားမိသည်ပဲ ဖြစ်မည်။

တိတ်ဆိတ်မှောင်မည်းနေသော ကာလဝယ် ဖန်ခွက်ကျကွဲသံကပင် ကမ္ဘာပျက်သွားလေသလား အောက်မေ့ရအောင် အသံဗလံ ဆူညံသွားသည်။ ထိုစဉ်မှာပင် ...

အသံတစ်သံသည် ဗိုလ်တဲအတွင်းမှ ထွက်ပေါ်လာသည်ကို ကေသီ ကြားရသည်။ အောက်ထပ်မှ အသံမဟုတ်။ အပေါ်ထပ်မှအသံဖြစ်မှန်းလည်း ကေသီ သတိထားမိသည်။



ယင်းအသံသည် လူတစ်ယောက်ယောက် ကြမ်းပြင်ကို ရှပ်တိုက်လျှောက်လာသော အသံဖြစ်မှန်း ကေသီ သတိထားမိသည်။

ယင်းအသံသည် လူတစ်ယောက်ယောက် ကြမ်းပြင်ကို ရှပ်တိုက်လျှောက်လာသော အသံဖြစ်မှန်း ကေသီ သတိထားမိသည်။

ဤဗိုလ်တဲအိမ်ကြီးထဲတွင် ကေသီ တစ်ယောက်တည်း မဟုတ်ဘဲ အခြားသူ တစ်ဦးတစ်ယောက် ရှိနေလေပြီ။

ခွင့်ပြုချက်မရှိဘဲ ဤဗိုလ်တဲအိမ်ကြီးတွင် တိတ်တဆိတ် ဝင်ရောက်နေထိုင်သူသည် လူကောင်းတစ်ယောက်ထက် လူဆိုးတစ်ဦးဖြစ်ဖို့က သေချာသည်။

ကေသီ့အတွက် မိတ်ဆွေမဖြစ်နိုင်၊ ရန်သူသာလျှင် ဖြစ်ချိမ့်မည်။

ကေသီက ကျောက်တိုင် ကျောက်တုံးလို ငြိမ်သက်စွာ မတုန်မလှုပ် ရပ်နေလိုက်သည်။ ခဏချိန်တည်းမှာပင် သူမ၏ပိုက်ဆံအိတ်ကိုဖွင့်ကာ ဒသမသုံးနှစ်ပစ္စတိုကို ထုတ်လိုက်သည်။ ကိုမောင် သင်ပြပေးထားသည့်အတိုင်း ပစ္စတိုမောင်းကို ဆွဲတင်လိုက်၏။

ရိုးတိုးယားတား မလုပ်နှင့်။ သေနတ်လေးဟာ ဒသမသုံးနှစ်သာ ရှိပေမယ့် မောင်းပြန်သေနတ်လေးဖြစ်သည်။ မဂ္ဂဇင်းကပ်ထဲမှ ကျည်ဆန်ခုနစ်တောင့်စလုံး ဆက်တိုက် ထွက်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှ ခြေသံသည် လှေကားအတိုင်း ဆင်းလာသည်။ ကေသီက လှေကားဆီသို့ သေနတ်ပြောင်း ချိန်ထားသည်။

ယင်းအခိုက်မှာပင် ဝင်းခနဲ လျှပ်ပြက်လိုက်သည်။

လျှပ်ပြက်အလင်းရောင်ဖြင့် လှေကားရင်းတွင်ရပ်နေသော လူတစ်ယောက်၏သဏ္ဌာန်ကို ကေသီ ဝိုးတဝါးတွေ့ရသည်။

ချောင်းဆိုးသံက ထိုလူ့ထံမှ ထွက်လာသည်။

"ရှေ့မတိုးနဲ့နော်"

ကေသီက တုန်ယင်ချောက်ချားစွာဖြင့် အော်လိုက်မိသည် ထင်သည်။

သို့သော် ထိုလူသည် ရှေ့သို့တိုးလာသည်။ ကေသီသည် ကြောက်လန့်တကြားနှင့် ပစ္စတို၏ခလုတ်ကို ဆွဲလိုက်တော့သည်။ မျက်စိစုံမှိတ်ဆွဲခြင်း ဖြစ်ပါ၏။

ဘယ်လောက်ထိ ခလုတ်ကို ဆွဲထားမိသည်မသိ။ တဒိုင်းဒိုင်းနှင့် ထွက်သွားသော သေနတ်သံတွေ အလိုလိုတိတ်သွားမှ ကေသီသည် မျက်စိဖွင့်ကြည့်ရန် သတိရလာသည်။

အံ့သြစရာကောင်းနေသည်။ ကေသီ မျက်လုံးဖွင့်လိုက်ချိန်မှာပင် လျှပ်စစ်မီးများသည် ဖျတ်ခနဲ လင်းလက်လာတော့သည်။

လေမိုးအနည်းငယ် ငြိမ်သက်သွားသောကြောင့်ပိတ်ထားသော မီးလိုင်းများ ပြန်ဖွင့်ပေးလိုက်လေသလား မပြောတတ်နိုင်ပေ။

"အား"



ကေသီက မီးလင်းသွားသည်နှင့် မိမိရှေ့ နှစ်လမ်းသုံးလှမ်းခန့် အကွာတွင် မှောက်လျက်ကြီး လဲကျနေသော သွေးအိုင်ထဲမှလူကို မြင်လိုက်ရသဖြင့် အလန့်တကြားအော်ကာ သွေးရူးသွေးတန်းနှင့် ပွင့်နေသော တံခါးပေါက်မှ အပြင်သို့ စွတ်ပြေးတော့သည်။

✣ ✧ ✣

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပါပဲ လေးလေး၊ တို့ အပြင်ရောက်တော့ လဲကျသွားတယ်၊ သတိလစ်သွားတယ်၊ အဲဒီအချိန်မှာ မိုးကမသည်းဘူးဆိုပေမယ့် တဖွဲဖွဲရွာနေတယ်၊ တို့ဟာ မိုးရေထဲမှာပဲ တော်တော်လေးကြာအောင် သတိလစ် လဲကျနေခဲ့တယ်။ ဒါကြောင့် အဲဒီနောက် နမိုးနီးယားဖြစ်တယ်၊ နမိုးနီးယားနဲ့တွဲပြီး လူတစ်ယောက်ကို သေနတ်နဲ့ပစ်ခဲ့မိတာ စိတ်စွဲလမ်းပြီး ခုချိန်ထိ စိတ်ချောက်ချားစိတ် တစ်ခါတလေ ဖြစ်လာတယ်၊ တို့ ချောက်ချောက်ချားချား ဖြစ်တာကိုပဲ ကိုမောင်ကတော့ တို့မှာ စိတ်ဝေဒနာတစ်ခုခု ကပ်ငြိနေပြီလို့ ထင်တယ်လေ"

"နားထောင်ရတာ စိတ်ဝင်စားစရာ ကောင်းတယ်၊ အဲဒီနောက် ကေသီ ဘယ်လိုတွေ ဆက်ဖြစ်တယ်ဆိုတာ ဆက်ပြောပြပါလား ကေသီ"

"တို့သေနတ်က ကျည်ဆန်တွေ တစ်ပြုံကြီး ထွက်သွားတဲ့အသံကို ခြံနီးချင်းအချို့က ကြားတယ်တဲ့၊ ဒါနဲ့ တို့ဗိုလ်တဲခြံထဲ လှမ်းကြည့်နေတုန်း တို့အိမ်ထဲက ကမူးရှူးထိုးထွက်ပြေးပြီး လဲကျသွားတာကို တွေ့ကြတယ်တဲ့ ...



"ဒါပေမဲ့ ဘာမှန်းညာမှန်း မသိလို့ တို့ဆီကိုတိုက်ရိုက်မလာသေးဘဲ တယ်လီဖုန်းရှိတဲ့အိမ်က ပဲခူးရဲစခန်းကို လှမ်းပြီး အကြောင်းကြားတယ်တဲ့၊ စခန်းက ရဲအုပ်ဦးသြနဲ့အဖွဲ့လာမှ ဘေးကလူတွေလည်းလိုက်လာပြီး ဝိုင်းကြည့်ကြတာတဲ့၊ တို့ကိုသတိရအောင်လုပ်လို့ တို့ သတိပြန်ရလာတယ်၊ ဗိုလ်တဲအိမ်ထဲကို ပြန်ခေါ်လာတယ်၊ ပထမဆုံး တို့ကိုယ်ပေါ်မှာ စိုရွှဲနေတာကို မျက်နှာသုတ်ပဝါနဲ့သုတ်ပြီး အဝတ်လဲစေတယ်၊ ဗိုလ်တဲအိမ်မှာပဲ ဗီရိုတစ်လုံးထားတယ်လေ၊ ကိုမောင့် အဝတ်တွေရော တို့အဝတ်တွေရော ပေါ့ ...

"အဲဒီနောက် ဦးသြက အလောင်းကို ပက်လက်လှန်ပြလိုက်တယ်၊ သေတဲ့လူကို သိကျွမ်းသလားတဲ့"

"ကေသီက အလောင်းရဲ့မျက်နှာကိုမြင်တော့ ဘယ်သူဘယ်ဝါလို့ကော သိလား"

"မသိပါဘူး လေးလေးရယ်၊ ဒါပေမဲ့ သူ့အလောင်းကို ကြည့်ပြီး မျက်ရည်ကျလာတယ်၊ တို့ဟာ လူသတ်မိပါပကောဆိုတဲ့ ဝမ်းနည်းစိတ်နဲ့လေ ...

"ကဲ ... အဖြစ်ပျက်ကို ပြောပါဦးလို့ ရဲအုပ်ဦးသြက ပြောမှ တို့ဟာ ရန်ကုန်က ဦးရှိန်လှမောင်ရဲ့ ဇနီးဖြစ်တယ်၊ ကမ္ဘာအေးလမ်းမှာ နေတယ် ဆိုတာကစပြီး နောက်ဆုံးဖြစ်တဲ့ အခြေအနေထိ ပြောပြတယ်၊ ဒါပေမဲ့ ကိုမောင် ခင်ထားရီနဲ့ ထွက်သွားတာကို မခံချင်စိတ်တဲ့ ထွက်လာတယ်ဆိုတာတော့ မပြောဘူးပေါ့ကွယ် ...

www.burmeseclassic.com

www.burmeseclassic.com



"ရဲကြပ်ကြီးတစ်ယောက်ကတော့ ပြောရှာပါတယ်၊ တို့ဖြစ်ပျက်ပုံမျိုးဟာ ဘယ်အမျိုးသမီးပဲဖြစ်ဖြစ် ဒီလိုဖြစ်လာရင် ဒီလိုပဲ သေနတ်နဲ့ ပစ်မိမှာလို့၊ တို့မှာ အပြစ်မရှိပါဘူးတဲ့ ...

"ဒါပေမဲ့ ရဲအုပ်ဦးသြကတော့ သိပ်ကျေနပ်ပုံမရဘူး၊ သေသူမှာ ဘာလက်နက်မှ မရှိဘူးတဲ့၊ တို့ကို ရန်သတ္တု တစ်ခုခု လုပ်မယ်ဆိုရင် သူ့ဆီမှာ လက်နက်တစ်ခုခု ပါသင့်တယ်တဲ့၊ နောက်ပြီး သူဝတ်ထားတဲ့ အဝတ်ဟာ ခြောက်ခြောက်သွေ့သွေ့မို့ ဒီနေ့မှ မိုးထဲလေထဲက ရောက်လာတဲ့သူ မဖြစ်နိုင်ဘူးတဲ့၊ ဒီအိမ်ကို ဖွင့်နိုင်တဲ့သော့လည်း သူ့အိတ်ထဲက တွေ့တယ်တဲ့"

"မကေသီရဲ့ ဗိုလ်တဲအိမ်သော့ ဟုတ်လား၊ သူက ဘယ်လိုရသလဲ။ ခြံစောင့်ကများ ပေးလိုက်သလား"

"ခြံစောင့်က ခြံထဲမှာ စောင့်ဖို့သက်သက်ပဲ၊ ဗိုလ်တဲအိမ်ကြီးကို ဖွင့်နိုင်တဲ့သော့ ခြံစောင့်ကို ပေးမထားပါဘူး။ နောက်ဆုံး ရဲတွေက ခြံစောင့်ကလည်း လစ်လေ့ရှိတယ်၊ တို့နဲ့ ကိုမောင်ကလည်း စိတ်ကူးပေါက်မှ လာတတ်တာကို ဒီလူသိပြီး ပထမကတည်းက ဒီအိမ်တံခါးသော့ရဲ့ သော့တံကို ဖယောင်းတွေ ဘာတွေနဲ့ နှိပ်ပြီးသော့တူလုပ်၊ သူခိုးချင်တဲ့အခါ ဝင်ခိုနေတာဖြစ်မယ်လို့ ယူဆကြတယ် ...

"အဲဒီနောက် ရဲအုပ်ဦးသြကပဲ ကိုမောင့်ဆီကို ဖုန်းဆက်ပေးတယ်၊ နှစ်နာရီအတွင်း ကိုမောင်ရယ်၊ ဒေါက်တာခင်မောင်ညိုရယ် ရောက်လာတယ်"



"ဒေါက်တာခင်မောင်ညိုက ဘာကိစ္စ လိုက်လာတာလဲ"

"ရဲအုပ်ဦးသြ ဆက်တဲ့အထဲမှာ တို့ဟာ အအေးမိသွားတယ်၊ မိုးထဲရေထဲမှာ တော်တော်ကြာအောင် သတိလစ်မေ့မြောသွားတယ်ဆိုတာ ပြောပြလို့ ကိုမောင်က တို့အတွက် စိုးရိမ်ပြီး ဒေါက်တာခင်မောင်ညိုကိုပါ ဝင်ခေါ်လာတာတဲ့လေ ...

"အဲဒီနောက်တော့ ရဲအုပ်ဦးသြရဲ့ ခွင့်ပြုချက်နဲ့ပဲ တို့ ရန်ကုန်ပြန်ခဲ့တယ်၊ သေသူဟာ ဘယ်သူဘယ်ဝါဆိုတာတွေ စုံစမ်းပြီးရင် ကိုမောင့်ဆီ ဖုန်းနဲ့အကြောင်းကြားမယ်လို့လည်း ဦးသြက ပြောလိုက်တယ်"

"သေသူဟာ ဘယ်သူဘယ်ဝါ ဆိုတာကော နောက်တော့ သိရရဲ့လား ကေသီ"

"အင်း ... သိရတယ်၊ တို့ သေနတ်ထဲက ကျည်ဆန်တွေကုန်အောင် အပစ်ခံလိုက်ရတဲ့ လူရဲ့နာမည်က ကိုညွန့်ဦးတဲ့၊ အသက်သုံးဆယ်လောက် ရှိပြီတဲ့၊ ထောင်လေးနှစ်ကျခဲ့တယ်တဲ့၊ ထောင်က ထွက်လာတာ သိပ်မကြာသေးဘူးတဲ့၊ သူက လုပ်ငန်းရှင် တစ်ဦးဆီမှာ ငွေကက်ရှာလုပ်ခဲ့ဖူးတယ်တဲ့၊ လုပ်ငန်းက ငွေလေးသိန်း ဘဏ်အပ်ဖို့သွားရာက ပြန်မလာဘဲ ငွေလေးသိန်းကျော် ဖြောင်သွားတာတဲ့၊ နောက် သူ့ကိုဖမ်းမိတော့ ငွေတွေလည်း ပြန်မရတာနဲ့ အမှုဖြစ်ပြီး ထောင်လေးနှစ် ကျသွားတာတဲ့"

"ဩော် ... ဩော် ... ဒါကြောင့် နန်းကြီးဆိုင်ထဲမှာ စားပွဲထိုးလေးက ကိုညွန့်ဦးဆိုတဲ့ နာမည်ခေါ်လိုက်တာနဲ့ ကေသီ ရှော့ခ်ဖြစ်သွားတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲ လေးလေး၊ ကိုညွန့်ဦးဆိုတဲ့လူကို တို့သေနတ်နဲ့ပစ်သတ်မိတဲ့ အချိန်ကစပြီး တို့မှာ သိပ်ကို သွေးလေချောက်ချားနေတယ်၊ ကိုမောင်ကလည်း တို့မှာ စိတ်ဝေဒနာဖြစ်နေပြီလို့ ပြောတယ်၊ တစ်ခါတလေ အိပ်မက်ဆိုးတွေထဲမှာ ကိုညွန့်ဦး ပေါ်လာပြီး တို့ကို လည်ပင်းညှစ်သတ်မယ်လိုလိုမျိုး မက်တဲ့အခါ ညကြီးမင်းကြီး ကုန်းအော်မိတယ်"

"ကေသီ့မှာ ပူစရာမရှိပါဘူးလေ၊ ကိုယ့်ယောက်ျား ဦးရှိန်လှမောင်ကလည်း ကေသီ့ကို သိပ်ဂရုစိုက်တာပဲ၊ ငွေကြေးချမ်းသာတော့ အိမ်မှာ ခြွေရံသင်းပင်းတွေလည်း အများကြီးရှိနေသားပဲ၊ ဘာကြောက်စရာရှိလဲ"

"လေးလေး ပြောတာ အပြင်ပန်းအားဖြင့်တော့ မှန်ပါတယ်၊ ဒါပေမဲ့ တို့ရဲ့ တကယ့်အတွင်းကျကျ အခြေအနေက တစ်မျိုးပေါ့"

"ဘယ်လိုတစ်မျိုးလဲ ကေသီ"

"အိမ်မှာ တို့အတွက် တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုတာ လုံးဝမရှိဘူး၊ တို့ပြောပြီးပါပြီနော်၊ အိမ်မှာရှိသမျှ မာလီကအစ ကိုမောင် ခန့်ထားတဲ့သူတွေချည်းပဲ၊ ဟိုတုန်းကတော့ ဘာသိဘာသာပေါ့လေ၊ အခု ကိုမောင်က ခင်ထားရီနဲ့မရှင်းမရှင်းတာတွေ ဖြစ်လာတော့ တို့မှာ စိတ်အားငယ်တယ်၊ ဒီကြားထဲ ကိုညွန့်ဦးကလည်း တို့စိတ်ကို အမြဲခြောက်လှန့်နေတယ်၊ အဲဒီတော့ တို့မှာ တိုင်ပင်ဖော် တိုင်ပင်ဖက် အတူနေ လိုချင်နေမိတယ်၊ ဒီနေ့ လေးလေးကို တို့တွေ့



ကတည်းက လေးလေးရဲ့ရုပ်ရည်ကြောင့်ပဲ ထင်ပါရဲ့၊ တို့စိတ်ထဲ ခင်မိသလိုပဲ၊ အဲဒီနောက် တို့သတိလစ်မလို နန်းကြီးဆိုင်ထဲမှာ ဖြစ်သွားတော့လည်း လေးလေးက တို့ကို ဂရုတစိုက် ရှိလှတာကိုလည်း သိပ်ကျေနပ်မိတယ်၊ ဒါကြောင့် တို့အိမ်မှာ တို့နဲ့အတူတူ လေးလေး လိုက်နေပါလားလို့ တောင်းခံမိတာပါ"

"ကေသီ စဉ်းစားနော်၊ နန်းကြီးသုပ်ဆိုင်ထဲမှာ လေးလေးက ကေသီ့ကို ပြုစုလိုက်တာလောက်လေးနဲ့တော့ အိမ်ပေါ်ခေါ်တင်ထားဖို့ စိတ်ကူးတယ်ဆိုတာ မလုံလောက်ဘူး၊ ကေသီ့မှာ တခြား ဒီ့ထက်ကြီးကျယ်ခိုင်မာတဲ့ အကြောင်းရှိလေဦးမလားဆိုတာ စဉ်းစားပါဦး၊ လေးလေးအနေနဲ့ကလည်း မှန်တာပြောရရင် ကေသီ့ကို ပြုစုယုယဖို့ အဖော်တစ်ယောက်အဖြစ်နဲ့လောက်တော့ သူများအိမ်မှာ လိုက်မနေချင်ဘူးလေ"

"အို … တို့ကို ပြုစုဖို့ သက်သက် ခေါ်တာမျိုး မဟုတ်ပါဘူး၊ လေးလေးရဲ့ အဆင့်အတန်းကို တို့က လေးစားပြီးသားပါ၊ အဓိက ပြောချင်တာက လေးလေးရဲ့ကြင်နာတတ်တဲ့ နှလုံးသား စိတ်ဓာတ်လေးကို တို့က သဘောကျလို့ခေါ်မိတာပါ၊ အဲ … နောက်တစ်ချက်လည်း ရှိသေးတယ်ပေါ့လေ"

"ဆိုပါဦး၊ နောက်တစ်ချက် ဆိုတာက"

ကမ္ဘာအေးလမ်း၏ ကျယ်ပြောသော လမ်းဘေးတစ်နေရာ ကုက္ကိုပင်ကြီးအောက်တွင် ကေသီက ကားကိုရပ်လိုက်သည်။ ✿

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရောက်ခါနီးပြီ၊ အိမ်ရောက်သွားရင် အခု တို့ပြောချင်တာတွေ လွတ်လွတ်လပ်လပ် ပြောခွင့်ရချင်မှရမှာ။ ဒါကြောင့် အိမ်မရောက်ခင် ဒီလမ်းဘေးမှာပဲ ပြောချင်လို့ပါ လေးလေး"

"ပြောပါ ကေသီ"

ကေသီက မပြောသေးမီ ရယ်သွမ်းသွေးလိုက်သေးသည်။ လေးလေးက ကေသီကိုသာ စူးစမ်းသည့်အကြည့်ဖြင့် ကြည့်နေသည်။

"ပြောရရင် ကလေးဆန်နေမလား မသိဘူး လေးလေး၊ တို့များ ကလေးဘဝက တစ်ယောက်ကိုတစ်ယောက် အရည်အချင်းပြိုင်ပွဲလေးတွေ ဖြစ်ခဲ့ကြဖူးတယ်လေ၊ ဥပမာ အလှပြိုင်တယ် ဆိုပါတော့၊ တို့က ကိုယ်နဲ့ပြိုင်ရတဲ့ မိန်းကလေးလောက် မလှဘူးပဲ ဆိုပါတော့၊ ဒီတော့ကာ တို့နဲ့အလှပြိုင်တဲ့ မိန်းကလေးကို မခံချင်စိတ်လေးနဲ့ အဲမာ ... ငါ့ညီမနဲ့ပြိုင်မလား၊ ငါ့ညီမက နင့်ထက်အပြန်တစ်ရာလှတယ် သိလားလို့ ပြောမိတာမျိုးလေ"

လေးလေးက သဘောပေါက်သည်။ ဘာမျှတော့ ခွန်းတုံ့မပြန်။ ကေသီကို သနားစွာ၊ ကရုဏာသက်စွာ ကြည့်မြဲကြည့်နေသည်။ ကေသီက ပင့်သက်တစ်လုံးကို ဖြည်းညင်းစွာ ချလိုက်သည်။

"အဲဒီသဘောပါပဲ လေးလေး၊ ခင်ထားရီကို တို့အနေနဲ့ မယှဉ်ပြိုင်နိုင်တာတွေ ရှိနေတယ်၊ ကိုမောင်ကလည်း ခင်ထားရီရဲ့အရည်အချင်းတွေကို သိပ်အထင်ကြီးနေတယ်၊



လေးလေးတို့အိမ် ရောက်လာရင် ခင်ထားရီမှာရှိတဲ့ အရည်အချင်းတွေ လေးလေးမှာ ရှိရုံမကဘူး၊ ခင်ထားရီထက် အပြန်တစ်ရာ လေးလေးက ပိုပြီးလှတယ်၊ တို့က သက်သေပြလိုက်ချင်တယ်လေ၊ ကိုမောင့်ကို သက်သေပြလိုက်ချင်တယ်၊ ဟောဒီမှာတွေ့လား၊ ခင်ထားရီထက် သာပါတယ်နော်လို့၊ အဲဒီသဘောပါပဲ လေးလေး၊ တို့ဆန္ဒက လေးလေးတို့နဲ့အတူ လိုက်နေပါ၊ တို့နဲ့ ဘာမဆို တိုင်ပင်ပြီး တို့ကို အကြံဉာဏ်ပေးနိုင်လောက်တဲ့ အရည်အသွေးတွေလည်း လေးလေးမှာ ရှိနေတာပဲ"

စိတ်ပိုင်းဆိုင်ရာပါတည်း။ ကေသီသည် သူကိုယ်တိုင် ပြိုင်နိုင်ခွင့်တွေ သူ့မှာ မရှိတော့ပြီမို့ ငါ့ညီမနဲ့ ပြိုင်လေဆိုတဲ့ သဘောမျိုးပါတည်း။ ကေသီ့ကို လေးလေး ကရုဏာသက်သွားမိသည် အမှန်။

"အင်းလေ ... ကေသီရဲ့အိမ်ကိုပဲ ဆက်မောင်းပါ၊ လေးလေး လိုက်ကြည့်မယ်လေ၊ အဲဒီအိမ်ကြီးရောက်ပြီးမှ လေးလေး ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်မယ်"

ကေသီက မမောင်းသေး။

"တကယ်လို့ပေါ့လေ၊ လေးလေးက တို့နဲ့အတူတူ နေပေါ့မယ်လို့ ဆုံးဖြတ်ရင် ကိုမောင်ကစပြီး တစ်အိမ်သားလုံးကို တို့နဲ့ လေးလေးဟာ ငယ်သူငယ်ချင်းတွေလို့ပြောနော်၊ တို့ကလည်း ကိုမောင့်ကို လေးလေးဟာ တို့ငယ်ငယ်ကတည်းက သူငယ်ချင်း၊ ကွဲသွားတာကြာပြီ၊ အခုမှပြန်တွေ့လို့ ခွတ်ခေါ်လာတာလို့ပဲ ပြောမယ်၊ ဘယ့်နှယ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ယုံပါ့မလား ကေသီ၊ ဦးရှိန်လှမောင်ဟာ ကေသီရဲ့ငယ်စဉ်က အကြောင်းတွေ၊ ငယ်စဉ်က အပေါင်းအသင်းတွေကို သူက သိမထားဘူးတဲ့လား"

"ဘယ်သိမလဲ လေးလေး၊ တို့နဲ့ ကိုမောင်က ငယ်လင်ငယ်မယားမှ မဟုတ်တာ၊ ကိုမောင်နဲ့ တို့နဲ့ လက်ထပ်တာ သုံးနှစ်ပဲ ရှိသေးတာ"

"ဒါဆိုရင်တော့ ဖြစ်နိုင်ပါတယ် ကေသီ"

ကေသီသည် သူမ၏ကားလေးကို စက်နှိုးကာ ကတ္တရာလမ်းပေါ်သို့ ပြန်လည်ဦးတည် မောင်းနှင်လိုက်တော့သည်။

✤ ✧ ✤



# (၉)

အိမ်ကြီးက ထည်ဝါခမ်းနားလွန်းလှသဖြင့် ကိုယ့်အခြေအနေ၊ ကိုယ့်အဝတ်အစားများနှင့် ဝင်ရသည်ကိုပင် သိမ်ငယ်သွားသည်ဟု လေးလေး ထင်မိသည်။

ခြံဝတွင် အစောင့်ရှိသည်။ ရိုးရိုးအရပ်ဝတ်အရပ်စားနှင့် အစောင့်မျိုးမဟုတ်။ ကာကီဘောင်းဘီ၊ ကာကီရှပ်အင်္ကျီ၊ ဦးထုပ်၊ ရှူးဖိနပ် ဆင်မြန်းထားသော အစောင့်မျိုးဖြစ်သည်။

ခြံ၏ဝင်ပေါက် သံပန်းတံခါးကြီးကလည်း ထုထည်ကောင်းရုံမက ဆေးရောင်စုံဖြင့် သံပန်းသံခက်တွေဖော်ကာ လှပလျက်ရှိသည်။

ကေသီ၏ကားကိုမြင်သည်နှင့် ခြံစောင့်သည် သူ၏သစ်သားအိမ် ကင်းတဲလေးထဲမှ ထွက်လာပြီး ခြံတံခါးကိုဖွင့်သည်။ ကေသီအား ခါးကုန်း၍ အရိုအသေပေးသည်။

ကျယ်ဝန်းလှသော ခြံကြီးထဲတွင် လေးလေး မျှမ်းမြင်ရသည်ကပင် မာလီနှစ်ယောက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်များတွင် အုန်းဆံများ စနစ်တကျပတ်ကာ ဥများထိုးသည့်တိုင်ပေါင်း ကိုးဆယ်တစ်ရာခန့် စီတန်းစိုက်ထားသည်။ သဖင်ခြံနှင့် ကပ်လျက်သားနေရာ အဆောက်အအုံတစ်ခုတွင် သစ်ခွအမျိုးမျိုးတွေ စိုက်ထားသည်။

ခြံ၏လက်ဝဲဘက်တွင် ထုံးဖြူသုတ်ထားသော ပန်းအိုးကြီးနှင့် စီရီကာ နှင်းဆီတွေ စိုက်ထားသေးသည်။

အိမ်သို့မောင်းရသောလမ်းမှာ နီစွေးသောအရောင်ရှိသည့် ဂဝံကျောက်များကို လမ်းကြိတ်စက်ဖြင့်နင်းကာ ခင်းထားသောလမ်း ဖြစ်ပါ၏။ မိုးဘယ်လောက်ရွာရွာ ရေမတင်ပေ။ ရွံ့တစ်စက်မရှိပေ။

ဧည့်ခန်းကြီး ခမ်းနားပုံမှာ စာပင်မဖွဲ့ချင်တော့။ ရှီးကေ့စ်ထဲ ထည့်ထားသော အလှအပ တန်ဆာပလာ အများကြီးထဲမှ တစ်ခုတလေ၏ တန်ဖိုးသည်ပင် ထောင်ဂဏန်းတန်းတွေ ဖြစ်ပေမည်။

"လာ ... လေးလေး၊ ပထမဆုံး တို့အခန်းထဲကိုပဲ သွားကြစို့"

ဦးရှိန်လှမောင်နှင့် ကေသီတို့သည် လင်မယားဆိုပေမယ့် တစ်ယောက်တစ်ခန်းစီ ခွဲအိပ်ကြဟန်တူသည်။

ကေသီ၏အခန်းမှာလည်း သူဌေးကတော်၏အခန်း ပီပြင်လှပေသည်။ ခုတင်၊ ရေမြှုပ်မွေ့ရာ၊ ဗီရို၊ မှန်တင်ခုံ၊ စာကြည့်စားပွဲ၊ အပန်းဖြေ ဆက်တီကုလားထိုင်၊ ကြမ်းခင်းမွေးပွ ကော်ဇော စသည်တို့မှာလည်း အကောင်းစားတွေ၊ အဖိုးတန်တွေချည်းမှန်း လေးလေး တွေ့မြင်နေရသည်။



လေးလေး ပခုံးတွေ တွန့်လိုက်ပါ၏။

"မလွယ်ဘူးထင်တယ် ကေသီ၊ မရှက်မကြောက်ပြောရရင် ဒီအိမ်ကြီးမှာ နေမယ်ဆိုတောင် ဒီအိမ်နဲ့ လိုက်ဖက်တဲ့ အဝတ်အစားမျိုးတွေ လေးလေးမှာ မရှိဘူး"

"မပူနဲ့ လေးလေး၊ တို့မှာ အသစ်စက်စက် ချုပ်ထားပြီး မဝတ်ရသေးတဲ့ ဝတ်စုံတွေ တစ်ပုံကြီးရှိတယ်၊ တချို့တော့လည်း တစ်ခါနှစ်ခါသာ ဝတ်ရသေးတဲ့ ဝတ်စုံတွေလည်း ရှိတယ် ပုံလို့၊ တို့နဲ့ လေးလေး ကိုယ်လုံးချင်း ကွာလှတာမှ မဟုတ်တာ၊ တို့ကလည်း လေးလေးကို ပေးဝတ်မယ်လေ"

လေးလေးက ငြင်းပယ်ခြင်း မပြုပေ။ ဤအိမ်ကြီးတွင် နေလိုစိတ်လည်း ရှိလာသည်။

"အင်းပေါ့လေ၊ နေတာကိုက ကေသီနဲ့ တန်းတူလိုနေရတာ ဟုတ်ပါပြီ၊ လေးလေးက အလကားစား၊ အလကားနေ၊ အလကားဝတ်ဆင်ပြီး ဘာအလုပ်မှ လုပ်မပေးရဘူးဆိုတော့ ကိုယ့်လိပ်ပြာ ကိုယ်ရှက်တယ် ကေသီ"

"ဘယ်ဟုတ်လိမ့်မလဲ၊ လေးလေး လုပ်ပေးရမှာတွေ သိပ်ရှိနေတာပေါ့"

"ဆိုပါ ... ဘယ်လိုအလုပ်တွေ လုပ်ပေးရမလဲ"

"လေးလေးဟာ တို့ရဲ့ငယ်သူငယ်ချင်း၊ ကွဲကွာနေရာက အခုမှ ပြန်တွေ့ကြတယ်၊ ပြန်တွေ့ကြတဲ့အချိန်မှာ တို့ဟာ ခန္ဓာဝေဒနာဖြစ်ဖြစ်၊ စိတ်ဝေဒနာဖြစ်ဖြစ် သိပ်မကောင်းဘူး၊ အိုကွယ် ... တို့က ကျန်းမာရေးမကောင်းလှဘူး၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း လေးလေးက တို့ကို တအားကြီးခင်တဲ့သူ
တို့ကို ပြုစုပေးချင်တဲ့ စေတနာနဲ့ လာနေတယ်၊ အဲဒီလို
ကြောင့် လာနေတယ်ဆိုတာကို ကိုမောင် ကိုယ်တိုင် အဲဒီ
အတိုင်း သိထားရမယ်၊ အိမ်မှာရှိတဲ့ အလုပ်သမားတွေ
အားလုံးလည်း အဲဒီအတိုင်းပဲ ယုံကြည်စေရမယ်”

“အဲဒါ လေးလေးရဲ့အလုပ်လို့ ခေါ်ရမလား”

“ဘယ်ဟုတ်ဦးမလဲ၊ တို့သူငယ်ချင်း လေးလေးက တို့နဲ့
အတူ အိမ်သားတစ်ယောက် ဖြစ်နေရုံမကဘူး၊ ပွဲလယ်တင်
အောင် ရုပ်ရည်ရှိတယ်၊ ခေတ်ပညာတတ် တက္ကသိုလ်ဘွဲ့
ရလည်းဖြစ်တယ်၊ ဒီတော့ တစ်ခါတလေ ဒီအိမ်မှာညစာ
ပွဲတို့၊ ပါတီပွဲတို့ ပေးတဲ့အခါ တို့က ကျန်းမာရေးမကောင်း
လို့ တို့ကိုယ်စားပဲ လေးလေးက ညစာခံပွဲ၊ ပါတီပွဲကို
ဦးဆောင်ပေးတယ်၊ ဆိုကြစတမ်းဆိုရင် လေးလေးက တို့
ရဲ့ကိုယ်ပွား”

“ဖြစ်မလား ကေသီ၊ ဒီပုံစံကို ဦးရှိန်လှမောင်က လက်ခံ
မတဲ့လား”

“သိပ်လက်ခံပေါ့၊ တို့ကျန်းမာရေး မကောင်းကတည်းက
ကိုမောင်က တို့ကိုယ်ပွားတစ်ယောက် ဒီအိမ်ကြီးမှာရှိသင့်
တယ်လို့ ပြောတာ ခဏခဏပဲ၊ အဲ ... တို့ကိုယ်ပွားအဖြစ်
ကိုမောင် ရည်ရွယ်တာကတော့ ဗေဒင်မမေးနဲ့၊ ခင်ထားရီ
ပဲလေ”

“အဲဒီလိုလို သာဆိုးတာပေါ့၊ သူက ခင်ထားရီကို ထား
ချင်နေတာပဲဟာ”



“ဟင့်အင်း ... ကိုမောင်က တို့ကို ပြောဖူးထားပါတယ်၊
တို့ကိုယ်ပွားအဖြစ် ထားသူဟာ တို့စိတ်ကြိုက်ဖြစ်မှ ကောင်း
တယ်တဲ့၊ ခင်ထားရီဆိုတာကတော့ တို့ကိုယ်တိုင် စိတ်
ကြိုက်မတွေ့မှ ထားဖို့ရည်ရွယ်ထားပါသတဲ့၊ ကဲ ... ဘယ့်
နှယ်လဲ လေးလေး”

လေးလေး ဆုံးဖြတ်လိုက်သည်။

“ကောင်းပြီလေ၊ ဒါပေမဲ့ လေးလေးရဲ့အဆောင်ကိုတော့
ပြန်သွားရဦးမယ်၊ အဲဒီက လေးလေး ထွက်တဲ့အကြောင်း
ပြောရမယ်၊ လေးလေး အဝတ်အစားလေးတွေနဲ့ သေတ္တာ
သွားယူရဦးမယ်”

“သွားလေ၊ ဘယ်အချိန် ဒီကိုပြန်ရောက်မလဲ”

“ညနေခြောက်နာရီလောက် ပြန်ခဲ့မယ်”

“ဒါဆို တို့က လေးလေးနေဖို့ အခန်းတစ်ခန်း ပြင်ခိုင်း
ထားမယ်၊ တို့ဗီရိုထဲက လေးလေး ဒီအိမ်မှာဝတ်ဖို့ အဝတ်
အထည်တွေ ရွေးထားနှင့်မယ်၊ ခြံတံခါးစောင့်လည်း လေး
လေး လာရင် အစစ်အဆေးမရှိ တံခါးဖွင့်ပေးဖို့လည်း မှာ
ထားပေးမယ်၊ ကိုမောင့်ကိုရော အိမ်မှာရှိတဲ့ လူတွေအားလုံး
ကိုရော လေးလေးဟာ တို့ရဲ့ငယ်သူငယ်ချင်း၊ တို့ကိုယ်ပွား
အဖြစ် ဒီအိမ်မှာပဲ အတူခဏလာနေပေးဖို့ တို့က ဇွတ်ခေါ်
လိုက်ရတယ်လို့လည်း ပြောထားမယ်”

လေးလေး ခေါင်းညိတ်သည်။ နောက်တစ်ခု လေး
လေး သတိထားမိသည်မှာ သည်အိမ်မှာ နေပါမယ်ဟု ယတိပြတ်
ပြောမိက ကေသီသည် မလေးလေးဟုသာ ခေါ်သည်။ နေပါ

www.burmeseclassic.com

www.burmeseclassic.com



မယ်ဟု ပြောလိုက်ပြီးသည်နှင့် ကေသီက လေးလေးဟုအခေါ် အပြောင်း ခေါ်သည်။ ဒါမှလည်း ငယ်သူငယ်ချင်း ဆိုသည်မှာ ယုတ္တိရှိမည်မဟုတ်လား။

✤ ✧ ✤



# ( ၇ )

ပဲခူးရဲစခန်းမှ ရဲအုပ်ကိုဩသည် ကိုညွန့်ဦး သေနတ်ပစ်ခံရပြီး သေဆုံးသွားမှုတွင် သိပ်ပြီး ဘဝင်မကျလှ။

ညွန့်ဦး၏နောက်ကြောင်းတွေကို ရနိုင်သမျှ လိုက်လံစုံစမ်းသည်။

ညွန့်ဦး ထောင်လေးနှစ် ကျခဲ့သည်တော့ အမှန်ပင်။ အမှုမှာ ခိုးမှု၊ အလွဲသုံးစားမှု။

ညွန့်ဦးသည် ရန်ကုန် လသာလမ်းတွင် ကိုယ်ပိုင်ဘိုက်ကြီးဟိန်းနေသော တရုတ်ကုန်သည်ကြီး ဦးလျှောင် ထံတွင် ဘရင်းကိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးလျှောင်က လုပ်ငန်းအမျိုးမျိုးလုပ်သည်။ ဘီစကွတ်စက်ရုံတွေရှိသည်။ ကောင်းနှဲဆိုသော တွင်ခုံကြီးတွေ ထောင်ထားသည်။ သံဖြူပုံးစက်ရုံရှိသည်။ ဟိုင်းလက်မော်တော်ကားအသစ် ငါးစီးဝယ်ကာ ရန်ကုန်-ပြည်၊ ရန်ကုန်-မုတ္တမလိုင်းတွေတွင် ပြေးဆွဲသည်။ ဦးလျှောင်၏ လုပ်ငန်းအရင်းအနှီးပင်လျှင် သိန်းနှစ်ရာကျော်ခန့်ရှိသည်။ ထို့ကြောင့် ဦးလျှောင်၏ နေ့စဉ်လုပ်ငန်းအသီးသီးမှ ဝင်ငွေသည် သောင်းဟန်းရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုညွန့်ဦးက ဦးလျောင် လုပ်ငန်းစုံမှ နေ့စဉ်ဝင်ငွေ ထွက်ငွေစာရင်း၊ လချုပ်စာရင်း၊ နှစ်ချုပ်စာရင်းတွေကို ကိုင်တွယ် ဆောင်ရွက်ပေးရလေသည်။

ဦးလျောင်သည် စာရင်းကို ကိုညွန့်ဦးအား သိပ်ယုံကြည်သည်။ မိမိလက်ထဲတွင် ရှစ်နှစ်ခန့်လုပ်လာသော ကိုညွန့်ဦးအား ဦးလျောင်က ချစ်လည်းချစ်သည်။ ဦးလျောင်တွင် သားယောက်ျား မထွန်းကား၊ သမီးနှစ်ယောက်သာ ထွန်းကားသည်။

မည်မျှထိ ဦးလျောင် ရည်ရွယ်သည်ဆိုမူ ကိုညွန့်ဦးအား နှစ်သက်ရာ တစ်ယောက်နှင့် နေရာချထားပေးရန်အထိ ဦးလျောင် ရည်ရွယ်ခဲ့သည်။ သို့သော် ညွန့်ဦးက လူမျိုးကွဲကိုလက်မထပ်လိုသဖြင့် အချိန်ဆွဲရှောင်ဖယ်သည့် သဘောအထိပင်ရှိခဲ့သည်။

ညွန့်ဦးနှင့် တွဲလုပ်မှ ရှစ်နှစ်အတွင်း ဦးလျောင် အရမ်းစီးပွားတက်ခဲ့သည်ဟုဆိုသည်။

တစ်နေ့တွင် ညွန့်ဦးက ဦးလျောင်အား အကြံပေး၏။ လုပ်ငန်းအများအပြားတွင် သံဖြူစက်ရုံလုပ်ငန်းသည် ထင်သလောက် အကျိုးအမြတ်မရှိ။ သံဖြူစက်ရုံလုပ်ငန်းကို ဖြုတ်ပြီး နောက်ထပ် သင်္ဘောချ ဟိုင်းလက်ကားနှစ်စီး ထပ်ဝယ်သင့်သည်။

ဦးလျောင် စိတ်ထဲတွင် စိတ်ကူးရှိနေသည်နှင့် ညွန့်ဦး အကြံပေးလိုက်သည်မှာ ထပ်တူထပ်မျှ ဖြစ်သွားသည်။ ဦးလျောင် သိပ်သဘောကျသည်။ သံဖြူစက်ရုံကို ဖြုတ်သည့်တိုင်အောင် ဝယ်သူစိတ်ကြိုက်တွေ့မှ ဖြုတ်မည်။ ယခု ဘဏ်မှငွေလေးသိန်း ထုတ်ပြီး ဟိုင်းလက်ကားနှစ်စီးဝယ်ရန် စရန်ပေးပါဟု ဦးလျောင် လိုက်လျောလိုက်၏။



ဘဏ်မှ ငွေလေးသိန်း ညွန့်ဦး ထုတ်ရန် ချက်လက်မှတ်ရေးပေးလိုက်သည်။

ညွန့်ဦး ဘဏ်မှ ငွေသွင်းငွေထုတ် လုပ်နေသည်မှာ အဆန်းမဟုတ်။ လုပ်ငန်းများမှ နေ့စဉ်ဝင်သောငွေတွေ တစ်သိန်းခ နှစ်သိန်းစ အိမ်တွင် စုမိလာပြီဆိုလျှင် ညွန့်ဦးပင် ဘဏ်သွားအပ်သည်။

လကုန်ရက် အလုပ်သမားပေါင်းစုံကို လစာငွေပေးရန်ဆိုလည်း ညွန့်ဦးပင် ဘဏ်မှငွေထုတ်သည်။ ဘယ်တော့မျှ ငါးပြားစေ့တစ်စေ့ မှားယွင်းသွားသည်ဆိုသည်မျိုး ညွန့်ဦးရာဇဝင်တွင်မရှိခဲ့။

သို့သော် ...

ထိုနေ့က ငွေလေးသိန်း ထုတ်လာသော ညွန့်ဦးတွင် အဖြစ်ဆန်း ဖြစ်ရသည်။ ဘဏ်မှ ငွေလေးသိန်းထုတ်ပြီး အပြန် လူနှစ်ယောက်က ညွန့်ဦးခေါင်းကိုရိုက်ကာ လက်ထဲမှ ငွေလေးသိန်းအိတ် လုပြေးသွားသည်။ ညွန့်ဦးမှာ နေရာမှာပင် သတိမေ့ လဲကျကျန်ခဲ့သည်။ ယုတ္တိမရှိ။

ညွန့်ဦးကို မည်မျှချစ်ပါသည်၊ ယုံကြည်ခဲ့ပါသည် ဆိုသော်လည်း ငွေလေးသိန်းကိစ္စ ဖြစ်လာတော့ ရဲတွင်အမှုဖွင့်သည်။ ရဲကလည်း စစ်ဆေးသည်။

ညွန့်ဦးက သူ ဘာမျှမသိဘူးကွယ်သည်။ သို့သော် တရားသွား အမှုလာအရ ဘာမှ ညွန့်ဦးဘက်မှ ခိုင်လုံမှုမရှိသော ကြောင့် ငွေလေးသိန်းကိစ္စအတွက် ညွန့်ဦး ထောင်လေးနှစ်ကျခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေလေးသိန်းကား အစအန ပြန်မပေါ်တော့။

ရဲအုပ်ဦးဩက ကွင်းဆက်ရှာသည်။ အမှုသွားအမှုလာအရ ညွန့်ဦးသည် သူ၏ပါတနာတစ်ဦးဦးနှင့် ပေါင်းကာ ငွေလေးသိန်း ကြံစည်လိုက်သည် ဆိုခြင်းကို ဦးဩ လက်ခံယုံကြည်သည်။

ဒါဆိုလျှင် ညွန့်ဦး၏ပါတနာဆိုသူက မည်သူဖြစ်နိုင်မည်နည်း။

ညွန့်ဦး ထောင်မှထွက်ပြီးနောက် အခြေအနေမည်သို့ရှိလေသနည်း။

ဦးလျော်ကပင် ပြောလိုက်သေးသည်။ ညွန့်ဦးဟာ နဂိုစိတ် သိပ်ကောင်းပါတယ်။ သူ့မှာ တခြားမကောင်းတဲ့ အပေါင်းအသင်း ရှိသွားလို့ ဒီလိုဖြစ်သွားတာ နေမှာပါ၊ ညွန့်ဦး ထောင်မှလွတ်ခါနီး တစ်လလောက် အလိုတွင် ဦးလျော်က ထောင်ထဲမှ ညွန့်ဦးကို သွားတွေ့ခဲ့သေးသည်။ အကယ်၍ ငွေလေးသိန်းအနက်မှ ထက်ဝက် ငွေနှစ်သိန်းကိုပဲ ထောင်မှလွတ်လျှင် ညွန့်ဦးက ပြန်ပေးပါ၊ ညွန့်ဦးကို သူ၏လုပ်ငန်းများတွင် ငွေစာရင်းဘက် မဟုတ်သော လက်ထောက်မန်နေဂျာ နေရာမျိုးတွင် ပြန်ခန့်ပါမည်ဟု ပြောခဲ့သေးကြောင်း ဦးလျော်က ရဲအုပ်ဦးဩကို ပြောခဲ့သည်။

ကွင်းကလေးများကို ဦးဩ ဆက်ကြည့်သည်။

ညွန့်ဦး ထောင်မကျမီက ကိစ္စတွေကို ထည့်တွက်ရန်မလို၊ ညွန့်ဦး ထောင်ကထွက်လာပြီးနောက် မည်သူနှင့်ဆက်သွယ်သည်၊ မည်သို့ လှုပ်ရှားသည်ကို ဦးဩ စုံစမ်းသည်။



ဘာမှ ရေရေရာရာ မရ။

သည်တော့ ဦးဩက ညွန့်ဦး ရောက်ရှိနှင့်နေပြီး သေနတ်ပစ်ခံ သေဆုံးသွားရသည့် ပဲခူး ဟင်္သာကုန်းမှ အေးရိပ်ငြိမ်မှစ၍ ပြန်ကောက်သည်။

အေးရိပ်ငြိမ်ကို ညွန့်ဦးက သော့ဖျက် ဖောက်ထွင်းဝင်သည်မဟုတ်။ ခတ်ထားသောသော့ကို သော့ဖွင့်၍ လွယ်လွယ်ကူကူ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ညွန့်ဦး၏အလောင်းကိုအကျီအိတ်ထဲမှ ရရှိသော သော့တွဲထဲတွင် အေးရိပ်ငြိမ်ဗိုလ်တဲကို ဖွင့်နိုင်သော သော့တွေအားလုံး ပါရှိနေသည်။ ပြီး ... ညွန့်ဦး၏ အလောင်းတွင် ဝတ်စားဆင်ယင်ထားသော အဝတ်အစားတွေမှာ သွေးလူးသွားသည်မှအပ ခြောက်သွေ့သော အဝတ်များဖြစ်နေသည်။ ကေသီ ရောက်လာသည့်နေ့ကမှ မိုးထဲလေထဲတွင် ညွန့်ဦး အေးရိပ်ငြိမ်သို့ ရောက်လာခြင်း မဟုတ်မှန်း သေချာသည်။ ရှေ့ပိုင်းရက်များကပင် ညွန့်ဦးသည် အေးရိပ်ငြိမ်၌ ဝင်ရောက်ခိုလှုံနေသည်ပဲ ဖြစ်ရမည်။ အေးရိပ်ငြိမ်၏ မီးဖိုနှင့် ထမင်းစားခန်းတွင် ဖောက်ပြီးသား ငါးသေတ္တာဘူးခွံ၊ အမဲဘူးခွံနှင့် ပျော့ဘွယ် မုန့်ကြွပ်၊ ပေါင်မုန့် တစ်ဝက်တစ်ပျက် စသည်တို့ကို တွေ့ရခြင်းအားဖြင့် ညွန့်ဦး ဤအိမ်ထဲတွင် ကေသီ မရောက်မီ ရေးမဆွကပင် ဝင်ရောက်ခိုလှုံနေကြောင်းကို အထောက်အကူပြုနေသည်။

"အာကာရဲ ... ပါကရဲ"

ရဲအုပ်ကြီး ဦးဩက မျက်နှာဖုံးကိစ္စအတွက် နှုတ်မှ သူ့ဟာသူ တီးတိုးရေရွတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤခေတ်ထဲဝယ် မျက်နှာဖုံးစွပ်လုသူ၊ လူသတ် ဆိုသည်များမှာ ရုပ်ရှင်ထဲ၊ စာတ်ထဲ၊ ဝတ္ထုတွေထဲမှာပင် သိပ်မရှိတော့။ ညွန့်ဦးလို ပညာတတ်တစ်ယောက်သည် ရှုးချာချာမျက်နှာဖုံးတစ်ခု ချပေးထားသည်ပဲ ဖြစ်မည်။

ကဲ ... ဒါဆိုရင် တစ်ဦးဦး ဆိုသူကို ခြေရာကောက်ကြစို့။

အေးရိပ်ငြိမ်ကို အပန်းဖြေဗိုလ်တဲအဖြစ် ပိုင်ဆိုင်သူမှာ ရန်ကုန်၊ ကမ္ဘာအေးဘုရားလမ်းမှ သူဌေးဦးရှိန်လှမောင်နှင့် ဇနီး ဒေါ်သီ ပိုင်ဆိုင်၏။

သူတို့လင်မယား ပိုင်ဆိုင်သော ဗိုလ်တဲအိမ်တွင် ညွန့်ဦးက သေဆုံးခဲ့သည်။ မသေဆုံးမီက ခိုအောင်းခဲ့သည်။ အေးရိပ်ငြိမ်၏ ဗိုလ်တဲသော့တွေကို ညွန့်ဦး ဘယ်လိုရသနည်း။

တစ်ဆက်တည်းမှာပင် ဝါရင့်ရဲအုပ် ဦးသြသည် ရဲမျက်စိ၊ ရဲနား၊ ရဲဦးနှောက်တို့ဖြင့် အေးရိပ်ငြိမ်ပိုင်ရှင် ဦးရှိန်လှမောင် ဆိုသူ၏အကြောင်းတွေ စုံစမ်းသည်။

စုံစမ်းပြီဟု ဆိုသည်နှင့် ဦးရှိန်လှမောင်သည် သိပ်မဟန်။ ယခု အရမ်းကြီး ချမ်းသာနေသည်မှာ ဥပဒေမလွတ်ကင်းသော ဒုစရိုက်လုပ်ငန်းတို့ဖြင့် တစ်ရှိန်ထိုး ချမ်းသာကြွယ်ဝလာသည်ဟူသော လေသံမျိုး ကြားလာရသည်။ သို့တစေ ယနေ့အချိန်အထိ ဦးလှမောင်အား ဥပဒေခွင်ထဲသို့ရောက်အောင် မည်သည့်သက်ဆိုင်ရာကမှ စွပ်စွဲနိုင်ခြင်း မရှိသေး။ ဥပဒေမကင်း တန်ဖိုးရှိပစ္စည်းအချို့ ဖမ်းမိခဲ့ရာတွင် ဦးရှိန်လှမောင်၏ပစ္စည်းဟု သိုးသိုးသန့်သန့် ကြားရစေကာမူ မည်သည့်ဥပဒေဝင် အချက်အလက်



များကမှ ဦးရှိန်လှမောင်ထံသို့ မညွှန်းနိုင်ဘဲ ရှိနေသည်ဟု ဦးသြကြားရသည်။

ဦးသြက ဦးရှိန်လှမောင်၏ ဟိုးပဝဏာသိကိစ္စများထိစုံစမ်းသည်။ အိမ်ထောင်နှစ်ဆက် ရှိခဲ့သည်။ ပထမနှင့် ဒုတိယမိန်းမတို့မှာ သေဆုံးသွားသည်။ လွန်ခဲ့သော သုံးနှစ်ကမှ ယခုဒေါ်ကေသီအား လက်ထပ်ခဲ့သည်။

ဒေါ်ကေသီနှင့် လက်မထပ်မီ လွန်ခဲ့သော လေးငါးနှစ်က ဦးရှိန်လှမောင်သည် အသင့်အတင့် ငွေကြေးရှိစေကာမူ ခုလောက် ကျိုကျိုတက် မဟုတ်သေး။

မလိုလဲလိုလဲ ဦးသြက ဖြစ်နိုးရာရာ ဇာတ်လမ်းတစ်ပုဒ် ချကြည့်သည်။

လွန်ခဲ့သော လေးငါးနှစ်က ဦးရှိန်လှမောင်သည် လုပ်ငန်းကိုင်ငန်းတွေ လုပ်ကိုင်ရင်းဖြင့် လုပ်ငန်းကြီးရှင် ဦးလျှောင်၏ စာရင်းကိုင် ကိုညွန့်ဦးနှင့် ဆက်သွယ်မိကာ အပေါင်းအသင်းဖြစ်သွားမည်။ ညွန့်ဦး ဘဏ်မှ ငွေများများထုတ်သည့်အခါတွင် ရှိန်လှမောင်နှင့် ပူးပေါင်းကာ ငွေတွေအပျောက်ရိုက်မည်။ အမှု[illegible]သဘောအရ ညွန့်ဦးအား သေဒဏ်၊ ကျွန်းဒဏ် မပေးနိုင်။ လွတ်[illegible] လွတ်နိုင်သေးသည်။ မလွတ်လျှင် ထောင်ကျရုံသာ။ ညွန့်ဦး[illegible]ထောင်မှထွက်လာလျှင် အချိုးကျငွေတွေ ရှယ်ယာပြန်ပေးမည်။[illegible] ညွန့်ဦးက သဘောတူသည်။ ဘဏ်မှ ငွေလေးသိန်းထုတ်[illegible]နေ့တွင် ရှိန်လှမောင်နှင့် ညွန့်ဦးတို့ အကြံအဖန်လုပ်သည်။[illegible]သိန်း ရှိန်လှမောင်ထံ ပါသွားသည်။ ညွန့်ဦး ထောင်လေး[illegible]သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်အတွင်း နဂိုကတည်းက ရှိနေသော ငွေရင်းနှင့် ညွန့်ဦး ထောင်ကျခံ အကြံအဖန်လုပ်သော ငွေလေးသိန်း စုပေါင်းကာ ရှိန်လှမောင် သူ၏လုပ်ငန်းများ လုပ်သည်။ ယနေ့ ကျိုကျိုတက် ချမ်းသာလာသည်။

ညွန့်ဦး ထောင်မှ ထွက်လာသည်။

ညွန့်ဦး နောင်တရချင်ရမည်။ ဦးလျှောင်အား ငွေနှစ်သိန်း ပြန်ပေးပြီး ဦးလျှောင်ထံမှာပင် လက်ထောက်မန်နေဂျာ ပြန်လုပ်မည်။

ဤသို့မဟုတ်ပါလည်း ဦးလျှောင် မလုပ်ဘဲ သူရသင့်သော ငွေစုကို ရယူပြီး တခြားလုပ်ငန်းတစ်ခုခု ညွန့်ဦး လုပ်ချင်လုပ်မည်။

မည်သို့ဆိုစေ ထောင်မှထွက်လာသော ညွန့်ဦး အတွက် ငွေလိုနေသည်။ ဦးရှိန်လှမောင်နှင့် ဆက်သွယ်သည်။ ဦးရှိန်လှမောင်က ညွန့်ဦးအား အေးရိပ်ငြိမ် သော့တူများပေးကာ အေးရိပ်ငြိမ်တွင် ခေတ္တပုန်းအောင်းနေထိုင်စေမည်။ ပြီး ညွန့်ဦး အား သတ်ပစ်လိုက်မည်။

ဖြစ်နိုင်သော စိတ်ကူးဇာတ်လမ်း ဖြစ်ပါ၏။ သို့သော် ဦးသြတွင် ကွင်းဆက်မမိသော အချက်တွေ ရှိနေသည်။

ညွန့်ဦးအား ဦးရှိန်လှမောင် ကိုယ်တိုင် သတ်မည် မဟုတ်။ ညွန့်ဦး သေနတ်ပစ်ခံရသော နေ့ရက်၊ နာရီအချိန်တွင် ရှိန်လှမောင်သည် ခင်ထားရီနှင့်အတူ ရန်ကုန် မျက်နှာကြီးညှိခံ ပွဲတစ်ခုတွင် ရောက်နေကြောင်း အခိုင်အမာ အလီဘိုင်ရှိနေသည်။



ဒါဖြင့် ဒေါ်ကေသီအား ဥပါယ်တံမျဉ်ဖြင့် စေလွှတ် သတ်ခိုင်းခြင်းလား။

ဒါကို ဦးသြ၏ဦးနှောက်ကိုက လက်မခံ။ ဦးရှိန် လှမောင်သည် ဇနီး ဒေါ်ကေသီအား အင်မတန် ချစ်မြတ်နိုး ကြောင်း သားသတင်းအရ သိနေသည်။ ပြီးထိုနေ့က ကေသီသည် ရှိန်လှမောင်က ခင်ထားရီနှင့် တွဲသည်ကို မကျေနပ်သောကြောင့် မခံချင်စိတ်နှင့် ထွက်လာခဲ့ကြောင်းလည်း ဦးသြ အတွင်းကျကျ စုံစမ်းသိရှိထားသည်။

ထို့ထက်မှာမူ ...

ညွန့်ဦးကို အသေသတ်ဖို့အတွက် ရှိန်လှမောင်လို သူတွင် လက်စလက်န သေသပ်သော တပည့်တွေ အများကြီးရှိ နိုင်သည်။ ရွေး၍လွှတ်နိုင်သည်။ သူချစ်သောဇနီး ဒေါ်ကေသီကို တော့ ဤကိစ္စမျိုး မခိုင်းတန်ရာ။ ခိုင်းသည့်ပဲ ဆိုဦးတော့ ဒေါ်ကေသီလို မိန်းမသားလေးက လုပ်မည်တဲ့လား။ လုပ်ရန်သတ္တိ ကို ရှိနိုင်ပါ့မလား။

ဤအချက်တွင် ဦးသြ ဦးနှောက်ခြောက်နေသည်။ ညွန့်ဦး သေဆုံးရခြင်းမှာ ရှိန်လှမောင်၏ လက်ချက်ဖြစ်နိုင်သော် လည်း ဒေါ်ကေသီက ရှိန်လှမောင် ခိုင်းစေမှုဖြင့် သေနတ်နှင့်ပစ် ခြင်း လုံးဝမဖြစ်နိုင်ဟုလည်း တစ်ဖက်က တွေးပြန်သည်။

ရဲအုပ် ဦးသြက ဤနေရာမှာပင် ထစ်နေသည်။ နေသည်။ ရှေ့ဆက် ကွင်းဘယ်လိုဆက်ရမည်မှန်း အစ နေသည်။

"ခနေပါလိမ့်စေတော့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပင် ဦးသြက မေ့ပျောက်ထားလိုက်သည်။

မေ့ပျောက်သင့်သည်လည်း ဖြစ်ပါ၏။

ညွန့်ဦး သေဆုံးမှုကို တရားရုံးကပင် မတော်တဆ ဖြစ်ခြင်း၊ ဒေါ်ကေသီက မိမိကိုယ်ကို ကာကွယ်ခြင်း၊ အကြောက်လွန်ကာ ပစ်ခတ်ခြင်း၊ ညွန့်ဦးက ထောင်ထွက်ဖြစ်နေခြင်း စသည် စသည်များဖြင့် အမှုကို ပိတ်လိုက်ပြီ မဟုတ်ပါလား။

✣ ✧ ✣



# ၉ • ၅

လေးဘီးအငှားကားဖြင့် လေးလေး ပြန်ရောက်လာသောအခါ အစစ်အမေးမရှိဘဲ ကာကီဝတ်စုံဖြင့် တံခါးစောင့်က သံပန်းတံခါးကို ဖွင့်ပေး၏။

ထိုမျှမကသေး။

အိမ်ကြီး၏ဆင်ဝင်ပေါ်တီကို တံခါးဝတွင် အသက် (၃၀)ခန့် အမျိုးသမီးတစ်ဦးက လေးလေးကို ဆီးကြိုပြီး လေးလေး ဆွဲလာသော သားရေသေတ္တာဟောင်းကို လက်ကမ်းယူသည်။

"မမက ညနေခြောက်နာရီထိုးရင် သူ့သူငယ်ချင်း မလေးလေး လာမယ်၊ စောင့်ကြိုပြီး မလေးလေး နေမယ့်အခန်းကို ပို့ပေးရမယ်လို့ မှာထားလို့ပါ"

"ကေသီကော"

"အဲ ... စောစောကတော့ သူ့အခန်းအိပ်ရာထဲမှ လှဲနေတယ်၊ လာ ... မလေးလေး အတွက် အပေါ်ထပ်က အိပ်ခန်းတစ်ခု အသင့်ပြင်ထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းမှတစ်ဆင့် လှပတောက်ပြောင်သော မိုးပျံလှေကားမှ အမျိုးသမီးက ဦးဆောင်ပြီး တက်လာခဲ့သည်။ ဤအိမ်ကြီး၏လခစား အိမ်ဖော်တစ်ဦးဖြစ်မှန်း လေးလေး ခန့်မှန်းမိသည်။

အပေါ်ထပ် ရောက်သောအခါ စင်္ကြံလမ်းအတိုင်း ဆက်လျှောက်ခဲ့ပြီး အခန်းတစ်ခုရှေ့ အရောက်တွင် ပိတ်ထားသော တံခါးကို ဖွင့်လိုက်သည်။

အိပ်ခန်းမှာ ကျယ်ပြောသည်။ အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်း၊ အိမ်သာ တွဲထားသည်။

တစ်ယောက်အိပ် ခုတင်ပေါ်တွင် ရေမြှုပ်မွေ့ရာ၊ ဖြူဖွေးသန့်စင်သော အိပ်ရာခင်း၊ လှပသော ခေါင်းအုံးစွပ်များ စွပ်ထားသည့် ခေါင်းအုံးနှစ်လုံး၊ နိုင်ငံခြားလုပ် အနီနှင့်အနက်ကွက် ဂွမ်းစောင်၊ မုဒ်ံစောင်ချော စသည်တို့ဖြင့် အသင့်အိပ်ရာပြင်ထားပြီးဖြစ်သည်။ ဤအိမ်မျိုး၌ အိပ်ခန်းတွင် ခြင်ထောင်မလို။ ဤအိမ်ထဲသို့ ပြင်ပမှ ခြင်တစ်ကောင်တလေပင် ဝင်နိုင်ရန်မလွယ်။ အပူအအေး လိုသလို ရနိုင်သော အဲယားကွန်ဒီးရှင်းစက်လည်း တပ်ဆင်ထားသေးသည်။

မှန်တင်ခုံ၊ စာရေးစားပွဲ၊ အဝတ်ဗီရို စသည့် အိပ်ခန်းတွင်း ရှိသင့်သော ပရိဘောဂတွေလည်း အသင့်ရှိနေသည်။ မစ်ဆူဘီရှိ စတိုရီယိုအလတ်စားအရွယ် ကက်ဆက်တစ်လုံးပင် အိပ်ရာဘေး ခုံပုလေးပေါ်တွင် တင်ထားပေးသေး၏။

ကွာပါ။ လေးလေး ဘော်ဒါဆောင်တွင် နေခဲ့ရသည်နှင့်တော့ ကွာပါ။



စာရေးစားပွဲပေါ်တွင် တယ်လီဖုန်း အနီလေးတင်ပေးထားသေးသည်။ စားပွဲတင်နာရီလေးကလည်း ဓာတ်ခဲသုံး ကွပ်ဇ်နာရီလေးဖြစ်၏။

"ကျွန်မနာမည် ထွေးကြည်ပါ မလေးလေး၊ အပေါ်ထပ်က အလိုရှိတာ မှာချင်ရင်ရင် တယ်လီဖုန်းခလုတ်ဖြူဖြူလေး နှိပ်ပြီး ဖုန်းနဲ့မှာလို့ ရပါတယ်၊ အပြင်ကိုပြောဖို့ ဆိုရင်တော့ ဒီအတိုင်း ဂဏန်းကွက်လှည့် ပြောရုံပါ၊ ကျွန်မတို့ ထမင်းစားခန်းနဲ့ မီးဖိုခန်းမှာ သွယ်ထားတဲ့ဖုန်း ရှိပါတယ်၊ ဒီအခန်းက ဟိုရှာနှ်းကတော့ မမကေသီ နေတာပါ"

"အခု ကေသီက အောက်ထပ်မှာနေတယ်နော် မထွေးကြည်"

"မမကေသီ ပဲခူး ဟံသာကုန်းအေးရိပ်ငြိမ်မှာ ဖြစ်ပျက်လာပြီးတဲ့နောက် စိတ်တွေ သိပ်ချောက်ချားနေတယ်လေ၊ ဒါကြောင့် အပေါ်ထပ်မှာ မနေရဲဘူးဆိုပြီး အောက်ထပ်ခန်းကို ပြောင်းသွားတာ"

"ဦးရှိန်လှမောင်ရဲ့ အခန်းကကော"

"ဟိုတုန်းကတော့ ဒီအခန်းနဲ့ မျက်နှာချင်းဆိုင်အခန်းမှာ အစ်ကိုသူ့ဌေးနေတာ၊ မမကေသီ အောက်ထပ်ပြောင်းတော့ အစ်ကိုသူ့ဌေးလည်း အောက်ထပ်တစ်ခန်းမှာပဲ ပြောင်းသွားတာပေါ့"

တော်သေးရဲ့ဟု လေးလေး တွက်ရသည်။ အကယ်၍သာ ဦးရှိန်လှမောင်၏ အိပ်ခန်းသည် အပေါ်ထပ်မှာပဲ ရှိနေသည်ဆိုလျှင် လေးလေးက အောက်ထပ်တစ်ခန်းခန်း ပေးပါဟု တောင်းဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးသည် အိပ်ခန်းပြတင်းပေါက် ရှိရာသို့ လျှောက်လာခဲ့၏။ မှန်ပြတင်းပေါက်တွင် အစိမ်းနုရောင် ခါခန်းဆီးလေး တပ်ထားသည်။ ခါခန်းဆီးကိုဖယ်ပြီး အောက်ထပ်ခြံဝင်းသို့ လေးလေး ကြည့်လိုက်သည်၊ အောက်ထပ် တည့်တည့်တွင် တမင်တကာ စိုက်ထားသော မြက်ခင်းပြင်လေးမှာ စိမ်းစိုပြီး မြင်ရချက် ရင်အေးစေပါ၏။

"သေတ္တာထဲက အဝတ်အစားတွေ ကျွန်မ ဗီရိုထဲထည့်ပေးခဲ့ရမလား မလေးလေး"

"အို ... နေပါလိမ့်စေ မထွေးကြည်၊ ကျွန်မဘာသာ အေးအေးဆေးဆေး ထည့်မယ်"

ပျာပျာသလဲပင် လေးလေးက တားမြစ်ရင်း အိပ်ခန်းအလယ်သို့ ပြန်လျှောက်လာခဲ့သည်။ အထူးသဖြင့် ဤအိမ်ကြီးတွင်နေဖို့ ကေသီ၏သူငယ်ချင်းဆိုပြီး သေတ္တာထဲမှ အဝတ်အစားတွေ နုံချာသည်ကို မထွေးကြည် မမြင်စေလို၍ဖြစ်သည်။ နောက်တစ်ချက်မှာ လေးလေး သေတ္တာထဲတွင် သေချာသိမ်းထားခဲ့သော သတင်းစာဖြတ်ပိုင်းတချို့၊ ဓာတ်ပုံတချို့နှင့် အတွင်းရေးစာရွက်စာတမ်းတွေ ရှိနေသည်။

"ဒါဆို ကျွန်မကို မလေးလေး ဘာခိုင်းစရာ ရှိပါသေးလဲ"

"ဘာမှမရှိပါဘူး မထွေးကြည်"

"ကျွန်မ အောက်ထပ်ကို ဆင်းတော့မယ်၊ မမကေသီနိုးနေရင် ကျွန်မကိုခိုင်းဖို့ လိုက်ရှာနေမလားပဲ"

"ကောင်းပါပြီ"



မထွေးကြည်သည် ကြောင်တစ်ကောင်လို ခြေသံမကြားစေရဘဲ ညင်ညင်သာသာ ထွက်ခွာသွားပေတော့သည်။

မထွေးကြည် ထွက်သွားမှ လေးလေးသည် သေတ္တာကိုဖွင့်သည်။ မျက်နှာသုတ်ပဝါကို ထုတ်ယူပြီး ငြီးစီစီ ဖြစ်နေသော ခန္ဓာကိုယ်ကို ရေလောင်းသန့်စင်ရန် ရေချိုးခန်းဘက်ဝင်ခဲ့သည်။

အကောင်းစားနှင့် အဖိုးတန်ဟူသမျှ လည်း ရေချိုးခန်းထဲတွင် စုံစေ့စွာရှိနေသည် ကိုးလ်ဂိတ်သွားတိုက်ဆေးဘူး၊ ဆပ်ပြာမွှေး၊ ရှန်ပိုပုလင်း စသည်တို့ စီစီရီရီ ရှိနေသည်။

လေးလေးက ရေလှောင်အုတ်ကန် သို့မဟုတ် ရေဆည့်စည်ပိုင်းနှင့် ရေဖလားတို့ ရှာကြည့်သည်။ လုံးဝမရှိ။ တစ်ကိုယ်လုံး စိမ်ချိုးနိုင်သော ကြွေသားစစ်စစ် ဘောစင်သာလျှင်ရှိသည်။

လေးလေး ချိုးလိုသည်က ထုံးစံအတိုင်း ရေကန်၊ ရေသည်ပိုင်းတို့မှ ဖလားနှင့် အားရပါးရ ခပ်ချိုးရသည်ကိုသာဖြစ်သည်။

မတတ်နိုင်ပြီ။ ရောမပြည်ရောက်လေမှတော့ ရောမသားတို့ ကျင့်ကြံသလို ကျင့်ကြံရတော့မည်။

မလုံမလဲစိတ်ဖြင့် ရေကန်ကြီးထဲဆင်းကာ ရေစိမ်ချိုးရတော့သည်။

ရေစိမ်ချိုးရင်း လေးလေးသည် ယခုပုံစံဖြင့် ဤအိမ်ကြီးသို့ လာရောက်နေထိုင်သည်မှာ မှားလေပြီလား။ မှန်မှန်ရဲ့ ... ပြန်လည်ဆန်းစစ် တွေးတောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေသီနှင့် ငယ်သူငယ်ချင်း မဟုတ်ပါဘဲလျက် ငယ်သူငယ်ချင်းဟု ကင်ပွန်းတပ်ကာ လာရောက်နေထိုင်ခြင်းကို ဦးရှိန်လှမောင် သိသွားသောအခါ မိမိအပေါ် ဦးရှိန်လှမောင် ဘယ်လိုမြင်မည်နည်း။

ကေသီက သူမတွင် တကယ်ယုံကြည်ကိုးစားရမည့် တိုင်ပင်ဖော် တိုင်ပင်ဖက် အဖော်လို၍ မိမိကို လာနေစေသည်ဟု ဆိုခဲ့သည်။ ဤအဖြစ်မှာ ထူးဆန်းသယောင်ရှိသည်။ ဤအိမ်ကြီးတွင် ကေသီသည် အရှင်သခင်ဖြစ်သည်။ ဦးရှိန်လှမောင်ကလွဲပြီး အခြား ဤအိမ်တွင် နေထိုင်သော မည်သူမဆိုသည် ကေသီ၏ ဩဇာအောက်မှာသာ ရှိရမည်။ သို့ပါလျက် ယခုမှ နဖူးတွေ့ဒူးတွေ့တွေ့ရသော မိမိအား အားကိုးအားထားပြုရန် သူမ၏အိမ်တွင် လာနေစေခြင်းမှာ မည်သို့သောအကြောင်းအချက်တွေ ရှိနေသောကြောင့်နည်း။

"ရှပ်ပါ"

"ဟယ် ... မတတ်နိုင်ဘူး၊ လာနေမိမှတော့ မီးစင်ကြည့်က,မည်"

ဟုသာ လေးလေးက အတွေးကို လက်စသတ်သည်။ ရေချိုးခြင်းကိုလည်း လက်စသတ်ကာ ရေချိုးခန်းမှထွက်လိုက်၏။

မှန်တင်ခုံရှေ့တွင် ရပ်လိုက်စဉ်မှာပင် အိပ်ခန်းတံခါးဖွင့်ကာ ကေသီ ဝင်လာသောအသံကို ကြားရသည်။

"လေးလေးရေ ... ဒီမှာကြည့်စမ်း၊ လေးလေးဖို့ တို့ရွေးပြီး ယူလာတယ်လေ"



ကေသီ၏နောက်တွင် မထွေးကြည် ပါလာသည်။ မထွေးကြည်သည် အဝတ်အစားတွေ တစ်ပွေ့တစ်ပိုက်ကြီး လက်နှစ်ဖက်ဖြင့် ပွေ့ပိုက်လာသည်။ ကေသီ၏လက်ထဲတွင်လည်း ပလတ်စတစ် လက်ဆွဲခြင်းလေးဖြင့် မိတ်ကပ်၊ လက်သည်းဆိုးဆေး၊ နှုတ်ခမ်းနီ၊ အိုင်းလိုင်နာ စသည့်အလှပြင်ဘူးလေးတွေ၊ ဗူးလင်းလေးတွေ ခြင်းထက်ဝက်နီးပါး ယူဆောင်လာသည်။

မထွေးကြည်က အဝတ်အစားတွေ အားလုံးကို အစ်ယောက်အိပ် ခုတင်ပေါ်သို့ တင်လိုက်သည်။ ကေသီကလက်ဆွဲခြင်းကို မှန်တင်ခုံပေါ် တင်လိုက်သည်။

"မမ ... ကျွန်မ ဘာလုပ်ပေးရဦးမလဲ"

"သွားတော့"

ကေသီက မထွေးကြည်ကို ပြန်ထွက်သွားစေသည်။ ပြီးမှ လေးလေးဘက်သို့ လှည့်လိုက်သည်။

"ဝတ်ကြည့်ပါဦး လေးလေး၊ တို့စိတ်ထဲ ကောင်းမယ်ထင်တာတွေ ရွေးယူလာတာ၊ အသစ်တွေလည်း ပါတယ်၊ တို့တစ်ခါ နှစ်ခါ ဝတ်ပြီးသားတွေလည်း ပါတယ်"

လေးလေး ပခုံးတွန့်ပြပြန်သည်။

"မှန်တာပြောရရင် သူများအဝတ်အစားကို လေးလေး ဝတ်ချင်တာ အမှန်ပဲ ကေသီ"

"ဒို့ဟာ နှုနေတာမှ မဟုတ်တာဘဲ၊ အဝတ်တွေ သိပ်သန့်တယ်"

"ဒါဒီလိုမှ မဟုတ်တာ၊ အငှားကြွားဝတ်ရတာ စိတ်မလုံဘူးဖြစ်တာ ကေသီ၊ ဒီအဝတ်တွေဟာ ကေသီ့အဝတ်

www.burmeseclassic.com

www.burmeseclassic.com



တွေမှန်း အနည်းဆုံး ကေသီယောက်ျား ဦးရှိန်လှမောင်က တော့ သိနေမှာပဲ၊ ဒါပေမဲ့ ဘယ့်နှယ်လုပ်မလဲ”

“မပူနဲ့ လေးလေး၊ ကိုမောင်က ကေသီ့ အဝတ်အစားတွေ ဘယ်တုန်းက ဘာတွေချုပ်ထားမှန်းတောင် သိတာမဟုတ်ဘူး၊ သူ့အလုပ်နဲ့သူ ရှုပ်ခြေလည်နေတာ၊ နောက်ပြီး ယောက်ျားတွေဆိုတာ ကိုမောင် တစ်ယောက်သာ မဟုတ်ဘူး၊ ဘယ်ယောက်ျားမဆို မိန်းကလေးတစ်ယောက်ရဲ့အလှ ဖြစ်တဲ့ မျက်နှာတို့၊ ရင်တို့၊ တင်တို့ကိုသာ အလှအဖြစ် ကြည့်တတ်တာ၊ အဝတ်အစားကြောင့် ပိုလှသွားတာကို သူတို့ပေါင်းစပ်ပြီး မကြည့်တတ်ပါဘူး”

ကေသီ၏စကားသည် ဟုတ်သလိုလို ရှိလိမ့်မည်ဟု လေးလေး စိတ်ထဲက သဘောတူလိုက်သည်။

“နောက်ပြီး လေးလေးကို ခရီးရောက်မဆိုက် ပြောစရာ တစ်ခုရှိလာပြီ၊ လေးလေး နေ့လယ်က ပြန်သွားတော့ ကိုမောင် တစ်ခေါက် အိမ်ပြန်လာတယ်၊ ပြန်လာတဲ့ အကြောင်းကတော့ ကနေ့ည ခုနစ်နာရီခွဲမှာ ဒီအိမ်မှာ ပါတီပွဲ အသေးစားလေး လုပ်မလားလို့တဲ့၊ သူ့မိတ်ဆွေ အချို့ ဖိတ်ထားပြီးပြီတဲ့၊ ခင်ထားရီလည်း လာမယ်၊ ကိုဝဏ္ဏ လည်း ပါတီပွဲမှာ ပါမယ်တဲ့၊ အိမ်မှာ အားလုံးစားဖို့သောက် ဖို့ စီစဉ်ထားဖို့ ကြိုတင်လာပြောတာ၊ တို့ကလည်းအဆော ပဲ၊ ညနေကျရင် တို့သူငယ်ချင်း လေးလေး ဒီအိမ်ရောက် လာမယ်၊ တို့နဲ့အတူတူ ခဏနေဦးမယ် လေးလေး မန္တလေးက ရန်ကုန်ကိုလာပြီး အလုပ်ရှာတာ၊ ဗိုလ်ချုပ်ဈေး



မှာ တို့နဲ့အမှတ်တမဲ့တွေ့ပြီး တို့က အိမ်ကိုအတင်းခေါ် လာတာ၊ အလုပ်မရမီစပ်ကြား တို့နဲ့ အဖော်လည်းရအောင် အတူနေဖို့ ခေါ်ထားတယ်လို့ ပြောလိုက်တယ်”

လေးလေးက ဘာမျှပြန်မပြော။ ရေချိုးစဉ် ထုံးထားသော ဆံပင်ကို ဖြေချကာ ဘီးတစ်ချောင်းဖြင့် ဖြီးနေလိုက်သည်။

“ကိုဝဏ္ဏကို ညကျရင် လေးလေး သတိထားကြည့်ပေါ့”

“ကိုဝဏ္ဏဆိုတာက ဘာလဲ၊ လေးလေးက ဘာလို့ သူ့ကို သတိထားကြည့်ရမှာလဲ ကေသီ”

ကေသီက ပြုံးလိုက်သည်။ အပြုံးမှာ အဓိပ္ပာယ်တစ်ခုခုကို ဆောင်နေပုံ ရလေသည်။

“ကိုဝဏ္ဏဆိုတာက ကိုမောင့်ရဲ့ လက်ထောက်လေ၊ ကိုမောင်ရဲ့ရတနာဆိုင်နဲ့ ပွဲရုံကြီးတွေကို မန်နေဂျာအဖြစ်နဲ့ အုပ်ချုပ်တယ်၊ ကိုမောင်က ကိုဝဏ္ဏကို လခတစ်သောင်းပေးထားတယ်၊ ကိုဝဏ္ဏမှာ အိမ်ထောင်မရှိသေးဘူး၊ စီးပွားရေး တက္ကသိုလ် ဘီကွမ်းဘွဲ့ရထားပြီးသားတဲ့၊ ခင်ထားရီက တော့ ကိုဝဏ္ဏကို လိုက်လျှောချင်သလိုလို အမူအရာတွေ ရှိတယ်၊ ဒါပေမဲ့ ကိုဝဏ္ဏ ကြည့်ရတာ ခင်ထားရီကို စိတ်ဝင်စားပုံ မရဘူး”

“ဒါဆို ကိုဝဏ္ဏ ဆိုတဲ့လူဟာ သိက္ခာရှင်ကြီးလားမှ မသိတာ၊ ဒါမှမဟုတ်လည်း သင်းထားတဲ့ နွားများလား”

“အို ... မဟုတ်က ဟုတ်က”

“ပြောတတ်ဘူးလေ၊ ခုချိန်ထိလည်း အိမ်ထောင်မရှိသေးဘူး၊ ခင်ထားရီကိုလည်း စိတ်မဝင်စားဘူး ဆိုလို့ပါ”

www.burmeseclassic.com

www.burmeseclassic.com



"သူ စိတ်ကြိုက် မတွေ့သေးလို့ နေမှာပေါ့၊ လေးလေးရဲ့ အလှ၊ လေးလေးရဲ့အရည်အသွေးတို့ကို ဒီညပါတီပွဲမှာ မြင်သွားရင် ကိုဝဏ္ဏက လေးလေးကို စိတ်ဝင်စားမှာ သေချာတယ်၊ နန်းကြီးသုပ်ဆိုင်ထဲတုန်းက လေးလေးပဲ ပြောခဲ့တယ် မဟုတ်လား၊ ထိုက်ထိုက်တန်တန် ဆိုရင် နက်ဖြန် သန်ဘက်တောင် အိမ်ထောင်ကျလိုက်ချင်ရဲ့ဆို"

နှစ်ဦးသား ရယ်မောကြသည်။

ရယ်မောရင်းပင် လေးလေးက တစ်ခု စဉ်းစားလိုက်သည်။ ကေသီမှာ ကိုဝဏ္ဏဆိုသူနှင့် မိမိဖြစ်မြောက်စေလိုသည်မှာ သွေးရိုးသားရိုး စေတနာနှင့်ပဲလား သို့မဟုတ် မိုးမပြိုဘူး၊ ပြိုခဲ့သည်ရှိသော် ဆိုသလို ဤအိမ်ကြီးတွင် ကာလအပိုင်းအခြားကန့်သတ်မှုမရှိဘဲ နေသွားမည့် မိမိကို သူမ၏ ကိုမောင်က မြားဦးလှည့်မည်ကို ကြိုတင်ကာကွယ်သည့် သဘောသလားဟု စဉ်းစားမိလိုက်သေးသည်။

"ကဲ ... လေးလေး ကြိုက်သလို အလှပြင်ထားနော်၊ ခုနစ်နာရီဆယ့်ငါးလောက်ဆို အောက်ဆင်းခဲ့ပေတော့၊ တို့ကို မတွေ့လည်း ဧည့်ခန်းမှာပဲ ထိုင်နေနော်"

လေးလေး ခေါင်းညိတ်ပြလိုက်သည်။ ကေသီက ဘာမပြော ညာမပြော လေးလေးကို အတင်းဖက်ကာ လေးလေး၏ပါးပြင်ကို သူမ၏နှုတ်ဖြင့် ဖိမွှေးလိုက်သည်။

"တကယ် ... လေးလေးက သိပ်လှတယ်၊ သိပ်ချစ်ဖို့ကောင်းတယ်၊ ကိုဇဏ္ဏကြီး ကံကောင်းမှာပါ"



ထို့နောက် ကေသီသည် ချာခနဲလှည့်ကာ ထွက်သွားသည်။

လေးလေးသည် တွေးတွေးငေးငေးလေးပင် ကျန်ခဲ့သည်။ တကယ်တော့ ကေသီသည် သနားစရာကောင်းလှသည့် မိန်းကလေးတစ်ဦး ဖြစ်နေလေပြီလားဟုလည်း လေးလေး တွေးလိုက်မိသေးသည်။

✤ ✧ ✤

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်နာရီဆယ့်ငါးမိနစ်တွင် လေးလေး အလှပြင် ပြီးသွားသည်။

နဂိုရှိလို့ နဂိုင်းထွက်သည်ပဲ ပြောပြော။

လူမှာအဝတ် တောင်းမှာအကွပ်ပဲ ပြောပြော။

လေးလေး သိပ်လှနေသည်ကတော့ အမှန်။ ကေသီ လာပေးသွားသော ပလတ်စတစ်ခြင်းထဲမှ အလှပြင်ပစ္စည်းများက လည်း ဂျပန်၊ ပြင်သစ်၊ အင်္ဂလန်၊ အမေရိကန်လုပ် ပစ္စည်းတွေ ချည်းဖြစ်သည်။ လှနေသူကို အလှဆုံး ဖြစ်သွားစေသော ပစ္စည်း များဖြစ်သည်။

ကေသီ ပေးခဲ့သည့် ထဘီ အင်္ကျီများကလည်း အကောင်းစားမှ ရေရေလည်လည် အကောင်းစားတွေချည်း သည်တော့လည်း ပါးချိုင့်လေးနှင့် လေးလေး အလှဆုံးဖြစ်နေ သည်မှာ ထူးပေဆန်းပေသည် မဟုတ်ပါလေတော့။

အဝါရောင်ကို ကြိုက်တတ်သော လေးလေးသည် အဝါဝတ်စုံကို ဆင်မြန်းထားသည်။ အဝါရောင်သည် ခြယ်သထား သော လေးလေး၏ မျက်နှာလေးနှင့် မဆိုထားနှင့် ဘာမျှမလိမ်းကျံ ထားသော လေးလေး၏ ပင်ကိုဆင်စွယ်ရောင်ခြေသလုံးသားလေး နှင့်ပင် လိုက်ဖက်နေသည်။



အလှပြင်ခြင်းကို လက်စသတ်အဖြစ် ကေသီ ပေးခဲ့ သော ရေမွှေးဆွတ်ဖျန်းနေချိန်မှာပင် ရေမွှေးဆွတ်ရာတွင် မများ လွန်း မနည်းလွန်းအောင် အာရုံထား ဆွတ်နေစဉ်မှာပင် ...

တစ်ဦးတစ်ယောက်သည် နောက်မှနေ၍ လေးလေး ကို ပွေ့ဖက်လိုက်သည်။

ပြီး ... လေးလေး၏ လည်ကုပ်သား ဝင်းဝင်းဝါဝါ လေးကို နမ်းလိုက်သည်ကို လေးလေး ဖြုန်းခနဲ ထိတွေ့ခံစား လိုက်ရသည်။

"အို ... ဘာလဲ ဘယ့်နှယ်လဲ"

ရုန်းထွက်ပြီး နောက်သို့ လေးလေး ချာခနဲလှည့် လိုက်သည်။

"ဩော် ... ကေသီမှ မဟုတ်ဘဲကိုး"

"သေချာကြည့်ဖို့ ကောင်းတာပေါ့"

"ပြောတတ်ဘူးလေ ... အမှတ်တမဲ့ပဲ၊ ကျုပ် အိမ်ပြန်ရောက် တော့ ကေသီကို မတွေ့ဘူး၊ ထွေးကြည်ကို မေးကြည့် တယ်၊ ကေသီ အပေါ်ထပ်မှာလို့ ပြောတယ်၊ ကျုပ်ဇနီး ကေသီကို တွေ့ချင်ဇောနဲ့ တက်လာတယ်၊ ကေသီရဲ့အခန်း ပေါက်း တံခါးပွင့်နေတယ်၊ ကေသီ သုံးနေတဲ့ ရေမွှေးနံ့ ရတယ်၊ ကေသီနဲ့ ကိုယ်လုံးကိုယ်ထည် တူတယ်၊ ဒီတော့ လည်း ကျုပ်လုပ်နေကျအတိုင်း ကျုပ်ဇနီးကေသီ ထင်မှတ် ပြီး လုပ်လိုက်မိတာပဲ"

"ဒါဆို ရှင်ဟာ ဦးရှိန်လှမောင်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက မလေးလေး ထင်တယ်၊ ကျုပ်ကို နေ့ခင်းတုန်းက ကေသီက ပြောတော့ ပြောထားသားပဲ၊ အဲဒါကို ကျုပ်ခေါင်းထဲ အာရုံစွဲမထားလို့ ဒီအခန်းထဲရောက်နေတဲ့ မင်းကို ကေသီ ထင်မှတ်လိုက်မိတာပဲ၊ ကိစ္စမရှိဘူးလေ၊ ကေသီ ထင်မှတ်ပြီး ခုနက ကျုပ် ပြုမူလိုက်မိတဲ့အတွက် ကျုပ် ဝမ်းမနည်းတာ အမှန်၊ ဒါပေမဲ့ မလေးလေး မကျေနပ်ဘူးဆိုရင်တော့ ကျုပ်မှာ တောင်းပန်ရမယ့် ဝတ္တရားရှိသပေါ့လေ"

ခပ်စီးစီးပြောသော ဦးရှိန်လှမောင်၏ လေသံကိုရော စကားလုံးကိုရော လေးလေး မနှစ်သက်။ သို့သော် ဦးရှိန်လှမောင် ပြောသည်မှာ တမင်တကာ ပြုမူခြင်းမဟုတ်။ လူမှားသွားခြင်းသာ ဆိုသည်ကလည်း ဖြစ်နိုင်သည်။ မထွေးကြည် ဆင်းသွားစဉ်က ကေသီက ကျန်ခဲ့သည်။ အောက်ထပ်တွင် ထွေးကြည်နှင့် ကေသီ ထပ်မဆုံသေးလျှင် ထွေးကြည်က ကေသီ အပေါ်မှာ ရှိသည်ဟု ပြောချိမ့်မည်။

ဤအိပ်ခန်းကလည်း ကေသီနေခဲ့သော အိပ်ခန်း ရေမွှေးကလည်း ကေသီသုံးသော ရေမွှေးအမျိုးအစား။ အဲ အဝါဝတ်စုံကလည်း ကေသီ၏ဝတ်စုံ။ သို့သော် ဦးရှိန်လှမောင် ပြောသော စကားထဲတွင် ကေသီ၏ဝတ်စုံမို့ ကေသီဟု ထင် သည်ဆိုသည့် စကားမပါ။ ဝတ်စုံကလည်း တစ်ခါမျှ ကေသီဝတ် ဟန်မတူသေးသော အသစ်စက်စက်။

လေးလေးက ဦးရှိန်လှမောင်အား ဘယ်လိုမှအပြစ် မတင်တော့။ တမင်တကာပြုမူခြင်း မဟုတ်သည့်နေရာတွင် မိန်း



သားပေမယ့် ခွင့်လွှတ်ရသည်မျိုးတွေ ရှိတတ်သည်။ ဥပမာ ဘတ်စ်ကားစီးရာတွင် သူစိမ်းယောက်ျားနှင့် ပူးကပ်ထိတွေ့ရသည် မျိုးရှိသည်။ နေ့ဆိုင်မကောင်း၍ ဆရာဝန်က ရင်မြွှာစုံကို နားကြပ် ထောက်ရုံမက တင်သားဖော်ကာ ဆေးထိုးသည်များလည်း ရှိသည်။

"ကေသီက မှာထားတယ်၊ ခုနစ်နာရီဆယ့်ငါးမိနစ်မှာ အောက်ထပ် ညှော်ခန်းက စောင့်ပါတဲ့၊ ကျွန်မ အောက် ဆင်းတော့မလို့"

"အင်းလေ ... အဲဒါ ဟုတ်သားပဲ၊ ကျုပ်လည်း ဆင်းရမှာ ပဲ၊ ကဲ ... သွားကြစို့"

ဦးရှိန်လှမောင်နှင့် ယှဉ်တွဲပြီး အောက်ထပ်ဆင်း လှေကားဆီသို့ လျှောက်လာခဲ့သည်။

"မင်းဟာ ကျုပ်တွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ အလှဆုံးပဲ၊ အခုလတ်တလော ကျုပ်တွေ့ဖူးခဲ့တဲ့ မိန်းမလှတွေကို မျက်စိထဲ ပြန်ပြီးမြင်ယောင်လို့ မရလို့လည်း ဖြစ်ချင် ဖြစ်မယ်"

"ကေသီ့ကိုတော့ မြင်ထိုက်ပါတယ်၊ ကေသီဟာလည်း အင်မတန်ချောတဲ့ အမျိုးသမီးပဲဟာ၊ ကေသီရဲ့သိပ်လှတဲ့ အလှကိုပဲ ဦးရှိန်လှမောင် မက်မောပြီး လက်ထပ်ခဲ့တာ မဟုတ်လား"

"သိပ်မှန်တဲ့စကားပဲ မလေးလေး၊ ကေသီ့ကို ကျုပ်မျက်စိထဲက ဘယ်တော့မှ မထွက်စေရပါဘူး၊ အခုလက်ရှိအခြေအနေမှာ မင်းက ကေသီ့ထက် ပိုလှတယ်လို့ ကျုပ်ပြောနေတာပါ၊ ဒါပေါ့လေ ... မင်းက အပျိုလည်းအပျို၊

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာမှုကလည်း အပြည့်အဝရှိတော့ အိမ်ထောင်သည် လည်းဖြစ်ပြန်၊ ကျန်းမာရေးလည်းမကောင်း၊ စိတ်ဝေဒနာ လည်း ဖြစ်ပြန်၊ ကျန်းမာရေးလည်း မကောင်း၊ စိတ်ဝေဒ နာလည်း ဖြစ်နေရှာတဲ့ ကေသီထက် မင်း ပိုပြီးလှနေတာ တော့ မဆန်းပါဘူး”

“ကေသီ့မှာ စိတ်ဝေဒနာရှိတယ် ဆိုတာက ဦးရှိန်လှမောင် တို့ တကယ်ပဲ ရောဂါရှာဖွေစမ်းသပ်ပြီးမှ ပြောနေတာလား စိတ်ထင်နဲ့ ပြောနေတာလား”

“အာရုံကြောဆိုင်ရာ ဆေးရုံမှာပဲဖြစ်ဖြစ်၊ စိတ်ကျန်းမာရေး ဆေးရုံမှာပဲဖြစ်ဖြစ် သွားပြီး ကေသီ့ကို စမ်းသပ်ချင်ပါ တယ်၊ ဒါပေမဲ့ အဲဒီလို စမ်းသပ်တာနဲ့ ကျုပ်တို့ပတ်ဝန်း ကျင်၊ ကျုပ်တို့အသိုင်းအဝိုင်းက တစ်ဆိတ်ကို တစ်အိတ် လုပ် ပြောကြမှာပေါ့၊ ကေသီ ရူးနေတယ်လို့ သွားပုပ်လေ လွင့် ပြောကြမှာပေါ့၊ ဒါကြောင့် အဲဒီမှာတော့ မစမ်းသပ် ခဲ့ဘူး၊ ဒါပေမဲ့ ကျုပ်တို့ရဲ့ဒေါက်တာခင်မောင်ညိုက အင်မ တန်တော်တဲ့လူပါ၊ အေးရိပ်ငြိမ်မှာ ကေသီ ဖြစ်ခဲ့တာတွေ ကို မင်း သိသလား”

“ကေသီ ပြောသလောက် သိထားပါတယ်”

“ဒါပဲပေါ့၊ ကေသီဟာ လူတစ်ယောက်ကို ပစ်ခတ်ခဲ့မိလို့ သိပ်ချောက်ချားခဲ့တယ်၊ ဒီကြားထဲ မိုးရေထဲမှာ သတိလစ် လဲကျနေတာကြောင့် အဲဒီနေ့မှာပဲ နမိုးနီးယားဖြစ်ခဲ့တာ နမိုးနီးယားကြောင့်ရော၊ စိတ်သိပ်ချောက်ချားတဲ့ အ ကြောင့်ရော ကေသီရဲ့အာရုံကြော အစိတ်အပိုင်းတစ်ခု



ပျက်စီးစရာရှိတယ်လို့ ဒေါက်တာခင်မောင်ညိုက ပြောတာ ပဲ၊ ဒီ့အပြင် ကေသီဟာ သူပစ်သတ်ခဲ့မိတဲ့လူကိုလည်းပဲ ပြန်ပြီးသနားစိတ်တွေ ဝင်နေတယ်၊ သူသာ အဲဒီနေ့က ဘာအကြောင်းမှ မခိုင်လုံဘဲ အေးရိပ်ငြိမ်ကို မရောက်ခဲ့ရင် ဒီလူလည်း သေစရာမရှိဘူးဆိုတဲ့ ယူကျုံးမရစိတ်တွေ ဝင် နေတယ်၊ သွားပြီပေါ့၊ နမိုးနီးယားကြောင့်ရော၊ ချောက်ချား တဲ့စိတ်ရော၊ ယူကျုံးမရတဲ့စိတ်ရော ပေါင်းပြီး ကေသီ့ကို နှိပ်စက်ကြတယ်၊ ကေသီ စိတ်မမှန်ဖြစ်တော့တာပဲပေါ့၊ ဒါကြောင့်လည်း ဒီတစ်ခါတော့ သူ့အလိုကို ကျုပ်လိုက် လျောလိုက်တယ်”

“ဘာကို လိုက်လျောတာလဲ ဦးရှိန်လှမောင်”

“ဒီအိမ်မှာ ကျုပ်ခွင့်ပြုချက် မရှိဘဲ ဘယ်သူ သူစိမ်းတစ် ယောက်ကိုမှ လက်မခံရဘူး၊ အိမ်မှာ သူ့နေရာနဲ့သူ ခန့် ထားတဲ့ လူတွေအားလုံးဟာ ကျုပ်ကိုယ်တိုင်ရွေးတယ်၊ သူတို့နောက်ကြောင်းကို သေချာစစ်ပြီးမှ ခန့်တာ၊ အခု မင်းကျတော့ ကေသီရဲ့ငယ်သူငယ်ချင်း၊ ကေသီကိုယ်တိုင် က သိပ်လိုလားနေတာကို ကျုပ်က ခေါင်းညိတ်လိုက်လျော လိုက်တဲ့ သဘောပဲ”

လေးလေးသည် လှေကားဆင်းရင်းမှ ချာခနဲ နောက် ပြန်လှည့်သည်။ အတက်လှေကားကို ပြန်တက်သည်။

“ဒါ ဘာလုပ်တာလဲ မလေးလေး”

ဦးရှိန်လှမောင်က လေးလေးလက်ကို ဆွဲထားပြီး သှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးက ဆတ်ခနဲပင် သူမ၏လက်ကို ဆောင့်ရုန်းသည်။ လွတ်သွားပါ၏။

"ကျွန်မ ပြန်မယ်၊ ကျွန်မဟာ ဦးရှိန်လှမောင်ရဲ့အိမ်မှာ လခစားလည်း မဟုတ်ဘူး၊ ထမင်းငတ်လို့ လာနေတာလည်း မဟုတ်ဘူး၊ ကေသီကို ကူညီချင်တဲ့ စေတနာနဲ့လာနေပေးတာ၊ ဒီအပြောမျိုးပြောလို့ ကျွန်မကတောင်းပန်ပြီး ဆက်နေမယ်များ ထင်သလား၊ ဒါမှမဟုတ် စကားနားမလည်သလို မသိကျိုးကျွန်လုပ်ပြီး ဆက်နေမယ်များကော ထင်သလား၊ ဝေးသေး ဦးရှိန်လှမောင်"

ဦးရှိန်လှမောင် ပြုံးလိုက်သည်။ မျက်နှာဝတွင် ကျေနပ်သော အသွင်လည်း ဆောင်သွားသည်။

"ကြိုက်ပြီ ဒီသွေးမျိုး၊ ဒီသတ္တိမျိုးကို ကျုပ် သဘောကျတယ်၊ ကေသီမှာ ဒီသွေး ဒီသတ္တိမျိုးတွေ ရှိစေချင်တယ်၊ မင်းနဲ့ဆက်ပြီး အတူတူနေသွားရင် ကေသီမှာ ဒီသွေး ဒီသတ္တိမျိုးတွေ ရှိစေချင်တယ်၊ မင်းနဲ့ဆက်ပြီး အတူတူနေသွားရင် ကေသီမှာ ဒီသွေး ဒီသတ္တိမျိုးတွေ မွေးလာနိုင်ဖို့ အလားအလာရှိတယ်၊ ကျုပ်စကား ကျုပ်ရုပ်သိမ်းတယ်၊ ကျုပ် မင်းကို တောင်းပန်ပါတယ်၊ နေခြဲဆက်နေပါ၊ ကျုပ်ရဲ့ပယောဂကြောင့် မင်း ပြန်သွားရင် ကေသီမှာ မကျေမနပ်ရောဂါတစ်ခု ထပ်တိုးရှာဦးမယ်၊ ကေသီကို စေတနာနဲ့ ကူညီရိုးမှန်ရင် မပြန်ပါနဲ့၊ ဆက်ပြီးနေပါ"

ပြောပြောဆိုဆိုပင် ရှိန်လှမောင် လှေကားမှ ဆင်းသွားသည်။



တွေတွေဝေဝေဖြင့် လေးလေးသည် အပေါ်မတက်၊ အောက်မဆင်း ရပ်နေသေးသည်။ ထို့နောက် အဘက်ဘက်မှ စဉ်းစားကာ ဆက်နေရန် ဆုံးဖြတ်ပြီး အောက်သို့ဆက်၍ ဆင်းလာခဲ့သည်။

✤ ✧ ✤

www.burmeseclassic.com

www.burmeseclassic.com



သူတို့အချင်းချင်းကတော့ ရင်နှီးပြီးသူတွေချည်းဖြစ်ကြသည်။

ဤဝိုင်းထဲတွင် စိမ်းနေသူမှာ လေးလေးသာလျှင်ဖြစ်ပါသည်။

စိမ်းနေသည် ဆိုစေကာမူ ခင်ထားရီမှအပ ကျန်လူများသည် လေးလေးကို ဖော်ရွေကြသည်။ လေးလေး၏အလုကို ဂုဏ်ပြုချီးကျူးကြသည်။

ကိုဝဏ္ဏ ဆိုလျှင် ရောက်လာကတည်းက လှစ်ခနဲဆိုသူ၏မျက်လုံးသည် လေးလေးအပေါ်၌သာ ဝဲခနဲ ရောက်သွားသည်။

ခင်ထားရီကဆိုလျှင် ရယ်သွမ်းလေးသွေးကာ ကိုဝဏ္ဏအား ခနိုးခနဲ့ ပြောလိုက်သေးသည်။

"ကိုဝဏ္ဏရဲ့မျက်လုံးက လင်းယုန်ငှက်ရဲ့ မျက်လုံးမျိုးပဲ"

"ဟာ ... ဘာလို့လဲ မခင်ထားရီ"

"ဩော် ... ဟိုကောင်းကင် အမြင့်ကြီးမှာ ပျံနေပေမယ့် လယ်ကွင်းရိုးပြတ်တွေ ကြားထဲက အစာဖြစ်တဲ့ မြွေကြွက်အပေါ်သာ စိုက်ကြည့်မြင်တတ်လို့ပါ"



အားလုံးက ဝိုင်းရယ်သည်။ ကိုဝဏ္ဏခမျာ ရှက်ကိုးရှက်ကန်း ဖြစ်သွားရသည်။

ပါတီပွဲဟုသာ ကင်ပွန်းတပ်သော်လည်း ပီပီပြင်ပြင်ပါတီပွဲကြီး မဟုတ်ပါပေ။

အသက်(၅၀)ခန့် ဦးအေးကို၊ အသက်(၄၀)ကျော်ခန့် ဦးစိန်မင်းနှင့် ဦးကြိုင်လင်း ဆိုသူ သုံးဦး။

၎င်းတို့သုံးဦးစလုံးသည် ရှိန်လှမောင်လို တကယ်လုပ်နေသော မြင်ကွင်းလုပ်ငန်းနှင့်အတူ ဥပဒေမလွတ်လုပ်ငန်းများ လုပ်ကိုင်နေသူများပင်ဖြစ်သည်။ ပင်လယ်သွား စက်လှေတွေရှိသူကရှိသည်။ ပုဂ္ဂလိက ရောဝတီမြစ်သွား နှစ်ထပ်သင်္ဘောပိုင်ဆိုင်သူက ပိုင်ဆိုင်သည်။ ထရပ်ကားကြီးတွေကို ချုပ်ကိုင်ထားကြသူများဖြစ်သည်။

အခြားလူနှစ်ဦးက ရှိန်လှမောင်၏ လက်ထောက်ကိုဝဏ္ဏနှင့် ခင်ထားရီ ဖြစ်ကြသည်။

ကေသီကပင် ကိုဝဏ္ဏမှအစ ဦးအေးကို၊ ဦးစိန်မင်း၊ ဦးကြိုင်လင်းနှင့် ခင်ထားရီတို့ကို မိတ်ဆက်ပေးသည်။

လေးလေးသည် မန္တလေးသူ မန်းတက္ကသိုလ်မှဘွဲ့ရ[illegible]ဖြစ်သည့် မိမိ၏သူငယ်ချင်းဟူ၍ပင်တည်း။

ကောင်းပေ့ဆိုသော စားသောက်ဖွယ်များနှင့်အတူ [illegible]ကား၊ ဘလက်လေဘယ်လ်၊ ဗက် ၆၉ စသည့်အဖျော်[illegible]များ ပါဝင်သည်။ သံဘူးဘီယာလည်း ကြိုက်သလို ယူ[illegible]နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



စားရင်းသောက်ရင်း ဖွေရာလေးပါး ပြောကြဆိုကြရင်းပင် ပါတီပွဲလေးတွင် စကားဝိုင်းအုပ်စု သုံးစုကွဲသွားသည်။

ပထမတစ်စုမှာ ဦးရှိန်လှမောင်ကို အလယ်မှာထားပြီး လက်ဝဲဘက်တွင် ကေသီ၊ လက်ယာဘက်တွင် ခင်ထားရီ သုံးဦး ဖြစ်ပါ၏။

ဒုတိယပိုင်းမှာ လုပ်ငန်းတူ အရွယ်တူတွေ ဖြစ်ကြသော ဦးအေးကို၊ ဦးစိန်မင်းနှင့် ဦးကြိုင်လင်းတို့ ဖြစ်ကြသည်။

တတိယဝိုင်းမှာ ကိုဝဏ္ဏနှင့် လေးလေးတို့ပါတည်း။

ကေသီ ကြိုတင်တွက်ဆထားသည့် တိုင်းပင် ခင်ထားရီကိုပင် စိတ်မဝင်စားပါဆိုသော ကိုဝဏ္ဏသည် လေးလေးနှင့် မိတ်ဆက်ပေးပြီးသည့်နောက် ကြိုက်မရှက်ဟုပင် ဆိုရလေမလားမသိ။ စကားမရှိ စကားရှာကာ လေးလေးအား စကားတွေပြောရင်း ရင်းနှီးမှုရလာရန် ကြိုးစားနေသည်။

ကေသီက ကိုဝဏ္ဏထံသို့ လှမ်းပြောလိုက်သည်။

"ဒီမယ် ကိုဝဏ္ဏ၊ လေးလေးက ဒီအိမ်သားလို ဖြစ်နေပေမယ့် ဒီအိမ်ကိုရောက်တာ နာရီပိုင်းပဲ ရှိသေးတယ်၊ ကိုဝဏ္ဏကတော့ ဒီအိမ်မှာ အပ်ကျတာကအစ သိနေတယ်လေ အခုလို ညဘက်မှာဆိုရင် ပန်းရုံထဲက သစ်ခွတွေ ပွင့်နေတာဟာ မီးရောင်နဲ့ သိပ်လှတာ၊ လေးလေးကို လိုက်ပြပေးလိုက်ပါလား ကိုဝဏ္ဏ"

"အဆင်သင့်ပါဗျာ၊ မလေးလေးက လိုက်ကြည့်မယ်ဆိုရင် ပေါ့လေ"



"လေးလေး ... လိုက်ကြည့်ပါလား သူငယ်ချင်း၊ တို့ကိုယ်တိုင် လိုက်မပြနိုင်တာ ခွင့်လွှတ်ပါကွာ၊ ကိုမောင်က တကယ့်မျိုးကောင်းသစ်ခွတွေ ရှာကြံပြီး စိုက်ထားတာ သိပ်ကိုလှတယ်"

လေးလေးက ငြင်းရန်ကြံသေးသည်။ သို့သော်ချက်ချင်းငြင်းရန် စိတ်ကူးကိုဖျက်ကာ ...

"ကောင်းသားပဲ၊ လေးလေးက ပန်းတွေကို စိတ်ဝင်စားတတ်ပါတယ်"

ကိုဝဏ္ဏနှင့် လေးလေးတို့ထကာ သစ်ခွများစိုက်ထားရာ သစ်ခွရုံဘက်သို့ ဦးတည်ထွက်သွားကြသည်။

ခင်ထားရီက ကိုဝဏ္ဏနှင့် လေးလေးတို့ ထွက်သွားသည်ကိုကြည့်ပြီး ဦးရှိန်လှမောင်အား တိတ်တိတ်လေး လက်တို့ကာ မဲ့ပြလိုက်သည်။

ဦးရှိန်လှမောင်က ခင်ထားရီ လက်တို့ပြရာ ကိုဝဏ္ဏနှင့် လေးလေးတို့၏ နောက်ပိုင်းကိုကြည့်ရင်း သူ၏နားထဲသို့ ဦးအေးကိုတို့ဝင်းမှ စကားသံ ဝင်လာပေသည်။

"ကျုပ်လည်း ခံရပြီးပြီလေ၊ ဒါပေမဲ့ ခင်ဗျားတို့ စဉ်းစားကြည့်ဗျာ၊ စက်လှေဆိုတာ အကြီးကြီးပါ၊ ဝက်စရာနေရာတွေပြည့်လို့၊ ဒါတောင် ကျုပ်တို့က စိတ်ချရအောင်ဆိုပြီး ရေထဲပြုတ်နေတဲ့ပုံမှာ သေသေချာချာ အံဝက်လုပ်ပြီးထည့်သားတာ၊ အဲ ... သူတို့ရှာဖွေရေးအဖွဲ့ထဲက နေကာမျက်ခွံနဲ့၊ ဘောင်းဘီနဲ့၊ ဂျာကင်နဲ့ တော်တော်ရုပ်ကြောင့်တဲ့ အရုပ်ဝတ် အရုပ်စားနဲ့ကောင်လေး၊ ယူနီဖောင်းဝတ်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေကို အဲဒီကောင် ဘယ်မှာမှ မရှာခိုင်းဘဲ ဒက်ထိပဲ ပွဲကိုလက်ညှိုးထိုးပြတယ်၊ နောက်ပြီး ပွဲမှာ ဘယ်လိုဝှက်ထားတယ်ဆိုတာ ပြောတယ် ထင်ပါရဲ့၊ ကျုပ်လူတွေက အဝေးမှာဆိုတော့ သူဘာပြောမှန်း မကြားရဘူးလေ၊ အဲဒီကောင်ချောချော စကားလည်းပြောပြီးရော ရှာဖွေရေးအဖွဲ့ ကနှစ်ယောက် အကျီချွတ်ပြီး ပွဲမှာ ရေငုပ်ရှာတာပေါ့"

"မိသွားကော ဟုတ်လား"

"ဘယ်လွတ်တော့မလဲဗျာ၊ ရှစ်သိန်းဖိုးလောက် ပါသွားတယ်၊ စက်လှေတောင် ချိတ်ပိတ်ထားလို့ မနည်းပြန်လိုက်ယူရတယ်"

"အေးဗျာ၊ ကျုပ်တုန်းကလည်း အဲဒီကောင်ချောချောပဲလို့ ကျုပ်လူတွေက ပြန်ပြောတယ်၊ ကျုပ်ကားမှာ တာယာအသစ်တွေချည်း တပ်ထားတယ်၊ ဘီးမပေါက်တာ သေချာအောင် ပထမစီစဉ်ပြီးမှ စပယ်ယာဘီးထဲမှာ သေချာပလတ်စတစ်သားကောင်းကောင်း စပါယ်ရှယ် ကားဘီးအဝိုင်းအတိုင်း ချုပ်ထည့်ပြီး ပလတ်စတစ်အိတ်ထဲ ထည့်တယ်၊ ကြားမှာ ကားခွန်ကျွတ်ကိုထည့်ပြီး လေလျှော့ထိုးတယ်၊ အဲဒီအခေါက်က သစ်တော်သီးခြင်းတွေ တင်လာတာ၊ သစ်တော်သီးခြင်းကို တစ်ခြင်းမှမရှာဘဲ အဲဒီကောင်ချောချော နေကာမျက်မှန်နဲ့ကောင်ကပဲ သက်ဆိုင်ရာအရာရှိကို တိုးတိုးပြောလိုက်တယ်၊ အဲဒီအရာရှိက ကားစပယ်ယာဘီး ချပေးစမ်းလို့ ကျုပ်စပယ်ယာကို ပြောတာပဲ"

"မိကောပေါ့ ဟုတ်လား"



"ဟာဗျာ၊ ဒီထဲထည့်လာတာ ဒီဟာချပြစမ်းလို့ ဒက်ထိကြီးရှာမှတော့ ဗွီခနဲ မိတာပေါ့၊ ခြောက်သိန်းဖိုးလေ၊ ပါသွားရော"

"အေးဗျာ ... ဒီကောင် ဘာကောင်မှန်း မသိဘူး၊ ယူနီဖောင်းဝတ်လည်း မဟုတ်ဘူးဗျ၊ ဓာတ်ကကြီး ပြေးရတာလဲ ဒီကောင့်လက်ချက်ပဲလို့ ပြောကြတယ်"

"ဒီကောင့်နာမည် ဘယ်သူလဲ၊ ဒီကောင် ဘာကောင်လဲဆိုတာ ခင်ဗျားတို့ မသိဘူးနော်"

"သူ့နာမည် ကျော်ဇေယျာအောင်လို့တော့ သိရတယ်၊ ဒါပေမဲ့ ဘာကောင်မှန်းတော့ မသိဘူး၊ ရဲအဖွဲ့လား၊ အကောက်ခွန်လား၊ ဘာလား ညာလား ဘယ်သူမှ မသိဘူး၊ သူကလည်း အရပ်ဝတ် အရပ်စားပဲ ဝတ်တာကိုး"

ရှိန်လှမောင်သည် သူ့မိတ်ဆွေများ ပြောသည်ကို းစိုက်ထောင်ရင်း လူမမြင် သူမမြင် အံကြိတ်လိုက်မိသည်။ နှံခဲ့သည့်အပတ်ထဲကပင် သူ၏ရွှေချောင်းခြောက်ပိဿာသည် း ဇေယျာအောင် လက်ချက်ဖြင့်ပင် ဆုံးရှုံးသွားခဲ့ရပြီ မဟုတ်။ ရှိန်လှမောင်က သူ့မိတ်ဆွေများ ပြောသည်ကို နားထောင် နားခါးလာသည်။ သည်ဇေယျာအောင် ဆိုသည့်ကောင်ကို းရန် ကြီးမြင့်ကို တာဝန်ပေးထားပြီးဖြစ်သည်။

မကြာမီ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ရမည်ဟု ဦးရှိန်လှမောင် ရင်ထဲမှ ကြုံးဝါးထားသည်။

"ကဲပါဗျာ ... ကိုယ်ခံလိုက်ရတာတွေကို အရှသာခံပြောမနေပါနဲ့တော့၊ တီဗီကြည့်မလား၊ ဒီည မြန်မာရုပ်ရှင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသာပဲ၊ ဖွင့်လေ ဦးရှိန်လှမောင်"

၂၆ လက်မ တိုရှီဘာအမျိုးအစား တီဗီကြီးဖြစ်သည်။ ဦးရှိန်လှမောင်က တီဗီခလုတ်များကို ဖွင့်လိုက်သည်။ အချိန်လွန်သွားပြီမို့ ဘာဇာတ်ကားမှန်းတော့ မသိ။

တီဗီဖွင့်ပြီး လေးငါးမိနစ်လောက်မှာပင် ကိုဝဏ္ဏနှင့် လေးလေးတို့ ဝင်လာကြသည်။ အားလုံးက တီဗီတွင် အာရုံစိုက်နေသည်မို့ ကိုဝဏ္ဏနှင့် လေးလေးလည်း ဆိုဖာအလွတ်များတွင် ဝင်ထိုင်ရင်း တီဗီကို အများနည်းတူ ကြည့်လိုက်သည်။

ဇာတ်လမ်းမှာ အိမ်ထောင်ရေးဇာတ်လမ်းဖြစ်သည်။

ခင်ထားရီသည် ဇာတ်လမ်းတစ်ဝက်တစ်ပျက်မှာပင် ထ,လိုက်သည်။

"ပြန်မယ်"

"ဟင် ... ပြန်တော့မလားဗျ ခင်ထားရီ၊ ဆက်ကြည့်ပါဦးလား၊ ဇာတ်လမ်းက စိတ်ဝင်စားစရာ သနားစရာလေးပဲ"

ဟု နှုတ်သွက်သော ဦးအေးကိုက ဆိုလိုက်သည်။

"မှန်းတယ် ဦးအေးကိုရေ၊ မယားကြီး ငုတ်တုတ်ရှိလျက်နဲ့ သူများလင်ကို နိုက်တဲ့အဖြစ်မျိုး ကျွန်မ သိပ်မုန်းတယ်။ ဒါမျိုး ကြားလည်းမကြားချင်ဘူး၊ ကြည့်လည်းမကြည့်ချင်ဘူး၊ မသကာ သူ့ဇနီးသေသွားလို့ သူ့ကိုယူရတယ်ဆိုတာမျိုးက မိန်းမသားမှာသိက္ခာရှိတယ်၊ လူအကဲ့ရဲ့လွတ်တယ်"

ပြောပြောဆိုဆိုပင် ခင်ထားရီ ထွက်သွားသည်။ အားလုံးကို ဇေ့ဝိုက်နှုတ်ဆက်သော်လည်း လေးလေးကိုမူ ခင်ထားရီက နှုတ်ဆက်မသွားပေ။



"ကိုဝဏ္ဏ ... ကျုပ်ကားနဲ့ ခင်ထားရီကို လိုက်ပို့ဗျာ"

"ဟုတ်ကဲ့ ခင်ဗျ"

ကိုဝဏ္ဏ ချက်ချင်း ထလိုက်သွားသည်။

လေးလေးသည် ယင်းအခိုက်မှာပင် အချက်နှစ်ချက်တစ်ပြိုင်တည်း တွေးမိသည်။

ပထမအချက်မှာ ခင်ထားရီ၏ သဘောထားဖြစ်သည်။ ခင်ထားရီသည် သူတစ်ပါး၏လင်ကို မယားကြီးငုတ်တုတ်နှင့် ဘယ်တော့မှမယူ။ မယားကြီးနှင့် ကွာရှင်းပေးသည့်တိုင်အောင်မယူ။ မယားကြီး သေဆုံးသွားလျှင်တော့ ယူမည်ဆိုသည့်သဘောသက်ဝင်နေသည်။

အကယ်၍ ဦးရှိန်လှမောင်ကို ခင်ထားရီက လက်[illegible]ပ်ချင်ပါသည် ဆိုသည့်တိုင် ကေသီက သေပေးရမလိုပါလား[illegible] လေးလေးက ဘာရယ် ညာရယ် မဟုတ် ခင်ထားရီ၏စကား[illegible] ဆက်စပ်တွေးလိုက်မိသည်။

ဒုတိယအချက်မှာ ကိုဝဏ္ဏပင် ဖြစ်သည်။ ကိုဝဏ္ဏသည် ဦးရှိန်လှမောင်အား သိပ်ကြောက်ပြီး သိပ်ရိုသေသည်။ [illegible]ယ်တော့ ဆန်ပေးလို့ ဆေးရခြင်းသာ ဖြစ်ပါ၏။ ဦးရှိန်[illegible]မောင်က လစာငွေပေးသည်။ ကိုဝဏ္ဏက အလုပ်ပြန်လုပ်ပေး[illegible]၊ အလုပ်ရှင်နှင့် အလုပ်သမား ထိုက်သင့်သော ရိုသေမှုတော့[illegible] ၏။ သို့သော် ဘုန်းတော်ကြီးကို ရိုသေသလို ဦးသုံးကြိမ်[illegible]း ရိုသေစရာ မလိုဟု လေးလေး တွေးမိပြန်သည်။

"အို ... ကိုယ်နဲ့မှ မဆိုင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု လေးလေးက ခေါင်းထဲဝင်လာသော အတွေးတွေကို မောင်းထုတ်ပစ်လိုက်သည်။

ရုပ်ရှင်ဇာတ်လမ်း မပြီးသေးသော်လည်း ကေသီ ထိုင်ရာမှ ထလိုက်၏။

"ကိုမောင် ... ကေသီ အိပ်ခန်းထဲ ဝင်တော့မယ်"

"အစောကြီး ရှိသေးတယ်၊ ကေသီ နေမကောင်းဘူးလားဟင်၊ ရင်ထဲမှာနေမကောင်းရင် ပြောနော်၊ ကိုယ် ဒေါက်တာခင်မောင်ညိုကို ခေါ်ပေးမယ်"

"နေကောင်းပါတယ် ကိုမောင်၊ ကေသီလည်း မအိပ်သေးပါဘူး၊ ညောင်းလို့ လှဲချင်နေတာပါ၊ နောက်ပြီး ရုပ်ရှင်ဇာတ်လမ်းကလည်း စိတ်ညစ်စရာကြီး"

"ဒါဆို လှဲနေ ကေသီ၊ အိပ်ရာမဝင်ခင် ဒေါက်တာ ခင်မောင်ညို ပေးထားတဲ့ စိတ်ငြိမ်ဆေးကို သောက်ဦးနော်"

ကေသီက ခေါင်းညိတ်ပြသည်။ ဦးအေးကို၊ ဦးစိန်မင်းနှင့် ဦးကြိုင်လင်းတို့ကို နှုတ်ဆက်သည်။

လေးလေးလည်း နေရာမှ ထလိုက်သည်။ ကေသီအား သူမ၏အိပ်ခန်းထဲသို့ လိုက်ပို့ပေးရန်ဖြစ်သည်။ ကေသီကိုယ်တိုင်ကလည်း အားလုံးကို နှုတ်ဆက်ပြီးနောက် လေးလေးအား ဦးခေါင်းလေးညိတ်ပြီး ခေါ်ယူသောကြောင့်လည်းဖြစ်သည်။ ကေသီသည် လေးလေးအား တစ်စုံတစ်ရာ ပြောချင်စရာ ရှိနေပုံရပါ၏။

နှစ်ယောက်သား ကေသီ၏အိပ်ခန်းထဲသို့ ဝင်ခဲ့ကြသည်။



"ခင်ထားရီကို လေးလေး ဘယ်လိုမြင်သလဲဟင်"

"တစ်မျိုးပဲ၊ ဘယ်လိုတစ်မျိုးလဲ ဆိုတာတော့ တိတိကျကျ မပြောနိုင်သေးဘူးပေါ့၊ အဲ ... မာနကြီးတယ်၊ စိတ်ခက်ထန်ပုံရတယ်လို့တော့ ဒီည တွေ့မြင်ရသလောက်နဲ့ပဲ အကဲခတ်နိုင်ပါတယ်"

"သူ့ရုပ်ရည်ကကော"

"မဆိုးပါဘူး၊ ရုပ်ထက် ခန္ဓာကိုယ်ကို ယောက်ျားတွေ စိတ်ဝင်စားမယ် ထင်ပါရဲ့၊ ရင်မို့တယ်၊ တင်ကားတယ်၊ သူ့ကိုယ်လုံး ပေါ်လွင်အောင်လည်း အဝတ်အစားကို တင်းတင်းရင်းရင်း ဝတ်တတ်ပုံရတယ်"

"ဟုတ်တယ်၊ ကိုမောင်တို့ ယောက်ျားတွေက မိန်းကလေး တင်းရင်းရင်းရင်း မို့မို့မောက်မောက်ဆိုရင် သဘောကျသလား မပြောတတ်ပါဘူး လေးလေးရယ်"

"ယောက်ျားတိုင်းတော့ ဟုတ်မယ် မထင်ပါဘူး၊ ဥပမာ ကိုဝဏ္ဏဆိုရင် ခင်ထားရီကို သိပ်ပြီးစိတ်ဝင်စားပုံမှမရတာ"

"ဟုတ်ပါရဲ့နော်၊ ကိုဝဏ္ဏက ခင်ထားရီထက် လေးလေးကို ပိုပြီးစိတ်ဝင်စားတယ်ဆိုတာ သိသိသာသာကြီး ပြလိုက်တယ်၊ ခင်ထားရီတော့ အောင့်သက်သက် ဖြစ်သွားမှာ သေချာတယ်၊ ဒါထက် ကိုဝဏ္ဏနဲ့ လေးလေးကကော ဘယ်လိုလဲ"

"ဘယ်လိုလဲဆိုတာက ဘာကို ရည်ညွှန်းမေးတာလဲ ကေသီ"

"သစ်ခွရုံဘက်ကို နှစ်ယောက်တည်း သွားကြသေးတာပဲ၊ ကိုဝဏ္ဏက လေးလေးကို ဘာတွေ ညာတွေ မပြောဘူးလား"

www.burmeseclassic.com



လေးလေးက ပြုံးလိုက်သည်။ သို့သော် လေးလေး၏ အပြုံးမှာ ကျေနပ်ကြည်နူးသော အပြုံးမျိုး မဟုတ်ပါလေ။ တခြား အဓိပ္ပာယ်တစ်ခုခုဆောင်သော အပြုံးမျိုးဖြစ်ပါ၏။

"ကေသီက နန်းကြီးသုပ်ဆိုင်မှာတုန်းက တို့ လက်ရှိရပ် တည်နေတဲ့ ဘဝအခြေအနေပေါ်မှာ မူတည်ပြီး နက်ဖြန် သန်ဘက်တောင် အိမ်ထောင်ပြုချင်ရဲ့ဆိုတဲ့ စကားပေါ်မှာ မူတည်ပြီး လေးလေးကို ကိုဝဏ္ဏနဲ့ သိပ်ဖြစ်မြောက်စေချင် တဲ့ စေတနာထားနေတယ် ထင်တယ်"

"အမှန်ပဲ လေးလေး၊ တို့စိတ်ထဲ ဘာလို့မှန်း မသိဘူး လေးလေး ကောင်းကောင်းမွန်မွန် ဖြစ်သွားတာကို လိုလား နေသလိုပဲ"

"ကျေးဇူးတင်ပါတယ် ကေသီ၊ ဒါပေမဲ့ လေးလေးမှာ ဆုံးဖြတ်ချက်တစ်ခု နဂိုကတည်းက ရှိထားပြီးသားပဲ ဘာလဲဆိုတော့ လေးလေး လက်ထပ်တဲ့သူဟာ လေးလေး ကိုယ်တိုင် ရင်ထဲအသည်းနှလုံးထဲက ချစ်တဲ့သူ ဖြစ်ရမယ် လို့လေ၊ တိုတိုနဲ့ ရှင်းရှင်းပြောရရင် ချစ်သူကိုသာ လက် ထပ်မယ်၊ မချစ်တဲ့လူကို လက်မထပ်ဘူးပေါ့လေ၊ နန်းကြီး သုပ်ဆိုင်ထဲမှာ ပြောလိုက်တဲ့ စကားက ဟာသ,သဘော ပါ၊ တကယ်တော့ လေးလေး ဆင်းရဲချင် ဆင်းရဲမယ်သော ကိုယ့်ရင့်ထဲက ချစ်သူမတွေ့သေးသည့်တိုင်အောင် ကိုယ့် ပညာနဲ့ ကိုယ့်တစ်ဝမ်းတော့ လေးလေး ရှာစားနိုင်မယ်လို့ လည်း ယုံကြည်တယ်၊ အခု ဒီအိမ်ကြီးမှာ လိုနေတာ ကေသီ့အကျိုးရော၊ ကိုယ့်အကျိုးရောကြောင့်လို့ ပြောရ



မယ်၊ မှန်တာပြောရရင် ကေသီ့ကို နီးနီးနားနား ကူညီချင် တာရယ်၊ အခိုက်အတန့် ဒီအိမ်ကြီးပေါ်မှာ ကိုယ့်စရိတ် မကုန်ဘဲ နေနေရတဲ့ အခိုက်မှာပဲ တစ်ဖက်က အလုပ် တစ်ခုခုရှာမယ် ဆိုတာရယ်၊ အဲဒီသဘောနဲ့ လိုက်နေတာပါ"

"သိပ်မာတဲ့ စိတ်ပါလား လေးလေး၊ ကေသီ့မှာလည်း အဲဒီလို စိတ်မာတတ်မျိုးတွေ ရှိနေချင်လိုက်တာ၊ အင်းလေ… ထားပါတော့၊ ကိုဝဏ္ဏလို လူဆိုလည်း လေးလေးနဲ့မဆိုး ဘူးလို့ ကေသီ ထင်တုန်းပဲ"

"ကိုဝဏ္ဏဟာ မဆိုးပါဘူး၊ အရည်အချင်း မညံ့ဘူး၊ ဥပမိ ရုပ် မညံ့ဘူး၊ သဘောထားလည်း ကောင်းမြတ်ပုံပါပဲ၊ နောက်ပြီး ကိုဝဏ္ဏ ကိုယ်တိုင်ကပဲ လေးလေးကို မြင်မြင် ချင်း စိတ်ဝင်စားတယ်လို့ ဖွင့်ပြောပါတယ်၊ ဒါပေမဲ့ မလှုပ်လာဘူး ကေသီရေ၊ လေးလေး ရင်ထဲမှာ အချစ်ဆို တဲ့ ကောင်ဆိုးလေးများ ရှိနေတယ်ဆိုရင် အဲဒီ ကောင်ဆိုး လေးက ကိုဝဏ္ဏ ပြောတာတွေ သူ မကြားဘူး၊ ကောင်ဆိုး လေး အိပ်မောကျနေတုန်းပဲ ထင်ပါရဲ့"

ကေသီက လေးလေး ပြောပုံကို သဘောကျစွာ [illegible]ထွက်အောင်ပင် ရယ်မောပေသည်။ လေးလေးကလည်း [illegible]နှင့်အတူ လိုက်၍ရယ်မောသည်။

"ဟုတ်တယ်၊ မိန်းမသားတွေရဲ့ နှလုံးသားထဲမှာ အချစ် ဆိုတဲ့ ကောင်ဆိုးလေးတစ်ကောင် ရှိတယ်ဆိုတာ မှန်တယ်၊ လေးလေး တကယ်ပဲ ပြောတတ်တယ်၊ ဒါကြောင့်လည်း ဒြန်မာစာအဓိကနဲ့ ဘွဲ့ရတာနေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ကေသီက ဘာလို့ လေးလေး စကားကို ထောက်ခံတာလဲ"

"တို့ကိုယ်တိုင် ကိုမောင့်ကိုတွေ့တော့ အထဲက ကောင်ဆိုးလေး ထသောင်းကျန်းတာ ခံရဖူးလို့ပေါ့၊ ကိုမောင်ဟာ ကေသီ့ထက် အသက်များကြီး ကြီးပါတယ်၊ ရုပ်ရည်ကလည်း ခပ်ကြမ်းကြမ်းရယ်ပါ၊ နောက်ပြီး ကိုမောင် အရင်တုန်းက မယားသေသွားဖူးတဲ့ မုဆိုးဖိုပါ၊ ဒါပေမဲ့ ဘာလို့မှန်း မသိဘူး၊ ကိုမောင့်ကို တို့ရင်ထဲက ကောင်ဆိုးလေးက လိုလိုလားလား ခုံခုံမင်မင် လက်ခံလိုက်တယ်လေ၊ လက်ထပ်ခါစကဆိုရင် ကိုမောင့် မိတ်ဆွေတွေက တို့နှစ်ယောက်ကို မြင်တိုင်း 'ကျောက်ဘီလူးနဲ့ပပဝင်း' လို့တောင် စကြတယ်၊ ဟုတ်တယ်နော် လေးလေး၊ အချစ်ဆိုတာ ဆန်းသား၊ ဪ ... တစ်ဆက်တည်းပဲ လေးလေးကို မေးရဦးမယ်လို့၊ လေးလေးက လူကဲခတ်ကောင်းတယ် မဟုတ်လား၊ အဲ ... ကိုမောင့်ကိုကော လေးလေး ဘယ်လိုမြင်သလဲဟင်"

"ဦးရှိန်လှမောင်ဟာ တခြားနေရာတွေမှာ ခက်ထန်သည် ရှိပေမယ့် ကေသီ့ကိုတော့ တကယ် ယုယမြတ်နိုးရှာတယ်လို့ အခုလောလောဆယ်မှာ မြင်မိတာပဲ"

"မှန်လိုက်လေ လေးလေးရယ်၊ ကိုမောင်က သူ့ဟာသူ ဒို့ပြင်မှာ ဘာတွေပဲလုပ်လုပ် တို့ကိုတော့ တကယ်ချစ်ရှာပါတယ်"

လေးလေး သက်ပြင်းချမိပါ၏။



"နောက်တစ်ချက် ရှိသေးတယ်၊ ဒီညမတိုင်ခင် ဟိုဘက်ပိုင်းအထိ တို့စိတ်ထဲမှာ ကိုမောင်ဟာ ခင်ထားရီကို သိပ်အထင်ကြီး စွဲလမ်းနေပြီး တို့ကိုကွာပြီး ခင်ထားရီကိုများ ယူသွားမလားဆိုတဲ့ စိုးရိမ်စိတ်တွေ ဖြစ်နေခဲ့တာ၊ ဒီည ခင်ထားရီက အပြတ်ပြောသွားတယ် မဟုတ်လား၊ မယားငုတ်တုတ်ရှိတဲ့လူကို ဘယ်တော့မှ လက်မခံဘူးလို့၊ တို့စိတ်ထဲမှာ ခင်ထားရီ အပြတ်ပြောသံ ကြားလိုက်တော့ ရင်ထဲကအလုံးကြီး ဝုန်းခနဲ ကျသွားတယ်လေ"

ကေသီ ထပ်မံရယ်မောပြန်သည်။

လေးလေး မရယ်မိပါလေ။ လေးလေး စိတ်ထဲမှ အသံမထွက်ဘဲ ရေရွတ်လိုက်မိသည်။

"အင်း ... ခင်ထားရီက ငုတ်တုတ် အသက်ရှင်လျက်ရှိနေရင်သာ မယူတာ၊ ကေသီ သေသွားရင်တော့ မုဆိုးဖို ဦးရှိန်လှမောင်ကို လက်ထပ်မယ်ထင်တယ် ကေသီ"

လေးလေးက သူမ၏အပေါ်ထပ်ခန်းသို့ ပြန်ရန်ပြင်လိုက်သည်။

"ဪ ... ကေသီ၊ စောစောက ဦးရှိန်လှမောင်က ကေသီ့ကို ဆေးသောက်ဖို့ မှာသေးတယ်လေ၊ ကေသီ မသောက်သေးဘူးလား"

ကေသီက ခေါင်းယမ်းပြသည်။

"မသောက်ချင်ဘူး လေးလေးရယ်၊ အဲဒီဆေးသောက်ရင် ရင်ထဲမှာ ကတုန်ကယင် ဖြစ်ရတယ်၊ ဒါပေမဲ့ တကယ်လို့များ ကိုမောင်က လေးလေးကို တို့ ဆေးသောက်ရဲ့လားလို့မေးရင် သောက်တယ်လို့ ပြောပါနော်"

www.burmeseclassic.com

www.burmeseclassic.com



လေးလေး ခေါင်းမညိတ် ခေါင်းမခါနှင့်ပင် ထွက်လာခဲ့သည်။

ဧည့်ခန်းကိုဖြတ်ပြီးမှ အပေါ်ထပ်တက်သော လှေကားဆီ ရောက်နိုင်မည်။

ဧည့်ခန်းထဲဝယ် တီဗီကိုတော့ ပိတ်ထားပြီ။ လေးယောက်သား ဝိုင်းဖွဲ့ပြီး ယမကာ ဆက်သောက်ရင်း စကားလက်ဆုံကျနေကြသည်။

လေးလေး ပြန်ထွက်လာသည်ကို ဦးရှိန်လှမောင်က တွေ့သော်လည်း ကေသီ ဆေးသောက်ပြီးပြီလားဟု မမေးပါလေ။

လေးလေး အပေါ်ထပ်သို့ တက်လာခဲ့တော့သည်။

✤ ✧ ✤



## (၉)

ယနေ့ လေးလေး အပြင်ထွက်မည်။

ဤအိမ်ကြီးပေါ်တွင် ခိုမ်နှင့်နေ၊ ခိုမ်နှင့်စားရစေကာမူ ဤကိစ္စသည် ရာသက်ပန်ကိစ္စမဟုတ်၊ မိမိ၏အလုပ်ရရှိရေးကိစ္စကို ရှာဖွေရပေဦးမည်။ ကေသီက မိမိအား မလိုအပ်သောနေ့တွင် မိမိက ဤအိမ်ကြီးမှ ထွက်ခွာသွားရန် အသင့်ဖြစ်နေရသည်။

ကေသီ ပေးထားသော ဝတ်စုံအကျီ၊ ထဘီများကိုမဝတ်။ မိမိသေတ္တာထဲတွင် ပါလာသော အလယ်အလတ် သင့်တင့်သော အဝတ်အစားကိုသာဝတ်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"ဪ ... မလေးလေး၊ အပြင်သွားမလို့ ထင်တယ်"

ဧည့်ခန်းထဲတွင် ဦးရှိန်လှမောင် တစ်ယောက်တည်းထိုင်သော တွေ့ရသည်။ ကေသီကို မတွေ့ရ။ ကေသီသည် သူမ၏အိပ်ခန်းထဲမှာပင် ရှိနေမည် ထင်သည်။ လင်မယားစကားများ၍ စိတ်ကောက်နေသည်မျိုးလည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးရှိန်လှမောင်၊ အရင် ကျွန်မတည်းခိုခဲ့တဲ့အဆောင်ကို သွားမလို့ပါ၊ အလုပ်အတွက် လျှောက်လွှာတင်ထားတာတွေက အဲဒီအဆောင်လိပ်စာ ပေးထားတော့ သက်ဆိုင်ရာဌာနတွေက တစ်ခုခုများ အကြောင်းပြန်စာရောက်နေမလားလို့ သွားမေးကြည့်ဖို့ပါ"

"အင်းလေ ... ဘာကိစ္စနဲ့ အပြင်သွားသွားပေါ့၊ ကျုပ် လူကြုံပါးချင်တာလေးတစ်ခု ယူသွားဖို့ပါ"

"ရပါတယ်"

"နက်ဖြန် ခင်ထားရီရဲ့မွေးနေ့လေ၊ တကယ်တော့ မွေးနေ့ပွဲမှာ ကျုပ်ကိုယ်တိုင် သွားသင့်တာပေါ့၊ ဒါပေမဲ့ ကေသီက သူလည်းမလိုက်ချင်ဘူး၊ ကျုပ်သွားမှာကိုလည်း မလို လားဘူး၊ ကေသီက လုပ်ငန်းသဘောလည်း နားမလည်ဘူး သဘောထား ကျဉ်းမြောင်းတယ်၊ သူ နေထိုင်မကောင်း တုန်း ကျုပ်ကလည်း သူ စိတ်မချမ်းသာတာမျိုး မဖြစ်စေ ချင်ဘူး၊ ဟိုတစ်ခါကလည်း ကျုပ်ကို အရွဲ့တိုက်ပြီး ပဲ က အေးရိပ်ငြိမ့်ကို ထွက်သွားလို့ ပြဿနာတွေ ဖြစ်ခဲ့ပြီ လေ"

"ဦးရှိန်လှမောင် လူကြုံပါးချင်တာကိုသာ ဆက်ပြောပါလား ဦးရှိန်လှမောင်"

ဦးရှိန်လှမောင်သည် လေးလေးက လိုရင်းသာ ပါဟူသော သဘောဆောင်သည့် စကားကို ဆိုစေကာမူ လုံး ဂရုမစိုက်ဘဲ သူပြောချင်တာကိုသာ ဆက်ပြောလေသည်။



"နောက်တစ်ခါ ဗိုလ်ချုပ်ဈေးကို ဆံပင်အလှပြင်ဖို့သွားရင်း နန်းကြီးသုပ်ဆိုင်ထဲမှာ မူးမေ့သွားတယ်၊ အဲဒီတုန်းက အနားမှာ မလေးလေး ရှိနေလို့ တော်သေးတာပေါ့၊ ကေသီ့အခြေအနေက စိတ်မချရဘူး၊ ဒါကြောင့် သူစိတ်ညစ်အောင် ကျုပ်မလုပ်ချင်ဘူး"

"ဩော် ... ဗိုလ်ချုပ်ဈေး နန်းကြီးသုပ်ဆိုင်ထဲမှာ ဖြစ်ခဲ့တာလည်း ဦးရှိန်လှမောင်က သိနေသကိုး"

"ကျုပ်မသိတာ ဘာမှမရှိဘူး မလေးလေး၊ ကျုပ်ဆိုလိုတာက ကျုပ်ဇနီးနဲ့ ကျုပ်အိမ်မှာရှိတဲ့ ကျုပ်လူတွေအကြောင်း၊ ကျုပ်ပတ်ဝန်းကျင်ရဲ့အကြောင်းတွေကို ဘယ်နေရာမှာ ဘာဖြစ်ဖြစ် ကျုပ်သိနေတာကို ဆိုလိုတာပါ၊ ကိုယ်နဲ့မဆိုင်တဲ့သူတွေအကြောင်းတော့ ဘယ်သိမလဲဗျာ၊ နတ်မျက်စိရနေတဲ့လူမှ မဟုတ်တာ"

လေးလေးက ပခုံးတွန့်ပြလိုက်ပေသည်။

ဦးရှိန်လှမောင်က သူ၏အင်္ကျီအိတ်ထဲမှ အနီရောင် းလေးကို ထုတ်ယူလိုက်သည်။ ရွှေ၊ စိန် စသည့် ရတနာဆိုင် ောင် ရောင်းသည့်ပစ္စည်းကို ထည့်ပေးတတ်သော ပလတ်စ ဘူးနီလေး ဖြစ်ပါ၏။

ဘူးနီလေးကို ဦးရှိန်လှမောင်ကပင် ဖွင့်လိုက်သည်။ ောင် ဝွမ်းများ ခံထည့်ထားသော ညောင်ရွက် အသည်းပုံ က်လေး ရှိနေသည်။

"အဲဒါလေးကို ခင်ထားရီရဲ့ မွေးနေ့လက်ဆောင်အဖြစ် ျုပ်က ပေးလိုက်တယ်လို့ပြောပြီး သွားပေး,ပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ၊ မခင်ထားရီရဲ့လိပ်စာသာ ပြောလိုက်ပါ"

"ဗဟန်းသုံးလမ်း၊ အိမ်အမှတ်(--)ပါ။ ဒီအိမ်က မြို့ထဲကို သွားရင် လမ်းကြုံပါတယ်၊ ကေသီရဲ့ကားကို မင်းယူသွားမှာပဲ မဟုတ်လား"

"မယူပါဘူး၊ ကျွန်မရဲ့ကိုယ်ရေးကိုယ်တာကိစ္စအတွက် ကားယူသုံးဖို့ ကျွန်မ လိပ်ပြာမသန့်ဘူး"

"မင်းက တစ်မျိုးပဲ၊ စိတ်တော်တော်မာတယ်"

ဟု ဦးရိုန်လှမောင်က ညည်းတွားသလိုလို၊ ရေရွတ်သလိုလိုပြောပြီး ဘူးကို လှမ်းပေးပြီးနောက် သူ၏သီးသန့်စာကြည့်ခန်းဆီသို့ နောက်ပြန်တစ်ချက် မကြည့်တော့ဘဲ ထွက်သွားတော့သည်။

လေးလေးကလည်း ဧည့်ခန်းတံခါးမှ အပြင်သို့ထွက်လာခဲ့သည်။

ခြံတံခါးတွင် ဝင်လာသော ကိုဝဏ္ဏနှင့် ပက်ပင်းကြီးတိုးလေတော့သည်။

"ဟင် ... လေးလေး ဘယ်ကို ..."

ဟိုည ပါတီပွဲလေးတွင် မိတ်ဆွေဖြစ်သွားကတည်းက ကိုဝဏ္ဏသည် ကေသီ ခေါ်သလို "လေးလေး"ဟုသာ ခေါ်ကြောင်း လေးလေးက သတိထားခဲ့မိပြီးဖြစ်သည်။

"မြို့ထဲကိုပဲ ကိုဝဏ္ဏ၊ ကျွန်မ အလုပ်လျှောက်ထားတာတွေ ဘယ်လို အခြေအနေရှိလဲဆိုတာ သွားစုံစမ်းမလို့"

"အေးဗျာ ... ဒီနေ့ အာစရိက အလုပ်တိုက်မလာဘူး... ဖုန်းနဲ့ ကျွန်တော့်ကို လှမ်းခေါ်လို့လာခဲ့တာ၊ ဩော် ...



ဒါထက် မနက်စာ မြို့ထဲမှာပဲ ကျွန်တော်နဲ့လေးလေး အတူတူ စားကြစို့လားလို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်၊ မငြင်းပါနဲ့ လေးလေး၊ မိတ်ဖြစ်ဆွေဖြစ်ပါ"

လေးလေး ခဏစဉ်းစားသည်။ ထို့နောက် ခေါင်းညိတ်ပြလိုက်သည်။

"ရတယ်လေ၊ ဘယ်မှာ ဘယ်အချိန် ဖြစ်မလဲ"

ကိုဝဏ္ဏက သူ၏လက်မှ ဆီကိုနာရီကို ကြည့်သည်။

"ခုမှ ရှစ်နာရီပဲ ရှိသေးတယ်၊ ဆယ့်တစ်နာရီ သမ္မတမှာ ဆုံမယ်လေ"

"ဟုတ်ကဲ့၊ ကျွန်မ ဆယ့်တစ်နာရီအရောက် သမ္မတကိုလာခဲ့ပါ့မယ်"

လေးလေး ဆက်၍ ထွက်ခဲ့သည်။ ကမ္ဘာအေးလမ်းမကြီးပေါ်ရောက်သော် လေးဘီးအငှားကားတစ်စီး လက်တားကာ စီးလာခဲ့သည်။

✣ ✧ ✣

www.burmeseclassic.com

www.burmeseclassic.com



ဗဟန်းသုံးလမ်းထဲမှ ခင်ထားရီ၏အိမ်မှာ သွပ်မိုး၊ ပျဉ်ကာရိုးရိုး တစ်ထပ်အိမ်လေးသာ ဖြစ်ပါ၏။ ရှေ့ပိုင်းတွင် အစိမ်းရောင်သုတ်ထားသော သံဆန်ခါ တပ်ထားသည်။ တံခါးပေါက်ကို ပိတ်ထားသည်။

လေးလေးက တံခါးရွက်ကို လှုပ်ယမ်းပြီး ဧည့်သည်လာကြောင်း အသံပြုလိုက်သည်။

အသက်ငါးဆယ်ခန့် အမျိုးသမီးကြီးတစ်ဦး ထွက်လာပြီး ချက်ချင်းတံခါးဖွင့်မပေးသေးဘဲ လေးလေးကို ကြည့်နေသည်။

"ကျွန်မ ခင်ထားရီနဲ့ တွေ့ချင်လို့"

"ဘယ်သူက တွေ့ချင်တယ်လို့ ခင်ထားရီကို ပြောပေး မှာလဲကွယ်၊ ခင်ထားရီက အသက်ငယ်ငယ်၊ ရုပ်ချောချော သူစိမ်းမိန်းကလေးတွေ အိမ်ကိုလာတာ မနှစ်သက်ဘူး ကွယ့်"

အမျိုးသမီးကြီး၏ စကားကြောင့် အကျင့်ပါနေသော ပခုံးတွန့်မျိုး လေးလေးက တွန့်လိုက်မိသည်။

"ကျွန်မနာမည် ပြောပြလည်း မခင်ထားရီက မှတ်မိမှာ



မထင်ပါဘူး ဒေါ်ဒေါ်၊ ဦးရှိန်လှမောင်က လွှတ်လိုက်တဲ့ သူ လာတယ်လို့သာ မခင်ထားရီကို ပြောပေးပါ၊ ဒါမှ တံခါးဖွင့်ပေးဘူးဆိုလည်း ကျွန်မ ပြန်ရုံပေါ့"

"အေး ... အေး၊ အဒေါ် သွားပြောမယ်၊ ခင်ထားရီက ထမင်းစားခန်းမှာ ကော်ဖီသောက်နေတယ်"

အမျိုးသမီးကြီး ပြန်ထွက်သွားသည်။ လေးလေးက သုံးဆင့်အုတ်လှေကားလေးထိပ်တွင် ရပ်စောင့်ရင်း "မလွယ်ကြောကြီးပဲ"ဟု ရင်ထဲမှ ညည်းတွားလိုက်မိသည်။

အမျိုးသမီးကြီး ပြန်လာသည်။ အတွင်းချက် မင်းတုပ်ဖွင့်သည်။ တံခါးပွင့်လာသည်။

"ထမင်းစားခန်းကိုပဲ လာခဲ့ပါတဲ့"

လေးလေးက ထမင်းစားခန်းထဲသို့ တည့်မတ်စွာ လျှောက်လှမ်းခဲ့သည်။

ရယ်စရာပါပေ။ ခင်ထားရီက ကြီးကျယ်လို့သာ ကြီးကျယ်နေသည်။ သူ့ပုံစံကို လေးလေး တွေ့ရသောအခါ ခင်ထားရီကို သနားလိုက်ရကောင်းမလားဆိုသည့် စိတ်ကူးမျိုးပင် ပေါ်လာရသည်။

ထမင်းစား စားပွဲမှာ အပေါ်စားခေါက်စားပွဲ ဖြစ်သည်။ ကုလားထိုင်များကလည်း ခေါက်ကုလားထိုင်များဖြစ်သည်။ အလှူအတန်းများ၊ အသုဘများအတွက် "စားပွဲကုလားထိုင်ငှားသည်"ဆိုသည့် အငှားစားပွဲ၊ အငှားကုလားထိုင် အမျိုးအစားတွေ ဖြစ်သည်။ စားပွဲပေါ်တွင် ကော်ဖီသောက်နေသော ခင်ထားရီရှေ့ ဘွင် ထမင်းကြမ်းကို ပဲပြုတ်နှင့် ကြော်ထားသော ပန်းကန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ ခင်ထားရီက လေးလေးကို မော့ကြည့်ရုံသာကြည့်သည်။ ထိုင်ပါဦး၊ ကော်ဖီသောက်ပါဦးဟူသော ဖိတ်မန္တကစကား လုံးဝမပါ။

လေးလေးက လက်ထဲမှ ဘူးနီကို ခင်ထားရီ၏ ဘောစားပွဲတွင် ချပေးလိုက်သည်။

"ဦးရှိန်လှမောင်က မခင်ထားရီရဲ့မွေးနေ့လက်ဆောင် ဝင်ပေးပါဆိုလို့ ဝင်ပေးတာ"

"နက်ဖြန် မွေးနေ့မှာ သူက မလာဘူးတဲ့လား"

လေးလေး ပခုံးတွန့်လိုက်ပြန်သည်။

"အဲဒီလောက် မရင်းနှီးဘူးလေ ဦးရှိန်လှမောင်၊ ရှင် နက်ဖြန် မခင်ထားရီရဲ့ မွေးနေ့ပွဲကို သွားမှာလားလို့ မေးလောက်အောင် ကျွန်မနဲ့ မရင်းနှီးတာကို ပြောတာပါ"

လေးလေး၏ ငေါ့စကားကို ခင်ထားရီက မော့ကြည့်ပြန်သည်။

"သူ့ကိုပြောပါ၊ မွေးနေ့လက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်လို့"

"ဟုတ်ကဲ့ ... ဆက်ဆက်ကြီး ပြောလိုက်ပါ့မယ်ရှင်"

ပြောပြောဆိုဆို လေးလေး ပြန်လှည့်ထွက်ခွာလာသည်။ စောစောက အမျိုးသမီးကြီးက ဖိနပ်ချွတ် အဆင်းအတက် တံခါး ပြန်ပိတ်ရန် နောက်မှ လိုက်လာသည်။

လမ်းပေါ်ရောက်မှ လေးလေးသည် သူမ၏ဗိုက်ကို နှိပ်တာ ပါးချိုင့်လေး လက်ညှိုးတစ်နှိုက် ခွက်ဝင်သွားအောင် ရယ်လိုက်မိတော့သည်။



"အမယ်မင်း ... ဆန်မရှိ သောက်စားကြီး ဘဝင်မြင့်တွေကလည်း လောကကြီးမှာ အများကြီးပါလားဟဲ့"

ဟုလည်း လေးလေး ဝမ်းထဲက ပြောမိသေးသည်။

လေးလေး အကဲခတ်မိသည်။ လေးလေးအား ခင်ထားရီ၏ အမြင်သည် ဦးရှိန်လှမောင်အိမ်တွင် ခိုကပ်နေသူ။ ဦးရှိန်လှမောင်၏ လက်အောက်ငယ်သားဟူ၍ ဖြစ်မည်။ ခင်ထားရီနှင့် ဦးရှိန်လှမောင် ဆက်ဆံပုံက တပြေးညီ။ ဦးရှိန်လှမောင်ကိုယ်တိုင်ကပင် ခင်ထားရီအား တောင်းပန်တိုးလျှိုး ခယဝတ်ဆောင်းတာမျိုးတွေ ရှိကောင်း ရှိနိုင်သည်။ သည်တော့လည်း ခင်ထားရီက လေးလေးကို သည်လိုပဲ ဆက်ဆံပေမပေါ့။

✣ ✧ ✣

www.burmeseclassic.com

www.burmeseclassic.com



# ( ၁၀ )

ဖိုးစောက ဒါမျိုးဆို ဝီရိယကောင်းချင်ပုံရသည်။

သမ္မတရှေ့သို့ လေးလေး ရောက်လာချိန်တွင် ဆယ်တစ်နာရီထိုးရန် ငါးမိနစ်ပင် လိုသေးသည်။

ကိုဝဏ္ဏကို လှေကားအတက်အဆင်းအဝတွင် ရပ်စောင့်နေသည်ကို လေးလေး တွေ့ရသည်။ ဖိုးစော ဘယ်အချိန်ကတည်းက ရောက်နေသည်မသိ။

လေးလေး လာသည်ကို တွေ့သည်နှင့် အူယားဖားယား ရှိလွန်လှပါ၏။

သမ္မတဟိုတယ်လှေကားမှ ပထမထပ်သို့ ကိုဝဏ္ဏက ရှေ့ဆောင်ခေါ်သွားသည့်နောက်သို့ လေးလေး ကန္ဒြေရရလေးပင် လိုက်ပါသွားသည်။

စားပွဲတစ်လုံးတွင် ထိုင်ကြသည်။ စောသေးသည့်အတွက်လား၊ ရုံးပိတ်ရက်မဟုတ်သော နေ့ကြောင့်လားတော့မသိ။ သမ္မတဟိုတယ်မှာ လူရှင်းနေသလို ဖြစ်နေသည်။



ဟိုတယ်ကြီးဖြစ်သောကြောင့်လည်း လာရောက်စားသုံးသူများထဲတွင် လူကြီးလူငယ်မရွေး ကန္ဒြေရကြသည်။ ဗရုတ်သုတ်ခ ပုံစံမျိုး မတွေ့ရ။

ကိုဝဏ္ဏကပင် စားပွဲထိုးအား ကောင်းနိုးရာရာစားသောက်ဖွယ်ရာတွေ မှာနေသည်။ အစားအသောက်များ ကြော်လှော်ချက်ပြုတ်နေစဉ် မစားရသေးမီ ရင်ချောင်သွားအောင် လိမ္မော်ရည်နှစ်လုံးမှာပြီး ဖြည်းညင်းစွာ စကားပြောရင်း သောက်ကြသည်။

"ကိုဝဏ္ဏက ဦးရှိန်လှမောင်ရဲ့ မန်နေဂျာနော်"

လေးလေး၏အမေးကို ကိုဝဏ္ဏက အဖြေထွက်မလာသေးမီ ရယ်မောလိုက်သေးသည်။

"မန်နေဂျာဆိုလည်း ဟုတ်ရဲ့၊ ချာပရာစီဆိုလည်း ဟုတ်ရဲ့ ဆိုပါတော့ လေးလေး"

"ဘာလဲ ကိုဝဏ္ဏ၊ ချာပရာစီ ဆိုတာက"

"ကျွန်တော့်ဖေဖေ ပြောဖူးတာပါ၊ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က အင်္ဂလိပ်တွေက မြန်မာပြည်ကို အုပ်စိုးထားတယ်လေ၊ အင်္ဂလိပ်အရာရှိကြီးတွေက သူတို့ လက်တိုလက်တောင်းခိုင်းဖို့ လူကိုခန့်ရင် များသောအားဖြင့် ကုလားတွေကို ခန့်တယ်တဲ့၊ အဲဒီလို တောက်တိုမည်ရခိုင်းဖို့ ခန့်ထားတဲ့ ကုလားတွေကို ချာပရာစီလို့ ခေါ်တယ်ဆိုပဲ၊ ဟဲ ... ဟဲ ... ဟဲ"

"အဲဒီတော့ ဆိုပါဦး"

"ကျွန်တော်လည်း အဲဒီသဘော ပါတာပေါ့ လေးလေး၊ သိန်းနဲ့ချီပြီး လုပ်ကိုင်နေတဲ့ ဦးရှိန်လှမောင်ရဲ့ ဗျာနာဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်း၊ ကမ်းနားက ပွဲရုံနဲ့ ဆိုင်ကြီးတွေ လုပ်ငန်းတွေမှာ မန်နေဂျာအဖြစ် ကျွန်တော် ဦးစီးဆောင်ရွက် လုပ်ပေးရတာတွေ ရှိသလို ဦးရှိန်လှမောင်က ကိုဝဏ္ဏရေ ... စီးကရက်ကုန်နေလို့ ငါးသုံးလုံးလေးဗျာလို့ ဆိုလိုက်လည်း ကျွန်တော်က ပြေးပြီး ငါးသုံးလုံးကာတွန်းလိုက် ဝယ်ပေးရတာမျိုးတွေလည်း ရှိသပေါ့"

"ဒါတော့ ဘယ်နိပ်မလဲ၊ ဥပမာ ရတနာဆိုင်ကဖြစ်ဖြစ် ပွဲရုံကဖြစ်ဖြစ် စာရေးလောက်ကို စီးကရက်သွားဝယ်ပေးစမ်းကွာဆိုရင် နည်းနည်းတော်သေးတာပေါ့"

"ခက်သားပဲ လေးလေး"

ကိုဝဏ္ဏက ဆက်ပြောသည်။ သို့သော် ခက်သားပဲ လေးလေးဟု ပြောသည့်အသံမှာ မိမိအား ချာပရာစီလို ခိုင်းသဖြင့် ညည်းတွားသော လေသံမျိုးမဟုတ်။ ဤသို့ ချာပရာစီလိုခိုင်းခြင်းကိုပင် ကျေနပ်သလိုလို ကိုဝဏ္ဏ၏ လေသံက ထွက်နေသည်။

"အာစရိ ဦးရှိန်လှမောင်က လူတစ်မျိုးပဲ၊ သူနဲ့အတူ လက်တွဲလုပ်နေတဲ့ လူတွေကို ဘယ်သူ့ကိုမှ ယုံကြည်တယ်လို့ မရှိဘူး၊ ဥပမာ ဆိုပါတော့လေ၊ ခုန ပြောသလို သူမှာ ငါးသုံးလုံး စီးကရက် ကုန်နေလို့ စာရေးအဆင့်အတန်း ခန့်ထားတဲ့လူကိုခိုင်းရင် တကယ်ဝယ်ရတဲ့ ပစ္စည်းအပေါ်မှာ ငါးကျပ် တစ်ဆယ် ပိုပြီး အဲဒီစာရေးက ဖြတ်အုပ်လိုက်မလား၊ ငါးသုံးလုံးအစစ် မရခဲ့ဘဲ အတုတွေပဲ ဝယ်လာမလား၊ အစစ်ဖြစ်နေရင်တောင် ရက်လွန်ပြီး မှိုတက်နေတဲ့ ငါးသုံးလုံးတွေ ဖြစ်မလားဆိုတဲ့ မယုံကြည်စိတ်တွေ သိုး



ထားတယ်၊ အဲ ... ကျွန်တော့်ကို ဝယ်ခိုင်းလိုက်ရင် အဲဒီလို စိုးရိမ်တာတွေ မရှိနိုင်ဘူး။ ကျွန်တော်က စိတ်ချရတယ်ပေါ့လေ၊ အဲဒီသဘောမျိုးပါ လေးလေး"

"ဒီလောက် သိန်းနဲ့ချီပြီး ချမ်းသာနေတဲ့လူက ကိုယ့်ကို ငါးကျပ် တစ်ဆယ် ဖြတ်အုပ်သွားမှာ ပူပင်နေရသတဲ့လား ကိုဝဏ္ဏ"

"အဲဒါကြောင့် အာစရိက လူတစ်မျိုးပါလို့ ပြောတာပေါ့ လေးလေး၊ တကယ်တော့ အာစရိရဲ့စိတ်ဓာတ်မျိုးက သူတစ်ပါးက ဖြတ်အုပ်တာတို့၊ လှည့်ဖြားတာတို့ ဆိုရင် ငါးကျပ် တစ်ဆယ် မပြောနဲ့၊ ငါးပြား ဆယ်ပြားဖိုးတောင် မခံချင်တဲ့စိတ်ဓာတ်မျိုးရှိတယ်၊ နှမြောလို့ မဟုတ်ဘူး၊ ငါ မခံဘူးဆိုတဲ့ သဘောလေ"

"သူကကော ဒီပြင်လူတွေအပေါ်မှာ ဖြတ်မအုပ်ဘူးလား၊ လှည့်ဖြားပြီး မလုပ်ဘူးတဲ့လား၊ ကိုဝဏ္ဏကတော့ ကိုယ့်အာစရိမို့ ကျွန်မပြောတာကို နားမလား မသိဘူး၊ နာချင်လည်း နာပါလေ၊ ကျွန်မအမြင်တော့ ဦးရှိန်လှမောင် ဒီလိုချမ်းသာလာတာကိုက သူတစ်ပါးအပေါ် ဖြတ်အုပ်လို့၊ လှည့်ဖြားနိုင်လွန်းလို့ ချမ်းသာလာတာ ဖြစ်မယ်လို့ပဲ မြင်မိတယ်"

"အာဗျာ ... လေးလေးကလည်း"

"ဆရာထိလို့ နာသွားသလား ကိုဝဏ္ဏ"

"ဘယ်နာရမှာလဲ၊ တကယ်တော့ အာစရိ ဦးရှိန်လှမောင်က သူတစ်ပါးအပေါ်မှာ လှည့်ဖြားမယ်၊ ဖြတ်အုပ်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲ ... သူ့ကျတော့ တစ်ပါးသူက အလှည့်ဖြားမခံရဖို့ ဖြတ်အအုပ်မခံရဖို့ တင်ကြို သတိထားတယ် ဆိုတာကိုက သူ့ရဲ့ကြီးပွားချမ်းသာရေးလုပ်ငန်းမှာ အဓိကသော့ချက်ပဲ"

"ဘာရယ် ..."

"လေးလေး စဉ်းစားကြည့်ပါ၊ ကုန်သည်အလုပ်ဆိုတာက ဝယ်ရင် ဈေးနည်းနိုင်သမျှ နည်းအောင်ဝယ်ရမယ် ရောင်းရင် အများဆုံး ဈေးရအောင် ရောင်းနိုင်ရမယ် ပစ္စည်းအမျိုးအစား မှန်ကန်ကောင်းမွန်ရမယ်၊ ဒီတော့လည်း ဝယ်တဲ့အခါမှာ သူတစ်ပါးကို လှည့်ဖြားရမယ်၊ အလား တူပဲ ရောင်းတဲ့အခါမှာလည်း လှည့်ဖြားရမှာပဲ၊ ဒါဆေ ကုန်သွယ်လယ်လုပ်ဆိုတာဟာ သမ္မာအာဇီဝလို့ပဲ သ မှတ်ကြရတယ် မဟုတ်လား၊ အာစရိ ဦးရှိန်လှမောင်ဟာ အင်မတန် ကုန်သည်ပီသတယ်၊ ကျွန်တော်တောင် သူ့ က လုပ်နည်းကိုင်နည်းနဲ့ အတွေးအခေါ်တွေကို အတု နေရတယ် လေးလေး၊ တကယ်တော်တဲ့လူပါဗျာ"

လေးလေးသည် ဆက်၍မပြောသာပါလေတော့ ကိုဝဏ္ဏသည် ဦးရှိန်လှမောင် အပေါ်တွင် အထင်ကြီးလေး သည်နှင့်အမျှ သူ့အာစရိက သူ့အား ချာပရာစီ လုပ်ခိုင်းသည် ပဲ ဂုဏ်ယူသလိုလို ဖြစ်နေသောကြောင့်ပါတည်း။

"ဒါထက် ဒေါ်ကေသီ တစ်ယောက်လည်း လေး ရောက်လာမှ တော်တော အခြေအနေ တိုးတက်လာ ဒါကိုလည်း အာစရိ ဦးရှိန်လှမောင်က တော်တော်ဝ နေပုံပဲ"



"ကျွန်မ ရောက်လာမှ ကေသီက ဘယ်လိုအခြေအနေ တိုးတက်လာတာကို ပြောတာလဲ ကိုဝဏ္ဏ"

"ကျန်းမာရေးအခြေအနေလေ၊ ဟိုတုန်းကဆို ရယ်ရယ် ပြုံးပြုံး သိပ်မရှိဘူး၊ အိပ်ရာထဲ တခွေခွေနဲ့ လေးလေးလည်း ဒေါ်ကေသီကို တွေ့တွေ့ချင်း ဒေါ်ကေသီ ပြောင်းလဲသွား တာတွေ သတိထားမိမှာပေါ့"

"ကျွန်မတော့ ကေသီ ဘာတွေပြောင်းလဲသွားတယ်ဆိုတာ သတိမထားမိသလောက်ပဲ ကိုဝဏ္ဏ"

"ဟာဗျာ ... ကျွန်တော့်အာစရိ ဦးရှိန်လှမောင်ဆီမှာ အလုပ် ဝင်လုပ်တာ နှစ်နှစ်ရှိပြီ၊ ကျွန်တော် အလုပ်ဝင်စကဆိုရင် ဒေါ်ကေသီဟာ အခုထက်ပိုပြီး စိုပြည်တယ်၊ ပိုပြီးလှတယ်၊ နောက်ပြီး ပျော်ပျော်ရွှင်ရွှင် နေတတ်တယ်၊ ပါတီပွဲတွေ အာစရိနဲ့အတူ လိုက်တက်ဖို့ရော၊ အိမ်ကြီးမှာ ပါတီပွဲတွေ၊ ညစာစားပွဲတွေ ခဏခဏလုပ်ဖို့ရော သိပ်စိတ်အားတက်သန် နေတာ"

"အခုလည်း ကေသီဟာ လှနေတာပါပဲ"

"ဘာဟုတ်မလဲ၊ ဟိုတုန်းက ဒီထက်အများကြီး ပိုလှတာ ပေါ့၊ လေးလေးနဲ့ ငယ်သူငယ်ချင်းပဲ၊ ဟိုတုန်းက လှပုံလှ နည်းက အခု လေးလေး လှသလိုမျိုးလှတာ၊ အဲဒါကို လေးလေး သတိမထားမိဘူးလား"

လေးလေးက စကားမများဖို့ သတိထားရန် ကိုယ့် ကိုယ် ရင်ထဲမှ သတိပေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကေသီနဲ့ ကျွန်မ ကွဲသွားတာ ကြာပြီပဲ၊ ဒီလောက်ကြာတော့လည်း ဒီလောက် ပြောင်းလွဲမှာပဲလေလို့ အမှတ်တမဲ့ပဲ ကိုဝဏ္ဏ၊ နောက်ပြီး သူက အိမ်ထောင်သည်ဆိုတော့ အိမ်ထောင်ကျပြီးတဲ့နောက်မှာ ဒီလောက်တော့ ကျသွားမှာပေါ့"

"ဘယ်ဟုတ်မလဲ ... သားသမီးမှ မထွန်းကားတာ၊ သားသမီး မထွန်းကားတဲ့ အမျိုးသမီးက အိမ်ထောင်ကျရုံနဲ့ ဒီလောက်ကျမသွားပါဘူး"

လေးလေးက မသိမသာ ပြုံးလိုက်မိသည်။ ကိုဝဏ္ဏသည် မိန်းမကျမ်းကျေသူပေပဲလားဟူသော အပြုံးမျိုးဖြစ်ပါ၏။

"အမှန်တော့ ဒေါ်ကေသီဟာ ပဲခူးဟသ်ာကုန်း အေးရိပ်ငြိမ်မှာ ဖြစ်ပျက်လာပြီးတဲ့နောက်ကျမှ အခုလို ပြောင်းလွဲသွားရှာတာပါ၊ လူတစ်ယောက်ကို သတ်မိတာရော၊ နှိမ်နှိမ်းယားဒဏ်ခံလိုက်ရတာကြောင့်ရောလေ"

"အေးရိပ်ငြိမ်မှာ လူတစ်ယောက် သတ်ခဲ့မိတဲ့အတွက် ကေသီ့ကို ဘယ်သူကမှ ဆိုးတယ်လို့မပြောကြဘူး ကိုဝဏ္ဏ၊ နောက်ဆုံး ရဲကတောင် ကေသီ့မှာ ဘာအပြစ်မှ မရှိဘူးဆိုပြီး အရေးမယူခဲ့တာပေါ့"

"ဟုတ်ပါတယ် လေးလေး၊ ဒေါ်ကေသီမှာ အပြစ်မရှိပါဘူး၊ အေးရိပ်ငြိမ်ကို ဒေါ်ကေသီ ရောက်သွားတဲ့အခြေအနေမျိုးနဲ့ တခြား ဘယ်မိန်းမသားမဆို ရောက်သွားရင် ဒီလိုပဲ လူဆိုးကို ပစ်သတ်မိမှာပါ"



"လူဆိုး ... ဟုတ်လား၊ အသတ်ခံလိုက်ရတဲ့လူက လူဆိုးလို့ ဆိုရအောင် သူ့ဆီမှာ ဘာလက်နက်မှ မတွေ့ရဘူးလို့ ရဲက ပြောတယ်ဆို၊ နောက်ပြီး သေသူရဲ့အိတ်ထဲကသော့တွဲဟာလည်း အေးရိပ်ငြိမ်ကို ဖွင့်နိုင်တဲ့ သော့တွဲတွေ ရှိနေတာယ်ဆို"

"ထောင်ထွက် တစ်ယောက်ဆိုတဲ့ နောက်တော့ လူဆိုးပဲ ဖြစ်ရမှာပေါ့၊ နောက်ပြီး သူ့မှာက မျက်နှာဖုံးတွေ ဘာတွေ ဆောင်ထားတာပဲ၊ ဒေါ်ကေသီလို မိန်းမသားတစ်ယောက်တည်းကို လူဆိုးက ဘာလက်နက်မှ မကိုင်ဘဲ လွယ်လွယ် ချုပ်ကိုင်နိုင်မယ်လို့ ထင်တာမို့ လက်နက်မကိုင်တာဖြစ်မယ်၊ နောက်ပြီး သော့ဆိုတာက ..."

ကိုဝဏ္ဏသည် စကားမဆုံးလိုက်ပါလေ၊ ကိုဝဏ္ဏ၏ မျက်လုံးတို့သည် စကားပြောရင်းမှပင် ဟိုတယ်၏ဝင်ပေါက်ဆီသို့ မျက်လုံးရောက်သွားပြီး တစ်စုံတစ်ခုကို မြင်လိုက်သည့်အတွက် ပြောလက်စ စကား ရပ်သွားသည်မျိုး ဖြစ်ပါ၏။

ဘာရယ်မဟုတ် လေးလေးကလည်း ကိုဝဏ္ဏ၏ ရုတ်တရက်ခြားသော အသွင်ကြောင့် ကိုဝဏ္ဏ ကြည့်ရာသို့ လှမ်းကြည့်လိုက်မိသည်။

လူတစ်ယောက် ဝင်လာခြင်း ဖြစ်ပါ၏။ နေကာမျက်မှန်တပ်ထားပြီး ထောင်ထောင်မောင်းမောင်း;ရှိသော လူတစ်ယောက်ပါတည်း။

"ဟေး ... ဓေယျာအောင်"

www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏက ထိုလူအား အသံပြုလိုက်သည်။ ထိုလူက ကိုဝဏ္ဏ၏ အသံထွက်လာရာ စားပွဲသို့ လှမ်းကြည့်လိုက်သည်။

"ဟ ... ဝဏ္ဏ ပါလား"

ပြောပြောဆိုဆို ကိုဝဏ္ဏနှင့် လေးလေးရှိရာသို့ လျှောက်လာခဲ့သည်။

"ကြည့်စမ်း ... တို့တစ်တွေ ရန်ကုန်မှာနေကြပြီး မတွေ့တာ သုံးလေးနှစ်တောင် ရှိရော့မယ်၊ လာကွာ ... ထိုင်၊ မင်း မနက်စာ ဟဲမလို့ မဟုတ်လား ဖေယျာအောင်၊ ငါ မှာထားပြီးပြီ၊ အတူတူ ဝိုင်းစားမယ်လေ"

"လုပ်ပါ ဝဏ္ဏ၊ မင်းဟာမင်း ဆက်လုပ်ပါ၊ မင်းမှာ ဧည့်သည်ပါနေတာပဲ၊ ငါ ဒီပြင်စားပွဲမှာ ထိုင်လိုက်မယ်"

"လုပ်မနေနဲ့ သူငယ်ချင်း၊ ဟောဒီ လေးလေးက ဧည့်သည် မဟုတ်ပါဘူး၊ ငါနဲ့ လုပ်ဖော်ကိုင်ဖက်ပါ၊ ထိုင်ပါကွာ"

"ဒါဆို မင်းတို့ နှစ်ယောက်လုံးဟာ ဦးရှိန်လှမောင်ရဲ့ အ... နေဝါသိက တပည့်ရင်း ဆရာရင်းတွေပေါ့"

ဖေယျာအောင်က ရယ်မောရင်းပင် ကုလားထိုင်တွ... ဝင်ထိုင်လိုက်သည်။

လေးလေးက ဖေယျာအောင် ပြောလိုက်ပုံကို ရင်... တွင် အောင့်သက်သက်တစ်မျိုး ခံစားလိုက်ရပါ၏။ သို့သော် ယခု စက္ကန့်ပိုင်းသာ တွေ့ရသေးသော သူစိမ်းမို့ ဘာမျှပြန်မ... ဘဲ အောင့်အည်းလိုက်ရင်း တခြားသို့ မျက်နှာလွှဲလိုက်သည်။

"နေပါဦး ဖေယျာကြီးရဲ့၊ ငါ ဦးရှိန်လှမောင်ဆီမှာ အ... ဝင်လုပ်နေတာလည်း မင်းက သိနေတာပဲလား"



"သိပ်သိတာပေါ့ကွာ၊ ရွှေဘုံသာလမ်းက ရတနာဆိုင်ကြီးကို ဦးစီးနေတာရော၊ ပွဲရုံကြီးတွေ ဦးစီးနေတာရော၊ တစ်ခါတလေ ဦးရှိန်လှမောင်ရဲ့ကားကြီးစီးပြီး မင်း ဘဏ်တိုက်သွားတာရော၊ ဟဲ ... ဟဲ ... ဦးရှိန်လှမောင်အတွက် နိုင်ငံခြားအရက်ပုလင်းတွေ သွားဝယ်တာရော၊ စီးကရက် ကာတွန်းလိုက် သွားဝယ်တာရော ငါက သိရုံမကဘူး၊ မြင်မြင်နေတာပဲ သူငယ်ချင်း"

"ကြည့်စမ်း ... အဲဒီလိုတွေ မြင်နေလျက်နဲ့တောင် ငါ့ကို မင်းက လှမ်းမခေါ် လှမ်းနှုတ်မဆက်ဘူးလားကွာ"

ဖေယျာအောင်က သူ၏ကျယ်ပြောသော ပခုံးကြီးကို တွန့်ပြလိုက်သည်ကို လေးလေးက သတိထား မြင်တွေ့လိုက်သည်။ သူ့ရုပ် သူ့ခန္ဓာကိုယ် အချိုးအစားနှင့် သူ့ပခုံး တွန့်ပြပုံ... တော်တော်ကြည့်ကောင်းသည်ဟုလည်း လေးလေး ရင်ထဲမှ ...ချက်ပြုမိသည်။ အထူးသဖြင့် လေးလေး ကိုယ်တိုင် ဤသို့ ...တာထိ ပခုံးတွန့်တတ်သော အကျင့်ရှိသည်မို့ ဖေယျာအောင် ...သူ ပခုံးတွန့်လိုက်ခြင်းကိုပင် သဘောကျသလိုလိုလည်း ခံစား...ရပါ၏။

"မင်းကို ငါ ခဏခဏ တွေ့ပါတယ် ဝဏ္ဏ၊ လှမ်းမခေါ် လှမ်းနှုတ်မဆက်တာက မင်း အင်မတန်မက်မောနေတဲ့ သခန့် အလုပ်လေး ထိခိုက်သွားမှာစိုးလို့ပါ၊ မင်းကိုငဲ့ညှာလို့ပါ"

"ဘာကွ ဖေယျာအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... ဦးရှိန်လှမောင်က သူ့လူတွေကို အမြဲ မျက်ခြည်မပြတ် ကြည့်နေတတ်တဲ့လူမျိုး မဟုတ်လား၊ ငါနဲ့ မင်းနဲ့ အပေါင်းအသင်းမှန်း သိသွားရင် ဦးရှိန်လှ မောင်က မင်းကို ဒေါ်ပွသွားမှာ၊ ငါကငဲ့ညာတယ် ဆိုပါ တော့ကွာ"

"ဘာဆိုင်လဲကွ၊ တို့က ကျောင်းနေဖက် သူငယ်ချင်းပါ ဟာ"

"မင်းက အလုပ်မှာ ကျိုးနွံတယ်၊ တာဝန်ကျေတယ်၊ ဦးရှိန် လှမောင် အမြင်နဲ့ဆို မင်းဟာ သူ့အတွက် လူတော်လူ ကောင်း၊ အလုပ်သမားကောင်းပေါ့ကွာ၊ ငါက တစ်ရာ့တစ် တစ်ရာ့တစ်ဆယ်၊ ဘာအလုပ်မှ မည်မည်ရရ မလုပ်ဘူး နောက်ပြီး ဟော့ဟော့ရမ်းရမ်းလေးတွေလည်း 'လုပ်တတ် တယ်၊ ငါ့လိုကောင်နဲ့ သူ့လူတော်လူကောင်း အလုပ်သမား မင်းဟာ အပေါင်းအသင်း ဖြစ်နေရင် ငါ့မာတ်တွေ မင်း ကိုကူးသွားမှာ ဦးရှိန်လှမောင်က ပူရှာပင်ရှာမယ် သူငယ် ချင်း"

"မဆိုင်တာကွာ၊ မင်းက ဘော်ဇာပဲ၊ ဘာအလုပ်မှမလုပ်ဘဲ တစ်သက် ထိုင်စားမကုန်တဲ့ လူပဲ၊ နောက်ပြီး မင်းဟာ ကလေမှ မဟုတ်တာ၊ ငါ့လို တက္ကသိုလ်က ဘွဲ့ရပြီးသား တစ်ယောက်ပဲဟာ"

"အေးလေ၊ ငါနဲ့ပေါင်းမိလို့ မင်း အကျိုးမထိခိုက်ဘူး ရင် ပြီးရောပေါ့ ဝဏ္ဏ၊ ဒါပေမဲ့ ငါထင်တာတော့ ငါ့ ကောင်ကို ဦးရှိန်လှမောင်လို လူက သဘောကျ



မဟုတ်ဘူးကွ၊ အခုတောင် မင်းနဲ့ငါနဲ့ ဒီဟိုတယ် ဒီစားပွဲ မှာ အတူတူ ထိုင်နေကြတယ်လို့ သူ့လူတစ်ယောက် ယောက်က ဦးရှိန်မောင်လှဆီ အကြောင်းလိုက်လိမ့်မယ် ထင်တာပဲ"

"မဟုတ်တာကွာ"

"မဟုတ်လည်း ပြီးရောလေ၊ ဦးရှိန်လှမောင်က ရှဲဒိုးလုပ် တတ်တဲ့အကျင့် တော်တော်ရှိတယ်လို့ ငါကြားဖူးထားလို့ ပါ၊ သူ့လူတွေ သူ့ကွယ်ရာမှာ ဘာတွေ လုပ်နေတယ် ဆိုတာကို သူက သူ့လူကိုပဲ ပြန်ပြီး နောက်ယောင်ခံချင် ခံနိုင်မယ့် လူမျိုးဆိုလားလို့"

ကိုဝဏ္ဏသည် ဇေယျာအောင်ကို ငေးကြည့်ရတော့ သည်။ ဇေယျာအောင်သည် ဦးရှိန်လှမောင်၏ အလေ့အကျင့်တွေ ကိုတောင် သိနေပါလားဟု အံ့ဩသော အကြည့်ဖြင့် ကြည့်မိခြင်း ဖြစ်သည်၊ အကြောင်းမှု ကိုဝဏ္ဏ သိထားသလောက် စီးပွားရေး အရဖြစ်ဖြစ်၊ လူမှုရေးအရဖြစ်ဖြစ် ဦးရှိန်လှမောင်နှင့် ဇေယျာအောင် ကြား မည်သို့မျှ အဆက်အစပ်မရှိသောကြောင့် ဖြစ်ပါ၏။

လေးလေးကလည်း ဇေယျာအောင်အား ခိုးကြောင် ခိုးဝှက်မျိုး မဟုတ်ဘဲ တည့်မတ်စွာပင် ကြည့်လိုက်သည်။ ပြီး လေးလေး ရင်ထဲမှာ ဇေယျာအောင်၏ ပြောပုံဆိုပုံကို သဘောကျ ခဲ့ရှိသည်။ အကြောင်းမှု လေးလေး ကိုယ်တိုင်ကမှု ဦးရှိန်လှ မောင်အား ရင်ထဲမှ မနှစ်သက် မလိုလား ဖြစ်နေသည်။ ယခု ထိုကဲ့သို့ ဦးရှိန်လှမောင်အား မလိုလားသော ဇေယျာအောင်နှင့် ခင်မင်သောချင်း တူညီသွားမှုကြောင့် ဇေယျာအောင်အား သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျမိခြင်း ဖြစ်ကောင်းဖြစ်မည်။ ကိုဝဏ္ဏကတော့ ဖွတ်။ ဦးရှိန်လှမောင်ကိုပင် ကိုဝဏ္ဏက ကိုးကွယ်ရာ ဆည်းပူးရာဟု ထင်နေသူ ဖြစ်သောကြောင့် ကိုဝဏ္ဏအား လေးလေး သဘောမတွေ့လှ။ အမှန်တော့ ကိုဝဏ္ဏက နံနက်စာ ထမင်းစားဖိတ်သည်ကို လက်ခံစဉ်က ဦးရှိန်လှမောင်၏ အတွင်းကျကျ အကြောင်းကိစ္စလေးတွေကို ကိုဝဏ္ဏထံမှ မသိမသာ အစ်အောက်ပြီး သိရလိုသိရငြား စိတ်ဖြင့်လက်ခံခဲ့ခြင်းဖြစ်သည်။

စကားစပ်ပြီး ပြောသောအခါ ကိုဝဏ္ဏသည် ဦးရှိန်လှမောင်အား ဟိမဝန္တာချီးမွမ်းခန်း ဖြစ်နေသောကြောင့် ဘဝင်မကျ ဖြစ်နေရစဉ် ဇေယျာအောင် ရောက်လာခြင်း ဖြစ်ပါလေတော့သည်။

"သြော် ... သူငယ်ချင်း၊ မိတ်ဆက်ပေးရဦးမယ်၊ အဲဒါ မလေးလေးတဲ့၊ ဦးရှိန်လှမောင်ရဲ့မစ္စစ် ဒေါ်ကေသီရဲ့သူငယ်ချင်းလေ၊ မန်းတက္ကသိုလ်က မြန်မာစာအမိကနဲ့ ဝိဇ္ဇာဘွဲ့ရပြီးသား၊ ရန်ကုန်မှာ အလုပ်ဆင်းရှာရင်း ဒေါ်ကေသီနဲ့ တွေ့ပြီး ကမ္ဘာအေးလမ်းအိမ်ကြီးမှာ ခဏတည်းခိုနေတယ် ပေါ့ကွာ"

ဇေယျာအောင်က လေးလေးကို ပြုံးပြသည်။ မရှိုင်းသွားရုံလေး ခေါင်းညိတ်ပြသည်။

"အမြင်ကတ်လိုက်တာ"

လေးလေးက ဇေယျာအောင်၏ ခေါင်းအညိတ်နှင့် အပြုံးကိုကြည့်ကာ ရေရွတ်လိုက်မိသည်။ ဇေယျာအောင်လုပ်ပုံမှာ ကိုဝဏ္ဏက မိတ်ဆက်ပေးနေသဖြင့် မလွှဲသာ မရှောင်သာ လက်ခံနားထောင်ပြီး ဝက်ကျေတမ်းကျေ လုပ်ပြနေပုံရသည်။



လေးလေးအား စိတ်ဝင်စားပါသည်ဆိုသည့် အမူအရာကို လုံးဝမရှိ။ လေးလေး အတွေ့အကြုံအရ သူတစ်စိမ်း ယောကျ်ားမျိုးတစ်ဦးဦးဖြင့် မိတ်ဆက်ခံရပြီဆိုလျှင် ယင်းယောကျ်ားမျိုးသည် လိုလိုလားလား၊ ပျူပျူငှာငှာဖြင့် ပြန်လည်မိတ်ဆွေဖွဲ့သည်မျိုးချည်း ကြုံခဲ့ရသည်။ ယခု ဇေယျာအောင်သည် လေးလေးအတွက် ပထမဆုံး တွေ့ရဖူးသော ဘာမထိ လူထူးဆန်း ဖြစ်နေတော့သည်။

"သူကတော့ ဇေယျာအောင်တဲ့ လေးလေး၊ ကျွန်တော်နဲ့ အတူတူ စီးပွားရေးတက္ကသိုလ်မှာ လေးနှစ်လုံးလုံး အတူနေခဲ့ပြီး ဘွဲ့ယူခဲ့တယ်၊ သူ့အဘိုးအဘွားတွေ လက်ထက်က စပြီး ..."

ဇေယျာအောင်က ကိုဝဏ္ဏ၏ပခုံးကို လှမ်းပြီး ဆတ်ခနဲ ပုတ်လိုက်သည်။

"တော်ပြီကွာ ဝဏ္ဏ၊ မိတ်ဆက်တယ်ဆိုတာ သူ့နာမည်၊ ကိုယ့်နာမည် သိသွားရင် ပြီးတာပဲ၊ ဘယ်လိုမိတ်ဆက် မိတ်ဆက် တစ်ယောက်နဲ့တစ်ယောက် နောက်ထပ် ဖတ်သက်စရာမှ မရှိတာ၊ ဒီဟိုတယ်ပေါ်က စားသောက်ပြီးလို့ ဆင်းသွားတာနဲ့ သူ့လမ်းသူသွား။ ကိုယ့်လမ်း ကိုယ်သွားပဲ၊ ဘာလို့ အဘိုးအဘွားတွေ ဆွဲထည့်ပြီး မိတ်ဆက်နေမှာလဲ၊ အပိုတွေကွာ"

ဝဏ္ဏ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ လေးလေးကလည်း မျက်နှာကို သိသိသာသာကြီးပင် တခြားဘက်သို့ လှည့်လိုက်သည်။ လေးလေး သိသိသာသာကြီး မျက်နှာလွှဲလိုက်ခြင်းကို ဇေယျာအောင်က သတိထားမိပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ကိုဝဏ္ဏ မှာထားသော စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်။ စားသောက်ဖွယ်ရာများကို စားပွဲထိုးက စားပွဲပေါ်တွင် ချပေးနေစဉ်မှာပင် အခြားစားပွဲထိုးတစ်ဦးသည် ဟိုစားပွဲဝင်လိုက် ထွက်သွားလိုက်၊ သည်စားပွဲဝင်လိုက် ထွက်သွားလိုက်ဖြင့် တစ်စုံတစ်ခု လိုက်ပြောနေဟန်တူသည်။

ကိုဝဏ္ဏတို့စားပွဲသို့ အဆိုပါ စားပွဲထိုးရောက်လာသည်။

"ကိုဝဏ္ဏဆိုတာ ဒီစားပွဲမှာများ ရှိပါသလား ခင်ဗျာ"

"ကျွန်တော်ပဲ ဝဏ္ဏဆိုတာ၊ ဘာကိစ္စများ ရှိလို့လဲဗျာ"

"မန်နေဂျာဆီကို ဖုန်းလာနေပါတယ်၊ ဦးရှိန်လှမောင်ဆိုတဲ့ ပုဂ္ဂိုလ်က ခုချိန်ဆို သမ္မတဟိုတယ်မှာ ကိုဝဏ္ဏဆိုတဲ့ လူ မနက်စာစားဖို့ ရောက်နေပါတယ်တဲ့၊ အရေးကြီးတဲ့ ကိစ္စလေးတစ်ခုရှိလို့ လာခေါ်ပေးပါဆိုလို့ပါ"

"ဟုတ်ကဲ့"

ကိုဝဏ္ဏ ချက်ချင်းထသည်။ လေးလေးနှင့် ဓေယျာအောင်ကိုပင် ဘာမျှမပြောနိုင်ဘဲ ပျာပျာသလဲပင် စားပွဲထိုးခေါ်ရာနောက်သို့ ကောက်ကာငင်ကာ လိုက်သွားသည်။

ကိုဝဏ္ဏ ပျာပျာသလဲနှင့် ထွက်သွားသည့် နောက်ကျောပိုင်းကို ဓေယျာအောင်က ကြည့်ရင်း သူ့ဟာသူ တဟဲဟဲ အသံထွက် ရယ်လိုက်သည်။

"ဒီကောင် ဝဏ္ဏလိုကောင်မျိုး ရှိတော့ရှိတယ်၊ ဒါပေမဲ့ရှားတယ်၊ တကယ့်ကောင် ... ဆရာသမားကို ရှိသေတဲ့နေရာမှာ နှစ်ယောက်ရှိဖို့ မလွယ်ဘူး"



လေးလေးက မကြားချင်ဟန်ဆောင်နေလိုက်သည်။ ဓေယျာအောင်လိုလူနှင့် စကားလက်ဆုံကျချင်စိတ်လည်း လေးလေးတွင် ကုန်ခန်းနေသည်။ သူပြောသလိုပင် အခု ဟိုတယ်လှေကားကဆင်းပြီး လမ်းပေါ်ရောက်သည်နှင့် သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား။ နောက်ထပ် ဆုံစရာ တွေ့စရာမရှိ။ ဘာလို့လေ ကုန်ခံပြီး စကားလက်ဆုံကျမည်တဲ့လဲ။

လေးလေးက သူ့အား စကားပြန်မပြောသည်ကိုလည်း ဓေယျာအောင်က သိပ်အမှတ်သညာထားပုံ မရှိ၊ ဇွန်းနှင့်ခက်ရင်းကို ကောက်ကိုင်လိုက်သည်။

"ဆာပြီဗျာ ... စားတော့မယ်"

သူ့ဟာသူပင် စ,စားတော့သည်။ လေးလေးက ကိုဝဏ္ဏ ထွက်သွားရာဆီသို့ လှမ်းကြည့်နေသည်။ ကိုဝဏ္ဏက အကြောင်းပြု ဖိတ်ခေါ်ထားသည်မို့ ကိုဝဏ္ဏ ပြန်အလာကို မျှော်သည်လည်းပါသည်။ နောက်တစ်ချက်က ဓေယျာအောင်ကို တမင်မျက်နှာလွှဲထားချင်သောကြောင့်လည်း ကိုဝဏ္ဏ ထွက်သွားရာဘက်သို့ မျက်နှာကြည့်နေမိခြင်း ဖြစ်ပါ၏။

"ဒီမယ် ... မလေးလေး၊ စားနှင့်ပါဗျ၊ ဝမ်းချင်းဆုံတာမှ မဟုတ်တာ၊ ဒီကောင် ပြန်လာရင် သူ့ဟာသူ စားလိမ့်မပေါ့"

လေးလေးက ဘာမျှမပြော။ ဓေယျာအောင်ကို [illegible]ည့်လည်းမကြည့်။ တစ်ခဏအတွင်းမှာပင် ဆောစောက လာခေါ်[illegible] စားပွဲထိုး လေးလေးထံသို့ ပြန်လာပြီး လက်ထဲမှ [illegible]ရွက် [illegible]းတစ်ရွက် ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ...

အာစရိ ဦးရှိန်လှမောင်က အရေးသိပ်ကြီးတဲ့ကိစ္စ တစ်ခု ချက်ချင်းပေါ်လာလို့ ကျွန်တော့်ကို လှမ်းခေါ်တာပဲ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။

ဖေယျာကြီး ...

လေးလေးကို ငါ သိပ်အားနာသွားရပြီ။ မင်းပဲ ငါ့ကိုယ်စား လေးလေးကို ပြုစုပေးပါကွာ၊ ငါ မှာထားသမျှ ဘီလ်ကို မန်နေဂျာဆီမှာ ရှင်းခဲ့ပါတယ်။

ဝဏ္ဏ"

လေးလေးက စာဖတ်ပြီးသည်နှင့် ထိုင်ရာမှထရပ်သည်။ ပြန်ထွက်သွားဖို့ စိတ်ကူးလိုက်သောကြောင့် ဖြစ်ပါ၏။

"ဘာလဲဗျ ... ဘာတွေ ဖြစ်ကုန်တာလဲ၊ ကျွန်တော်ဘာမှ မသိရဘူးလား"

ကိုဝဏ္ဏ၏စာထဲတွင် ဖေယျာအောင်ကို ညွှန်းပြီး ခေါင်းစီးတပ်ရေးထားသည်လည်း ပါရှိသည်။ ဤစာကို ဖေယျာအောင်ကို ပေးဖတ်ရမည့် ဝတ္တရားရှိနေသည်ဟု သဘောပေါက်သည်။ စကားတစ်လုံးမျှ မပြောဘဲ စာကို ဖေယျာအောင်၏ရှေ့သို့ ချပေးလိုက်သည်။

ဖေယျာအောင် စာဖတ်နေစဉ်မှာပင် လေးလေးထွက်လာခဲ့သည်။

ခြေလှမ်း လေးငါးလှမ်းသာ လှမ်းရသေးသည်၊ နောက်မှ ငှက်ကြီးဝံပို ခြေလှမ်းမျိုးဖြင့် ချက်ချင်း ဖေယျာအောင် လိုက်မီလာကာ လေးလေးရှေ့တွင် ပိတ်ကာရပ်လိုက်သည်။



"လာဗျာ၊ ကျွန်တော်နဲ့ပဲ ထမင်းအတူတူစားပါ မလေးလေး"

"ဟင့်အင်း ... ကျွန်မ သွားတော့မယ်"

"အဲဒီလို မလုပ်နဲ့လေ၊ ဝဏ္ဏ စာထဲမှာ ကျွန်တော်က မလေးလေးကို သူ့ကိုယ်စား ပြုစုပေးဖို့ ရေးထားတယ်၊ ဒီကောင့်ကို သဘောမကျပေမယ့် သူငယ်ချင်းချင်း ဝတ္တရား ကျွန်တော့်မှာ ရှိနေတယ်"

"ကျွန်မမှာ ဘာဝတ္တရားမှ မရှိဘူး၊ ကိုဝဏ္ဏ အမိန့်ကိုနာခံစရာလည်း မလိုဘူး"

"လာပါဗျာ၊ တခြားစားပွဲကလူတွေ ကြည့်နေတယ်"

"ကြည့်ကြည့်ပေါ့၊ ကျွန်မ ပြန်မယ်"

"မပြန်ရဘူးဗျာ၊ ထမင်းအတူစားပြီး ခင်ဗျား ပြန်ချင်တဲ့နေရာထိ ကျွန်တော် လိုက်ပို့ပေးမယ်"

"မလိုပါဘူး၊ ကျွန်မမှာ ခြေထောက်ရှိနေတာပဲ"

"ဟ ... တကယ့် ခွစာပါလား၊ ကဲ ... ကျုပ်ပြောမယ်၊ ပြောတဲ့အတိုင်းလည်း တကယ်လုပ်မှာနော်၊ ခင်ဗျား ကျွန်တော်နဲ့ စားပွဲပြန်လိုက်ခဲ့ပါ၊ မလိုက်ရင် ကျွန်တော်က အတင်းလက်ဆွဲခေါ်မယ်"

"ရမလား၊ မင်းမဲ့တိုင်းပြည်လား"

"ဒါဆို နောက်တစ်လှမ်း အပြင်ဘက်ကို လှမ်းကြည့်လေ၊ လှမ်းတာနဲ့ ကျုပ်က လက်ဆွဲပြီးသားပဲ၊ နောက်ပိုင်းဖြစ်လာတဲ့ ပြဿနာကို ကျုပ်ဟာကျုပ် ကြည့်ရှင်းမယ်"

လေးလေး နည်းနည်းကြောက်သွားသည်။ ဖေယျာအောင်ကို ဘယ်လိုလူစားလဲဟူသော အကြည့်ဖြင့် မော့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဇေယျာအောင်၏ မျက်နှာတွင် တကယ်လုပ်မယ် ဟူသော အမူအရာတွေ ရှိနေသည်။ တကယ်လုပ်လာလျှင် မိမိက မိန်းမသား။ သမ္မတဟိုတယ်မျိုးပေါ်တွင် လူစုံသည်။ မိမိပင် အရင်ဦးစွာ အရှက်ရမည်။ သူလုပ် သူခံဆိုသည့်က ဒုတိယကိစ္စ။

"ရှင့်ကို ကျွန်မ မုန်းတယ်"

"ဘယ်သူကကော ချစ်ပါ ကြိုက်ပါလို့ လူမျိုးစကားပြောနေတာမို့ အဖြေပေးနေတာလဲ၊ အခုကိစ္စက ဝဏ္ဏက သူ့ကိုယ်စား ဆောင်ရွက်ပေးပါဆိုလို့ သူငယ်ချင်းကောင်းပီသစွာ ဆောင်ရွက်နေတာ"

"ရှည်မနေနဲ့၊ လာ ... သွားမယ်"

ထမင်းစားပွဲသို့ လေးလေး ပြန်လိုက်လာသည်။ နဂိုထိုင်ခဲ့သော ကုလားထိုင်တွင် ပြန်ထိုင်သည်။ ဇေယျာအောင်ကလည်း သူ၏ကိုင်လက်စ နေရာမှာပင်ထိုင်ကာ ဇွန်းခက်ရင်းကို ပြန်ကိုင်သည်။

"စားလေဗျာ"

"စားချင်စိတ်မှ မရှိတော့တာ"

ဇေယျာအောင် သူ့လက်ထဲမှ ဇွန်းနှင့် ခက်ရင်းကို အသာပင် ချထားလိုက်သည်။ လေးလေး၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်သည်။ လေးလေးကလည်း မနိုင်၍ သည်းခံလိုက်ရခြင်း မျက်နှာအမူအရာနှင့်ပင် ဇေယျာအောင်ကို ပြန်ကြည့်နေသည်။

ဇေယျာအောင်က သူ၏လက်တွင် ပတ်ထားသော နာရီကို ကြည့်လိုက်ပြန်၏။



"ဆယ်နှစ်နာရီ ထိုးနေပြီ၊ ဒီအချိန်ဆို ဘယ်မြန်မာလူမျိုး မဆို မနက်စာ ထမင်းဆာတဲ့အချိန်ပါ မလေးလေး၊ ကျုပ် တောင်းပန်ပါတယ်ဗျာ၊ စားပါ"

လေးလေးက မတုန်မလှုပ်ပင် နေလိုက်သည်။

"ကျွန်တော့်ရဲ့အပြုအမူနဲ့ အပြောအဆိုတွေ ရိုင်းသွားမှန်း ကိုယ့်ဟာကိုယ် ပြန်သုံးသပ်မိပါတယ်၊ အမှန်တော့ အရှိန်နဲ့ပါသွားတာပါ မလေးလေး"

အရှိန်နဲ့ ပါသွားတာပါဆိုသော စကားကို လေးလေး စားမလည်။ အဓိပ္ပာယ်မကောက်တတ်သဖြင့် ပဟေဠိအဖြေရှာသော မျက်လုံးမျိုး ပေါ်လွင်သွား၏။

"ကျွန်တော် ရှင်းပြမယ်၊ အဓိကတော့ ဝဏ္ဏနဲ့ကျွန်တော်ဟာ ကျောင်းမှာ ခင်မင်တဲ့ သူငယ်ချင်းပါ၊ အဲ ... ဦးရှိန်လှမောင်လို လူကျတော့ ကျွန်တော်က မကြိုက်ဘူး၊ မနှစ်သက်ဘူး၊ ပုဂ္ဂိုလ်ရေးအရ ဦးရှိန်လှမောင်နဲ့ ကျွန်တော့်မှာ မလိုတမာဖြစ်စရာ ကိုယ်ရေးကိုယ်တာပိုင်း မရှိပါဘူး။ ပြောကြစတမ်းဆိုရင် ဦးရှိန်လှမောင်နဲ့ ကျွန်တော်ဟာ စကားတောင် မပြောဖူးဘူး၊ ကျွန်တော်ကသာ သူ့ကိုသိသမယ့် သူက ကျွန်တော့်ကိုတောင် သိမယ်မထင်ပါဘူး၊ ဒါပေမဲ့ ဦးရှိန်လှမောင်ရဲ့စိတ်နေသဘောထားတွေ၊ လုပ်ငန်းပိုင်းမှာ လုပ်နည်းလုပ်ငန်တွေဟာ ကျွန်တော့်မျက်စိ စပါးမွေးစူးစေတယ်၊ ဦးရှိန်လှမောင်သာ မကပါဘူး၊ သူ့လိုလူစားတွေဆို ကျွန်တော်က မျက်စိစပါးမွေးစူးတာချည်းပဲ၊ ဒီအထဲမှာ ဝဏ္ဏက ဦးရှိန်လှမောင်ဆီမှာ လခစားကောင်းလို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်လုပ်တယ်ဆိုတဲ့ သဘောနဲ့ ဝင်လုပ်ပေးနေတယ်၊ ဝင်လုပ်ပေးရုံမကဘူး၊ ဒီကောင် ဝဏ္ဏက ဦးရှိန်လှမောင်လို လူကို ဆရာတစ်ဆူ ကိုးကွယ်နေတယ်၊ အဲဒါကို သူငယ်ချင်းချင်း ခင်မင်တဲ့အနေနဲ့ မကျေမနပ် ဖြစ်နေတာပါ၊ ဒီကနေ့ မလေးလေးကို ကျွန်တော် ခပ်ရိုင်းရိုင်းလေး ပြောဆိုဆက်ဆံမိတာဟာ ဟိုဘက်ကို မကျေနပ်တဲ့အရှိန်ဟာ ဒီဘက်ထိ ပါလာတဲ့ သဘောပါ၊ ဒါလောက် ရှင်းပြရင် မလေးလေး ကျွန်တော့်ကို ကျေနပ်ပါ၊ ခွင့်လွှတ်ပါတော့လားဗျာ"

"ဘာလဲ … ထိပ်ခေါက်ပြီးမှ ဘွာခတ်တာလား"

ဇေယျာအောင် ပြုံးသည်။

"မလေးလေး မြန်မာစာအဓိပ္ပာယ်နဲ့အောင်တာ မဆန်းဘူး၊ ဝန်ခံလိုက်ပါ့မယ်ဗျာ၊ ထိပ်ခေါက်ပြီးမှ ဘွာခတ်ရုံမကပါဘူး ထိပ်ခေါက်ပြီးမှ ကန်တော့တယ်လို့ပါ ထားလိုက်ပါတော့"

လေးလေး ပါးချိုင့်လေးခွက်အောင် ပြုံးလိုက်လေပြီ။ ရင်ထဲတွင် ဖြစ်ခဲ့ရသော အစိုင်အခဲ ခိုးလိုးခုလုလေးတွေ အလိုလို ပျောက်သွားပေသည်။

အမှန်တော့ မြန်မာစကားပုံတွင် ဘုန်းကြီးကို ထိပ်ခေါက်ပြီးမှ ကန်တော့သည်ဆိုသည့် စကားပုံရှိသည်။ ဘွာခတ်သည်ဆိုခြင်းကလည်း တစ်နည်းအားဖြင့် နှစ်ဦးနှစ်ဖက် ပြေငြိမ်းခြင်း အဓိပ္ပာယ် သက်ရောက်သည်။

လေးလေးက ထိပ်ခေါက်ပြီးမှ ကန်တော့တာလား ဟု မေးလျှင် မိမိက ဇေယျာအောင်ထက် အသက်ပိုငယ်ရုံမ



မိန်းမသား ဖြစ်နေသောကြောင့် "ကန်တော့တာလား"ဟူသော စကားကို သုံးလိုက်လျှင် ရင့်သီးသွားမည်။

ထို့ကြောင့် ပြေငြိမ်းခြင်း အဓိပ္ပာယ်ကိုလည်း ဆောင်သည်။ "ဘွာခတ်တာလား"ဟု သုံးလိုက်ခြင်းဖြစ်သည်။ ဤအသုံးစကားကို ဇေယျာအောင်ကလည်း ချက်ချင်း နားလည်သွားသည်။ ထို့ကြောင့် လေးလေး မြန်မာစာအဓိကနဲ့အောင်တာ မဆန်းပါဘူး ဟု ချီးကျူးစကား ပြောလိုက်ခြင်း ဖြစ်ပေသည်။

"ကဲပါဗျာ … တစ်ယောက်ကိုတစ်ယောက် သဘောပေါက်ကြပြီပဲ၊ ထမင်းစားလိုက်ကြစို့ မလေးလေး"

လတ်တလောအားဖြင့် ရင်ထဲတွင် အစိုင်အခဲမရှိတော့၊ ခိုးလိုးခုလု မရှိတော့၊ လှိုက်ခုန်ခြင်း မရှိတော့၊ ထိုရောအခါ ပုံမှန်အတိုင်း ဤအချိန်နာရီတွင် ထမင်းဆာလောင်ခြင်း လေးလေး ပြန်ဖြစ်လာသည်။

မငြင်းတော့ဘဲ ထမင်းလက်ဆုံစားကြတော့သည်။ ထမင်းစားရင်းမှလည်း လေးလေးသည် မလွှဲသာ မရှောင်သာ မျက်နှာချင်းဆိုင်တွင် ရှိနေသော ဇေယျာအောင်ကို အမှတ်မထင် အလိုလို မျက်စိရောက်သွားပြီး ကြည့်မိသည်။

လူက လူချော။ မိန်းမလို ချောသည်မျိုးလည်း မဟုတ်။

ဒါဆို ယောကျ်ားလို ချောသည်ဟု ဆိုမလား၊ ယောကျ်ားလို ချောသည် ဆိုခြင်းကကော မည်သို့သော အချက်အလက်တွေကို သတ်မှတ်ပြီး ဆိုရပါအံ့နည်း။ မသိ၊ မြန်မာစာ အဓိကကြီး ဒါကိုတော့ ခွဲခြားခြမ်း မစိတ်ဖြာတတ်။

www.burmeseclassic.com

www.burmeseclassic.com



ခြိုင့်ရှုံ့ပြင် ဖေယျာအောင်သည် လူချောဟု ပြောရတော့မည်။

"ဝဏ္ဏကို နောက်တစ်ခါ ထပ်တွေ့ရင် မျက်ခွက်ကြီး လက်သီးနဲ့ ထိုးပစ်မယ်"

"ဘာလို့လဲ"

"ကြောက်ချေးပါလွန်းလို့၊ ဦးရှိန်လှမောင်ကို ဒီလောက် ကြောက်လွန်းတာတော့ ကျွန်တော့် အမြင်ကတ်တယ်၊ တကယ်ဆို အစားအသောက်တွေ မှာထားပြီးမှ စားသောက်ပြီးမှ သွားလိုက်ပေါ့"

"ဟိုက ဘယ်လောက် အရေးတကြီးကိစ္စလို့ ပြောပြီး ခေါ်လိုက်မှန်းမှ မသိတာပဲ"

"တကယ်လို့ မလေးလေးကို ဦးရှိန်လှမောင်က ဖုန်းဆက်ခေါ်ရင် ဝဏ္ဏလိုပဲ တစ်ကြိုးတည်း ထပြေးမှာလားဗျာ"

"ဘာဆိုင်လဲ၊ ကျွန်မက သူ့လခစားမှ မဟုတ်တာ၊ သူ့မိန်းမ ကေသီကို ကူညီတဲ့ စေတနာနဲ့ သူ့အိမ်မှာ ခဏနေပေးတာပဲဟာ"

"ကောင်းတယ်၊ သူတို့ လခစားတော့ မလေးလေး ဘယ်တော့မှ မလုပ်နဲ့၊ ဒါထက် ဦးရှိန်လှမောင်ကို ကျွန်တော့် ရှုထောင့်နဲ့ ကျွန်တော့်အမြင်တွေ ပြောလိုက်မိပြီးပြီ၊ မလေးလေး ကိုယ်တိုင်ကော ဦးရှိန်လှမောင်ကို ဘယ်လိုမြင်သလဲဟင်"

"ဦးရှိန်လှမောင်ရဲ့အပြုအမူ၊ အပြောအဆိုနဲ့ အနေအထိုင်တွေဟာ စိတ်ဝင်စားစရာကောင်းတဲ့ လူတစ်ယောက်လို့



မြင်မိတယ်၊ သာမန်ထက်ပိုပြီး ထူးခြားတယ်လို့ ထင်ရလို့လေ"

"ဘယ်လို သာမန်ထက်ပိုပြီး ထူးခြားပုံမျိုးလဲ မလေးလေး"

"အဲဒီလောက်ထိတော့ မပြောတတ်ဘူး၊ ဒီအိမ်ကြီးကို ကျွန်မရောက်တာက ရက်ပိုင်းပဲ ရှိသေးတာ"

"ဝဏ္ဏကိုလည်း ဒီအိမ်ကြီးကို ရောက်သွားပြီးမှ မလေးလေး သိကျွမ်းရတာ မဟုတ်လား"

လေးလေး ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် လောက်စလုံး အစားကိုသာ အာရုံစိုက်စားကြရင်း ခေတ္တငြိမ်ထွက်သွားကြသည်။

မကြာမီပင် ဖေယျာအောင်က စကားပြန်စသည်။

"ဒေါ်ကေသီကိုကော လေးလေး ဘယ်လိုသဘောရသလဲ"

"သနားစရာကောင်းတဲ့ အမျိုးသမီး တစ်ယောက်လို့ မြင်မိတာပဲ"

"ဟုတ်ပါ့မလား၊ လူသတ်ထားတဲ့ မိန်းမနော်၊ သတ်တာမှ သေနတ်ထဲမှာ ရှိသမျှ ကျည်ဆန်တွေ ကုန်အောင်ပစ်သတ်ခဲ့တာ"

"ပဲခူး ဟသ်ာကုန်း အေးရိပ်ငြိမ်မှာ ဖြစ်ခဲ့တာကို ကိုဖေယျာအောင် ဆိုလိုတာလား"

"ဒါပေါ့"

"ဘယ်အမျိုးသမီးမဆို အဲဒီအချိန်၊ အဲဒီနေရာ၊ အဲဒီလိုမျိုးကြုံတွေ့ရင် ကေသီ လုပ်သလိုပဲ လုပ်ကြမှာပဲလို့ အများကသုဆကြမှာပဲ၊ နောက်ဆုံး ရဲကတောင် ဒီလိုပဲယူဆပြီး

www.burmeseclassic.com

www.burmeseclassic.com



ကေသီကို အပြစ်မရှိ လွှတ်ပေးရတယ် မဟုတ်လား၊ နောက်တစ်ချက်က ကေသီဟာ အဲဒီလူကို ပစ်သတ်မိတဲ့အတွက်ဲ စိတ်ထိခိုက်နေတယ်လေ”

ဖေယျာအောင်က ပခုံးတွန့်ပြသည်။ ဘာအဓိပ္ပာယ် ကောက်၍ ပခုံးတွန့်မှန်း သည်တစ်ခါတော့ လေးလေးမခန့်မှန်းတတ်။

ထို့နောက် ဖေယျာအောင်သည် လေးလေး၏မျက်နှာကို စိုက်ကြည့်နေပြန်သည်။ လေးလေးက ပြန်ကြည့်နေချိန်တွင် မျက်လုံးချင်း ဆုံမိသည်။ တကယ်ပဲ လေးလေး နှလုံးခုန်မိသည်။ ခုန်လေ့ခုန်ထမရှိသော သူမ၏နှလုံးကိုပင် လေးလေးက အံ့ဩရင်း မျက်နှာငုံ့ထားလိုက်သည်။

“ဒါထက် စောစောက ဝဏ္ဏ မိတ်ဆက်ပေးတုန်းကပြော ပါတယ်။ မလေးလေး မန္တလေးက ဆင်းလာပြီး ရန်ကုန် မှာ အလုပ်ရှာတယ်လို့၊ ဘယ့်နှယ်လဲ ... အလုပ်ကော အဆင်ပြေပြီလား”

“မပြေသေးပါဘူး၊ နေရာတိုင်းလိုလို လစ်လပ်သော နေရာ မရှိသေးပါဆိုတဲ့ အဖြေပဲ ပေးနေတုန်းပါ”

“မလေးလေးက တကယ်ပြောတာ၊ သိပ်လှတယ်၊ မျက်နှာ ရော ကိုယ်လုံးရော”

“အို ... မဆီမဆိုင်၊ စကားမစပ်”

“ဆီဆိုင်ပါတယ်၊ စကားစပ်ပါတယ်၊ ကျွန်တော် ဆိုလို တာက ရုပ်ရှင်လောကထဲ ဝင်ပါလား၊ ဒါမှမဟုတ် ဗီ ဒီယိုလောကထဲ အဆိုကျော်အဖြစ် ကြိုးစားကြည့်ပါလား၊



အကြံပေးချင်လို့လေ၊ ဒီအလုပ်တွေက ရုပ်နဲ့ဆိုင်တယ်၊ အသံနဲ့ဆိုင်တယ် မဟုတ်လား”

လေးလေး ပြုံးလိုက်သည်။ ဖေယျာအောင်က သူမ၏ ရုပ်နှင့် ခန္ဓာကိုယ်အလှကို ချီးမွမ်းရုံမက ဆီလျော်သော အလုပ်ကို လုပ်ပါလားဟု အကြံပေးခြင်းအတွက် ကျေနပ်မှု ရင်ထဲတွင် ခံစားလိုက်ရသည်။ လေးလေး ပြုံးလျှင် ပေါ်နေကျ ပါးချိုင့်လေး ပေါ်လာစမြဲ။ ယင်းပါးချိုင့်လေးကို ဖေယျာအောင်က စိုက်ကြည့် နေပြန်သေးသည်။

“မင်းသမီးချိုပြုံးကို ကြည့်ပါလား၊ ပင်ကိုရုပ် ရှိတယ်၊ မလေးလေးလိုပဲ ပါးချိုင့်လေးနဲ့လေ၊ နောက်ပြီး ပင်ကို အသံရှိတယ်၊ ဒီတော့ ရုပ်ရှင်မှာလည်း အောင်မြင်တယ်၊ စတီရီယိုလည်း အောင်မြင်တယ်”

“ကျွန်မကို စေ့စေ့ကြည့်ပြီး မြှောက်ပင့်တဲ့အတွက်ရော၊ အကြံပေးတဲ့အတွက်ရော ကျေးဇူးတင်ပါတယ် ကိုဖေယျာ အောင်”

“မြှောက်ပင့်ပြောနေတာမှ မဟုတ်တာပဲဗျာ၊ မြှောက်တယ် ပင့်တယ်ဆိုတာက တကယ့်အမြင်နဲ့ အရှိထက် သာလွန် ပြီး ပြောတာမျိုးပါ၊ အခုဟာက ကျွန်တော်မြင်နေတဲ့အရှိ အတိုင်း ပြောတာ၊ နောက်တစ်ချက် ရှိသေးတယ်၊ မြှောက် ပင့်ပြောတယ်ဆိုတဲ့ လူဟာ အမြှောက်ခံရသူဆီက တစ်ခုခု သိုလားမျှော်လင့်ထားပြီး မြှောက်ပင့်တာပါ၊ ကျွန်တော်က မလေးလေးဆီက ဘာမှမလိုချင်ဘူး၊ ဘာမှမျှော်လင့်ခြင်း မရှိဘူးလေ”

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ချီတော့ ဇေယျာအောင်၏ စကားကို လေးလေး ရင်ထဲတွင် အောင့်သက်သက် ခံစားလိုက်ရသည်။

စားသောက်ပြီးစီးသွားကြသည်။ နောက်ထပ် စားသောက်ဖွယ်ရာ ဘာမျှထပ်ပြီး မှာယူခြင်းမရှိသဖြင့် ကိုဝဏ္ဏ ရှင်းပေးသွားသော ဘီလ်အတိုင်းပင် ကုန်ကျသည်။

စားပွဲမှ မထကြသေးမီ ဇေယျာအောင်သည် ငြိမ်သက်စွာ ထိုင်နေပြီး သူ၏လက်တစ်ဖက်မှ လက်မနှင့်လက်ညှိုးကိုခွကာ သူ၏နားထင် တစ်ဖက်တစ်ချက်ကို ထောက်နှိပ်နေသေးသည်။

"ဘာဖြစ်လို့လဲ ကိုဇေယျာအောင်"

"စူဇကာပုဏ္ဏားလေ၊ လှူတာအကုန်စားမိလို့"

"ဘာရယ်"

"စကားတပြောပြောနဲ့ စားမှန်းမသိ စားလိုက်တာ အစားလွန်သွားတယ်၊ ကျွန်တော်က အစားလွန်သွားရင် ခေါင်းမူးတတ်တဲ့အကျင့်ရှိတယ်၊ အခု ခေါင်းနည်းနည်းမူးလာလို့"

လေးလေးက သူမ၏လက်ကိုင်အိတ်ကို ဖွင့်လိုက်၏။ အမြဲဆောင်ထားလေ့ရှိသော ယူကလစ်ဆီပုလင်းကိုဖွင့်ကာ သူမ၏လက်ကိုင်ပဝါမှာပင် ဆွတ်လိုက်သည်။ မဆွတ်မီ လက်ကိုင်ပဝါ၏ထောင့်စွန်းတစ်ခုကို အထုံးလေးဖြစ်အောင် ချည်ပြီးမှ ယင်းအထုံးလေးပေါ်သို့ ယူကလစ်ဆီဆွတ်ခြင်း ဖြစ်ပါ၏။

"ရော့ ... ဒါ ရှူထားလိုက်ပါ ကိုဇေယျာအောင်၊ ခဏတော့ သက်သာမှာပေါ့လေ"



ဇေယျာအောင် မငြင်း။ လေးလေး လက်ကိုင်ပဝါလေးကိုယူပြီး သူ၏နှာဝတွင် တေ့ရှူလိုက်သည်။ နှစ်ချက်သုံးချက် အားရပါးရကြီး ရှူသွားပြီးနောက် ထွက်သက်နှင့်အတူ "ဟား"ဟု အသံထွက်အောင်ပင် မှုတ်ထုတ်လိုက်သည်။

"ကဲ ... လာ၊ သွားကြစို့ မလေးလေး"

"မူးနေတယ်ဆို"

"ရပါတယ်၊ ဒီလိုပဲ မူးတတ်ပါတယ်၊ မူးလာရင် ကျွန်တော့်ကုထုံးနဲ့ ကုလိုက်ပြီးရင် ပျောက်သွားတာပဲ"

စားပွဲမှထကာ သမ္မတဟိုတယ်ပေါ်မှ ဆင်းလာခဲ့ကြသည်။ လှေကားရင်း ရောက်သော် လေးလေးက နှုတ်ဆက်သည်။

"နေပါဦးဗျ၊ မလေးလေးမှာ အလောတကြီး လုပ်စရာဘာအလုပ်ရှိနေလို့လဲ"

"အလုပ်လက်မဲ့မို့ အလုပ်ရှာနေပါတယ် ဆိုမှတော့ ဘာများ အလောတကြီး အလုပ်ရှိမှာလဲ ကိုဇေယျာအောင်"

"ဒါဆို လမ်းလျှောက်ရအောင်ဗျာ၊ ကျွန်တော် ခေါင်းမူးလာရင် ကျွန်တော့်ကုထုံးက လမ်းလျှောက်တာပဲ၊ လမ်းခဏလောက်လျှောက်လိုက်ရင် အမူးပျောက်သွားရော"

"ဟန်ကျတာပေါ့၊ ဆေးဖိုးတစ်ပြားမှ မကုန်ဘဲ ပျောက်တဲ့နည်းပဲ"

နှစ်ယောက်သား ရယ်မောကြသည်။

လေးလေးသည် ကိုယ့်ဟာကိုယ်ပင် အံ့သြနေမိသည်။ [illegible]တော့ ယခု နာရီပိုင်းအတွင်းမှ ကိုဝဏ္ဏနှင့် မိတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းရသော ဇေယျာအောင်၏ လမ်းလျှောက်ဖိတ်ခေါ်ချက်ကို ငြင်းဖို့ကောင်းပါလျက် မငြင်းမိ။

"ဒီလို လမ်းလျှောက်ရအောင်၊ ဒီကနေပြီး အောင်ဆန်းကွင်းကြီးကို ပတ်မယ်၊ နောက်ပြီး အထက်ပန်းဆိုးတန်းလမ်းကတစ်ဆင့် တိရစ္ဆာန်ဥယျာဉ် သွားကြမယ်၊ အသစ်ရောက်တဲ့ အကောင်ဗလောင်တွေလည်း ကြည့်ရတာပေါ့"

"သွားလေ"

နှစ်ယောက်သား ဆေးချင်းတိုက်ပင် ယှဉ်တွဲလျှောက်လာကြသည်။ ထွက်လာစက စကားမပြောဖြစ်ကြ။ ကိုယ့်အံတွေးနှင့်ကိုယ်တွေးရင်း လျှောက်ခဲ့သည်။ ဇေယျာအောင်က လမ်းလျှောက်ရင်း လေးလေး ပေးထားသော လက်ကိုင်ပဝါ အထုံးလေးကို ခဏ ခဏ နှာဝတော့ပြီး ရှူသည်ကို လေးလေး ရင်ထဲက ဘာလို့မှန်းမသိ ကျေနပ်သလိုလို ရှိနေသည်။

"အထင်သေးချင်တော့ သေးစရာပဲ"

လေးလေးက လွှတ်ခနဲ ပြောလိုက်မိသည်။ ဇေယျာအောင်က လေးလေးဘက်သို့ သမင်လည်စောင်း စွေကြည့်သည်။

"ဘာကိုပြောတာလဲ မလေးလေး"

"သြော် ... ကိုဝဏ္ဏ ထမင်းစားဖိတ်တာကို လက်ခံတယ်၊ အခု ကိုဇေယျာအောင်က လမ်းလျှောက်ကြစို့၊ တိရစ္ဆာန်ဥယျာဉ်သွားစို့ဆိုလည်း ခေါက်ခနဲလိုက်တယ်၊ လွယ်လိုက်တာလို့ ထင်စရာပေါ့"

"လူပြိန်းတွေကတော့ ထင်မှာပေါ့၊ ကျွန်တော်က လူပြိန်းဝင်စာရင်းက လွတ်ပါတယ်၊ အင်္ဂလိပ်စာ မအောင်ပေမယ့်



ရုပ်ကိုမြင်ရုံနဲ့ အကဲခတ်တတ်ပါတယ်၊ မလေးလေးကို ဝဏ္ဏက ထမင်းစားဖိတ်တာ လက်ခံတာဟာ ဦးရှိန်လှမောင်အကြောင်း ဝဏ္ဏကို စုံစမ်းချင်လို့ မဟုတ်လား"

"အယ် ..."

"မအယ်နဲ့၊ ဒါကြောင့် လက်ခံတာလို့ ကျွန်တော် အကဲခတ်ထားတယ်"

"ဒါဖြင့် ကိုဇေယျအောင်နဲ့ လမ်းလျှောက်ဖို့ တရိစ္ဆာန်ဥယျာဉ်သွားဖို့ လိုက်လာတာကကော"

"အဲဒါကျ တစ်မျိုးပဲ၊ ပထမ ကျွန်တော့်ရဲ့ ရိုင်းပြတဲ့ အပြုအမူတွေအပေါ်မှာ မလေးလေး ကျိတ်ပြီး ဒေါသဖြစ်မယ်၊ အဲဒီနောက် ကျွန်တော့်ရဲ့အပြောအဆို အပြုအမူနဲ့စိတ်နေသဘောထားအချို့ဟာ မလေးလေးရဲ့စိတ်နဲ့ တိုက်ဆိုင်မှုရှိသွားမယ်၊ ဒေါသဖြစ်ပြီးမှ ပြန်လက်ခံလိုက်တဲ့ ဆန့်ကျင်ဘက်နှစ်ခုကြောင့် ကျွန်တော့်ကို မလေးလေး စိတ်ဝင်စားသွားပုံရတယ်၊ နောက်တစ်ချက်က ကျွန်တော့်လိုလူနဲ့ နှစ်ယောက်တည်း တွဲသွားလည်း ကျွန်တော်ဟာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ဟော့ရမ်းမယ့်လူ မဟုတ်ဘူးလို့ ယုံကြည်သွားတယ်၊ ဒါကြောင့် ကျွန်တော်နဲ့အတူ လိုက်လာတာ"

"ဟုတ်ကို မဟုတ်ဘူး"

"ဒါဆို ဘာလို့"

လေးလေးက မဖြေသေးမီ ပြုံးလိုက်သေးသည်။ ပြုံးတစ်ဝက် ရယ်တစ်ဝက်ဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီက လက်ကိုင်ပဝါလေး ပေးထားမိတာ ပြန်မရသေးလို့ နောက်က တကောက်ကောက် လိုက်နေရတာ"

ဇေယျာအောင်သည် လေးလေး၏ဟာသကို တကယ်ပင် စိတ်နှလုံးတွေ့သွားကာ ဟက်ဟက်ပက်ပက် အသံထွက်အောင် ရယ်ချလိုက်လေသည်။ လေးလေးကလည်း ပြုံးတုံ့တုံ့လေးပင် ရှိနေပါ၏။

အောင်ဆန်းကွင်း ဘေးလမ်းသည် ကျယ်ပြောရုံမက ဤအချိန်မျိုး လူရှင်းသည်။ မော်တော်ကားများ ရှင်းသည်။ လမ်းလျှောက်ရသည်မှာ လွတ်လပ်ပါ၏။

"မလေးလေးက လူပြိန်းတွေ ထင်သလို မလွယ်ပါဘူး ကျွန်တော် သိတာပေါ့"

"ဘာလဲ ... အင်္ဂဝိဇ္ဇာနဲ့ပဲလား"

"ဒီတစ်ခါတော့ သိပ္ပံနည်းပါ ပါလိမ့်မယ် ထင်တယ်"

"ဆိုပါဦး"

"မလေးလေးက ခုချိန်ထိ ဘယ်လိုယောက်ျားမျိုးနဲ့မှ လက်ပွန်းတတီး မနေခဲ့ဖူးမှန်း သိသာပါတယ်"

"ဘာလို့"

"မျက်လုံးရယ်၊ နှာခေါင်းရယ်၊ ခန္ဓာကိုယ်ရယ် ကြည့်ပြီး ပြောတာပါ၊ အတွေ့အကြုံရှိပြီးသား မိန်းကလေးရဲ့မျက်လုံးဟာ ယောက်ျားပျိုတစ်ယောက်နဲ့ စကားပြောရုံနဲ့ သိသာတယ်၊ သူတို့က အမူအရာအားဖြင့် ကြောက်ချင်ဟန်ဆောင်ပေမယ့် မျက်လုံးက ရဲတင်းကြောင်း ပြနေတတ်တယ် လူမှာ ဒီပြင်နေရာတွေအားလုံး ဟန်ဆောင်လို့ရတယ်



မျက်လုံးနဲ့ နှာခေါင်းက ဟန်ဆောင်လို့ မရဘူး၊ မျက်လုံးကဝင်တဲ့ အရွယ်မှာ ခံစားနေသမျှ ဖော်ပြနေတတ်တယ်"

"နှာခေါင်းကကော"

"နှာခေါင်းလည်း ထိုနည်းလည်းကောင်းပဲ၊ အပူအစပ်လွန်လွန်ကဲကဲ စားမိရင် နှာခေါင်းဟာ တားမရ ဆီးမရနီလာတယ်၊ အလားတူပဲရင်ထဲမှာ ရှက်တယ်၊ ကြောက်တယ်ဆိုလည်း နှာခေါင်းဟာ ဟန်ဆောင်လို့ မရဘူး၊ အနီရောင်သမ်းလာတာပဲ၊ မလေးလေးဟာ ကျွန်တော်နဲ့ ရဲတင်းသယောင်ယောင် လိုက်လာပေမယ့် မျက်လုံးလေးတွေက ရှက်နေတယ်၊ နှာခေါင်းကလေးတွေ နီနေတယ်၊ ဒီတော့ မလေးလေးဟာ ယောက်ျားတွေနဲ့ ရင်းရင်းနှီးနှီး သွားလာတတ်တဲ့ အကျင့်မရှိကြောင်း သိသာနေတယ်"

"အဲဒါ သိပ္ပံနည်းလား၊ ဒါဆို ခန္ဓာကိုယ်ကိုကြည့်ပြီး သိတယ်ဆိုတာကကော"

"အားနာတယ်"

"ဘာအားနာတာလဲ"

"ပြောရမှာ အားနာတာပါ၊ ဒါပေမဲ့ ပြောပါမယ်၊ မလေးလေးနဲ့ မိန်းသားတွေမှာ ရှိအပ်တဲ့ ခန္ဓာကိုယ်အလှအပတွေဟာ နဂိုပကတိအတိုင်း ရှိနေတယ်"

"အို ... ဘာမှန်းလဲ မသိဘူး"

"အားနာတယ်လို့ ပြောထားသားပဲ၊ ဒါကိုထောက်ရင် မလေးလေး ဘယ်လို ယောက်ျားနဲ့မှ မရင်းနှီးခဲ့ဖူးသေးမှန်း သိသာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ကိုဇေယျာအောင်ရယ်၊ ဒီပြင်အကြောင်းကိုပဲ ပြောကြရအောင်ပါ၊ ဆက်ပြောလေ ကိုဇေယျာအောင်ဟာ မိန်းမကျမ်းကျေလေဆိုတာ သိသာလေပဲ"

"ထင်ချင်သလိုထင်လေ၊ ဒါပေမဲ့ အဲဒီလို ရမ်းပြီးမထင်ခင်မှာ ကျွန်တော့်မျက်လုံးတို့၊ နားရွက်တို့၊ ခန္ဓာကိုယ်တို့ကို အင်္ဂဝိဇ္ဇာရော၊ သိပ္ပံနည်းနဲ့ရော မလေးလေးက သေချာကြည့်ပြီးမှ ပြောသင့်တာပေါ့"

ရယ်မောမိကြပြန်ရတော့သည်။

ဘာပြောပြော ကိုဇေယျာအောင်နှင့် တွေ့ပြီးမှ လေးလေးမှာ အကြိမ်ကြိမ် ဟက်ဟက်ပက်ပက်လေး ရယ်မောရပါကလားဟု ပြန်လည်သတိထားမိသည်။

စကားတပြောပြောနှင့် အောင်ဆန်းကွင်းကို ဖြတ်ခဲ့ပြီး တိရစ္ဆာန်ဥယျာဉ်ပေါက်သို့ လျှောက်ခဲ့သည်။ ရုံဝင်ကြေးကို လေးလေးက ပေးရန် လက်ကိုင်အိတ်ဖွင့်သည်။

"နေ ... နေ၊ မလေးလေး မပေးနဲ့၊ မွဲသွားဦးမယ်၊ ကျွန်တော့်ကို ဝဏ္ဏ ပြောတယ် မဟုတ်လား၊ ဘိုးဘွား လက်ထက်ကတည်းက ချမ်းသာလာတဲ့သူလေ၊ ရုံဝင်ကြေး ကျွန်တော်ပဲ ပေးလိုက်မယ်၊ ရှိသမျှ တစ်ချိတည်း မွဲချင် မွဲသွားပါစေ"

ရယ်မိကြပြန်သည်။ ဘာရယ်တော့ မဟုတ်၊ အသ လူပျိုလည်း ဖြစ်ကြသည်။ ယခုလောလောဆယ် စိတ်ကြည်နူး လေးတွေလည်း ခံစားနေရသည်။ ပြီးတော့လည်း ဘာလေးပဲပြော ပြော ဟာသသဘောဝင်ကာ ရယ်မိ ပြုံးမိကြခြင်းမျိုး ဖြစ်နေပါ

ဥယျာဉ်ထဲသို့ ဝင်ခဲ့ကြသည်။



မည်သည့်ရာသီ၊ မည်သည့်အချိန်မှာပင် ဖြစ်စေ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထဲသို့ ဝင်လိုက်မိလျှင် သန့်ရှင်းမှုလေးတွေကို တွေ့ရသည်။ သာမောဖွယ်လေးများကို မြင်ရသည်။ အကောင်ဗလောင်တွေကိုကြည့်ပြီး ထူးထူးဆန်းဆန်း တွေ့ရသလို သန့်ရှင်းသော လမ်းလေးများနှင့် သစ်ပင် ပန်းပင်တွေကို မြင်တွေ့ရပြီး ကြည်နူးရသည်။

"နေဦး ... ဟုတ်ပါရဲ့၊ ကိုဝဏ္ဏ ပြောတုန်းက ကိုဇေယျာအောင်ဟာ ချမ်းသာကြွယ်ဝတဲ့ လူတစ်ယောက်လို့ ပြောသွားတယ်၊ အခုလက်တွေ့မှာတော့ ကိုဇေယျာအောင်မှာ လမ်းထွက်တောင် မော်တော်ကားလေးတစ်စီး မစီးပါလား"

"မိန်းမယူမှ ကားဝယ်မလို့"

"အို ... ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့၊ မိန်းမနဲ့ မော်တော်ကားဟာ အတူတူပဲ၊ သိပ်လှတဲ့မိန်းမဆိုရင် သိပ်သစ်ပြီး သိပ်တန်ဖိုးရှိတဲ့ ကားနဲ့တူပြန်ရော၊ ဥပမာ သိပ်သစ်ပြီး သိပ်တန်ဖိုးကြီးတဲ့ ကားကို ကိုယ်တစ်ယောက်တည်း စီးသွားရော ဆိုပါတော့၊ တစ်နေရာရာမှာ ကားကို ရပ်ထားခဲ့ပြီး ကိစ္စတစ်ခုခုနဲ့ ကိုယ်က ဈေးထဲဖြစ်ဖြစ်၊ သုံးထပ်တိုက်ပေါ်ဖြစ်ဖြစ် တက်သွားတဲ့အခါ ငါ့ကားလေး ခဲမှန်ပြီး မှန်ကွဲမလား၊ ငါ့ကားသစ်လေးကို အခြစ်ရာ၊ အစင်းရာတွေ ထင်အောင် တစ်ယောက်ယောက်ကများ လက်ကမြင်းသွားမလား၊ ဘီးဖုံးတွေပဲ ဖြုတ်ခိုးသွားလား၊ ဒီပြင် ကားတစ်စီးစီးကပဲ ဝင်ချိတ်သွားမလားနဲ့ နောက်ဆံတင်းရတယ်၊ စိတ်ပူရတယ်"

"ကြဲကြဲဖန်ဖန် လျှောက်ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်ပြောတာ မလေးလေး၊ ကျွန်တော်က အစိုးရတဲ့လူ မဟုတ်ဘူး၊ တစ်ခါတလေ ဘူတာရုံကို ကိစ္စလေးရှိလို့သွားရင်းက ထွက်ခါနီးဆဲဆဲ ရထားနဲ့ ပြည်တို့၊ မန္တလေးတို့၊ မုတ္တမတို့ကို တက်လိုက်ချင် လိုက်သွားတာ၊ ကိုယ့်ကားသစ်လေးနဲ့သာ ဘူတာသွားမိလို့ ကြုံရာရထားနဲ့ စိတ်ကူးပေါက်ပြီး ထလိုက်သွားမယ်ဆိုရင် ဘူတာအပြင်ဘက်မှာ ရပ်ထားခဲ့ရတဲ့ ကားလေးကို နောက်ဆံတင်းရမယ်၊ စိတ်မချနိုင်ဘူး၊ ဒီတော့ ကျွန်တော် သွားရမယ့် ခရီးစဉ်ကို ဖျက်ပြီး ကားကိုပြန်ပို့ဦး၊ ဘူတာကို ပြန်လာဦးနဲ့ ဖြစ်နေမှာ"

"ဘူတာ လာကတည်းက မီးရထားနဲ့ ခရီးသွားမယ်ဆိုလည်း ကားမယူလာရုံပေါ့ ကိုဇေယျာအောင်"

"ကျွန်တော့်အလုပ်က ဒီလိုပြောလို့ မရဘူး မလေးလေး တောင်ဆို မြောက်ရောက်ချင်ရောက်၊ အရှေ့ဆို အနောက်ရောက်ချင်ရောက်၊ ချက်ချင်းထသွားချင်သွားတာ၊ တစ်ခါတလေ လက်ဖက်ရည်သောက်မယ်ဆိုပြီး လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့ရင်းနဲ့ မြစ်ကြီးနားထိ ရောက်ချင်ရောက်သွားတာ"

"နေပါဦး၊ ကိုဇေယျာအောင်ရဲ့အလုပ်က ဘာအလုပ်မို့လဲ ဒီလောက် ဂနာမငြိမ်ရအောင်"

"သတင်းရှာတယ်၊ သတင်းဝယ်တယ်၊ သတင်းရတဲ့နောက် နေ့မရွေးလိုက်တဲ့အလုပ်"

"သတင်းထောက်လား"



"မဟုတ်ဘူး"

"ဒါဖြစ် ဘာလဲ"

"ပြောတတ်ဘူး၊ တစ်ခါတလေ ကိုယ့်ဟာကိုယ် ဘာမှန်းတောင် မသိဘူး"

ကိုဇေယျာအောင်သည် အရူးတော့ မဟုတ်တန်ရာ။ ဘာကယ်ပင် သူ သွားစရာရှိ၍ ကောက်ကာငင်ကာ ယင်းသို့ သွားလိုက်သည် ဆိုခြင်းမှာ အဓိပ္ပာယ် တစ်ခုခုတော့ ရှိပေမည်။

"ဒီလိုဆို နေ့စဉ်နေ့တိုင်း ကိုဇေယျာအောင်ရဲ့အကျီအိတ်ထဲမှာ ငါးရာတန်တွေ အများကြီးထည့်ထားမှ ဖြစ်မှာပေါ့၊ စိတ်ကူးပေါက်တိုင်း လျှောက်သွားတော့ စရိတ်အဆင်သင့်ပါရမယ် မဟုတ်လား"

"ဒီမှာလေ ကြည့်"

ဇေယျာအောင်က သူ့ဘောင်းဘီအိတ်တစ်ခုထဲ လက်နှိုက်ပြီး ပြန်အထုတ် လက်ဝါးဖြန့်အပြတွင် ငါးမူးသားစီရှိသော ရွှေဒင်္ဂါးလေးပြား လက်ဝါးထက်တွင် ဝင်းဝင်းလက်လက်တွေ့ရသည်။

"အဲဒါ အရေးပေါ် လမ်းစရိတ်တွေပေါ့၊ ငွေစက္ကူအထပ်ကြီး ကိုယ်နဲ့မကွာ ထားရတာ ဝန်ကျယ်တယ်၊ လူမြင်တယ်၊ ရွှေဒင်္ဂါးဆိုတာက ကျစ်ကျစ်လေးနဲ့ ဘယ်နေရာမှာရောင်းရောင်း အလွယ်တကူ ငွေဖြစ်တယ်လေ၊ ဒါကြောင့် ရွှေဒင်္ဂါးတွေ ဆောင်ထားတယ်၊ နောက်ပြီး တောင်ကြီး၊ ကျောက်မဲ၊ မန္တလေး၊ ပြည်၊ မော်လမြိုင်၊ ပုသိမ်လို မြို့ကြီးတွေမှာ ကျွန်တော့်အတွက် ခရက်ဒစ်ကတ်တွေ ဖွင့်

www.burmeseclassic.com



ထားတယ်၊ ကျွန်တော့်ဆီမှာ ရွှေဒင်္ဂါးနဲ့အတူ ကတ်လက်မှတ်လည်း ပါလေ့ရှိတယ်လေ၊ ကဲ ... ရှင်းပြီလား၊ ကျွန်တော် ဘာလို့ ကားဝယ်မစီးတယ်ဆိုတာ”

“ထားပါတော့၊ မိန်းမယူမှ ကားဝယ်မယ် ဆိုတာရယ်၊ ကားနဲ့မိန်းမဟာ တူတယ် ဆိုတာကကော ဘာအဓိပ္ပာယ် ဆိုတာ ပြောဦးလေ”

“မိန်းမလည်း ကားသစ်လေးလိုပဲပေါ့၊ ကျွန်တော်က သွားချင်ရာ ငေါက်ခနဲ ထသွားတော့ ကိုယ့်ဇနီးလေး ကျွန်တော့် ကွယ်ရာမှာ မှန်ကွဲမလား၊ အခြစ်အစင်းခံရမလား၊ ဘီး[illegible] တွေ ခိုးမလား ဆိုတာမျိုး ...”

“တော်ပါတော့ ကိုဇေယျာအောင်ရယ်၊ ဒီနေ့ ရယ်ရလွန်းလို့ အူနာလှပြီ”

“အဲ ... ကျွန်တော် မိန်းမယူပြီ ဆိုရင်တော့ ကောင်း[illegible] ဆိုတဲ့ ကားဝယ်ပြီး နောက်ဆုံးရောက်တဲ့ အကျ[illegible] သင်္ဘော်ချကားအသစ်စက်စက်ဝယ်မယ်၊ အဲဒီအခါကျ[illegible] တော့ ဘယ်သွားသွား ကိုယ့်မိန်းမလည်း မထားခဲ့ဘူး ကိုယ့်ကားလည်း မထားခဲ့ဘူး၊ အဲဒါပါပဲ၊ မိန်းမယူမှ ကား ဝယ်မယ်ဆိုတဲ့ အဓိပ္ပာယ်”

လေးလေး မရယ်ပါလေတော့။ ကိုဇေယျာအော[illegible] ပြောပြသည်တို့မှာ အရူးချေးပန်းလိုလိုနှင့် အလေးအနက်[illegible] ရှိနေပုံရသည်ဟု လေးလေး ခန့်မှန်းမိသည်။

“ဒါဆို ကိုဇေယျာအောင်က ရန်ကုန်မြို့ထဲမှာ ဘယ်ကို[illegible] သွား အခုလို လမ်းလျှောက်သွားတာပဲလား”



“အခုလို လမ်းလျှောက်တာက ခေါင်းကိုက်လို့ လျှောက်တာပါ၊ ရန်ကုန်မြို့ထဲ ဘယ်ကိုသွားသွား လေးဘီးအငှားကားတွေ စီးတာပေါ့၊ နောက်ပြီး ကျွန်တော့်မှာ အရေးပေါ် ခြေနင်းစကြာ မော်တော်ဆိုင်ကယ်တစ်စီး ရှိတယ်လေ၊ တစ်ယောက်တည်းသမားအတွက်တော့ မော်တော်ဆိုင်ကယ်က သိပ်ကောင်းတယ်၊ မော်တော်ကား သွားမရတဲ့ချောင်ကြိုချောင်ကြားအထိလည်း သွားလို့ရတယ်၊ ပြေးပေါက်တွေ့ပြီဆိုလည်း ကီလိုမီတာ ရှစ်ဆယ် တစ်ရာအထိ စက်ဖွင့်မောင်းပြေးလို့ ရတယ်”

“ကျွန်တော့်လို တစ်ယောက်တည်းသမား ဆိုတာရယ်၊ မိန်းမယူမှ ကားဝယ်မယ် ဆိုတာရယ်ဟာ ကိုဇေယျာအောင် လူပျိုဖြစ်ကြောင်း ကြော်ငြာနေတာလား”

“ဒါပေါ့ ... ဒါပေမဲ့ ခြွင်းချက်ရှိပါတယ်”

“ဘာခြွင်းချက်လဲ”

“မှန်တာပြော ,သစ္စာ၊ ကျွန်တော် ဟိုတုန်းက ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ဒီလောက်စကားအများကြီး မပြောဖူးဘူး၊ ကျွန်တော်ဟာ လူပျိုပါဆိုတာလည်း မကြော်ငြာဖူးဘူး၊ အခု မလေးလေးကျမှ စကားတွေအများကြီးပြောပြီး လူပျိုပါလို့ ကြော်ငြာမိတာ ပထမဆုံးအကြိမ်ပဲ”

“အဲ ...”

လေးလေးက ရင်ထဲမှပင် အာမေဍိတ် ပြုလိုက်မိ[illegible]၊ ကိုဇေယျာအောင်သည် မိမိအား အစွန်းမလွှတ်သောစကား[illegible]ကာဟုလည်း သတိထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုဖေယျာအောင်သည် ရှေ့သို့မတိုးလာ[…] ပါလေ။ တခြားဘက်သို့ စကားလမ်းကြောင်း ပြောင်းသွားသည်။

"ဒါထက် မလေးလေး ရုပ်ရှင်ထဲဝင်ဖို့ စိတ်ကူးရှိသလား"

"ဟင့်အင်း … မရဲပါဘူး၊ တစ်ခါတလေ ဓာတ်ပုံရိုက်[…] ရရင်တောင် မျက်နှာမထားတတ်ဘူး၊ ကင်မရာကြီးရှေ့မှာ သရုပ်ဆောင်ရတဲ့ သတ္တိမျိုး မွေးလို့ရမှာ မဟုတ်ပါဘူး နောက်တစ်ချက်က တကယ်မဟုတ်ဘဲနဲ့ ဇာတ်လမ်းအ[…] တကယ်တူအောင် သရုပ်ဆောင်ရတာမျိုး ကျွန်မနဲ့ဖြစ်မှာ မဟုတ်ဘူး၊ ဥပမာ မငိုချင်ဘဲနဲ့ ရုပ်ရှင်ထဲမှာ ငိုတဲ့ရုပ်မျိုး ကျွန်မ ဖန်တီးနိုင်မှာ မဟုတ်ဘူးလို့ ဆိုလိုတာပါ"

"အေးပေါ့ဗျာ၊ သရုပ်ဆောင်တယ်ဆိုတာ တကယ်တော့ ဟန်ဆောင်ရတဲ့အလုပ်ပဲ၊ မလေးလေးက ဟန်ဆောင်[…] အလုပ်မှာ မကျွမ်းကျင်ဘူးပေါ့၊ ဒါဆို ဝိုင်းတစ်ခုခုမှာ ထ[…] ဆိုဖို့ကော"

"အဲဒါကိုတော့ လိုလိုလားလား စိတ်ဝင်စားတယ်၊ ဝင်[…] ဖို့ ဆိုတာထက် ဝိုင်းတစ်ခုခုမှာ စန္ဒရားတီးချင်တာ[…] ပိုပြီး ထက်သန်တယ် ကိုဖေယျာအောင်"

"ဒါဆို မလေးလေး စန္ဒရားတီးတတ်တယ်ပေါ့"

"ပထမတန်းစားလက်သံ အဆင့်တော့ မရောက်သေး[…] ကိုဖေယျာအောင်၊ ဒါပေမဲ့ တခြားဆင်စထရူးမင့်တွေ[…] တွဲပြီး တီးနိုင်တဲ့ အဆင့်အထိတော့ တီးနိုင်ပါတယ်"

"အဆိုကော မရလို့လား"



"ကိုယ့်ဟာကိုယ်တော့ ရတယ်ထင်တာပဲ၊ ဒါပေမဲ့ ဝိုင်းနဲ့ တွဲပြီး ကျကျနန မဆိုဖူးသေးတော့ ကိုယ့်အသံ စံချိန်မီမမီ မသိနိုင်သေးဘူးလေ"

စကားပြောရင်း လျှောက်ရင်းဖြင့် နှစ်နာရီနီးပါးလောက် အချိန်တွေ ကုန်သွားသည်။

ကန်တော်ကြီးဘက်အပေါက်သို့ပင် ရောက်လာကြသည်။

ထွက်ပေါက်ကို လှမ်းမြင်လေမှ လေးလေးသည် သူမ၏လက်ပတ်နာရီလေးကို ကြည့်မိသည်။ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ရှိနေပြီ။

နံနက်ရှစ်နာရီကတည်းက ကမ္ဘာအေးလမ်းအိမ်ကြီးမှ ထွက်လာခဲ့သည်မို့ အိမ်ကိုပြန်သင့်ပြီဟု ယူမှတ်ရတော့သည်။ ယခုအချိန်ထိ အပြင်ထွက်သည်ကိုပင် ကေသီနှင့် ဦးရှိန်လှမောင်က အထင်သေးမည်လား မပြောတတ်။

"ကျွန်မ ပြန်သင့်ပြီ ကိုဖေယျာအောင်"

"ဟုတ်တယ်၊ မလေးလေး ပြန်သင့်ပါပြီ၊ ဒါထက်နောက်တစ်ကြိမ် မလေးလေးကို ကျွန်တော် ထပ်ပြီးတွေ့ခွင့်ရနိုင်ဦးမလား"

"မပြောတတ်သေးဘူး ကိုဖေယျာအောင်၊ ကျွန်မက သူများအိမ်မှာ နေရတာ မဟုတ်လား"

"ဘာလဲ … ဦးရှိန်လှမောင်က တွေ့ခွင့်ပေးမှ ကျွန်မကို တွေ့လို့ရမှာမို့လား"

www.burmeseclassic.com

www.burmeseclassic.com



လေးလေး မျက်မှောင်လေးကုတ်ပြီး ဇေယျာအောင်ကို ကြည့်လိုက်သည်။ ဘယ်လိုသဘောနှင့် ဤစကားရပ်များကို ကိုဇေယျာအောင် ပြောလိုက်ပေသနည်း ဆိုသည်ကို နားမလည်သောကြောင့်လည်းကောင်း၊ ယင်းသို့ ပြောလိုက်သည်ကို ရင်ထဲမှ မနှစ်သက်သောကြောင့်လည်းကောင်း မျက်မှောင်ကုတ်လိုက်မိခြင်း ဖြစ်ပါ၏။ ကိုဇေယျာအောင်၏စကားသည် မိမိအနေနှင့် ဦးရှိန်လှမောင်၏ သြဇာခံဘဝ ရောက်နေသည်ဆိုသည့် အဓိပ္ပာယ်ကို ဆောင်နေလေသလား။

"ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ ကိုဇေယျာအောင်၊ ကျွန်မ ပြောခဲ့ပြီးပြီပဲ၊ ကျွန်မဟာ ဦးရှိန်လှမောင်ရဲ့လခစား တစ်ယောက်မဟုတ်ပါဘူးလို့"

ဇေယျာအောင် ပခုံးတွန့်ပြပြန်သည်။

ထို့နောက် ဥယျာဉ်၏ဂိတ်ပေါက်မှ အပြင်သို့ထွက်ခဲ့ကြသည်။

"ရှင်းရှင်းပဲ ကျွန်တော်ပြောမယ် မလေးလေး၊ ကျွန်တော်နဲ့ မလေးလေး သမ္မတဟိုတယ်မှာ စားသောက်နေကတည်းက လူတစ်ယောက်က ကျွန်တော်တို့ အခြေအနေကို တခြားစားပွဲမှာထိုင်ပြီး အကဲခတ်နေတယ်"

"တကယ် ..."

"သိပ်ကို တကယ်ပေါ့၊ အဲဒီနောက် သမ္မတဟိုတယ်က ဆင်းခဲ့ပြီး အောက်ဆန်းကွင်း ပတ်လျှောက်ရာက ဒီတရုတ်ဥယျာဉ်ထဲ ဝင်လာတဲ့ အထိလည်း အဲဒီလူဟာ ကျွန်တော်တို့နောက် လိုက်နေတယ်၊ ကျားရုံက ကျွန်တော်တို့ထွက်



လာပြီးတဲ့ နောက်ကျမှ အဲဒီလူက လမ်းခွဲသွားတယ်၊ ဆက်မလိုက်တော့ဘူး၊ ဒီလူဟာ ဦးရှိန်လှမောင်က လွှတ်ထားတဲ့လူမှန်း ကျွန်တော် သိပ်သိတာပေါ့"

"ဘုရားစူးစေ့ ... ကျွန်မ ဘာမှမသိဘူး"

"မြွေမြွေချင်းပဲ မလေးလေး၊ ကျွန်တော်က ခြေမြင်ရမယ်ပဲပေါ့"

"ဒါထက် နေပါဦး ကိုဇေယျာအောင်၊ စောစောကပြောတော့ ဦးရှိန်လှမောင်က ကိုဇေယျာအောင်ကို လုံးဝမသိဘူးဆို၊ ကိုဇေယျာအောင်ကသာ ဦးရှိန်လှမောင်ကို သိနေတာဆို"

"ဟိုတုန်းကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခုနောက်ပိုင်းမှာ ဦးရှိန်လှမောင်က ကျွန်တော်ဟာ ဇေယျာအောင်လို့သိတာနဲ့ ကျွန်တော့်ကို အစိမ်းလိုက် ဝါးစားချင်နေမှာ၊ ဒါကြောင့် ဝဏ္ဏနဲ့ မလေးလေး ပေါင်းပြီး ကျွန်တော်နဲ့တွေ့စေတယ်၊ နောက်ပြီး ဝဏ္ဏကို ပြန်ထုတ်သွားတယ်၊ မလေးလေးကို ဦးရှိန်လှမောင်က တည်ကြက်အဖြစ်သုံးပြီး ကျွန်တော့်ကို ..."

"တော်ပြီ ကိုဇေယျာအောင်၊ နောက်ထပ် ကျွန်မကိုတွေ့ဖို့ ဘယ်လိုမှ မမျှော်လင့်နဲ့တော့၊ ဒါပေမဲ့ ရှင့်စိတ်ထဲ သံသယဖြစ်တယ်ဆိုရင် ကျွန်မကပဲ အကွက်တစ်ကွက် ပြန်ထောက်ပြီး မေးချင်တယ်"

"မေးပါ"

"ကျွန်မနဲ့ ကိုဝဏ္ဏ သမ္မတမှာ မနက်စာ စားကြမယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍအထိ ဦးရှိန်လှမောင်က တင်ကြိုသိနေတယ်ဆိုတာ ဖြစ်နိုင်ပါတယ်၊ ဘာလို့လဲဆိုတော့ ကိုဝဏ္ဏက သမ္မတ ဟိုတယ်မှာ ကျွန်မနဲ့ ချိန်းထားတယ်ဆိုတဲ့အကြောင်း သူ့ အာစရိကို တင်ကြိုပြောနိုင်ချိန် ရတာကိုး”

“အဲဒါ အစစ်ပဲ”

“ကောင်းပြီ၊ ကျွန်မနဲ့ ကိုဝဏ္ဏရှိရာ သမ္မတဟိုတယ်ကို ကိုဇေယျာအောင်က ဘာလို့ အချိန်ကိုက် ရောက်လာတာလဲ၊ ကိုဝဏ္ဏဟာ မနက်ဆယ့်တစ်နာရီမှာ သမ္မတဟိုတယ်မှာ မနက်စာ စားမှာပါ၊ ကိုဝဏ္ဏကို တွေ့ချင်ရင် သမ္မတဟိုတယ်ကို သွားပါလို့ တစ်ယောက်ယောက်က ကိုဇေယျာအောင်ကို သတင်းပေးခဲ့သလား၊ ကျွန်မပြောတဲ့အထဲမှာ ကိုဇေယျာအောင်နဲ့ ကိုဝဏ္ဏတွေ့ဖို့ တစ်ယောက်ယောက်က သတင်းပေးသလားလို့သာ ပြောတာနော်၊ လေးလေးဆိုတဲ့အမျိုးသမီးကို ကိုဇေယျာအောင် တွေ့ချင်ရင် သမ္မတဟိုတယ်သွားပါလို့ မပြောဘူး၊ ဘာလို့လဲဆိုတော့ ကိုဇေယျာအောင်နဲ့ ကျွန်မဟာ လုံးဝမမြင်ဖူးဘူး၊ မသိကျွမ်းဘူးဒါဆို ဦးရှိန်လှမောင်က တည်ကြက်အဖြစ်နဲ့ ကျွန်မကိုသုံးလိုက်သလားဆိုတာ ဖြစ်နိုင် မဖြစ်နိုင် ကိုဇေယျအောင်ပြန်စဥ်းစားလေ”

ဇေယျာအောင် ငိုင်သွားသည်၊ လက်ငါးချောင်းဆံပင်ထဲ ထိုးထည့်ပြီး ကုတ်သည်။

မှန်နေသည်။ မိမိ သမ္မတဟိုတယ် လာခြင်းမှာ အမှတ်မထင်သာလျှင် ဖြစ်သည်။ မိမိဘဝကိုက ထမင်းစားချိန်



ချိလျှင် ကြုံရာဟိုတယ်၊ ကြုံရာထမင်းဆိုင် ဝင်စားသူဖြစ်သည်။ ယနေ့ သမ္မတဟိုတယ်တွင် ဝဏ္ဏနှင့် တွေ့ဆုံခြင်းမှာ တိုက်ဆိုင်မှုသာဖြစ်နေသည်။

လေးလေး ဆိုသည်ကလည်း ဝဏ္ဏနှင့်တွေ့မှ ဘွားခနဲ တွေ့ရခြင်းမျိုးဖြစ်သည်။

မိမိ ငေးငိုင်တွေးတောနေစဉ်မှာပင် မလေးလေးက ဆက်ဖောင်းပေါ်တွင် အသင့်ရပ်ထားသော လေးဘီးအငှားကားကို ကမ္ဘာအေးအိမ် လိုက်ပို့ရန် ငှားပြီးလေပြီ။ မလေးလေး ကားနောက်ပိုင်းသို့ တက်ထိုင်လေပြီ။

“ဟာ ... နေပါဦး မလေးလေး”

“သွားမယ် ကိုဇေယျာအောင်၊ ဒီနေ့ ကိုဇေယျာအောင်နဲ့ ကျွန်မ တွေ့ဆုံတာဟာ ပန်းသီးပုပ်ကို ကိုက်မိတာမျိုးဖြစ်သွားတယ်၊ ပန်းသီးကို လိုလိုလားလား ကိုက်စားလာလို့ အရသာကောင်းနေတုန်း နောက်ဆုံး ကိုက်မိတာက ပုပ်နေတဲ့အခြမ်း ကိုက်မိသွားတာလို ဟိုဘက်က အရသာရှိတာလေးတွေ အားလုံး ပျက်စီးသွားတယ်၊ ကဲ ... ကားဆရာ မောင်းပါတော့”

လေးဘီးတားက ဝူးခနဲပင် မောင်းထွက်သွားတော့ ညည်း ဇေယျာအောင်က နေရာမှာပင်ရပ်ကာ လေးဘီး၏ပစ်ကပ် နောက်အိမ်လေးထဲတွင် ထိုင်လိုက်သွားသော မလေးလေးကို နောင်ဘဆုံး ငေးကြည့်နေမိသည်။

မိမိကသာ မျက်စိတဆုံး လေးဘီးလေး လမ်းကွေ့မှ ညျောက်သွားသည်အထိ ကြည့်နေမိသည်။ မလေးလေးက

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကျန်ခဲ့သည့် မိမိဘက်သို့ တစ်ချက်လေးပင် စောင်းငဲ့မကြည့်တော့ဘဲ ပျောက်ကွယ်သွားခြင်းမျိုး ဖြစ်တော့သည်။

ဇေယျာအောင်သည် ကန်တော်ကြီး၏ ရေပြင်နှင့် နီးရာသို့ လျှောက်လာသည်။ ကြီးမားသော ကုက္ကိုပင်ကြီးအရင်းတွင် ပင်စည်ကိုမှီကာ ထိုင်လိုက်သည်။

ဆက်တွေးသည်။

မလေးလေးက မိမိလျှမ်းသွားသော အကွက်ကို ထောက်ပြသွားသည်။

ဟုတ်ပါ့။

တကယ်တော့ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဖြစ်သွားသည်ပင်။ ဝဏ္ဏကတော့ သူ့ဆရာကိုပြောမည်။ ဆယ့်တစ်နာရီတွင် မလေးလေးနှင့်အတူ သမ္မတဟိုတယ်တွင် နံနက်စာစားမည်ဟူ၍။ ဦးရှိန်လှမောင် အကျင့်ကိုက သူ့လူကိုပင်နောက်ထားသူ့လူနှင့် ပြန်လည် ရှဲဒိုးလိုက်သော အကျင့်ရှိသည်။ ဝဏ္ဏကို ဦးရှိန်လှမောင်က ပြန်၍ရှဲဒိုးချမည်။ မလေးလေးနှင့် ဝဏ္ဏဆက်ဆံရေးကို သိလိုသောကြောင့် ဖြစ်ကောင်းဖြစ်မည်။

ယင်းအချိန်မှာ မိမိက အမှတ်မထင် ခရီးကြုံလာကြုံ သမ္မတတွင် နံနက်စာစားဖို့ ရောက်သွားသည် ဝဏ္ဏနှင့်သူချင်းမို့ ဖက်လဲတကင်း နှုတ်ဆက်၏။ စားပွဲအတူထိုင်သည်။ ဝဏ္ဏနောက် လိုက်နေသော ရှဲဒိုးက မိမိကို သိထားသူဖြစ်သည်။ ချက်ချင်း ဦးရှိန်လှမောင်ထံ ဖုန်းဆက်အကြောင်းကြားသည်။ ဦးရှိန်လှမောင်က အကွက်မြင်သူဖြစ်သည်။ လေးလေး၏အလှ ဦးရှိန်လှမောင်လိုလူက ဂရုပြု သိထားပြီးသားဖြစ်မည်။ မိမိ



မလေးလေးနှင့် ရင်းနှီးစေလိုသောအကွက် ဦးရှိန်လှမောင် ဖန်တီးသည်။ ဝဏ္ဏကို ချက်ချင်းပြန့်ခေါ်ပြီး မလေးလေးနှင့် မိမိ နှစ်ယောက်တည်း ကျန်ခဲ့အောင် ဝဏ္ဏကို အစီအစဉ်တွေ ချပေးမည်။ ဦးရှိန်လှမောင်၏ အမိန့်ဆိုလျှင် တစ်ရွေးသားပင် မပယ်ဝံ့သော ဝဏ္ဏက မလေးလေးကို ထပ်မံပင် အတွေ့မခံတော့ဘဲ စာလေးတစ်စောင် ရေးပေးခဲ့ပြီး ထွက်သွားခြင်းဖြစ်မည်။ သူကိုယ်တိုင် စားပွဲသို့ ပြန်လာပြီး အကျိုးအကြောင်း ပြောပြီးလျှင် မလေးလေးကလည်း ဝဏ္ဏနှင့်အတူ ထပြန်မည်စိုးသောကြောင့်ပင်ဖြစ်မည်။

သည်အတိုင်းဆိုလျှင် မလေးလေးမှာ ဘုမသိ ဘမသိ အတတ်လမ်းတွင် ဗလာချီ အထင်မှားခံလိုက်ရခြင်းသာ ဖြစ်ချိမ့်မည်။ မိမိအပြောကို မလေးလေး စိတ်ဆိုးသွားသည်။

နောက်ဆုံး ပန်းသီးပုပ်ကို ကိုက်မိသော ဥပမာစကားလေး ဆိုသွားသည်။ အဓိပ္ပာယ်မှာ ရှေ့ပိုင်းတွင် မိမိနှင့်အတူတွဲသောအားတွေဖောင်ဖွဲ့ရသည်ကို ကျေနပ်ပါလျက် နောက်ဆုံးကျမှ မကျေမနပ် ဖြစ်ရမည်ဟု ရည်ညွှန်းသွားသော ပန်းသီးပုပ်ဥပမာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မလေးလေးကို တွေ့ရန် ထပ်မံကြိုးစားမည်ဟု ဇေယျာအောင် ဆုံးဖြတ်ရင်း ယူကလစ်ဆီသင်းနေသော မလေးလေး ပေးခဲ့သည့် လက်ကိုင်ပဝါလေးကို တအားကြီး ရှူရှိုက်လိုက်မိတော့သည်။

✤ ✧ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ကြီးမြင့် ရောက်ရှိလာသည်နှင့် ဦးရှိန်လှမောင်က ဧည့်ခန်းတွင် မထိုင်တော့ဘဲ သူ၏စာကြည့်ခန်းထဲသို့ ခေါ်သွားသည်။ စာကြည့်စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်ကြသည်။

"မင်းမှာ ပြောစရာသတင်းတွေ အများကြီးပါလာမှန်း ငါ သိတယ် ကြီးမြင့်၊ ကဲ ... ပြော"

"ဘာကစပြီး ပြောရမှာလဲ အာစရိ၊ ပထမ ဇေယျာအောင် ရဲ့အကြောင်း ပြောရမလား၊ ဒါမှမဟုတ် ဒီနေ့ ဇေယျာ အောင်ရယ်၊ ကိုဝဏ္ဏရယ်၊ မလေးလေးရယ် သူတို့သုံး ယောက်အကြောင်း အရင်ပြောရမလား"

"ဇေယျာအောင်ရဲ့အကြောင်း စပြောကွာ"

"ဒီကောင် တော်တော်ချမ်းသာတယ်၊ ဒါပေမဲ့ အာစရိကြီး လို မောင်ခိုလုပ်ငန်းနဲ့ နေ့ချင်းညချင်း ထပြီး ချမ်းသာတာ မျိုး မဟုတ်ဘူး"

"ဒီမယ် ကြီးမြင့်၊ ငါ ကြားချင်တာက ဇေယျာအောင်ရဲ့ အကြောင်းပဲ၊ ငါ့အကြောင်း မင်း တစ်လုံးမှ ထည့်ပြော စရာ မလိုဘူး"



"ဒီကောင်က ရွှေဘိုဆက်တွေ၊ သူ့ရဲ့ဘိုးဘွားဘီဘင်တွေ ဟာ ဦးအောင်ဇေယျ လက်ထပ်တုန်းက စစ်မှုထမ်းတွေ တောင် ဖြစ်ခဲ့သလိုလို ပြောကြတယ်၊ ဒါပေမဲ့ ဒီလောက် ဘီဘင်တုန်းက ကိစ္စတွေတော့ ကျွန်တော်စုံစမ်းဖို့ လက် လှမ်းဝေးလွန်းတယ် ဆရာ၊ နောက်ပြီး ရွှေဘိုအထိလိုက်ရ မယ်ဆိုရင် ကုန်ကျစရိတ်တွေ"

"မလိုဘူးကွာ၊ ငါသိချင်တာက ဇေယျာအောင်ကိုပါ ကြီးမြင့်၊ သူ့ဘီဘင်တွေအကြောင်း သိရတော့ကော ငါကဘာလုပ် ရမှာလဲ၊ လုပ်မနေနဲ့၊ မင်း ရွှေဘို လိုက်သွားစရာလည်း မလိုဘူး"

"ဒီလိုလေ ဆရာ၊ ဆွေစဉ်မျိုးဆက်မှ ပြည့်စုံမှာမို့ပါ၊ ဒီကောင်က ဘိုးဘွားလက်ထက်က မကဘူး၊ ဘီဘင်လက် ထက်ကတည်းက ချမ်းသာကြွယ်ဝခဲ့တယ်တဲ့၊ အဲဒီဘီဘင် တွေဟာ စစ်မှုထမ်းတဲ့နေရာမှာ သိပ်တော်လို့ အလောင်းမင်း တရားကြီးက ကျောက်သံပတ္တမြားတွေ ဆုတော်လာဘ်တော် ချီးမြှင့်ခဲ့တာရော၊ ဘုရင်က စစ်အေးတဲ့အခါမှာ မြို့စား ရွာစား ပေးသနားခံရလို့ ရရှိတာတွေရော စုပေါင်းပြီး ဇေယျာအောင်ရဲ့ ဘီဘင်လက်ထပ်ကတည်းက ချမ်းသာခဲ့ တယ်"

"တိုတိုပြောကွာ၊ အခု ဇေယျာအောင်ဟာ ဘာကြောင်လဲ ဆိုတာပဲပြော"

"စီးပွားရေးတက္ကသိုလ်က ဘီကွမ်းဘွဲ့ရတယ်၊ ကိုဝဏ္ဏနဲ့ ကျောင်းနေဖက် သူငယ်ချင်း၊ ဘွဲ့ရပြီးပေမယ့် အစိုးရအလုပ် ဘာမှမလုပ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီကောင်ဟာ ရဲစုံထောက်တို့၊ ထောက်လှမ်းရေးတို့ဘက်ကတောင် မဟုတ်ဘူးပေါ့ ကြီးမြင့်"

"လုံးဝမဟုတ်ဘူး"

"ဒါပေမဲ့ သူ ဝင်ဖြိုတာတွေ များနေပြီ၊ ဦးအေးကို၊ ဦးစိန်မင်း၊ ဦးကြိုင်လင်းတို့လည်း ခံထားရပြီ၊ ဦးဇောတိကတ ခြေရာပျောက်အောင် ထွက်ပြေးသွားရတာ မင်း ကြားမှာပေါ့ ကြီးမြင့်"

ဦးဇောတိက ဆိုသူမှာ ဦးရှိန်လှမောင်တို့ လောကမှာ လူတွေက တစ်ချိန်က တင်စားခေါ်ခြင်းဖြစ်သည်။ ဦးဇောတိက၏ အမည်မှန်မှာ ဦးဇော်တင် ဖြစ်သည်။ ဇော်တင်ကို ဇောတိက ဟု တမင်ခေါ်ကြခြင်း ဖြစ်ပါ၏။

"အာစရိလည်း ရွှေချောင်းတွေ ခံလိုက်ရတယ် မဟုတ်လား"

"ဒါကို မင်း သိသလား ကြီးမြင့်"

ပြောရင်း ဦးရှိန်လှမောင်သည် ကြီးမြင့်ကို မျက်မှောင်ကုတ်၍ ကြည့်နေသည်။

"မင်းကို ငါပြောထားတယ်၊ ဓေယျာအောင်ရဲ့အကြောင်းသာပြော၊ ငါ့အကြောင်း မပြောနဲ့လို့၊ ငါဆိုလိုတာက ဒီကောင် ဓေယျာအောင်ဟာ ရဲစုံထောက်လည်း မဟုတ် ထောက်လှမ်းရေးလည်း မဟုတ်ဘဲနဲ့ ဘာလို့ တို့တစ်တွေကို လိုက်အနှောင့်အယှက် ပေးနေတာလဲ"

"လူမျိုးနဲ့ တိုင်းပြည်ကို သိပ်ချစ်လို့လို့ ခန့်မှန်းရတာ ဆရာ"

"ဘာကွ"



"အာစရိ သိပ်ဒေါသကြီးနေပါလား"

ကြီးမြင့်က ကြောက်ရွံ့ပုံမပြ။ ခပ်တည်တည်ပင် ဦးရှိန်လှမောင် အခြောက်တိုက် ဒေါသကြီးနေခြင်းကို သတိပေးသလို ပြောလိုက်သည်။

ဦးရှိန်လှမောင် မျက်နှာထား လျော့သွားသည်။

အမှန်တော့ ဦးရှိန်လှမောင်နှင့် ကြီးမြင့်သည် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အကျိုးပြုနေကြသူများဖြစ်ပါ၏။

ဦးရှိန်လှမောင်က သူအလိုရှိသော လူတစ်ယောက် ဗိုလ်တစ်ဦး၏ ရာဇဝင်ကြောင်းကို သိလိုပြီဆိုလျှင် ကြီးမြင့်ကို စုံစမ်းခိုင်းရသည်။

ကြီးမြင့်က ဦးရှိန်လှမောင် အလိုရှိသမျှ သတင်းကို ဖိုင်တစ်ခု တွဲနိုင်လောက်အောင် ရှာဖွေပေးနိုင်သည်ချည်း ဖြစ်ခဲ့သည်။

ထို့အတွက် ကြီးမြင့်ကို ထိုက်တန်သော ငွေကြေး ဦးရှိန်လှမောင်က ပေးရသည်။

ထိုမျှမကသေး၊ တစ်ခါတစ်ရံ ဦးရှိန်လှမောင်၏ ပြိုင်ဘက်များ ရုံးခန်းကိုဖောက်ထွင်းပြီး ဦးရှိန်လှမောင် အလိုရှိသောပစ္စည်း သို့မဟုတ် စာရွက်စာတမ်းများကို ခိုးယူပေးသည်အထိ ကြီးမြင့်က စွမ်းဆောင်ပေးခဲ့သည်။

ထို့ကြောင့် ဦးရှိန်လှမောင်၏ လျှို့ဝှက်ချက် တော်တော်များများကို ကြီးမြင့်က သိထားသည်။

ကြီးမြင့်ကလည်း ဦးရှိန်လှမောင်ကို ဖြုသည်။ [illegible] သစ္စာဖောက်ရန် စိတ်မကူးရဲ။

www.burmeseclassic.com

www.burmeseclassic.com



သစ္စာဖောက်လိုက်သည်နှင့် မိမိသည် တစ်နေရာရာတွင် မတော်တဆ ထိခိုက်ဒဏ်ရာမျိုးနှင့် သေသွားလိမ့်မည်ကို ကြီးမြင့် ကြိုတင်သိထားသည်။

သူတို့နှစ်ဦးသည် ခွဲခွာ၍မရ။ ယုတ်စွအဆုံး ဦးရှိန်လှမောင်သည် သူ၏မိန်းမ ကေသီ့အပေါ်တွင် ဘာတွေလုပ်နေသည် ဆိုသည်ကအစ ကြီးမြင့်က သိထားသည်။

သူတို့နှစ်ဦး ခွဲခွာ၍ မရနိုင်သလို တစ်ဦးဦး သေပြီဟုဆိုလျှင်လည်း ကျန်တစ်ဦးက ဝမ်းပန်းတသာ ရှိလိမ့်မည်။ အကြောင်းမှု တစ်ယောက်အကြောင်းကို တစ်ယောက်က သိလွန်းနေသောကြောင့်ဖြစ်သည်။

ထို့ကြောင့်လည်း ယခု ကြီးမြင့်က ခပ်တည်တည် ပြန်ပြောလာသောအခါ ဦးရှိန်လှမောင်က တစ်ပတ်လျှော့ပေးလိုက်ခြင်းမျိုး ဖြစ်သည်။

“အေး … ငါ ဒေါသကြီးသွားတယ်၊ မင်းပြောပုံက ဇေယျာအောင်ကို မင်းကိုယ်တိုင် သိပ်အထင်ကြီးတဲ့သဘော ရောက်နေတယ်၊ ရန်သူအားပေး စကားမျိုးတွေ မင်းပြောနေတယ် ကြီးမြင့်”

“ဘယ်ဟုတ်မလဲ အာစရိ၊ သတင်းဆိုတာ အမှန်ကို အမှန်အတိုင်းပြောမှ သတင်းမှန် ဖြစ်မှာပေါ့၊ ဇေယျာအောင်ဟာ မျိုးချစ်စိတ်ဓာတ် ရှိတယ်လို့ ယူဆနိုင်တာတွေက အထောက်အကူရှိနေတယ်၊ ဒီကောင် ဘွဲ့ရပြီးတဲ့နှစ်မှာ တပ်မတော်မှာ ပြန်တမ်းဝင်အရာရှိ ဗိုလ်သင်တန်း လျှောက်သေးတယ် သူ့မျက်လုံးက သိပ်မကောင်းဘူး၊ မျက်လုံးကြောင့်



ခဏခဏ မူးဝေတတ်တယ်၊ ဒီတော့ ဆေးစစ်ရာမှာကျတယ်၊ အခု သူတပ်နေတဲ့ နေကာမျက်မှန်ဟာ အလှတပ်တာ မဟုတ်ဘူး၊ သူ့အနေနဲ့ အာစရိပဲ စဉ်းစားကြည့်ပေါ့၊ သူ့တစ်သက် မဟုတ်ဘူး၊ သူ့သားစဉ်မြေးဆက် ထိုင်စားတောင် မကုန်အောင် ချမ်းသာလျက်နဲ့ ဘာလို့ စစ်ထဲဝင်မလဲ၊ သူ့စိတ်ဓာတ်ကိုက တိုင်းပြည်နဲ့လူမျိုးအပေါ် စေတနာထားလို့သာပေါ့ ဆရာ”

“သူဟာ တိုင်းပြည်ကိုချစ်ချစ်၊ ဘာကိုချစ်ချစ် ဘာကိစ္စ ဖောတီကတို့လို လူတွေရဲ့ လုပ်ငန်းမှာ ဝင်ရှုပ်နေတာလဲ”

“အင်း … ပြောရရင်တော့ သူ့ဘက်က လိုက်ပြောတယ်လို့ အာစရိက ငြိုငြင်ဦးမယ်၊ ဥပဒေမဲ့ တရားမဝင် ပစ္စည်းသာမကဘူး၊ ဘိန်းဖြူအထိသွင်း၊ နိုင်ငံခြားကို ရတနာတွေ ကစပြီး ရှေးဟောင်းပစ္စည်းတွေပါ ခိုးထုတ်နေတာ တိုင်းပြည်မှာ သိပ်နစ်နာ …”

“တော်စမ်းကွာ ကြီးမြင့်၊ ဒီကောင့် အပြုအမူတွေကို မင်းကပါ ထောက်ခံနေသလား၊ ရော်ဘင်ဟုဒ်တို့၊ ဖောရီးတို့၊ သူခိုးငတက်ပြားတို့ အပေါက်မျိုးကို ဒီကောင်က ချိုးနေတာ”

“မတူဘူး ထင်တယ် အာစရိ၊ ရော်ဘင်ဟုဒ်တို့၊ ဖောရီးတို့၊ သူခိုးငတက်ပြားတို့ ဆိုတာက ဘယ်လောက်ပဲ ဆင်းရဲသားတွေကို ဝေပေးတယ်ပြောပြော ဓားပြတိုက်တာ၊ ခိုးတာ၊ ဥပဒေချိုးဖောက်တာ၊ ဒီကောင် ဇေယျာအောင်ကျတော့ သေချာနိုင်မှာတဲ့ သတင်းကိုယူတယ်၊ ဥပဒေဖောက်တော်

www.burmeseclassic.com

www.burmeseclassic.com



သားတွေကို သတင်းပေးပြီး နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးကို တစ်နည်းတစ်ဖုံ ပြန်ဖြည့်ပေးနေတာ”

“တော်စမ်းကွာ ကြီးမြင့်၊ မင်းကိုယ်တိုင်က ဒီကောင့်ကို ထောက်ခံနေသလား”

“အား ... ဘယ်ထောက်ခံလိမ့်မလဲ ဆရာ၊ အခု ကျွန်တော် စမတ်ကျကျနဲ့ ဖောဖောသီသီ နေနိုင်တာဟာ အာစရိတို့ကြောင့်ပဲဟာ၊ ဒီကောင့်ကို ထောက်ခံရင် ကျွန်တော် ဆန့်ပြုတ်တောင် နပ်မှန်အောင် ဘယ်သောက်နိုင်မှာလဲ၊ ကျွန်တော် အခုပြောနေသမျှဟာ စုံစမ်းလို့ရတဲ့ သတင်းအဖြစ်နဲ့သာ ပြောနေတာ”

“အေး ... အဲဒီလို သဘောပေါက်ထား ကြီးမြင့်၊ လုပ်စမ်းပါစေ၊ ဒီကောင် ကိုယ့်စရိတ် ကိုယ်စားပြီး ဘကြီးနွားကျောင်းပေးတဲ့ အကောင်၊ ဘယ်လောက်ကြာကြာ ခံနိုင်မလဲ၊ ကြာရင် သူ့ဟာသူ အရှိန်သေသွားမယ်”

“အဲဒီလိုမထင်နဲ့ အာစရိ၊ ဒီကောင့်ရဲ့သတင်းအရ ဖမ်းမိပစ္စည်းပေါ်မှာ တန်ဖိုးဖြတ်ပြီး ရာခိုင်နှုန်းနဲ့ ဒီကောင့်ကို သက်ဆိုင်ရာက ပြန်ပြီးဆုကြေးပေးတယ်လို့လည်း ကျွန်တော် စုံစမ်းလို့ ရခဲ့တယ်၊ အဲဒီ ဆုကြေးရတဲ့ အထဲက သူ့ကုန်ကျစရိတ်နုတ်ပြီး ကျန်တာကို ဘိုးဘွားရိပ်သာတို့ လူမှုဝန်ထမ်းတို့မှာ ဒီကောင်က ပစ်လှူလိုက်သေးသတဲ့”

“တယ်ဟုတ်တဲ့ကောင်ပါလား၊ နေပါဦး၊ ဇေယျာအောင် ချမ်းသာတယ်ဆိုတာကကော ဘယ်လိုလဲ၊ အဲဒါကော စုံစမ်းကြည့်သေးလား”



“စုံစမ်းပြီးသားပါ ဆရာရယ်၊ ဒီကောင် တကယ်ချမ်းသာတယ်၊ ဘဏ်မှာပဲ သူ့မိဘလက်ထက်ကတည်းက အပ်ပြီး ကျန်ငွေ သိန်းနှစ်ရာလောက် ရှိတယ်တဲ့၊ ခြောက်မိုင်ခွဲက သူ့တိုက်ကြီးက သံရုံးကို တစ်လဒေါ်လာ ငါးထောင်နဲ့ ငှားထားတယ်တဲ့၊ အင်းစိန် ကမ်းနားဘက်မှ ဆန်စက်တစ်လုံးနဲ့ ခနောင်တိုမှာလည်း သူ့ဆန်စက်တစ်လုံး ရှိသေးတယ်တဲ့၊ အဲဒါတွေက စုံစမ်းလို့ရနိုင်တဲ့ ပစ္စည်းတွေနော်၊ သူ့မိဘထားခဲ့တဲ့ အတွင်းပစ္စည်း ဆိုတာကတော့ ဘယ်လောက်ရှိတယ်လို့ ဘယ်သူမှ မပြောနိုင်ဘူးဆိုပဲ ဆရာ၊ ဦးဥက္ကာကြီးကို အာစရိ သိတယ်မဟုတ်လား”

ဦးရှိန်လှမောင်က ခေါင်းညိတ်ပြသည်။ ဦးဥက္ကာသည် စိန်၊ ကျောက်၊ နီလာ၊ ပတ္တမြား စသည်တို့ကို တန်ဖိုးဖြတ်ပေးရာ၌ အလွန်ကျွမ်းကျင်သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ဦးဥက္ကာကိုယ်တိုင်လည်း ငွေအရင်းအနှီးရှိသူ ဖြစ်သောကြောင့် ကိုယ်တိုင်ရောင်းဝယ်သည်။ သို့သော် ဦးဥက္ကာကြီးက ဝယ်ရာ၌ အောက်ဈေးလိုက်ပြီး အချောင်နှိုက်တတ်သူကြီး ဖြစ်ပါ၏။ ခိုးရာပါပစ္စည်းတွေကို တစ်သောင်းတန်လျှင် ငါးထောင် ခြောက်ထောင်ဖြင့်ရမှ ဝယ်သူမျိုးပါတည်း။

“လွန်ခဲ့တဲ့ နှစ်လလောက်က ဇေယျာအောင်က ဦးဥက္ကာကြီးကို ဆီးဖြူသီးလောက်ရှိတဲ့ ပတ္တမြားတစ်လုံးပြပြီး ရာဖြတ်ကြည့်စမ်းပါလို့ ပြောသတဲ့၊ ဦးဥက္ကာက သိန်းငါးဆယ်ဖြတ်တယ်၊ တကယ်လို့ ဇေယျာအောင်က ရောင်းမယ်ဆိုလည်း သိန်းငါးဆယ်နဲ့ပဲ ဦးဥက္ကာက ယူမယ်လို့

www.burmeseclassic.com



ပြောလိုက်တယ်တဲ့၊ ဦးဥက္ကာအကြောင်း အာစရိအသိပဲ မဟုတ်လား၊ ဈေးနှိမ်ဖြတ်တာလေ၊ ဒီတော့ ဇေယျာအောင်က ဦးဥက္ကာကို ပြန်ပြောသတဲ့၊ အဲဒီပတ္တမြားမျိုး ဦးဥက္ကာမှာရှိရင် တစ်လုံးကို သိန်းရှစ်ဆယ် ပေးမယ်ဗျာတဲ့လေ ဦးဥက္ကာကြီးက ကျွန်တော့်ကို ပြောတယ်၊ ဒီကောင် ဇေယျာအောင့်မှာ အဲဒီလို ပတ္တမြားတွေ၊ စိန်တွေတော်တော် ရှိနေပုံရတယ်တဲ့၊ သူ့ဘိုးစဉ်ဘောင်ဆက်ကတည်းက အမွေ ဆက်ခံလာတဲ့ ပစ္စည်းတွေ ဖြစ်ရမယ်တဲ့ ဆရာ”

“တော်ပြီကွာ၊ ဒီကောင့်အကြောင်း ဆက်မပြောနဲ့တော့ မင်းပြောသမျှ ငါ ကြားရလေ နားခါးလေပဲ၊ ကဲ ဒီကောင်နဲ့ မလေးလေး အကြောင်း ဆက်ပြော ကြီးမြင့် ဝဏ္ဏနဲ့ ဒီကောင် ဇေယျာအောင် သမ္မတဟိုတယ်မှာ တွေ့ ကြတာတွေကို ပြောမနေနဲ့တော့၊ အဲဒီအထိ ငါသိပြီးပြီ ဇေယျာအောင်နဲ့ မလေးလေး ဆက်ဆံရေး ဘယ်အထိရှိ တယ်ဆိုတာသာပြော”

“မပြောနဲ့ဆိုပေမယ့် အာစရိရဲ့အကျိုးအတွက်ပဲ ကျွန်တော် ရင်ထဲ သံသယရှိတာ ပြောဦးမယ် ဆရာ၊ ကိုဝဏ္ဏ ဆရာ့လက်အောက်မှာ လုပ်နေတာကြာပြီ၊ ဇေယျာအောင် ကလည်း ဆရာ့ကိုမဖြိုခင် တခြားမှောင်ခိုကြီးတွေကို ဖြို တာကြာပြီ၊ ဒါနဲ့တောင် ကိုဝဏ္ဏနဲ့ ဇေယျာအောင် ကျောင်းနေဘက်သူငယ်ချင်းတွေမှန်း အာစရိမသိခဲ့ဘူး အာစရိဆီ ဝဏ္ဏလာတာဟာ ရိုးမှရိုးရဲ့လားလို့ မေးတာ ဆရာ”



“ဝဏ္ဏအပေါ်မှာ ငါ သံသယကင်းတယ် ကြီးမြင့်၊ တကယ်တော့ ဝဏ္ဏဟာ ငါ့ရဲ့တကယ့်အတွင်းကျကျ မှောင်ခိုလုပ်ငန်းကို သူ မသိဘူး၊ ဥပမာ ပွဲရုံကို သနပ်ဖက်ပိုတွေလာချရင် ဝဏ္ဏဟာ သနပ်ဖက်ကိစ္စပဲ သိတယ်၊ ဒီ့ပြင်ဘာမှ မသိနိုင်အောင်လည်း ငါက တစ်ကြိုစီစဉ်ထားတယ်၊ အလားတူပဲ ရွှေဘုံသာလမ်းထဲက ဆိုင်ကိစ္စဆိုလည်း တရားဝင်ရောင်းဝယ်နေတဲ့ အဆင့်အထိပဲ ဝဏ္ဏကို သိခွင့် ငါပေးတယ်၊ မှောင်ခိုပစ္စည်းတွေ ငါခံလိုက်ရတဲ့ကိစ္စမှာ ဝဏ္ဏက ဒီသနပ်ပိုတွေ ဘယ်ကသယ်လာမှန်းတောင် မသိဘူး၊ ယုတ်စွအဆုံး ဦးမြိုင်ကို ပေးထားတဲ့ ဂျီအမ်စီကားကြီးဟာ ငါပိုင်တဲ့ကားမှန်းတောင် ဝဏ္ဏမသိဘူး၊ ဇေယျအောင်က တမင်လိုက်၊ တမင်နှိုက်ပြီး ဒီသတင်း ရသွားတာ၊ ဝဏ္ဏကိုလည်း ငါ သေချာမေးကြည့်ပြီးပြီ၊ သမ္မတမှာ ဇေယျာအောင်နဲ့ တွေ့တာ ကွဲကွာနေတာ ကြာခဲ့ပြီး ဖြုန်းခနဲအမှတ်မထင်တွေ့တာ”

“ဒါဆိုလည်း ပြီးရောပေါ့ အာစရိ၊ သမ္မတမှာ တယ်လီဖုန်းနဲ့ ကိုဝဏ္ဏကို ဆရာ ပထုတ်ပြီးတဲ့နောက်-မလေးလေးနဲ့ ဇေယျာအောင် အဆင်မပြေ ဖြစ်သေးတယ်၊ မလေးလေးက ကိုဝဏ္ဏပြန်မလာမှန်း သိတာနဲ့ ထမင်းမစားတော့ဘဲ သွားတယ်၊ အဲဒါ ဇေယျာအောင်က ဖွတ်ပြန်ခေါ်တယ်၊ ဒီကောင် ဘာတွေပြောမှန်းတော့ ကျွန်တော် မကြားနိုင်ဘူး ဆရာ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့၊ မင်းအနေနဲ့ သိပ်အနီးကပ်လို့မှ မဖြစ်နိုင်တာ ဒါပေမဲ့ နောက်ပိုင်းမှာ မလေးလေးနဲ့ ဖေယျာအော အဆင်ပြေသွားကြတယ်ပေါ့၊ ဟုတ်လား"

"ပြေတာမှ အရမ်းပဲ အာစရိ၊ မလေးလေးက သူ့လ ကိုင်ပဝါတောင် ဒီကောင့်ကိုပေးပြီး ရှုခိုင်းတယ်၊ အဲ နောက် အောင်ဆန်းကွင်းပတ်ပြီး သူတို့လျှောက်ကြတ တစ်လမ်းလုံး နှစ်ယောက်စလုံး ရယ်လို့ မောလို့၊ တိရစ္ဆာ ဉယျာဉ်ထဲကို ဝင်ကြတယ်၊ အဲဒီမှာလည်း တောက်လျှော အဆင်ပြေသွားကြတာပဲ၊ ကျားရုံကနေ သူတို့ထွက်သွ တော့ ကျွန်တော် ဆက်မလိုက်တော့ဘူး၊ ဒီလောက်အ အနေသိရရင် တော်ပြီ၊ တခြား ကျွန်တော့်မှာ ချိန်းထား လည်း ရှိနေတော့ ကျားရုံကပဲ ကျွန်တော် လှည့်ပြန် ခဲ့တယ်"

"မင်း အမြင်ပေါ့ကွာ ကြီးမြင့်၊ မလေးလေးနဲ့ ဖေ အောင်ဟာ နဂိုကတည်းက ကျွမ်းပြီးသားလား၊ မလေးလေး ရောက်လာတာဟာ"

"လုံးဝမဖြစ်နိုင်ဘူး အာစရိ၊ ဖေယျာအောင်နဲ့ မလေး ဟာ ဝဏ္ဏနဲ့ပတ်သက်ပြီး ပထမဆုံးတွေ့ဖူးဟာလို့ပဲ နှုန်းပြည့် ကျွန်တော်အကဲခတ်ရတယ်၊ တကယ်လို့ နှစ်ယောက်ဟာ ပထမဆုံး တွေ့ကြတဲ့အနေနဲ့ ဟန် တာဆိုလည်း အကယ်ဒမီရှော့တွေပဲ၊ ဘယ်လိုလှမ်း ကြည့် သူတို့ဟာ ပထမဆုံး တွေ့ဖူးတာလို့ပဲ သူတို့ အမူနဲ့ မျက်နှာအမူအရာတွေက ပေါ်လွင်နေတယ်"



"ဟုတ်တယ်၊ ငါ ယုံတယ်၊ ငါ့ပစ္စည်းတွေ ခံလိုက်ရတာ က ကေသီနဲ့ မလေးလေး ဘယ်လိုမှ မတွေ့ခင်က ခံလိုက်ရတာပဲ၊ ဒီတော့ ဖေယျာအောင်က လွှတ်ပေးလိုက်လို့ ငါ့ဆီရောက်လာတာမျိုးတော့ မဖြစ်နိုင်ဘူး၊ အေးလေ ... ဘာပဲဖြစ်ဖြစ် သမ္မတဟိုတယ်မှာ သူတို့နှစ်ယောက်ကြည် သွားတာကိုပဲ ငါက တစ်ခုခု မလေးလေးကို အသုံးချဖို့ စဉ်းစားရမှာပဲ၊ ဒါထက် နေပါဦးကွ၊ သူတို့ သမ္မတဟိုတယ် ပေါ်က ဘယ်အချိန်ဆင်းခဲ့ပြီး တိရစ္ဆာန်ဉယျာဉ်ထဲမှာ ဘယ်အချိန်ထိ သွားကြသလဲ"

"သမ္မတဟိုတယ်ပေါ်က ဆင်းသွားတာ မွန်းတည့်ဆယ့် နှစ်နာရီသာသာပဲ၊ နောက်ဆုံး ကျားရုံအထိဆိုရင် မွန်းလွဲ နှစ်နာရီလောက်ထိသို့ အကြမ်းဖျင်း ပြောရမယ် အာစရိ"

"အဲဒီအချိန်ဟာ ဖာရင်ဟိုက်ပြဒါးအပူချိန် ကိုးဆယ့်ရှစ် ရှိတယ် ကြီးမြင့်၊ ငါဆိုလိုတာက နေတော်တော်ပူနေတယ် ဆါ့ကွာ၊ နေပူထဲမှာ နှစ်နာရီလောက် အတူတူတွဲပြီး ထီး ပေါ၊ ဦးထုပ်မပါနဲ့ သူတို့ လမ်းလျှောက်တယ်ဆိုတော့ ဘော်တော်ကြီးကို နှစ်ယောက်စလုံး အဆင်ပြေနေကြလို့ ဖြစ်ရမယ်၊ ဖေယျာအောင်ကို ငါက ပြန်ထောင်ဖို့ မလေး လေးကို အသုံးချရင် ရလောက်အောင် သူတို့ အဆင်ပြေ နေကြပြီလားဆိုတာ တွက်ကြည့်တာပါ"

ဤကိစ္စအတွက်မူ ကြီးမြင့်က ဘာမျှပြန်မပြော ဘစ်လိပ် ထုတ်ညှိရှူဖွာနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် မင်း မလေးလေးရဲ့ နောက်ကြောင်းရာဇဝင်ကို ကော လိုက်မထားဘူးလား ကြီးမြင့်"

"အာစရိက လိုက်ပါလို့မှ မီးစိမ်းမပြတာ"

"မင်းကွာ ... ငါပြောမှပဲ လုပ်မှာလား"

"အာစရိ အသိပါ၊ လူတစ်ယောက်ရဲ့နောက်ကြောင်းကို လိုက်ရတယ်ဆိုတာ စရိတ်စက ကုန်တတ်တာမျိုး မဟုတ်လား၊ နောက်တစ်ချက်က လောလောဆယ်မှာ အာစရိရဲ့ အမျိုးသမီး ဒေါ်ကေသီ လမ်းထွက်တိုင်း ကျွန်တော် နောက်က ရှဲဒိုးလိုက်ဖို့ ဆရာခိုင်းထားတော့ မလေးလေး အကြောင်း မလိုက်နိုင်သေးဘူးလေ၊ မလေးလေး ဒီအိမ်ကြီးပေါ်ရောက်တာကလည်း ရက်ပိုင်းပဲ ရှိသေးတာ"

ရှိန်လှမောင် အံဆွဲဖွင့်ပြန်သည်။ ငွေတစ်သောင်း အုပ်တစ်အုပ် ထုတ်ယူကာ ကြီးမြင့်ရှေ့သို့ ချပေးလိုက်ပြန်သည်။

"မလေးလေးနောက်ကြောင်းကို မင်း လိုက်ပါ၊ မလေးလေး ငါ့အိမ်ပေါ် ရောက်လာတာဟာ တခြားအကြောင်းတစ်ခု ရှိမရှိ ငါသိဖို့ သိပ်ကိုလိုအပ်လာပြီ"

ကြီးမြင့်က ငွေကို သူ၏အိတ်ထဲသို့ ဖြည်းလေးစွာ ပင် ထည့်လိုက်ရင်း ...

"မလေးလေးနဲ့ ပတ်သက်ပြီး စရန်သဘောနဲ့ သတင်း တစ်ခုတော့ ကျွန်တော် ပြောခဲ့မယ် ဆရာ"

"ဘာလဲ ပြော"

"မလေးလေးနဲ့အာစရိရဲ့ဇနီး ဒေါ်ကေသီဟာ ငယ်သူငယ် ချင်းဆိုတာ လုံးဝမဖြစ်နိုင်ဘူး"



"ဆိုပါဦး"

"မလေးလေးနဲ့ ဒေါ်ကေသီဟာ ဗိုလ်ချုပ်ဈေး နန်းကြီး သုပ်ဆိုင်ထဲမှာ မတော်တဆ တွေ့ကြတာ၊ ကျွန်တော်က အာစရိခိုင်းထားတဲ့အတိုင်း ဒေါ်ကေသီ အပြင်ထွက်တိုင်း နောက်က လိုက်ရတော့ အားလုံးမြင်ခဲ့တယ်"

"အဲဒီနေ့က မင်း ငါ့ဆီကို သတင်းပြန်ပို့တုန်းက ကေသီဟာ ဆံပင်အလှပြင်ဖို့ အချိန်စောင့်ရင်း နန်းကြီးသုပ်ဆိုင်ထဲ ဝင်သွားတယ်၊ အဲဒီမှာ နန်းကြီးသုပ်မှာထားရင်း စားပွဲထိုး လေးတစ်ယောက်က ညွှန့်ဦးနာမည် ထုတ်အော်လိုက်သံ ကြားလို့ ကေသီ အခြေအနေပျက်ပြီး မူးမေ့မလို ဖြစ်သွား တယ်လို့သာ ပြောခဲ့တယ်၊ မလေးလေးနဲ့ ကေသီ အဲဒီမှာ တွေ့ခဲ့ကြတယ်ဆိုတာ မပြောခဲ့ပါလား ကြီးမြင့်"

"အဲဒီတုန်းက ပြောဖို့လည်း မလိုဘူးလေ ဆရာ၊ ဒေါ်ကေသီ မူးမေ့သွားတော့ လူတိုင်း ဝိုင်းအုံပြုစုကြတာပဲ၊ အဲဒီဝိုင်းအုံ တဲ့အထဲမှာ မလေးလေးက တစ်ယောက် အပါအဝင်ဆို တော့ သာမန်ကာလျှံကာလို့ပဲ ကျွန်တော် တွက်ထားလိုက် မိတာပေါ့"

"အဲဒီနောက် မလေးလေး ဒီအိမ်ရောက်နေတာ မင်းမြင် တွေ့သားနဲ့ နန်းကြီးသုပ်ဆိုင်ထဲမှာ မလေးလေးနဲ့ကေသီ အမှတ်မထင် တွေ့တာ အခုမှ ဘာလို့ပြောတာလဲ"

"ဪ ... အာစရိရယ်၊ အခုမှပဲ မလေးလေးနဲ့ ပတ်သက် ပြီး ဆရာက ငွေထုတ်ပေးတာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ ... မင်း"

"ကျွန်တော့် အသက်မွေးဝမ်းကျောင်းကိုက သတင်းရောင်းစားရတာပါ အာစရိ၊ ရသမျှသတင်းကို ဖရိုးသာလွှတ်နေရင် အကြောကွေးတောင် ကျွန်တော် ဘယ်စားနိုင်မှာလဲ"

"ကဲ ... ဆက်ပြော၊ အဲဒီနန်းကြီးသုပ်ဆိုင်မှာ မလေးလေးနဲ့ ကောသီ ဘယ်လိုဆိုတာ"

"မလေးလေးက ဒေါ်ကောသီ မူးမေ့သွားတော့ တယုတယပြုစုတယ်၊ ရှူဆေးတွေ ပေးရှူတယ်၊ ဒေါ်ကောသီသက်သာသွားတယ်၊ အဲဒီနောက် ဒေါ်ကောသီက မလေးလေးကို သူ့ကားနဲ့ခေါ်သွားတယ်၊ ကုက္ကိုင်းလမ်းဘေးမှာ ကားရပ်ပြီး သူတို့စကားပြောကြသေးတယ်၊ အကြာကြီးပဲ၊ အဲဒီနောက် မလေးလေးဟာ အာစရိရဲ့အိမ်ကို ရောက်လာတာပဲ၊ အဲဒါကြောင့် သူတို့နှစ်ယောက်ဟာ နဂိုကတည်းက သူငယ်ချင်းတွေ မဟုတ်ဘူး၊ နန်းကြီးသုပ်ဆိုင်မှာ ပထမဒေါ်ကောသီ ဝင်ထိုင်တယ်၊ အဲဒီနောက် ဒေါ်ကောသီရဲ့စားပွဲမှာပဲ မလေးလေး ဝင်ထိုင်တယ်၊ ဒါပေမဲ့ နှစ်ယောက်စလုံး တစ်ယောက်နဲ့တစ်ယောက် စကားလုံးဝမပြောဘူး၊ ပိဘိ သူစိမ်းတွေပဲ ဒေါ်ကောသီ မူးမေ့သွားပြီးမှ ရင်းနှီးသွားကြတာ၊ ဒါဆဲ ဆရာ၊ ဒါက ပဏာမနိဒါန်းပဲ၊ နောက်ထပ် မလေးလေးနဲ့ ပတ်သက်တဲ့ သတင်းတွေ ကျွန်တော် စုံစမ်းရသလောက် ထပ်ပြောမယ်လေ၊ အဲ ... အာစရိ အကျိုးအတွက်ပဲပေါ့လေ ကျွန်တော် စိတ်ထဲထင်တာ ပြောရမလား"



"ပြောပါ ကြီးမြင့်၊ မင်းဟာ ငါ့ကို အခုအချိန်အထိတော့ အကျိုးပြုနေတဲ့ သူမှန်း ငါယုံကြည်နေသားပဲ"

"ဆရာ့ဇနီး ဒေါ်ကောသီဟာ ဘာဖြစ်လို့ မလေးလေးကို ငယ်သူငယ်ချင်းပါဆိုပြီး အိမ်ပေါ်ခေါ်တင်တယ်လို့ အာစရိ ထင်သလဲ"

"အဲဒါကို ဘယ်လိုထင်မရလဲဆိုတာအထိ အလေးအနက် ငါဘာမှ မစဉ်းစားကြည့်သေးဘူး ကြီးမြင့်"

"ပထမ အချက်ကတော့ ဒေါ်ခင်ထားရီကြောင့် ဖြစ်နိုင်တယ်၊ အာစရိက ဒေါ်ခင်ထားရီကို အထင်ကြီးနေတယ်၊ စွဲလမ်းနေတယ်လို့ ဒေါ်ကောသီ ယူဆပြီး ဒေါ်ခင်ထားရီ ထက်ပိုပြီးလှတယ်၊ ဒေါ်ခင်ထားရီလိုပဲ တက္ကသိုလ်ဘွဲ့ရဆိုတဲ့ မလေးလေးကို ဆရာမြင်စေချင်တယ်၊ မလေးလေးလို ရုပ်ရော ပညာရော ပြည့်စုံနေတဲ့ အမျိုးသမီးကို တစ်အိမ်တည်း အတူနေပြီး အာစရိမြင်နေရရင် ဒေါ်ခင်ထားရီ အပေါ်မှာ အထင်ကြီးတာတွေ၊ စွဲလမ်းနေတာတွေ လျော့နည်းသွားနိုင်လို့ပေါ့ ဆရာ"

"ခင်ထားရီနဲ့ ငါ့ကိစ္စအထိ မင်း ဝင်ပါဖို့ မလိုဘူးထင်တယ် ကြီးမြင့်၊ ဒါပေမဲ့ ဒုတိယအချက် ရှိသေးရင် ဆက်ပြောပါ၊ ငါ နားထောင်မယ်"

"ဒုတိယအချက်ကတော့ ဒေါ်ကောသီဖို့ ဒီအိမ်ကြီးမှာ စိတ်ချလက်ချ ယုံကြည်ရမယ့်လူ မရှိဘူးလေ၊ ဒီအိမ်ကြီးမှာ ခန့်ထားသမျှ အလုပ်သမားတွေအားလုံးက ဆရာ့လူတွေ၊ ဆရာ ရွေးခန့်ထားတဲ့ လူတွေမဟုတ်လား၊ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေသီက သူ့လူယုံအဖြစ် မမလေးကို အိမ်ပေါ်ခေါ်တင်လိုက်တာပဲ၊ အဲ ... ပြီးတော့ အာစရိ လုပ်နေပုံကလည်း ဒေါ်ကေသီကို ဒေါက်တာခင်မောင်ညိုရဲ့ဆေးတွေ ဖိတိုက်ပြီး ...”

“တော်ကွာ ကြီးမြင့်၊ နေရာတကာမှာ သိပ်သိလွန်းတဲ့လူဟာ အန္တရာယ်များတတ်တယ်၊ ကဲ ... မင်းပြန်တော့”

ကြီးမြင့်က နောက်ထပ် တစ်လုံးမျှ ထပ်မပြောတော့ဘဲ အေးဆေးတည်ငြိမ်စွာပင် ထိုင်ရာမှထကာ စာကြည့်ခန်းမှ ထွက်လာခဲ့သည်။

ဦးရှိန်လှမောင်သည် ငုငုငိုင်ငိုင်ကြီးထိုင်၍ ကျန်ခဲ့လေတော့သည်။

✤ ✧ ✤



# ( ၂၂ )

မနေ့ကတည်းက ကေသီ နေမကောင်းဟုပြောသည်။

မနေ့က လေးလေး အပြင်ထွက်ခဲ့ပြီး သမ္မတဟိုတယ်တွင် ဖေယျာအောင်နှင့် တွေ့ဆုံကာ လမ်းလျှောက်ရင်း တိရစ္ဆာန်ရုံ ဝင်ပတ်သည်မို့ အိမ်ပြန်နည်းနည်းနောက်ကျသွားသည်။

ကေသီ အနည်းငယ် မအီမသာ ဖြစ်နေ၍ အိပ်ရာမှာပင် လှဲနေကြောင်း မထွေးကြည် ပြော၍ သိရသည်။ သို့သော် မနေ့က အတော်အတန်လေး နေပူမိခဲ့ပြီး ပင်ပန်းသလိုရှိသည်မို့လည်းကောင်း၊ ကေသီ့ဘာသာ ကိုယ်လက် မအီမသာရှိနေစဉ် လွတ်လပ်စွာ နေစေလိုသော ဆန္ဒကြောင့်လည်းကောင်း ကေသီနှင့် ဝင်မတွေ့ဖြစ်ခဲ့။

ယနေ့နံနက်တော့ အိမ်ကြီးတွင် ကေသီ စိတ်ဖောက်သည်ဟု ပြောသည်။

ယနေ့နံနက် ရှစ်နာရီခန့်တွင် ကေသီသည် သူမ၏ အိပ်ခန်းထဲ၌ တစ်ယောက်တည်းရှိနေစဉ် ရူးရူးရှားရှား ဆေးသံပါအောင် အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ရှိ လူတွေအားလုံး ကေသီ အထိတ်တလန့်အော်ရာသို့ ပြေးဝင်ကြသည်။ သို့သော် ဦးရှိန်လှမောင် အပြင်မထွက်သေးဘဲ အိမ်တွင်ရှိခိုက်နှင့် ကြုံနေသဖြင့် ဦးရှိန်လှမောင်က ဘယ်သူ့ကိုမျှ ကေသီ့အိပ်ခန်းထဲ မဝင်စေဘဲ မောင်းထုတ်ကာ သူ့ဇနီးဆီသို့ သူတစ်ယောက်တည်း ပျာပျာသလဲဝင်သွားသည်။

အောက်ထပ်တွင် ဖြစ်ပျက်နေသည်ကို အပေါ်ထပ်မှ လေးလေး မသိ။ အိမ်ကြီးက ကြီးမားကျယ်ဝန်းရုံမက အပေါ်ထပ် အောက်ထပ် မြင့်မားလှသည်။ ထို့ပြင် အိပ်ခန်းတိုင်းလိုလို အသံလုံခန်း ဖြစ်နေသောကြောင့် လေးလေး မသိခြင်း ဖြစ်ပါ၏။

သို့သော် မထွေးကြည်က ဦးရှိန်လှမောင် မောင်းအထုတ်ခံရပြီး ချက်ချင်း ဆိုသလိုပင် အပေါ်ထပ် တက်လာကာ လေးလေးအား အကျိုးအကြောင်းပြော၏။

လေးလေး အောက်ထပ် ဆင်းလာခဲ့သည်။ ကေသီအား ကူညီရန်ဖြစ်သည်။ သို့သော် ဦးရှိန်လှမောင် ကေသီ၏အခန်းထဲ ရောက်နေသည်။ တံခါးပိတ်ထားသည်။ နောက်မှပင်တွေ့တော့မည်ဟု လေးလေး အပေါ်ထပ် ပြန်တက်ခဲ့သည်။

✣ ✧ ✣



ဦးရှိန်လှမောင်က ကေသီ့အား တယုတယ ပိုက်ထွေးထားသည်။ ကေသီက ဦးရှိန်လှမောင်၏ ယုယစွာ ပိုက်ထွေးမှုကို ကျေနပ်နှစ်သိမ့်စွာ ခံယူရင်း ပြန်လည်ကာ ဦးရှိန်လှမောင်အား ဖက်ထားသည်။

"ကိုယ် တကယ်ပဲ စိတ်ပူတယ် ကေသီ၊ ဒီအတိုင်းဆိုရင် ဒေါက်တာခင်မောင်ညိုနဲ့ ကုသမှုဟာ မလုံလောက်ဘူးထင်တယ်"

"ကေသီ နေကောင်းပါတယ် ကိုမောင်"

"ဘယ်ဟုတ်မလဲ၊ အော်လိုက်တာများ ငယ်သံပါနေတယ်၊ ဒီလိုသာ အထိတ်တလန့် ခဏခဏဖြစ်နေရင် ကြာရင် မကောင်းဘူးပေါ့ ကေသီ"

"ဘယ်လိုမကောင်းတာလဲ"

"ရူးသွားနိုင်တယ်"

"အို ... မဟုတ်တာ၊ ကိုမောင်ကလည်း"

"ကိုယ် စိတ်ကူးနေတယ်၊ ကေသီ့ကို စိတ်ရောဂါကုဆေးရုံမှာ တစ်လလောက် ကုသဖို့"

"အို ... အို ... မဟုတ်တာ၊ အဲဒီလိုတော့မလုပ်နဲ့ ကိုမောင်၊ ကေသီ နေကောင်းပါတယ်"

"ဒါဆိုရင် ဒေါက်တာခင်မောင်ညို ပေးတဲ့ဆေးကို မှန်မှန်သောက်ပါ ကေသီ"

"သောက်နေသားပဲ၊ နောက်ပြီးအခု အိမ်မှာ လေးလေးလည်းရှိနေတယ်၊ လေးလေးက ကေသီ့ကို ကောင်းကောင်းပြုစုရှာပါတယ်၊ နောက်ပြီး လေးလေးနဲ့ စကားပြောနေတဲ့ အချိန်တိုင်းမှာ ကေသီ့စိတ်တွေ ကြည်လင်နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ ... လေးလေး ဆိုလို့ ကေသီရဲ့ မလေးလေးအကြောင်း ပြောရဦးမယ်၊ ကိုယ်တော့ မလေးလေးကို သဘောမကျချင်ဘူး"

"ဘာလို့"

"ဖေယျာအောင်ဆိုတဲ့ကောင်နဲ့ သူက အဆက်အသွယ်ရှိနေတယ်လေ၊ ဖေယျာအောင် ဆိုတဲ့ကောင်က ကိုယ့်အကျိုးစီးပွား ပျက်စီးအောင် လုပ်နေတဲ့အကောင်"

"ဟုတ်ပါ့မလား ကိုမောင်၊ ကေသီ သိသလောက်တော့ ရန်ကုန်မှာ လေးလေး အပေါင်းအသင်း မရှိလှဘူး၊ နောက်ပြီး ဘယ်ယောက်ျားနဲ့မှ မပတ်သက်ဘူးလို့ ထင်တာပဲ၊ ဒါကြောင့် ကိုဝဏ္ဏနဲ့တောင် ကေသီ ဆွယ်နေတာ"

"ဝဏ္ဏလိုကောင်ကို မလေးလေးက စိတ်မဝင်စားပါဘူးလေ၊ ကိုယ်သိပ်သိချင်နေတာက မနေ့က မလေးလေးဟာ ဖေယျာအောင်နဲ့ သုံးနာရီလုံးလုံး အတူတူ ရှိနေတယ်"

"ဟုတ်ပါ့မလား ကိုမောင်၊ ကေသီ အကဲခတ်မိသလောက်ကတော့ လေးလေးဟာ ယောက်ျားနဲ့ ပတ်သက်ပြီး တော်တော်စိမ်းတယ်လို့ အကဲခတ်မိတာပဲ"

"သုံးနာရီလုံးလုံး အတူတူ ရှိနေတယ်ဆိုတာက အောင်ဆန်းကွင်းပတ်ပြီး လမ်းလျှောက်တယ်၊ နှစ်ယောက်အတူ တီရှုဗ္ဗာန်ဥယျာဉ်သွားကြတယ် ဆိုတာမျိုးပဲ ကေသီ၊ ကိုယ်သိချင်နေတာက သုံးနာရီလောက် သူတို့စကားတွေပြောခဲ့တာဟာ ဘာအကြောင်းတွေ ပြောကြသလဲဆိုတာပဲ၊ အဲဒါ ကေသီ့အနေနဲ့ သူ့ကို တီးခေါက်ကြည့်စမ်း၊ ကြားလား"



"အင်း ... မသိမသာ လှည့်ပတ်မေးကြည့်မယ်လေ"

ထိုနောက် ဦးရှိန်လှမောင်သည် ကေသီ၏ပါးပြင်ကို ဖွဖွလေး နမ်းလိုက်သည်။ ပြီး ... အပြင်ထွက်ရန် ထရပ်လိုက်သည်။

"ဩော် ... ဒါထက် နေပါဦး၊ အခုမနက် ကေသီ ဘာလို့ ဒီလောက် အလန့်တကြားကြီး အော်လိုက်တာလဲ"

"ဘာရယ်မဟုတ်ပါဘူး ကိုမောင်၊ အေးရိပ်ငြိမ်မှာ ဖြစ်ခဲ့တာတွေ ခေါင်းထဲရောက်လာပြီး အလန့်တကြား အော်လိုက်မိတာပါ"

"အဲဒါ ခက်တာပေါ့၊ ကေသီက ပြီးခဲ့တာတွေ အလကား တောင်တွေး မြောက်တွေးနဲ့ တွေးပြီး ချောက်ချားနေတယ်၊ ဆရာဝန်ပေးထားတဲ့ စိတ်ငြိမ်ဆေးကို မှန်မှန်သောက်ပါဆိုလည်း မသောက်ဘူး၊ နောက် ဆေးမှန်မှန် မသောက်လို့ ဒီလိုထပ်ဖြစ်ရင်တော့ စိတ်ကျန်းမာရေးဆေးရုံ ပို့ရမှာပဲ ကေသီ"

ပြောပြောဆိုဆို ဦးရှိန်လှမောင်သည် အခန်းတံခါး ဖွင့်ထွက်သွားပေတော့သည်။

ကေသီက ဒေါက်တာခင်မောင်ညို ပေးထားသော စိတ်ငြိမ်ဆေးပုလင်းကို ယူကြည့်သည်။ စိတ်ရောဂါကုဆေးရုံသို့ သွားလို၍ ဆေးမှန်မှန်သောက်ရန် ဆေးပုလင်းကို ယူလိုက်သော်လည်း မသောက်တော့ဘဲ ပြန်ချထားလိုက်သည်။

ဤစိတ်ငြိမ်ဆေး သောက်လေတိုင်း ရင်ထဲတွင် [illegible]မျိုးကြီးဖြစ်ရသည်။ အော်ဂလီဆန်ပြီး ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်[illegible]းသည်ကိုး။

✤ ✧ ✤

www.burmeseclassic.com

www.burmeseclassic.com



လေးလေး နောက်တစ်ခေါက် ဆင်းလာသောအခါ ကေသီ၏ အိပ်ခန်းတံခါး ပွင့်လျက်သားရှိနေသည်ကို တွေ့ရသည်နှင့် ဝင်ရောက်ခဲ့လေသည်။

"လာ ... လေးလေး၊ တို့က စောစောကတည်းက လေးလေး လာမှာပဲဆိုပြီး မျှော်နေတာ"

"လေးလေး လာပါတယ် ကေသီ၊ ဦးရှိန်လှမောင် အထဲ မှာရှိနေတယ်ဆိုလို့ တံခါးမခေါက်တော့ဘဲ ပြန်တက်သွား တာပါ၊ ကဲ ... ဆိုပါဦး၊ ကေသီ လန့်အော်တယ်ဆို"

ကေသီက ဘာမျှပြန်မပြောသေးမီ သက်ပြင်းချလိုက် သေးသည်။ ထို့နောက် ညည်းညူသံလေးနှင့် ပဏာမ စလိုက်သည်။

"ခက်တယ် လေးလေးရယ်၊ ဘာကြောင့်မှန်းတောင် မသိ တော့ဘူး၊ ဒီအိမ်ကြီးထဲက အိမ်သားတစ်ယောက်ယောက် ကပဲ တို့ကို စိတ်ချောက်ချားပြီး ရူးသွားအောင် လုပ်နေ သလား မသိဘူး"

"အဲဒီလို ကေသီ ဘာလို့ ထင်တာလဲ"

ကေသီက ဟိုဟိုသည်သည် ဝေ့ဝိုက်ကြည့်လိုက်သေး သည်။ သူမ ပြောတော့မည့်စကားကို အေးလူ တစ်ယောက်



ယောက် ကြားနိုင် မကြားနိုင် ရှာဖွေစူစမ်းခြင်း ဖြစ်ပါ၏။ ထို့နောက် လေးလေးနှင့် အနီးဆုံးဖြစ်အောင် တိုးကပ်ပြီး အလွန် တိုးသောလေသံဖြင့် ပြောပြသည်။

"ဒီနေ့မနက် ကော်ဖီနဲ့ မုန့်ပွဲကို ဒီအခန်းထဲကိုပဲ ယူလာ ခဲ့ဖို့ မှာလိုက်တယ်"

"ဘာလို့ ခါတိုင်းလို ထမင်းစားခန်းမှာ ထွက်မသောက် တာလဲ ကေသီ"

"အမှန်တော့ စိတ်ကောက်ချင်ဟန် ဆောင်တာ၊ ကိုမောင့် ကို စိတ်ကောက်တာ၊ မနေ့က ကိုမောင်က ခင်ထားရီ မွေးနေ့အတွက် လက်ဆောင်ပေးခဲ့တာကို မကျေနပ်လို့၊ ညောင်ရွက်ပုံ လော့ကက်လေးတဲ့၊ လော့ကက်ရဲ့တန်ဖိုးကို တို့ ထည့်မတွက်ပါဘူး၊ ခင်ထားရီရဲ့မွေးနေ့လက်ဆောင် ပေးတာလည်း လူမှုရေးဝတ္တရားတစ်ခုမို့ တို့မကန့်ကွက်ပါ ဘူး၊ ဒါပေမဲ့ ပေးတဲ့လက်ဆောင်က အသည်းပုံညောင်ရွက် ပုံတဲ့လေ၊ ကိုမောင်က ခင်ထားရီကို သူ့အသည်းပေးတယ် လို့ ဟိုကောင်မက တွက်မှာပေါ့"

လေးလေးက ဟင်းခနဲ သက်ပြင်းချမိသည်။

"ကေသီ အပြစ်တင်ရင်လည်း လေးလေး ခံရုံပဲ၊ မနေ့က ဦးရှိန်လှမောင်က ပေးခိုင်းလို့ ခင်ထားရီဆီ လေးလေးပဲ အဲဒီမွေးနေ့လက်ဆောင်ကို သွားပေးရတာ"

"ဘာလို့ လေးလေးကို အပြစ်တင်ရမှာလဲ၊ သူခိုင်းလို့လုပ် ပေးရတဲ့ သဘောပဲဟာ၊ ဒါကြောင့် ကိုမောင့်ကို စိတ် ကောက်ပြီး ထမင်းစားခန်း မထွက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒီတော့"

"စိတ်ကောက်ပေမယ့် အချိန်ကျတော့ ဗိုက်က ဆာလာတယ်လေ၊ ဒါနဲ့ မထွေးကြည်ကို ငံကော်ဖီပွဲ အခန်းထဲလာပို့လို့ မှာလိုက်တယ်၊ အဲဒီ ကော်ဖီလင်ပန်းထဲမှာပဲ စာအိတ်ရှည်ကြီးတစ်လုံး မထွေးကြည်က ယူလာပေးတယ်၊ လေးလေးလည်း သတိထားမိမှာပေါ့၊ ခြံကြီးကသိပ်ကျယ်တော့ ခြံဝင်းပေါက် သံတံခါးမှာပဲ သစ်သားစာတိုက်ပုံးလေးထားတယ်လေ"

လေးလေးက သတိထားမိကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"မထွေးကြည်က နေ့တိုင်း မနက်ခုနစ်နာရီဆိုရင် အဲဒီစာတိုက်ပုံး သွားဖွင့်တယ်၊ သတင်းစာတို့၊ မနေ့ကအပြင်က ထည့်သွားတဲ့ စာတို့ကို သိမ်းယူလာပြီး ကိုမောင့်နာမည်လိပ်စာဆိုရင် ကိုမောင့်ကိုပေးတယ်၊ တို့နာမည်ဆိုလည်း တို့ကိုပေးတယ်"

"ကေသီ့နာမည်နဲ့လာတဲ့စာတို့ ဘာတို့ကို ဦးရှိန်လှအောင်က ဖွင့်ပြီးမှ ဖတ်ပြီးမှ မပေးဘူးလား"

"မပြောတတ်ဘူး၊ ဒါပေမဲ့ တို့ဆီကို စာတို့ ဘာတို့ဆိုတာက တစ်လနေလို့ တစ်ခါတောင် မလာတတ်ပါဘူး၊ တို့ဆက်သွယ်စရာရှိတာဆိုရင် ဖုန်းနဲ့ပဲ ဆက်သွယ်တာပဲ"

"ဆက်ပြောပါ ကေသီ၊ စာအိတ်ရှည်ကြီး ပါလာတော့ ဘာဖြစ်လဲ"



"တို့လည်း တို့နာမည်နဲ့ စာအိတ်ရှည်ကြီးပါလားဆိုပြီး အံ့အံ့သြသြနဲ့ပဲ ဖွင့်ကြည့်မိလိုက်တယ်၊ အမယ်လေး ... စာအိတ်ထဲက မျက်နှာဖုံးအနက်တစ်ခု ထွက်လာတာပဲလေးလေး"

"မျက်နှာဖုံး ... ဘာမျက်နှာဖုံးလဲ"

"ကိုညွန့်ဦးဆိုတဲ့လူကို တို့ အေးရိပ်ငြိမ်မှာ ပစ်သတ်ခဲ့တုန်းက သူ့အလောင်းဘေးမှာ ရှိနေတဲ့ မျက်နှာဖုံးလေ"

"အဲဒါ ရဲတွေက သိမ်းသွားပြီပဲ"

"ဒါကြောင့် ပြောတာပေါ့ လေးလေး၊ ကိုညွန့်ဦးရဲ့မျက်နှာဖုံးကတော့ ရဲတွေသိမ်းသွားလို့ တစ်ယောက်ယောက်က ရဲတွေလက်ကယူပြီး ပို့တာတော့ မဖြစ်နိုင်ဘူးပေါ့၊ ဒါပေမဲ့ အဲဒီ တစ်ယောက်ယောက်ကပဲ တို့ကို သိပ်ချောက်ချားစေအောင် အလားတူမျက်နှာဖုံးပုံစံမျိုးလုပ်ပြီး တို့ဆီရောက်အောင် တမင်ပို့ပေးတာ။ အဲဒီလူ မျှော်မှန်းတဲ့အတိုင်းပါပဲလေ၊ မျက်နှာဖုံးကိုလည်း တွေ့လိုက်ရော တို့တက်မတတ်လန့်သွားတယ်၊ စိတ်ကို ဘယ်လိုမှ မထိန်းနိုင်ဘဲ တအားကြီး အော်မိတယ်"

"အင်း ... တစ်ယောက်ယောက်က ကေသီ့စိတ်တွေချောက်ချားအောင် လုပ်နေတယ်ဆိုတာတော့ ထားပါတော့၊ အဲဒီလူဟာ အပြင်ကလူ ဘာလို့မဖြစ်နိုင်တာလဲ၊ ဒီအိမ်ထဲမှာက တစ်ယောက်ယောက်က ပြုမူနေတာလို့ ကေသီဘာကြောင့် ပြောနိုင်လဲ"

ကေသီ၏လေသံ တိုးသည်ထက် တိုးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမျက်နှာဖုံးကိစ္စကို တို့ ဘယ်သူမှ မပြောဘူး၊ ကိုမောင့်ကိုတောင် မပြောဘူး၊ မပြောရုံမကဘူး၊ တို့အော်သံကြောင့် အပြင်ဘက်က ဝင်လာတဲ့ခြေသံတွေလည်းကြားရော တို့က မျက်နှာဖုံးကို ခေါင်းအုံးအောက်မှာ ဝှက်ထားလိုက်တယ်လေ"

"ပြောပါ ကေသီ၊ အိမ်သားတစ်ယောက်ယောက် ဖြစ်နိုင်တယ်ဆိုတဲ့ အဆက်အစပ်ကို"

"သိပ်အံ့ဩဖို့ကောင်းတယ်၊ အဲဒီမျက်နှာဖုံးကို ခေါင်းအုံးအောက်မှာ တို့ သေချာဝှက်ထားလျက်နဲ့ အခုမရှိတော့ဘူး ပြန်ပျောက်သွားတယ်၊ ဒါဆို လေးလေး စဉ်းစားကြည့်လေ ဒီအိမ်သားထဲက တစ်ယောက်ယောက်က တို့အလစ်မှာပြန် ယူသွားတာပဲ ဖြစ်ရမယ်လေ"

"နေဦး ... မထွေးကြည် ပြောတော့ ကေသီ လန့်အော်တယ်၊ မထွေးကြည်တို့ အိမ်သားတွေ ပြေးဝင်လာတယ် ဦးရှိန်လှမောင် ရောက်လာပြီး သူတို့ကို မောင်းထုတ်ခဲ့တယ်၊ ဒါဆိုရင် ဒီမျက်နှာဖုံးကို ခေါင်းအုံးအောက်က ဦးရှိန်လှမောင်ပဲ ယူသွားတာ မဖြစ်နိုင်ဘူးလား"

"ကိုမောင်က ဘာကိစ္စယူသွားမှာလဲ၊ ကိုမောင် မျက်နှာဖုံးကို တွေ့သွားရင် တိတ်တိတ်ယူသွားစရာ အကြောင်းမရှိဘူး၊ တွေ့တာနဲ့ ဒီမျက်နှာဖုံး ဘယ်ကရလဲ၊ ဘာလဲ ညာလဲ မေးခွန်းတွေမေးမှာ၊ တို့နဲ့ ကိုမောင်က သိပ်ချစ်ကြတဲ့ လင်မယားပဲ၊ ဘာမဆို ပွင့်ပွင့်လင်းလင်း မေးနိုင် ပြောနိုင်တာပဲဟာ"



"ကောင်းပြီ၊ ကေသီ လန့်အော်တဲ့ အချိန်ကစပြီး တခြားလူတွေကို မောင်းထုတ်လို့ နောက်ဆုံး ဦးရှိန်လှမောင်နဲ့ ကေသီပဲ ဒီအခန်းထဲမှာ ကျန်ခဲ့တယ်"

"ဦးရှိန်လှမောင် ပြန်ထွက်သွားပြီးတဲ့ နောက်ကော ဒီအခန်းထဲ ဘယ်သူတွေ ဝင်လာသေးလဲ"

"ဟင့်အင်း ... ကိုမောင် ထွက်သွားပြီးမှ ပထမဆုံးရောက်လာတာ လေးလေးပဲ"

"နို့ ... မျက်နှာဖုံး ပျောက်သွားမှန်း သိတာကကော ဦးရှိန်လှမောင် ထွက်သွားပြီးမှလား"

ကေသီသည် ဖျတ်ခနဲ တစ်စုံတစ်ရာ တွေးမိလိုက်သို "အဲ"ဟု နှုတ်မှထွက်လာသည်။

"ကြည့် ... တို့ မေ့နေတယ်၊ ကိုမောင် ထွက်သွားပြီးတဲ့နောက် တို့ ရေအိမ်ဝင်တယ်၊ အလေးသွားတာ ဆယ်မိနစ်လောက်တော့ ကြာမယ်ထင်တယ်၊ ရေအိမ်က ပြန်ထွက်လာပြီး လေးငါးဆယ်မိနစ်လောက်ကြာမှ သတိရလို့ ခေါင်းအုံးအောက် လှန်ကြည့်လိုက်တော့ မျက်နှာဖုံးမရှိတော့ဘူး၊ တို့ ရေအိမ်ဝင်နေတုန်း တစ်ယောက်ယောက် ယူသွားတာ ဖြစ်ရမယ်"

လေးလေး ပခုံးတွန့်မိသည်။

ကေသီ၏ အတွေးအခေါ် မဆိုးဟုလည်း စိတ်ထဲမှ ...ခ်ျပြုမိသည်။

"လေးလေး သဘောဆိုရင်တော့ ကေသီရဲ့အခုမျက်နှာဖုံးကိစ္စကို ဦးရှိန်လှမောင်ကို ပြောသင့်တယ် ထင်တယ် ကေသီ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မလုပ်ပါနဲ့"

"လေးလေးပြောတာ ဆုံးအောင် နားထောင်ပါဦး ကေသီ၊ အမှန်တော့ ဒီအိမ်ကြီးမှာ ရှိသမျှလခစားတွေ အားလုံးဟာ ဦးရှိန်လှမောင် ကိုယ်တိုင် စိတ်ကြိုက်ရွေးခန့်ပြီး ဦးရှိန်လှမောင်ရဲ့ဩဇာသာ သူတို့အပေါ်မှာ ပိုပြီးစူးရှထက်မြက်နေတယ် မဟုတ်လား၊ ကေသီ့စိတ်ထဲမှာ မျက်နှာဖုံးကို ဦးရှိန်လှမောင်ကို ပြောပြရင် ဦးရှိန်လှမောင်က သူ့လူတွေကို စစ်ဟယ် ဆေးဟယ်နဲ့ ပေါ်နိုင်တယ် ကေသီ"

ကေသီ ကပျာကယာ လက်ဝါးကာပြသည်။

"မဖြစ်တော့ဘူး လေးလေး၊ အစကတည်းက စာအိတ်ကြီးရော၊ မျက်နှာဖုံးရော လက်ဆုပ်လက်ကိုင်ပြပြီး ပြောပြရင် ဖြစ်ချင်ဖြစ်ဦးမယ်၊ အခု ဘာမှ သက်သေမရှိဘဲပြောရင် တို့စိတ်တွေ ဖောက်ပြန်နေတယ်၊ စိတ်မမှန်လို့ ထင်ရာမြင်ရာတွေ လျှောက်ပြောတာလို့ ယူဆပြီး စိတ်ရောဂါဆေးရုံပို့တာ ခံနေရဦးမယ်၊ အခု ဒီအကျိုးအကြောင်းတွေ မပြောတာတောင် တို့ကို စိတ်ရောဂါဆေးရုံ တစ်လလောက် တက်ကြည့်ဖို့ ကိုမောင်က ပြောနေတာ၊ ဒီမှာ လေးလေး"

"ပြောပါ ကေသီ"

"ကိုမောင့်ကို လေးလေး ပြောပေးမလားဟင်၊ တစ်နေ့ တို့ကို ကိုမောင်က စိတ်ရောဂါဆေးရုံ ပို့ပေးလိမ့်မယ် ထင်တယ်၊ အဲဒါ မပို့ဖို့ ကိုမောင့်ကို လေးလေးက ပြောပေးလား"



"မဟုတ်တာဘဲ ကေသီရယ်၊ လေးလေးနဲ့ ဦးရှိန်လှမောင်က အင်မတန် စိမ်းတာပဲ"

"အဲဒီလို စိမ်းနေတာပဲ လေးလေးကို ကိုမောင် လန့်တာပေါ့"

"လေးလေးကို လန့်နေတယ် ဟုတ်လား"

"ဒီလိုလေ၊ မနေ့က လေးလေးနဲ့ ဇေယျာအောင်နဲ့ သိပ်အလွမ်းသင့်ခဲ့တယ် မဟုတ်လား"

"အင်း ... ဆိုပါတော့"

"ဇေယျာအောင်ကို ကိုမောင် နည်းနည်းဖြိုနေပုံရတယ်"

"ဘာလို့ ဖြိုတာလဲ"

"သူ့မှာ အကြောင်းရှိမှာပေါ့ ဘာအကြောင်းဆိုတာတော့ ကေသီ တိတိကျကျ မသိပါဘူး၊ အဲဒီတော့ ဇေယျာအောင်နဲ့ လေးလေး ဘာတွေပြောခဲ့သလဲ၊ ဇေယျာအောင်ရဲ့ခြေလှမ်းတွေ ဘယ်လိုလဲ ဆိုတာကို ကိုမောင် သိပ်သိချင်နေပုံပဲ၊ ဒီတော့ ဇေယျာအောင်နဲ့ ပတ်သက်ပြီး သူသိချင်တာတွေ လေးလေး ပြောပြလို့ သိရရင် သူက လေးလေးစကားကို ပြန်နားထောင်မှာပါ၊ တို့ကို စိတ်ရောဂါဆေးရုံ မပို့မှ ဇေယျာအောင်ရဲ့ အကြောင်းကို ပြောပြမယ်ဆိုရင် သူ လိုက်လျောမှာပါ"

လေးလေးသည် ကေသီ့ကို ကြည့်သည်။ ကြင်နာ[illegible]ဘဲဖြင့် ကြည့်မိခြင်း ဖြစ်ပါ၏။

ယခု ဤအိမ်ကြီးသို့ ရောက်လာသော ရက်ပိုင်း[illegible]အတွင်း လေးလေး အကဲခတ်မိတာတွေ ရှိသည်။ ကေသီ

www.burmeseclassic.com

www.burmeseclassic.com



သည်အမှန်ပင် သူမ၏ကိုမောင်ကို သိပ်ချစ်ရှာပုံရသည်။ ဇနီးအနေဖြင့် ဤအိမ်ကြီးတွင် အိမ်ရှင်မနေရာတွင် ရှိသော်လည်း အရာရာတွင် ဦးရှိန်လှမောင်က ချုပ်ကိုင်ထားခြင်းကို ကေသီကခံနေရသည်။

တကယ်တမ်းတွင် ကေသီသည် ဦးရှိန်လှမောင်ကို ချစ်သော စိတ်ကြောင့်ပင် တွန်းလှန်ရန် သတ္တိမရှိဘဲ ဦးရှိန်လှမောင်အား ကြောက်နေရသော ပုံစံပင် ရှိနေသည်။

ဦးရှိန်လှမောင်ကလည်း ကေသီအား ချစ်ပါသည်ဆိုသည့် အချက်အလက်များကို ပေါ်လွင်အောင်ပြသည်။ ကေသီအား တယုတယရှိသည်။ ကေသီ၏ကျန်းမာရေးကို ဂရုတစိုက်ရှိသည်။ သို့သော် လေးလေးစိတ်ထဲတွင် ဆားမှ ပွဲကြည့်ပရိသတ်တစ်ဦးမို့လားမသိ။ ဦးရှိန်လှမောင်သည် အမှန်စင်စစ် ကေသီအပေါ်တွင် နှစ်နှစ်ကာကာမရှိဘဲ ဟန်ဆောင်ချစ်နေသည်ဟု မြင်မိသည်။ မှန်ချင် မှန်မည်။ မှားချင် မှားမည်။

မည်သို့ဆိုစေ ကေသီကတော့ သူမ၏ကိုမောင်က သူမအား ယုယပုံ၊ ဂရုစိုက်မှုလေးတွေကိုပင် ကျေနပ်ကြည်နူးကာ သူမအား ကိုမောင်က တကယ်ချစ်ရှာသည်ဟု ယုံကြည်နေပုံရသည်။

"အင်းလေ ... ဦးရှိန်လှမောင်က လိုလိုလားလား စကားပြောတဲ့အခါ လေးလေးက ကေသီ့ကို စိတ်ရောဂါကုဆေးရုံ မပို့သင့်ကြောင်း ပြောပါ့မယ်၊ အဆုံးအဖြတ်ကတော့ သူသဘောပေါ့လေ"

လတ်တလော ကေသီ စိတ်ချမ်းသာမှု ရသွားစေရန် ပြောလိုက်သည်။



ထို့နောက် ကေသီ့ကို အနားယူ လဲလျောင်းစေကာ ကေသီ၏အခန်းမှ ထွက်လာခဲ့သည်။

အပေါ်ထပ် ပြန်တက်ရန် ဧည့်ခန်းကို ဖြတ်အသွားမှာပင် ဧည့်ခန်းထဲတွင် သတင်းစာဖတ်နေသော ဦးရှိန်လှမောင်ကို တွေ့ရသည်။

"ဩော် ... မလေးလေး၊ ခဏလောက်"

ဦးရှိန်လှမောင်သည် ဧည့်ခန်းတွင် သတင်းစာဖတ်ဟန်ဆောင်ကာ မိမိ ကေသီ့အခန်းမှ ပြန်ထွက်အလာကို တမင်စောင့်နေခြင်းပေလားဟု လေးလေး သံသယ ဖြစ်ရပါ၏။

လေးလေးက မထိုင်သေးဘဲ မိုးတိုးမတ်တတ်ပင်ရပ်ကာ ဦးရှိန်လှမောင် ဘာပြောမလဲဟု စောင့်နေလိုက်သည်။

"ကျုပ် မလေးလေးကို စကားနည်းနည်းပြောချင်လို့၊ ကျုပ်စာကြည့်ခန်းထဲ လိုက်ခဲ့ပါ"

"ဝမ်းနည်းပါတယ် ဦးရှိန်လှမောင်၊ ပြောစရာရှိရင် ဒီဧည့်ခန်းမှာပြောလည်း ရပါတယ်"

"ကျုပ် ပြောနေတယ်လေ၊ စာကြည့်ခန်းထဲမှာ ပြောချင်တယ်လို့"

လေးလေးကို ဦးရှိန်လှမောင်က သူ၏စူးရှထက်မြက်လှသော မျက်လုံးစုံဖြင့် စိုက်ကြည့်ကာ အမိန့်သံပါပါ ပြောလိုက်၍ မလေးလေးက မထီတထီ ပခုံးတွန့်ပြလိုက်သည်။

"ကျွန်မကလည်း ပြန်ပြောနေပါတယ် ဦးရှိန်လှမောင်၊ ဒီဧည့်ခန်းမှာပဲ ပြောစရာရှိတာ ပြောပါလို့၊ အဲ ... ဦးရှိန်လှမောင်ကို ထပ်ပြီး သတိပေးပါရစေ၊ ကျွန်မဟာ ဦးရှိန်လှ

www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲ့ လခစားမဟုတ်ပါဘူး၊ နောက်ပြီး ထမင်းငတ်လို့ လာရောက်မှီခို စားသောက်နေတာလည်း မဟုတ်ပါဘူး။ ကောသိက ဖွတ်ခေါ်လို့ ခဏခေတ္တဆိုသလို စေတနာနဲ့လာ နေပေးတဲ့ ဒီအိမ်ကြီးရဲ့ ဧည့်သည်တစ်ဦးပါ ဦးရှိန်လှမောင်"

ဦးရှိန်လှမောင်သည် ပထမတော့ နှုတ်ခမ်းနှစ်ခုစေ့ ထားလိုက်သည်။ ထို့နောက် တဒင်္ဂအတွင်းမှာပင် ပြုံးလိုက်ပါလေ တော့၏။

"ကျုပ် မှားသွားတယ်၊ ထိုင်ပါ မလေးလေး၊ ညှိခန်းမှာ ပဲ ကျုပ်ပြောစရာရှိတာ ပြောပါ့မယ်"

လေးလေးက အောက်ကျို့ခံသော အမူအရာ သို့ မဟုတ် မောက်မာသော အမူအရာမျိုး နှစ်ခုစလုံးမရှိဘဲ ဣန္ဒြေ ရရ သွေးအေးအေး အမူအရာနှင့်ပင် ဆိုဖာတစ်လုံးပေါ် ထိုင်လိုက် သည်။

ဦးရှိန်လှမောင်က သတင်းစာကို စားပွဲပေါ်တင်ထား လိုက်ပြီး လေးလေးအား ကြည့်လိုက်ပါသည်။

"မနေ့က ခင်ထားရီကို ကျုပ် လူကြုံပါးလိုက်တာနဲ့ ပတ် သက်ပြီး မလေးလေးက ကျုပ်ကို ဘာမှ ပြန်မပြောသေး ဘူးနော်"

"ဟုတ်ကဲ့ ... ဦးရှိန်လှမောင်နဲ့ လူချင်းဆုံတာလည်း အခု မှဆုံတာကိုး၊ နောက်တစ်ချက်က ဒေါ်ခင်ထားရီက ခုခိုင်း လောက်ဆို မွေးနေ့လက်ဆောင်ရရှိတဲ့အကြောင်း တယ်လီ ဖုန်းနဲ့ ဦးရှိန်လှမောင်ဆီ ဆက်ပြီးလောက်ပြီပဲ၊ ကျွန်မ အထူးပြန်ပြောစရာ လိုမယ်တောင် မထင်ပါဘူး"



ဦးရှိန်လှမောင်က လက်ဝါးတစ်ဖက်ကို လေတွင် ဆန့်ယမ်းလိုက်သည်။

"ထားလိုက်ပါလေ၊ ခင်ထားရီကလည်း ဖုန်းဆက်ပါတယ်၊ မလေးလေး လာပို့သွားတယ်လို့၊ ဒီကိစ္စက ရေးကြီးခွင် ကျယ်မဟုတ်ပါဘူး၊ ကျုပ်သိချင်တာက မနေ့က မလေးလေး နဲ့ဇေယျာအောင် အကြောင်းပါ၊ ဇေယျာအောင်က မလေး လေးကို တော်တော်သဘောကျပုံရတယ်၊ တော်တော်လည်း အရေးပေးတယ်ဆို"

"သဘောကျတယ် မကျဘူးဆိုတာကတော့ သူ့ဝမ်းထဲက ကိစ္စမို့ ကျွန်မ မသိနိုင်ပါဘူး ဦးရှိန်လှမောင်၊ အရေးပေး တယ် ဆိုရလောက်အောင်လည်း မနေ့ကမှ ကိုဝဏ္ဏနဲ့ပတ် သက်ပြီး သိရတာဆိုတော့ ဘာသဘောကြောင့် အရေးပေး တယ်လို့ ပြောရမှာလဲလို့ပဲ ဦးရှိန်လှမောင်ကို ကျွန်မက ပြန်မေးရမလို ဖြစ်နေပြီ"

ဦးရှိန်လှမောင်က ရယ်လိုက်သည်။

"မြန်မာစာအဓိကနဲ့ ဘွဲ့ရတဲ့ သူတိုင်းဟာ ဒီလိုပဲ စကား ကို အချက်ကျကျ ပြောတတ်သလားတောင် မပြောတတ် ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ဇေယျာအောင်ရဲ့အကြောင်း ကို ကျုပ်သိရှိထားသလောက်တော့ ဒီကောင် မိန်းကလေး တွေနဲ့ သိပ်အရောတဝင် မနေတတ်ဘူး၊ ဒါပေမဲ့ မလေးလေး နဲ့ကျတော့ သူဟာ သုံးနာရီလုံးလုံး လမ်းလျှောက်တယ်၊ သူ သွားလေ့သွားထ ဘယ်တုန်းကမှ မရှိဖူးတဲ့ ဟိုရှာန်

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ထဲမှာ ဒီကောင် အချိန်ဖြုန်းတယ်၊ ဒါဟာပဲ ဒီကောင်က မလေးလေးကို သဘောကျနေတယ်လို့ ယူဆလို့ ရတာပေါ့"

"ကျွန်မကသိုလ်ပေါ့ ဦးရှိန်လှမောင်"

ဦးရှိန်လှမောင် ရယ်ပြန်သည်။

"ကဲ ... လမ်းလျှောက်ရင်း စကားလက်ဆုံကျခဲ့တာလေးတွေ ကျုပ်ကို ပြောပြစမ်းပါ"

"အမိန့်ပေးနေတာတော့ မဟုတ်ပါဘူးနော်"

"အင်း ... မလေးလေးဟာ အမိန့်ပေးလို့မရမှန်း ကျုပ်သိနေပြီ ဆိုပါတော့၊ ဖေယျာအောင်နဲ့ ဘာတွေပြောတယ် ဆိုတာပဲ ကျုပ်သိချင်နေတာပါ"

"ထွေထွေထူးထူး မဟုတ်ပါဘူး၊ စန္ဒရားနဲ့ ပတ်သက်တဲ့ ဂီတအကြောင်းတွေ ပြောကြတာပါ"

"သုံးနာရီလုံးလုံး ဟုတ်လား"

"ဒို့ပြင် အကြောင်းတွေလည်း ပါတာပေါ့၊ လမ်းလျှောက်ကြတယ် ဆိုတာကလည်း ကိုဖေယျာအောင်က ခေါင်းမူးနောက်နောက်ဖြစ်လို့၊ သူက ခေါင်းမူးရင် လမ်းလျှောက်တဲ့အကျင့် ရှိတယ်တဲ့"

"ဒို့ပြင်အကြောင်းတွေဆိုတဲ့ အထဲမှာ ကျုပ်အကြောင်းပါသေးလား"

"လူချင်းခွဲခါနီးကျမှပဲ ဦးရှိန်လှမောင်ရဲ့အကြောင်း ... ပြောတယ်"



"ဘာတဲ့လဲ"

"ကျွန်မ သူ့ကို မှုးပေါင်းတာဟာ ဦးရှိန်လှမောင်က ခိုင်းလို့မဟုတ်လားတဲ့၊ ကျွန်မဟာ ဦးရှိန်လှမောင်ရဲ့တည်ကြက်ပဲ ဖြစ်ရမယ်တဲ့လေ"

"ဒီတော့ မလေးလေးက ဘာပြောလိုက်လဲ"

"ပြောစရာ မလိုတော့ဘူးလေ၊ ဒီလိုထင်နေမှတော့ ရှေ့လျှောက် ဘယ်လိုဆက်သွယ်နိုင်တော့မလဲ၊ ဒါကြောင့် အစကတည်းကပဲ မိတ်ဆွေအဖြစ် ရပ်စဲကြစို့ဆိုပြီး ကျွန်မကားမှာပြီး ပြန်လာခဲ့တယ်၊ အဲဒါပါပဲ ဦးရှိန်လှမောင်၊ ကျွန်မမှာ နောက်ထပ် ပြောစရာ မရှိတော့ပါဘူး"

ဦးရှိန်လှမောင် နှုတ်ဆိတ်သွားသည်။ နောက်ထပ် ...ယျာအောင်နှင့် ပတ်သက်၍ မမေးတော့ဘဲ ကေသီအကြောင်း ...တ်သို့ လှည့်သွားသည်။

"ကေသီ အခြေအနေက ဘယ့်နှယ်လဲ"

"ကောင်းနေသားပဲ ဦးရှိန်လှမောင်"

ဦးရှိန်လှမောင်က ဦးခေါင်းကို လေးလေးတွဲ့တွဲ့ပင် ...ခါပြလိုက်၏။

"ဘယ်မှာ ကောင်းနေတယ်လို့ ဆိုမလဲ မလေးလေး၊ မနက်က ချောက်ချားပြီး လှန့်အော်လိုက်တဲ့ အသံဟာ ...ကြောက်စရာတောင် ကောင်းနေတယ်"

"လူကောင်းပကတိတွေ အိပ်မက်ဆိုး မက်လို့ဖြစ်ဖြစ်၊ ...ဘမင်းလုံးတစ္ဆေ ခြောက်လို့ပဲဖြစ်ဖြစ် ဒီလိုပဲ ထအော်...ကြတာပဲ၊ အိပ်ရာကနိုးတော့လည်း ဘာမှမဟုတ်မှန်းသိ

www.burmeseclassic.com

www.burmeseclassic.com



ကြသလိုပေါ့၊ ကေသီလည်း အိပ်တစ်ဝက် နိုးတစ်ဝက်မှာ အိပ်မက်ဆိုးမက်လို့ ထအော်တာပဲ ဖြစ်မှာပါ၊ အခုတော့လည်း ကောင်းလို့"

"မလေးလေး စကားတွေက နဂိုကတည်းက ဒေါက်တာခင်မောင်ညို ပေးထားတဲ့ စိတ်ငြိမ်ဆေးတွေကို မှန်မှန်သောက်တဲ့ ကေသီကို ပိုပြီးဆေးမသောက်အောင် အားပေးအားမြှောက်လုပ်တဲ့ စကားမျိုးတွေ ဖြစ်မနေဘူးလား"

"ဘယ်သူပဲဖြစ်ဖြစ် နေကောင်းနေတဲ့ အချိန်မှာ ဘယ်မှာဆေးသောက်ချင်မလဲ ဦးရှိန်လှမောင်၊ ဆေးဆိုတာမျိုးက မလွှဲသာ မရှောင်သာမှ သောက်ရတာ၊ ချိုချဉ်ငုံသလိုတော့ ဘယ်သူမှ ငုံမထားချင်ဘူးလေ"

"မဟုတ်သေးဘူး မလေးလေး၊ ကေသီ့ အခြေအနေက ယဉ်ယဉ်ကလေးနဲ့ ရူးနေတာ၊ ဒီအိမ်ကို မလေးလေး ရောက်လာတာ ရက်ပိုင်းပဲ ရှိသေးလို့ ကေသီ့အကြောင်း သိပ်မသိသေးတာ"

ဦးရှိန်လှမောင်က စကားဝိုင်း အဆုံးသတ်လိုဟန်ဖြင့် ထိုင်ရာမှ ထလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ မလေးလေး၊ ဘယ်လင်ယောက်ျားမဆို အပြင်မှာ ဘာလုပ်နေနေ ကိုယ့်ဇနီးအတွက် စိုးရိမ်မှုတော့ ရှိတာပဲလေ၊ ဒါကြောင့် အခု မလေးလေးကို ... အလိုကျ ခေါ်ထားတာကို ကျုပ်က သဘောတူထား... ကေသီ့ကို ကျုပ်ကိုယ်စား ဂရုစိုက်ပေးပါ၊ စောင့်ရှောက်ပေးပါလို့လည်း ကျုပ်က မလေးလေးကို မေတ္တာရပ်ခံ...



တယ်၊ အဓိက,ကတော့ ဆေးမှန်မှန်သောက်ဖို့ မလေးလေးက တိုက်တွန်းပေးပါ၊ သူ့အလိုလိုက်ပြီး ဆေးမသောက်ဘဲနေတာကို ကျုပ်တို့အားလုံး လက်ပိုက်ကြည့်နေမယ်ဆိုရင် ကေသီ့ကို ချစ်ရာမရောက်ဘဲ နှစ်ရာပဲရောက်မှာ၊ ဆေးမသောက်လေ ရောဂါသည်းလေ ဖြစ်လာလိမ့်မယ် မလေးလေး၊ ကျုပ်က အိမ်ထောင်ဦးစီးလည်းဖြစ်၊ စီးပွားရေးသမားလည်း ဖြစ်နေတော့ ကေသီ့အနားမှာ အမြဲမနေနိုင်ဘူး၊ မလေးလေးပဲ ဆေးမှန်မှန်တိုက်ပေးပါ"

ပြောပြောဆိုဆိုပင် ဦးရှိန်လှမောင်သည် သူ့စကားဆုံးသည်နှင့် ထွက်သွားတော့သည်။

ထွက်ပေါက်တံခါးနားရောက်မှ တုံ့ခနဲ ရပ်ပြန်ကာ မလေးလေးဘက်သို့ လှည့်လိုက်ပြန်သည်။

"ဒါထက် နောက်တစ်ကြိမ် ဇေယျာအောင်နဲ့များ မလေးလေး တွေ့ခဲ့ရင် ..."

"မတွေ့နိုင်တော့ပါဘူး ဦးရှိန်လှမောင်၊ မနေ့က လမ်းခွဲကြကတည်းက ပြတ်ခဲ့ကြပြီပဲ"

"ဘယ်ပြောနိုင်မလဲ၊ တစ်မြို့တည်း အတူနေတွေပဲဟာ၊ တွေ့ပြီဆို ဖျတ်ခနဲ တွေ့တာပဲ၊ အင်းပေါ့လေ ... တကယ်လို့များ တွေ့ကြလို့ ဆက်ဆံရင် သူ့ကို မလေးလေးက အလိုက်အထိုက်ပဲ ဆက်လက်ပြီး ဆက်ဆံပါ၊ သူကကျုပ်ကို ဗလာချီ ရန်သူလို သဘောထားပြီး ကျုပ် အကျိုးစီးပွားပျက်အောင် လုပ်ခဲ့တဲ့လူပါ၊ သူ့ဘေးအန္တရာယ်က လွတ်အောင် မလေးလေးက ကျုပ်ကို ကူညီမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် မလေးလေးကို သိပ်ကျေးဇူးတင်မှာပါ၊ ကျေးဇူးလည်း ဆပ်မှာပါ"

လေးလေးက ခေါင်းမညိတ် ခေါင်းမခါဘဲ ဦးရှိန်လှမောင်ကို ပြန်ကြည့်နေစဉ်မှာပင် ဦးရှိန်လှမောင်သည် ထွက်ပေါက်မှ အပြင်သို့ ထွက်သွားပေတော့သည်။

လေးလေးက ဦးရှိန်လှမောင်၏အကျိုးကို ဆောင်ရွက်မပေးနိုင်ပါဟု ငြင်းမည်ဟု ကြံသေးသည်။ နဂိုကမှ ကိုဖေယျာအောင်က မိမိအား ဦးရှိန်လှမောင်၏ တည်ကြက်ဟု ထင်နေသည် မဟုတ်လော။

သို့သော် ဦးရှိန်လှမောင်အား ငြင်းပယ်စကားဆို ရတော့ခြင်းမှာ ကိုဖေယျာအောင်နှင့် မိမိသည် ဘယ်သောအခါမှ ထပ်မံတွေ့ဆုံစရာ မရှိတော့ဟု ယုံကြည်ထားသောကြောင့်ပင် ဖြစ်ပါ၏။ မိမိကလည်း ဖေယျာအောင်၏ နေရပ်လိပ်စာမသိ၊ ဖေယျာအောင်ကလည်း မိမိအား တည်ကြက်ဟု ထင်သွားသော တော့ ထပ်မံဆက်သွယ်ဖွယ်စရာ မရှိတော့ပြီပဲ။

✤ ✧ ✤



## ( ၁၃ )

ယနေ့ ဤအိမ်ကြီးတွင် နေ့ထူး နေ့မြတ်ဟု ခေါ်ဆိုထိုက်သောနေ့ ဖြစ်သည်။

ယနေ့သည် ဦးရှိန်လှမောင်နှင့် ဒေါ်ကေသီ လက်ထပ်ခဲ့သည့် သုံးနှစ်မြောက်နေ့ ဖြစ်ပါ၏။ ယင်းအထိမ်းအမှတ်ကြောင့် ဦးရှိန်လှမောင်က ယနေ့အဖို့ သူ၏လုပ်ငန်းခွင်မှ လုံးဝအနားယူသည်၊ ကေသီအား လက်ထပ်သုံးနှစ်မြောက်နေ့အထိမ်းအမှတ်အဖြစ် တွင်းထွက် မြတစ်လုံးကို စိန်ရံထားသော လက်စွပ်တစ်ကွင်း လက်ဆောင်ပေးသည်။ ကားသစ်ကြီးဖြင့် တစ်နေကုန် မိတ်ဆွေအပေါင်းအသင်း အိမ်များသို့ သွားလည်မည်။ ညနေစာကို ကောင်းပေ့ဆိုသော ဟိုတယ်ကြီးတစ်ခုတွင် စားမည်။ ညဘက်ရုံတွင် ရုပ်ရှင်ဝင်ကြည့်မည်။

ကေသီ့ခမျာ သူမ၏ကိုမောင်က ဤသို့သော အစီအစဉ်များဖြင့် သူမ၏သုံးနှစ်မြောက် လက်ထပ်နေ့ကို အလေးထားထားသဖြင့် သိပ်ဝမ်းမြောက်နေသည်။ ကေသီ၏မျက်နှာမှာ ဝင်းပနေသည်။ အရယ်လေးတွေ၊ အပြုံးလေးတွေ ကေသီ၏မျက်နှာတွင် ဝင်းပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဝိုင်းတွင် ယနေ့အတွက် သူတို့နှစ်ဦးထွက်ကြဖို့ အစီအစဉ်တွေ ဆွဲနေစဉ်မှာပင် လေးလေးကလည်း ကော်ဖီဝိုင်းသို့ ရောက်သွားသည်။ သူတို့နှစ်ဦး အစီအစဉ်တွေ ဆွဲနေသည်ကို ထိုင်ကြည့်ရင်း ကော်ဖီကို ဖိမ်ခံ၍ သောက်သည်။

"အဲ ... ကျုပ်အနေနဲ့ မလေးလေးကိုလည်း မေ့မထားပါဘူး၊ ကေသီ အပြင်ထွက်နေရင် မလေးလေး တစ်ယောက်တည်း ကျန်ခဲ့မှာစိုးလို့ မလေးလေး နှစ်သက်လောက်တဲ့ လက်မှတ်တစ်စောင် ဝယ်လာတယ်"

ဦးရှိန်လှမောင်က သူ့အိတ်တဲမှ လက်မှတ်ကိုထုတ်ယူပြီး လေးလေးရှေ့သို့ ချပေးလိုက်သည်။

လေးလေးက လက်မှတ်ကို ယူကြည့်သည်။

စန္ဒရားဝင်းနိုင်၏ အထူးပွဲလက်မှတ် ဖြစ်နေသည်။ စန္ဒရားဝင်းနိုင်၏ စန္ဒရားလက်စွမ်းပြမျှားကို ရုပ်မြင်သံကြားတွင် လေးလေး ကြားဖူးသည်။ ပြီး စန္ဒရားဝင်းနိုင် သွင်းထားသော စီးရီးတိပ်ခွေများကို လေးလေး နှစ်သက်စွာ နားထောင်ဖူးသည်။

ယနေ့ ထိပ်တန်းတက်ပြီး "ဟစ်"ဖြစ်နေသော စန္ဒရားဝင်းနိုင်၏ ရှိုးပွဲများသည် ရုံဝင်ခ ထိုင်ခုံတစ်နေရာအတွက် မှောင်ခိုဈေး ဖြစ်နေသည်။ အဆက်အသွယ်မရှိလျှင် လက်မှတ်ဝယ်ရန်မလွယ်။

"တစ်စောင်ကို တစ်ထောင်တောင် ပေးရတယ် မလေးလေး နောက်ပြီး စန္ဒရာဝင်းနိုင်ရဲ့ ဒီနေ့ပွဲက အထူးပွဲလေး ဖြစ်ကြောင့် လုပ်ရိုးလုပ်စဉ် ညပွဲမလုပ်ဘဲ နေ့နှစ်နာရီပွဲ ဖြစ်တာတဲ့၊ မလေးလေးက စန္ဒရားဝါသနာကြီးတယ်၊ [illegible]



တော်လည်း ဖြစ်ချင်တယ်ဆိုတော့ လေ့လာခွင့်ရတာပေါ့၊ ဒီပွဲမှာ အဆိုတော်တွေက ထိတ်တွေချည်းပဲ"

"ကျေးဇူးတင်ပါတယ် ဦးရှိန်လှမောင်၊ ဒါပေမဲ့ ကျွန်မ မကြည့်ပါဘူး"

"ဟေ ... ဘာလို့"

"ဟင် ... ဘာလို့လဲ လေးလေး"

"ကျွန်မ လက်မှတ်တစ်စောင် ငွေတစ်ထောင် ပေးပြီး မကြည့်နိုင်ပါဘူး၊ တခြား ငွေပြန်ပေးနိုင်တဲ့လူကို ဦးရှိန်လှမောင် ဒီလက်မှတ် ပေးလိုက်ပါ"

"မာနဆိုတာ ရှိသင့်ပါတယ်၊ ဒါပေမဲ့ နေရာတိုင်းမှာတော့ မာနမထားသင့်ဘူး မလေးလေး၊ ဒီလက်မှတ်ကို ကျုပ်ဇနီး ကေသီရဲ့ သုံးနှစ်မြောက် လက်ထပ်ပွဲနေ့ အထိမ်းအမှတ် အနေနဲ့ မလေးလေးကို ကျုပ်က လက်ဆောင်ပေးတာပါ"

"ဟုတ်သားပဲ လေးလေး၊ ကိုမောင့်ကို ငွေပြန်ပေးဖို့ မလိုဘူးလေ၊ သွားကြည့်ပေါ့၊ ကေသီ မရှိရင် အိမ်မှာ လေးလေး ပျင်းနေမှာပေါ့နော်"

လေးလေးက ဘာမျှ ပြန်စောဒကမတက်တော့ဘဲ ငြိမ်နေလိုက်သည်။ မိမိကိုယ်တိုင်က စန္ဒရားဝင်းနိုင်၏ ရှိုးပွဲကို သွားရောက် နားထောင်ကြည့်ရှုရန် စိတ်ပါလက်ပါ ရှိနေသည်။

ကော်ဖီသောက်ပြီးသောအခါ ကေသီက အလှပြင်ဆိုင်ရာတွင် ကူညီပါဦးဟု ဆိုသည့်အတွက် ကေသီအခန်းဝင်ခဲ့ပြီး ကေသီ လှသည်ထက် ပိုလှစေရန် ကူညီဖြီးလိမ်း ပြင်ဆင်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၁၀ နာရီလောက်တွင် ကေသီတို့စုံတွဲ ကားသစ်ကြီးနှင့် ထွက်ခွာသွားကြပါ၏။

လေးလေးသည် အပေါ်ထပ် မိမိအိပ်ခန်းသို့ တက်လာခဲ့သည်။

ခုတင်ပေါ်တွင် ထိုင်လိုက်ရင်း ကေသီအကြောင်းကို စဉ်းစားနေမိသည်။

ကေသီထံသို့ တကယ်တမ်း ရောက်လာပြန်တော့လည်း ကေသီကို သနားမိသည်။ ကေသီသည် သူမ၏ယောက်ျား ဦးရှိန်လှမောင်အပေါ်တွင် ရိုးသားစွာဖြင့် ယုံကြည်လွန်းသည်ဟု လေးလေး ကောက်ချက်ချသည်။

ကေသီအကြောင်း စဉ်းစားရင်းမှပင် သူမ ယူဆောင်လာသော သေတ္တာထဲမှ သတင်းစာဖြတ်ပိုင်းများ၊ မိမိစုဆောင်းသိမ်းဆည်းထားသော ဓာတ်ပုံများကို ကေသီ မရှိတုန်း ထုတ်ကြည့်ရန် စိတ်ကူးမိသည်။ ကေသီ အိမ်ထဲမှာရှိနေလျှင် အချိန်မရွေး မိမိအခန်းသို့ ဝင်ချည်ထွက်ချည် လုပ်နေတတ်၍ ကေသီ မမြင်စေလိုသော သတင်းစာဖြတ်ပိုင်းနှင့် ဓာတ်ပုံများ သေတ္တာထဲမှ ထုတ်မကြည့်ဖြစ်ခဲ့။

လေးလေး ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ခုတင်အောက်တွင်ထားသော သေတ္တာကို ဆွဲထုတ်ကာ သော့တံဖြင့်ဖွင့်၍ သေတ္တာဖုံးကိုဖွင့်လိုက်သည်။ ပြီး အသုံးမပြုသေးသော အဝတ်အထည်များအောက်တွင် ထားသော သတင်းစာဖြတ်ပိုင်းနှင့် ဓာတ်ပုံများ ညှပ်ထားသည့် ဖိုင်တွဲကို လက်ဖြင့်စမ်းရှာဖွေလိုက်သည်။



"ဟဲ့ ... မတွေ့ပါလား"

ဟု လေးလေး တိုးတိုးလေး ရေရွတ်မိသည်။

လက်ဖြင့် စမ်းသပ်ရှာဖွေ မတွေ့သောအခါ အဝတ်များအားလုံးထုတ်ပြီး သေတ္တာဟာလာဟင်းလင်း ဖြစ်သည်အထိ ကြည့်လိုက်သည်။

မရှိပါလေတော့။

ဤအိမ်ကြီးထဲမှ တစ်ယောက်ယောက်သည် မိမိ မပြင်ထွက်နေခိုက် သေတ္တာကို သော့တူနှင့်ဖွင့်ကာ ယင်းဖိုင်တွဲကို ခိုးယူသွားလေပြီတည်း။

လေးလေးသည် ရပ်တည်ခြင်းငှာ မစွမ်းနိုင်သလို ခုတင်ပေါင်ကို ကျောမှီလိုက်တော့သည်။

သူမ၏ဖိုင် ဘယ်ရောက်သွားပြီဆိုသည်ကို လေးလေး ကောင်းစွာ နားလည်သိရှိလိုက်သည်။ သူမ၏ဖိုင်သည် ဦးရှိန်လှမောင်၏ စာကြည့်ခန်းထဲရှိ ဗီရိုတစ်ခုခုထဲတွင် သော့ခတ်သိမ်းဆည်းထားလေမည်မှာ မလွဲ။ ဦးရှိန်လှမောင် ကိုယ်တိုင်ဖြစ်စေ [illegible] ဤအိမ်ကြီးမှ ဦးရှိန်လှမောင်၏ လက်ပါးစေတစ်ဦးဦး [illegible] မိမိ၏သေတ္တာထဲမှ ဖိုင်တွဲကို ရယူနိုင်သွားလေပြီ။

ဤဖိုင်ထဲမှ သတင်းစာဖြတ်ပိုင်းနှင့် ဓာတ်ပုံတို့ကို ကြည့်လိုက်သည်နှင့် မိမိသည် မည်သူမည်ဝါဖြစ်ပြီး မည်သည့်အကြောင်းကြောင့် ဤအိမ်ကြီးတွင် လာရောက်နေထိုင်သည်ဆိုခြင်းကို ဦးရှိန်လှမောင် သိသွားလေပြီ။

တစ်ခု အံ့သြဖို့ကောင်းသည်မှာ ဦးရှိန်လှမောင်သည် [illegible] မိမိမည်သူမည်ဝါမှန်း၊ မည်သည့်အတွက် ဤအိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွင် လာနေမှန်း လုံးဝဖွင့်မပြောခြင်းဖြစ်သည်။ ယခုအချိန်ထိ ကေသီ လက်ခံယုံကြည်ထားသည်မှာ မိမိသည် ကေသီ့အပေါ်တွင် စေတနာဖြင့် ပြုစုကူညီရန် လာရောက်နေထိုင်ပေးသည် ဟူ၍သာ။

ဦးရှိန်လှမောင်ကလည်း မိမိ၏ဖိုင်တွဲ သူ၏လက်ထဲ ရောက်သွားသည့်တိုင်အောင် အမှုအရာမပျက်ပါလေ။ ကေသီအား ကူညီရန် ရောက်လာသူတစ်ဦး အနေနှင့်ပင် ဆက်ဆံနေသည်။ အဘယ်ကြောင့်နည်း။ ဦးရှိန်လှမောင်သည် ဤဖိုင်တွဲကို လက် ဝယ်ထားရှိပြီး မိမိကို တစ်ခုခု အကျပ်ကိုင်ရန် ရည်ရွယ်လေ သလား။

ဟုတ်ပေပြီ။ ထို့ကြောင့် မိမိအား ဇေယျာအောင်နှင့် ပြန်လည်ဆက်သွယ်ဖို့ ပြောခဲ့သည်။ ဇေယျာအောင်က မည်သို့ မည်ပုံ ဦးရှိန်လှမောင် အပေါ်တွင် ကြံစည်နေကြောင်းများကို ကြိုက သူ့အတွက် စုံစမ်းပေးရန် ပြောခဲ့သည်။

မိမိ၏ဖိုင်တွဲ ဦးရှိန်လှမောင်၏လက်ဝယ်သို့ ရောက် ရှိပြီးသည့်နောက်တွင် ဤအိမ်ကြီးတွင် မိမိ ဆက်လက်နေထိုင် သင့်သေးသလား။ ယခုပင် သူတို့လင်မယားမရှိခိုက် ဤအိမ်ကြီးမှ ထွက်ခွာသွားရလျှင် ကောင်းလေမလား။

“အို ... နောင်ခါလာ နောင်ချေး၊ ယခုလက်ရှိ အခြေအနေ
အတိုင်း ပိုနေမြဲ ကျားနေမြဲ နေကြည့်ဦးမယ်”

ဟု နောက်ဆုံးတွင် လေးလေး ဆုံးဖြတ်လိုက်သည်။ မိမိတွင် ဘာအပြစ်မှမရှိ၊ ဘာမဆို ရင်ဆိုင်မည်ဟုလည်း ဆက်တွဲ ဆုံးဖြတ်လိုက်သည်။

✤ ✧ ✤



ဘာပဲပြောပြော စန္ဒရားဝင်းနိုင်၏ ရှိုးပွဲသို့ လေးလေး ရောက်လာခဲ့သည်။

အထူးပွဲမို့ ဖြစ်မည်။ လေလုံမိုးလုံ ခန်းရှည်ကျယ် ကြီးတွင် ဓိမ်နှင့် ကြည့်ရှုနားထောင်နိုင်ရန် ကျောမှီနှင့်လက်တန်း ပါသော ကြိမ်ထိုးဆက်တီကုလားထိုင်ကြီးများ အတန်းလိုက်စီစီ ရီ ချထားသည်။ သူ့အတန်းနှင့် သူ့ထိုင်ခုံအမှတ်နှင့် ဖြစ်သည်။ ဤမျှခမ်းနားစွာ စီစဉ်ထားသောကြောင့်လည်း လက်မှတ်တစ် စောင်ကို ငွေတစ်ထောင် ပေးရခြင်း ဖြစ်ပေလိမ့်မည်။

စန္ဒရားဝင်းနိုင်၏ ရှိုးပွဲခန်းမကြီးသို့ လေးလေး ရောက်လာချိန်မှာ ပွဲစချိန်ထက် ဆယ်မိနစ်နောက်ကျပြီးမှ ရောက် လာသည်။

ရှိုးပွဲဆိုသော်လည်း စန္ဒရားဝင်းနိုင်က ထွင်ထားသည်။ စင်ပေါ်ခုံပေါ်သာ မီးများထိန်လင်းစေပြီး ကြည့်ရှုသူ ညှိ့ပရိသတ် များကို မှေးမှိန်သော ရောင်စုံမီးလုံးလေးများသာ ထွန်းပေးထား သည်။ သို့မှလည်း ပရိသတ်သည် မီးရောင်ထိန်ထိန်လင်းအောက် ရှိတိတ်ဆိတ်နေသော စန္ဒရားဝင်းနိုင်ကိုလည်းကောင်း၊ သူ၏ခမ်းနားသော ဝတ်စုံနှင့် အပြင်အဆင်ကိုလည်းကောင်း၊ သီးသန့်အဆိုတော်တွေ၏ ဟန်ပန်အပကိုလည်းကောင်း ပိုမိုအာရုံစိုက်ကြမည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကဲ့သို့ပင် အဝင်ဝစောင့်သူက နောက်ကျပြီး မီးမှိန်မှ ရောက်လာသော လေးလေး၏ ခုံနံပါတ်ကိုကြည့်ကာ ရှေ့မှ လက်နှိပ်ဓာတ်မီး အသေးစားလေးထိုးရင်း သူ၏ခုံနံပါတ်သို့ ခေါ်ဆောင်သွားသည်။

ညှော့်ပရိသတ်မှာ ထိုင်ခုံအပြည့်သာမက တချို့တလေ ဟိုနောက်ဘက်နှင့် ဘေးခြမ်းတွင် မတ်တတ်ရပ်နေသူများပင်ရှိနေကြသည်။

သူမ၏ထိုင်ခုံ၌ ထိုင်ချချိန်တွင် စန္ဒရားဝင်းနိုင်၏ သူ၏တေးတစ်ပုဒ် ပြီးဆုံးသွားပြီး ပရိသတ်ကို မတ်တတ်ဦးညွှတ်အရိုအသေပေးသဖြင့် ပရိသတ်က လက်ခုပ်လက်ဝါး ကာ သြဘာပေးချိန်နှင့် ကြုံကြိုက်ရသည်။

လေးလေး ထိုင်အချတွင် သူမ၏လက်ကိုင်အိတ် သည် အောက်သို့ကျသွားသဖြင့် ပြန်၍ငုံ့ကောက်နေစဉ်မှာပင် —

"မလေးလေးလို့ပဲ ထင်ပါတယ်၊ တစ်ခါတွေ့ဖူးရင် ခန့် မမေ့မရအောင်လှတဲ့ အလှမျိုးကို မလေးလေးက ဆိုင်ထားတာကိုး၊ ဒါပေမဲ့ ကျွန်တော့်ဘေးခုံမှာ ကပ်လျက် ရောက်လာသူဟာ မလေးလေး မဟုတ်ပါစေနဲ့လို့ တော် ဆုတောင်းတယ်"

လေးလေးက ပိုက်ဆံအိတ်ကိုကိုင်ရင်း ငုံ့ မော့ကြည့်မိသည်။

"အယ် ... ကိုဇေယျာအောင်"

"ဟုတ်ပါ့ဗျာ၊ ကျွန်တော် စစ်စစ်ပါ၊ ရေမရော



လေးလေးက ခါးကိုပြန်မတ်လိုက်သည်။ ဇေယျာအောင်နှင့် ဤမှာ ထိုင်ခုံချင်းကပ်လျက် ကြုံရသည်ကို ပထမ ရုတ်တရက်တွင် လေးလေး အံ့သြမိသွားသလို ဖြစ်သွားသော်လည်း ချက်ချင်းပင် မအံ့သြပါလေတော့။

ဦးရှိန်လှမောင်၏ အကွက်ပင် ဖြစ်ရမည်။

တမင်တကာပင် မိမိနှင့် ကိုဇေယျာအောင် မြန်လည် တွေ့ဆုံရန် ဦးရှိန်လှမောင်က ဖန်တီးပေးလိုက်ခြင်း ဖြစ်ရမည်။ သဏ္ဍာန်မှာ ကိုဇေယျာအောင်၏ လှုပ်ရှားမှု မှန်သမျှကို ဦးရှိန် လှမောင် အကျင့်အတိုင်း ရှုဒိုးဖြင့် နောက်ယောင်ခံထားမည်။ ကိုဇေယျာအောင်က ဤရှိုးပွဲကို လက်မှတ်ဝယ်မည်။ ကိုဇေယျာ အောင် ဝယ်သွားသော ခုံနံပါတ်နှင့် ကပ်လျက်သားခုံကို ဦးရှိန် လှမောင်က သူ့ရှုဒိုးအား မရအရ ဝယ်ခိုင်းမည်။ ထို့ကြောင့် ယခုလို ဇေယျာအောင်နှင့် ခုံချင်းကပ်လျက် မိမိ ရောက်လာခြင်း ဖြစ်ရမည်။

အဓိကသည့် အဘယ်နည်း။

ရှင်းနေပါ၏။ မိမိ၏ဖိုင်တွဲကို လက်ဝယ်ရထားပြီး သော ဦးရှိန်လှမောင်က မိမိနှင့် ဦးဇေယျာအောင်ကို ထပ်မံ ဆုံအောင် ဖန်တီးပေးပြီး ကိုဇေယျာအောင်၏ ဦးရှိန်လှမောင် တွင် ထားရှိသော အကြံအစည်ကို မိမိက နှိုက်ထုတ်ယူ ပြီး ... ဦးရှိန်လှမောင်က သူ့အား မိမိက သံတော်ဦး ပြန် ရမည်ပဲပေါ့။

တစ်ယောက်နှင့်တစ်ယောက် တစ်ခွန်းစီသာ ပြောကြ ၏ ရှိုးပွဲစတိတ်ပေါ်မှာ နောက်ထပ် အစီအစဉ်သစ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ရပ် ထပ်မံထွက်ပေါ်လာသောကြောင့် ဆက်လက်စကားမပြော ဖြစ်ကြတော့ပေ။

ပရိသတ်ကြီးက ငြိမ်ပြီး အာရုံစိုက်နေစဉ် မိမိတို့ စကားပြောလျှင် စကားသံက ပရိသတ်ကို အနှောင့်အယှက်ပေးရာ ရောက်ပေမည်။

စန္ဒရားဝင်းနိုင်၏ လက်သံကို နှစ်ခြိုက်လှပါသည် ဆိုစေကာမူ လောလောဆယ်တွင် လေးလေးသည် ဘယ်လိုမှ ရှိုးပွဲကို အာရုံခံ၍မရ။ လေးလေး၏စိတ်များ လှုပ်ရှားနေသည်။ ဦးရှိန်လှမောင်၏ ကွက်ကျော်တွေ အရိုက်ခံရခြင်းကြောင့် စိတ်လှုပ်ရှားခြင်းပေလား၊ သို့မဟုတ် ကိုဇေယျာအောင်နှင့် မမျှော်လင့်ဘဲ တွေ့ဆုံလိုက်ရခြင်းအတွက် စိတ်လှုပ်ရှားခြင်းပေလား။ မည်သည့်ကြောင့်ဟူ၍ ကိုယ့်ဟာကိုယ်ပင် မဝေခွဲတတ်နိုင်ပါလေတော့။

ဇေယျာအောင်လည်း လှုပ်ရှားနေသည်။ ရှိုးပွဲတွင် အာရုံရပုံမရ။ တော်ကြာ အမျှင်းဆန့်လိုက်၊ တော်ကြာ ကိုယ်အနေအထား ပြောင်းလိုက် ဖြစ်နေခြင်းကပင် ဇေယျာအောင် ဂနာမငြိမ် ဖြစ်နေကြောင်း သိသာနေသည်။

စန္ဒရားဝင်းနိုင်၏ အစီအစဉ်တစ်ရပ် ပြီးသွားပြန်သည်။

"နောက်ထပ် အစီအစဉ် မစခင် ကျွန်တော်တို့အပြင်ထွက် ကြစို့လား မလေးလေး၊ အဲ ... ဒီပွဲကို သိပ်စိတ်ဝင်စားနေရင်တော့ နေပါစေပေါ့ ခင်ဗျာ"

"အခုလောလောဆယ် စိတ်မဝင်စားသလို ဖြစ်နေတာ အမှန်ပဲ၊ လိုက်ခဲ့မယ်လေ၊ အပြင်ထွက်ကြတာပေါ့"



နှစ်ယောက်သား ပြိုင်တူထကာ အပြင်ဘက်ထွက် ပေါက်ဆီသို့ လျှောက်ခဲ့ကြပါသည်။

"ကျွန်မ ထိုင်ခုံမှာ ဝင်ထိုင်တော့ ကိုဇေယျာအောင်က မလေးလေး မဟုတ်ပါစေနဲ့လို့ ဆုတောင်းတယ်လို့ ဘာလို့ ပြောတာလဲဟင်၊ ကျွန်မကို ထပ်ပြီးမတွေ့ချင်တဲ့သဘော လား"

"တွေ့ချင်တာမှ သိပ်ကိုတွေ့ချင်ပါတယ် မလေးလေး၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"အခု ဒီပွဲထဲမှာ ဒီလိုတွေ့လိုက်တာကျတော့ ထောင်ချောက် မိခံလိုက်ရပြီဆိုတာ ချက်ချင်း တွေးမိလို့ပါ၊ တကယ်လို့ ကျွန်တော့်ခုံဘေး လာထိုင်တဲ့လူဟာ မလေးလေး မဟုတ်ဘဲ တခြားသူတစ်ယောက်ဆိုရင် ဒါဟာ ထောင်ချောက်မဟုတ် ဘူးပေါ့၊ ဒါကြောင့် ဦးရှိန်လှမောင်ရဲ့ထောက်ချောက်မိ မခံချင်တဲ့ စိတ်နဲ့ မလေးလေး မဟုတ်ပါစေနဲ့လို့ ဆုတောင်း တာပါ"

"ဒါတော့ မှန်တယ်၊ ကျွန်မကလည်း ဦးရှိန်လှမောင်က ဒီပွဲလက်မှတ် အတင်းထိုးပေးပြီး ကိုဇေယျာအောင်နဲ့တွေ့ စေဖို့ တမင်ဖန်တီးလိုက်တာပဲ၊ ဒါကြောင့် ကိုဇေယျာအောင် ဝယ်သွားတဲ့ ခုံဘေးက ကပ်လျက်ခုံနံပါတ်ကို မရမကဝယ် ပြီး ပေးလွှတ်တာ နေမှာပေါ့"

ဇေယျာအောင်က ပြုံးပြီး ခေါင်းခါပြသည်။ ထုံးစံ အတိုင်း နေပူထဲမှာပင် ပလက်ဖောင်းပေါ်၌ နှစ်ဦးသား လမ်း လျှောက်နေမိပြန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ပြုံးတာလဲ ကိုဇေယျာအောင်"

"ကျွန်တော်မှ ဒီပွဲလက်မှတ်ကို မဝယ်တာပဲ၊ မှန်တာပြောရရင် ဒီပွဲမျိုး ကျွန်တော် ဝါသနာပါဘူးလေ၊ အဲ ... ဝါသနာမပါဘူးတော့ မဟုတ်ဘူး၊ တမင်တကာ တကူးတကန့် လက်မှတ်ဝယ်ပြီး ကြည့်ချင်လောက်အောင် စိတ်အားမထက်သန်လှဘူး ဆိုပါတော့၊ ဒါပေမဲ့ ကျွန်တော်မသိတဲ့ လူတစ်ယောက်က ဒီလက်မှတ်ကို စာအိတ်တစ်လုံးထဲမှာ ထည့်ပြီး ကျွန်တော့်ကို လာပေးတယ်၊ စာအိတ်ပေါ်မှာ ကျွန်တော့်နာမည်နဲ့ လိပ်စာရေးထားတယ်၊ စာအိတ်ကကော်ကပ်ပြီး ပိတ်ထားတယ်၊ စာအိပ်ပေးမြီး အဲဒီလူချက်ချင်း ထွက်သွားတယ်၊ ကျွန်တော် စာအိတ်ဖောက်ကြည့်တော့ ဒီပွဲလက်မှတ်ကို တွေ့ရတာပဲ"

"ဒါနဲ့ အလကားရတဲ့ လက်မှတ်ဆိုပြီး လာကြည့်လိုက်တာလား ကိုဇေယျာအောင်"

"ဘယ်ဟုတ်မလဲ၊ လက်မှတ်လာပေးပုံ ထူးဆန်းတယ် တစ်မျိုးကြီးပဲ၊ တစ်ခုခုတော့ တစ်ခုခုပဲလို့ တွေးမိတယ် အဲဒီထူးဆန်းနေတဲ့ တစ်မျိုးကြီး တစ်ခုခုဟာ ဘာလဲဆိုတာ သိချင်တာနဲ့ တမင်လာကြည့်တာ၊ မလေးလေး ကျွန်တော့်ဘေးမှာ ရောက်လာတာနဲ့ ဒါဟာ ဦးရှိန်လှမောင်ရဲ့ထောင်ချောက်တစ်ကွက်လို့ သိလိုက်ရတယ်၊ ဦးရှိန်လှမောင်လိုလူရဲ့ ထောက်ချောက်ထဲဝင်ရတာရှက်မိလို့ မလေးလေး မဟုတ်ပါစေနဲ့ ဆုတောင်းတယ်လို့ ပြောမိတာပါ"



"ဟုတ်တယ်၊ လေးလေးလည်း အဲ ... ကျွန်မလည်း ဦးရှိန်လှမောင် လက်မှတ်ပေးတော့ သူတို့လင်မယားရဲ့ သုံးနှစ်မြောက်မင်္ဂလာ တကယ်ပဲ စေတနာနဲ့ ပေးတာလို့ ထင်မိတယ်၊ ရုံထဲကထိုင်ခုံမှာ ကိုဇေယျာအောင်ကို တွေ့မှပဲ ဦးရှိန်လှမောင် တမင်တကာ အကွက်ဆင်လွှတ်လိုက်မှန်း ရိပ်မိတော့တယ်"

လေးလေးသည် သူမကိုယ်ကို "ကျွန်မ"ဟုနာမ်စား သုံးနေကျမှ "လေးလေး"ဟု အမှတ်တမဲ့ ပြောလိုက်ပြီးမှ "ကျွန်မ" ဟု ပြန်ပြင်ပြောလိုက်ရသည်။ လေးလေးသည် သူမနှင့် ရင်းနှီးသူများဆိုလျှင် ကျွန်မဟူသော နာမ်စားထက် မိမိကိုယ်ကို "လေးလေး"ဟူသော နာမ်စား သုံးတတ်သည်။ ယခုလည်း သူမ၏ရင်ထဲတွင် ဇေယျာအောင်အား ရင်းနှီးသူဟုများ အမှတ်မထင် အသိအမှတ် ပြုနေမိလေသလား မပြောတတ်တော့။

"ကျွန်တော်တို့ လေးဘီးကား ငှားစီးရအောင်၊ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံဆီ သွားကြတာပေါ့၊ အဲဒီမှာ လမ်းလျှောက်လို့ကောင်းတယ်"

"ကျွန်မ ပြန်ဖို့ကောင်းပြီ ထင်တယ်"

"ဘာလို့လဲ၊ ကျွန်တော်က ဒီအကွက်နဲ့ ဒီထောင်ချောက်ဟာ ဦးရှိန်လှမောင်ရဲ့အကွက်နဲ့ ထောင်ချောက်မှန်း သိသွားပြီမို့ ကျွန်တော့်ဆီက ဘာသတင်းမှ မရမယ့်အတူတူ ပြန်တာကောင်းတယ်လို့ ဆုံးဖြတ်လို့လား"

လေးလေးက ပခုံးတွန့်ပြလိုက်သည်။

"အဲဒါ အမှန်ပဲ၊ ကျွန်မက မြေစာပင် ဖြစ်နေတယ်၊ ဦးရှိန်လှမောင်ကလည်း ကိုဇေယျာအောင်ရဲ့ လှုပ်ရှားမှုနဲ့အကြံ

www.burmeseclassic.com

www.burmeseclassic.com



အစည်ကိုသိချင်နေတယ်၊ ကိုဇေယျာအောင်ကလည်း ဦးရှိန်လှမောင် ဘာတွေလုပ်နေသလဲဆိုတာ စူးစမ်းချင်တယ်"

"အဲဒီကျွဲကြီး နှစ်ကောင်ကြားမှာ မြေစာပင် မလေးလေးက ဘယ်လိုသဘောထားသလဲ"

လေးဘီးကားတစ်စီး လာသည်ကို ဇေယျာအောင်က လက်ဖမ်းတားသည်။ ရပ်ပေးပါ၏။

"တက်လေ ... မလေးလေး"

"ကျွန်မ ပြန်တော့မလို့"

"တက်စမ်းပါဗျာ၊ မတက်ရင် ကျွန်တော်က အတင်းဆွဲတင်မှာ"

လေးလေးက သူ့ကို မျက်စောင်းထိုးသည်။ ဆက်လက်မငြင်းတော့ဘဲ ပစ်ကပ်လေးဘီးကား နောက်ခုံတန်းတွင် ဝင်ထိုင်လိုက်၏။ ဇေယျာအောင်ကလည်း မျက်နှာချင်းဆိုင်ထားဖက်မှ ခုံတန်းတွင် ဝင်ထိုင်လိုက်ပါ၏။

လမ်းတွင် ဇေယျာအောင်က စကားပြန်ဆက်သည်။

"ပြောလေ မလေးလေး၊ ကျွဲကြီးနှစ်ကောင်ကြားမှာ ဘယ်လိုသဘောထားလဲဆိုတာ"

"ဘယ်လိုမှ မထားဘူး၊ အခု ဦးရှိန်လှမောင်က လက်[illegible] တစ်စောင် ထိုးပေးပြီး ကိုဇေယျာအောင်နဲ့ တွေ့နိုင်[illegible] တီးလိုက်တာကို အမှန်အတိုင်း ကိုဇေယျာအောင်ကို [illegible] ပြောသလို အခု ကိုဇေယျာအောင်နဲ့ တွေ့ကြပြီး အမှန်[illegible] တာတွေ၊ ကြားတာတွေ ဦးရှိန်လှမောင်ကို ပြန်ပြော[illegible] လေးလေးက အဲ ... ကျွန်မက"



"ကျွန်မက လုပ်မနေပါနဲ့ လေးလေး၊ အခု အချိန်ကစပြီး ကျွန်တော်ကလည်း လေးလေးလို့ ခေါ်တော့မှာ၊ အဲဒီတော့ လေးလေးက ဘာဖြစ်လဲ၊ ဆက်ပြောလေ"

"လေးလေးက ဘယ်သူ့သူလျှိုမှ မဟုတ်ဘူးလို့ ပြောချင်တာပါ"

နှစ်ဦးသား တိတ်ဆိတ်နေကြသည်။ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံ ရောက်သည်အထိ စကားမပြောဖြစ်ကြပဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသည်။

ပန်းခြံရောက်သော် နှစ်ဦးစလုံးဆင်းပြီး လျှောက်ကြသည်။

"ကျွန်တော် လေးလေးကို အကြံပေးချင်တယ်"

"ဘာများပါလိမ့်"

"ဦးရှိန်လှမောင် အိမ်မှာ လေးလေး စက်ပြီးမနေဖို့ပါ၊ ဦးရှိန်လှမောင်ဟာ အန္တရာယ်ကောင်ပဲ၊ သူ့အကျိုးအမြတ်ရှိမယ်ဆိုရင် ဘယ်သူ့အပေါ်မှာမှ သစ္စာရှိတဲ့လူ မဟုတ်ဘူး၊ သိပ်ကြောက်စရာကောင်းတဲ့လူ၊ လေးလေး သူ့ကို မကြောက်ဘူးလား"

"ကြောက်သားပဲ"

"ကြောက်လျက်သားနဲ့ ဘာလို့ ဒီအိမ်ကြီးမှာ ဆက်နေနေတာလဲ"

"ကေသီ့ကြောင့်ပါ၊ ကေသီဆိုတာက ဦးရှိန်လှမောင်ရဲ့ ဇနီးပါ"

"အဲဒီ ကေသီက ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



လေးလေးက ဖြန်းခနဲ မပြောသေးဘဲ ပြောသင့် မပြောသင့် ချိန်ဆနေသေးသည်။

နောက်မှ ကိုဇေယျာအောင်လို လူမျိုးသည် ယုံကြည် ထိုက်သူဟု ဆုံးဖြတ်ချက်ချကာ ပြောရန် ဆုံးဖြတ်လိုက်သည်။

"ကေသီဟာ ပဲခူးဟံသာကုန်းက အေးရိပ်ငြိမ်မှာ လူဆိုး ထောင်ထွက် ကိုညွန့်ဦးကို ပစ်သတ်ခဲ့တယ် ဆိုတာ ကိုဇေယျာအောင် သိနေမှာပေါ့၊ သတင်းစာတွေထဲ ဖိုး လေးတကျော် အဲဒီကိစ္စ ပါခဲ့တာပဲ"

"သိပ်သိတာပေါ့လေ၊ ဆက်ပြောပါဦး"

"အဲဒီနောက်ပိုင်းမှာ ကေသီဟာ စိတ်ချောက်ချားတဲ့ရော ရှိတယ်ဆိုပြီး ဦးရှိန်လှမောင်က သူနဲ့သိပ်ရင်းနှီးတဲ့ ဆ ဝန် ခင်မောင်ညိုနဲ့ ကေသီ့ကို ကုသနေတယ်၊ စိတ်ငြိမ်ဆေး တွေကျွေးတယ်၊ အဲဒါတွေ အားလုံးခြုံကြည့်ရင် လေးလေး က တစ်မျိုးမြင်လာတယ်"

"ဘယ်လိုမြင်လို့လဲ"

"အတိအကျ မဟုတ်ဘူး ကိုဇေယျာအောင်၊ လေး စိတ်ထဲမှာ မသင်္ကာစိတ်နဲ့ ကွင်းဆက်လေးတွေ ဆ ပြီး တစ်မျိုးမြင်လာတာပါ"

"အင်းပါလေ၊ လေးလေးရဲ့အမြင်ကိုပဲ ပြောပါဦး"

"ဦးရှိန်လှမောင်ဟာ ခင်ထားရီ ဆိုတဲ့ အမျိုးသမီး ကို စွဲလမ်းနှစ်သက်နေပုံရတယ်၊ အဲဒီ အမျိုးသမီးရဲ့ ဓာတ်က လက်ရှိမယားငုတ်တုတ်ရှိတဲ့ သူမျိုးကို ဘယ် မှ လက်မထပ်ဘူး၊ နောက်တစ်ချက်က မယားကြီး



ကွာရှင်းပြီးမှ သူ့ကိုလာလက်ထပ်တာမျိုးလည်း လက်မခံ ဘူး"

"ဘယ်ဆိုးလို့လဲ၊ အင်မတန် ကောင်းမြတ်တဲ့ စိတ်ဓာတ်ပဲ"

"သာမန်အားဖြင့်တော့ သိပ်ကောင်းမြတ်တဲ့ စိတ်ဓာတ်လို့ ခေါ်နိုင်တာပေါ့ ကိုဇေယျာအောင်၊ ဒါပေမဲ့ ခြွင်းချက်တော့ ခင်ထားရီ ထားတယ်၊ မယားကြီး သေဆုံးသွားလို့ မုဆိုး ဖိုဘဝနဲ့ဆိုရင်တော့ လက်ထပ်နိုင်တယ်တဲ့"

"အဲဒီတော့"

"အဲဒီတော့ ဦးရှိန်လှမောင်က အင်မတန် ခင်ထားရီကို လက်ထပ်ချင်ပါတယ်ဆိုရင် ကေသီက သေပေးရမှာပေါ့ ကိုဇေယျာအောင်"

ဇေယျာအောင် ပါးစပ်ဟောင်းလောင်း ဖြစ်သွားရ သည်။

ကေသီ့အတွက် တကယ်ကြောက်စရာကောင်းသော အခြေအနေပါလားဟူ၍ ရိပ်စားမိလိုက်သောကြောင့် ဖြစ်သည်။

"အခု ဦးရှိန်လှမောင်က သူ့ဇနီးကေသီမှာ စိတ်ဝေဒနာ ရှိနေတယ်လို့ အများသိအောင် သတင်းလွှင့်ထားတယ်၊ အချိန်မရွေး ကေသီ့မှာ စိတ်ဝေဒနာရှိတယ်လို့ ဘယ်သူက မေးမေး ပြောမှာပဲ၊ ဒီကြားထဲမှာပဲ ကေသီ စိတ်ချောက်ချား အောင် လုပ်နေတာတွေလည်း ရှိရဲ့"

ကေသီ့ထံသို့ စာအိတ်နှင့် မျက်နှာဖုံး ရောက်လာပုံ သို့ မျက်နှာဖုံး ခေါင်းအုံးအောက်မှ ပျောက်သွားပုံကိုပါ လေး က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံး ကေသီ သေသွားရင်တောင် စိတ်ဖောက်ပြန်ပြီး သူ့ကိုယ်သူ သတ်သေသွားတာမျိုး ဦးရှိန်လှမောင်က ဖန်တီးနေသလားလို့ လေးလေး ထင်တယ် ကိုဇေယျာအောင်၊ ကေသီ သောက်နေရတဲ့ ဆေးတွေကလည်း ဘာဆေးမှန်း မသိဘူး၊ ကေသီကပြောတော့ အဲဒီဆေးတွေ သောက်ရင် မူးဝေဝေ နောက်ကျိုကျိုနဲ့ ပိုပြီးနေမကောင်းဖြစ်ရတယ်တဲ့၊ ဒါကြောင့် လေးလေးက ကေသီ့ကို ဒီအတိုင်းထားခဲ့ပြီး သူ့အိမ်ကြီးပေါ်က ဆင်းလာရမှာ ဝန်လေးနေတာပါ"

"ဦးရှိန်လှမောင်လိုလူဟာ ဘာမဆို လုပ်ရဲတဲ့ လူတစ်ယောက်ဆိုတာတော့ ကျွန်တော် လက်ခံပါတယ်၊ ဒါပေမဲ့ တစ်ခု စဉ်းစားဖို့ ကောင်းသေးတယ် လေးလေး"

"ဘာများလဲ ကိုဇေယျာအောင်"

"ဦးရှိန်လှမောင်ဟာ လေးလေး သူ့အိမ်မှာ လာနေတာကိုကော ကျေနပ်ပုံရလား"

"ရသားပဲ၊ လိုလိုလားလားကို ရှိနေတယ်၊ အကြောင်းပြချက်ကတော့ သူသိပ်ချစ်တဲ့ သူ့ဇနီး ကေသီကို စေတနာအပြည့်နဲ့ ပြုစုကူညီနေလို့တဲ့"

"ကျွန်တော် စဉ်းစားတယ်လေ၊ ကေသီ့ကို ဦးရှိန်လှမောင်က တစ်နည်းနည်းနဲ့ သေအောင် ဖန်တီးနေတယ်ဆိုရင် လေးလေးလို ပါးနပ်တဲ့မိန်းကလေးတစ်ယောက်ကို ကေသီနဲ့ အနီးကပ်နေစေခြင်းဟာ ဦးရှိန်လှမောင်မှာ အန္တရာယ်ရှိလာနိုင်မယ်လို့ သူ မတွေးဘဲနေမလား၊ သူတို့အကြ



အစည်နဲ့ လုပ်ရပ်တွေကို လေးလေးက မျက်မြင်သက်သေ၊ အသိသက်သေ၊ အကြားသက်သေ ဖြစ်လာနိုင်တာပဲ"

လေးလေး ငိုင်သွားသည်။ ကိုဇေယျာအောင်ပြောသည်မှာ ဟုတ်သလိုလို ရှိနေသည်။

သို့သော် ချက်ချင်းပင် လေးလေးဦးခေါင်းထဲသို့ မှန်းဆချက်တစ်ခု ပြန်ဝင်လာသည်။

"ကောင်တာရီဗျာ့စ် သဘောမျိုးနဲ့ပဲ ကိုဇေယျာအောင်ရဲ့ စကားကို ပြောင်းပြန်လှန်ကြည့်ရအောင်၊ ဦးရှိန်လှမောင်က ပညာသားပါပါနဲ့ ကေသီ သူ့ကိုယ်သူ သတ်သေတယ်ဖြစ်အောင် ဖန်တီးတယ် ဆိုပါတော့၊ အများကလည်း ကေသီဟာ စိတ်ဖောက်ပြန်ပြီး သူ့ကိုယ်သူ သတ်သေတာလို့ပဲ မြင်ကြတယ်၊ လေးလေးကလည်း ရင်ထဲက သိပေမယ့် အမြင်အားဖြင့် ကေသီ သူ့ကိုယ်သူ သတ်သေတာလို့ပဲ အများမြင်သလို မြင်နေရရင် သက်ဆိုင်ရာရဲက လာစစ်တဲ့အခါ အများပြောသလိုပဲလေးလေး ပြောရမှာပဲ၊ အဲဒီအခါကျတော့ သူ့လခစား သူ့လူယုံတွေ ပြောတာထက် ခဏည့်သည်လို လာနေတဲ့ လေးလေးရဲ့ သက်သေထွက်ချက်ဟာ ပိုပြီး ဦးရှိန်လှမောင်အတွက် ခိုင်မာအကျိုးရှိနေတယ်ဆိုရင်ကော"

ဇေယျာအောင်က လေးလေး၏စကားကို ခေါင်းညိတ်ထောက်ခံသည်။

"ဒါလည်း ဟုတ်တာပဲ၊ နေပါဦး၊ ကေသီဟာ သူ့ကိုယ်သူ သတ်သေနိုင်ဖို့ ဘယ်လိုလက်နက်မျိုး ရှိနေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကေသီမှာ ကိုယ်ပိုင်သေနတ် ရှိနေတယ်၊ ကိုညွန့်ဦးကို ပစ်သတ်ခဲ့တဲ့ သေနတ်ပဲ၊ အခင်းဖြစ်ပွားစဉ်က ရဲကသိမ်းထားပေမယ့် အမှုပြီးတော့ ပြန်ပေးတဲ့ သေနတ်လေ"

"စိတ်ဖောက်ပြန်နေပါတယ် ဆိုတဲ့သူကို ဦးရှိန်လှမောင်က သေနတ်ပြန်ပေးထားသတဲ့လား"

လေးလေးက ထုံးစံအတိုင်း ပခုံးတွန့်ပြလိုက်လေသည်။

"လေးလေး ဦးရှိန်လှမောင်အိမ်မှာ ဆက်မနေပါနဲ့တော့၊ လေးလေးအတွက် အန္တရာယ် သိပ်ရှိနိုင်နေတယ်၊ တကယ်လို့ လေးလေးမှာ နေထိုင်စရာ အခက်အခဲ ရှိတယ်ဆိုရင် ကျွန်တော် လေးလေးနေဖို့ စီစဉ်ပေးပါ့မယ်၊ ဦးရှိန်လှမောင်ရဲ့အိမ်မှာ နေရတာထက် မညံ့စေရဘူး လေးလေး"

"ကျေးဇူးတင်ပါတယ် ကိုဇေယျာအောင်၊ ဘယ်လိုပဲဖြစ်ဖြစ် ဦးရှိန်လှမောင်ရဲ့အိမ်မှာပဲ လောလောဆယ် လေးလေး ဆက်နေရမှာပါ"

ဇေယျာအောင်က လေးလေးကို စူးစိုက်ကြည့်သည်။ သိပ်ခေါင်းမာတဲ့ မိန်းကလေးဟူသော အကြည့်ပင်ဖြစ်မည်။

"လေးလေးမှာ ဦးရှိန်လှမောင်ရဲ့အိမ်မှာ ဆက်နေဖို့ အခြား အကြောင်းတစ်ခုခု ရှိနေတယ် ထင်တယ်၊ ကေသီက ကူညီပြုစုဖို့ သက်သက် ဆိုတာချည်း မဟုတ်နိုင်ဘူး ထင်တယ်"

ပါးနပ်သော ဇေယျာအောင်ကို လေးလေးက ပြန်လည်ကြည့်မိသည်။



မျက်လုံးချင်း ဆုံမိကြသည်မို့ လေးလေးရင်မှာ ခုန်သွားလေသည်။

အကယ်၍သာ မိမိ၏သေတ္တာထဲမှ သတင်းစာဖြတ်ပိုင်းတွေနှင့် ဓာတ်ပုံတွေ ပါရှိသည့်ဖိုင်တွဲ ပျောက်ဆုံးမသွားလျှင် တစ်နည်းဆိုသော် မိမိဖိုင်တွဲ ဦးရှိန်လှမောင်၏ လက်သို့မရောက်ရှိသွားလျှင် ကိုဇေယျာအောင် ပြောသလို မိမိက သည်အိမ်ကြီးမှ ဆင်းလျှင် ဆင်းဖြစ်မည်။

ယခုတော့ ...

"လေးလေး ပြန်တော့မယ် ကိုဇေယျာအောင်"

ပန်းခြံအတွင်းမှ အပြင်ဘက် ကတ္တရာလမ်းဆီသို့ နှစ်ဦးသား ယှဉ်တွဲလျှောက်လာခဲ့သည်။

"ကျွန်တော် တစ်ခုပြောချင်တယ် လေးလေး"

"ကိုဇေယျာအောင် ပြောခဲ့တာတွေ တစ်ခုမှ မကတာ၊ အများကြီးပဲဟာ"

"အဲဒါတွေက ကျက်သရေမရှိတဲ့ ရှိန်လှမောင်ရဲ့အကြောင်းတွေပါ၊ အခု ကျွန်တော် ပြောချင်တဲ့ စကားက ကျက်သရေမင်္ဂလာရှိတဲ့ စကားမျိုးပါ"

"ဆိုပါ"

"ကျွန်တော် ဒီအရွယ်ထိ ဟုတ်တိပတ်တိ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ စိတ်မဝင်စားခဲ့သေးဘူး"

"ဟုတ်လား၊ အတ္တုပ္ပတ္တိ မဟုတ်ပါဘူးနော်၊ ဒဏ္ဍာရီလိုလိုပြင်လိုလိုပဲ ဖြစ်မယ်ထင်တယ်"

"မယုံရင်လည်း မပြောတော့ဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လေးလေး ပြုံးလိုက်သည်။ ပါးချိုင့်လေး ခွက်ဝင်သွားပါ၏။

ရှေးသရော်အခါ ဗာရာဏသီပြည်ဝယ်ဟု အစပျိုးသည်နှင့် ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူသည် ဆိုသော နောက်ဆက်တွဲကို ချက်ချင်းသိနိုင်သလို လူရိုးကြီးဖေယျာအောင် နိဒါန်းပျိုးသည်နှင့် ဘာပြောတော့မည်ကို သိနှင့်နေသော လေးလေးက မခံချင်အောင် ပြောလိုက်ခြင်းဖြစ်သည်။

"မပြောချင်လည်း နေပေါ့လေ"

ဖေယျာအောင်မှာ အောင့်သက်သက်နှင့် ဖြစ်သွားပုံရသည်။

နောက်ဆုံး မပြောဘဲ မနေနိုင်သည့်အလား ပြောလိုက်သည်။

"ဒါဆိုလည်း ယုံချင်ယုံ မယုံချင်နေဗျာ၊ ရင်ထဲကပြောချင်တာတော့ ပြောရမှာပဲ၊ အဲ ... ပြောမယ့်စကားတောင် ဘယ်ရောက်သွားသလဲ မသိဘူး"

လေးလေးက ကောက်ကာငင်ကာ ပြောလိုက်သည်။

"ဒီအရွယ်ထိ ဟုတ်တိပတ်တိ ဘယ်မိန်းကလေး တစ်ယောက်ကိုမှ စိတ်မဝင်စားခဲ့သေးဘူးလို့ ကိုဖေယျာအောင် ပြောလိုက်သလားပဲ"

"ဟုတ်တယ်၊ အခု လေးလေးကိုကျတော့ ကျွန်တော် သိပ်စိတ်ဝင်စားနေမိတယ်"

"နှစ်ခါပဲ ဆုံဖူးကြသေးတယ်နော်"

"ကဲဗျာ ... ဆက်မပြောတော့ဘူး၊ အဲဒါပဲ"



ပန်းခြံအထွက်သို့ ရောက်လာကြသည်။ ဖေယျာအောင်ကပင် လေးဘီးအငှားကားတစ်စီးကို လက်တားပေးသည်။ ဆက်မပြောတော့ဘူးဆိုသော စကားအတိုင်း တကယ်ပင် သူ၏ လှုပ်ရှားစကားကို ဆက်မပြောတော့ပါလေ။

လေးလေးက ရပ်ပေးသော ကားပေါ်တက်ရန် ကားနောက်ပိုင်းသို့ ခြေလှမ်းလိုက်သည်။

"ဒီမယ် လေးလေး"

"ဘာလဲ ကိုဖေယျာအောင်"

"နောက်ထပ် လေးလေးနဲ့ ဘယ်နှခါလောက် ထပ်တွေ့မှ ကျွန်တော့်စကား ပြန်ဆက်ဖို့ လုံလောက်မှာလဲ"

"တစ်ဆယ် ဆယ်လီ တစ်ရာ၊ နောက်ထပ် အခါတစ်ရာလောက် ထပ်တွေ့ပြီးမှ ဆက်ပြောပေါ့"

"သွားရောပေါ့ဗျာ၊ အဲဒီ အခါတစ်ရာဆိုရင် ကျွန်တော်ရော လေးလေးရော ဆံပင်တွေ ဖြူနေပြီ၊ သွားတွေ ကျိုးနေပြီ"

လေးလေးက အသံထွက်အောင်ပင် ရယ်လိုက်ပါသ၏။ လေးလေး၏ ရယ်သံလွင်လွင်လေး ထွက်လာမှ မိမိအား လေးလေးက စနေကြောင်း ဖေယျာအောင် ရိပ်မိသွားပုံရသည်။

နောက်ပြီး လေးလေး၏ ရယ်သံလွင်လွင်ကလေးထဲတွင် မိမိအား လိုက်လျောပါလိမ့်မည်ဟူသော ပဏ္ဏာမသင်္ကေတများ ပါဝင်သည်ဟု ဖေယျာအောင် ယူဆလိုက်သည်။

"ကျွန်တော် လေးလေးဆီ ဖုန်းဆက်ရင် ဦးရှိန်လှအောင်က လေးလေးနဲ့ စကားပြောခွင့် ပေးပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပေးတာပေါ့၊ သူကိုယ်တိုင်က ကိုဇေယျာအောင်ကို လေးလေးက လိုက်လိုက်လျောလျော ဆက်ဆံဖို့ တိုက်တွန်းနေတာပဲဟာ"

လေးဘီးကား ထွက်လာသည်။ ဇေယျာအောင် လက်ပြနှုတ်ဆက်ရင်း ကျန်ခဲ့သည်။ ယခုတစ်ကြိမ်တော့ လေးလေးကိုယ်တိုင်ကလည်း လေးဘီးပေါ်မှ ကျန်ခဲ့သော ဇေယျာအောင်ကို ပြန်ကြည့်ကာ လက်ပြနှုတ်ဆက်လေတော့၏။

✤ ✧ ✤



# ( ၁၄ )

ရဲအရာရှိ ဦးဩသည် လေမွေလို လွင့်ချင်ရာလွင့်နေတတ်သော ဇေယျာအောင်ကို မတွေ့တွေ့အောင် ရှာဖွေနိုင်စွမ်းရှိသည်။

ရွှေဒဂုံးပြားတွေနှင့် ခရက်ဒစ်ကတ်ကို အိတ်ထဲ...ည့်ပြီး သွားချင်ရာသွားကာ သတင်းရလျှင် ရသလို တစ်ပြည်...း အကန့်အသတ်မရှိ ခရီးနှင်တတ်လေသော ဇေယျာအောင် ...း ရန်ကုန်တွင် ပြန်လည်ရောက်ရှိ နားနေခိုက်တွင်လည်း ...ိန်းအချက် ပေးမထားပါက တွေ့ဆုံရန် လွယ်လှသည်မဟုတ်။

ဇေယျာအောင်၏ အမြဲတမ်း နေရပ်လိပ်စာသည် ...တ်(--)ပြည်သာယာလမ်း၊ ဘောက်ထော် ဖြစ်ပါ၏။ ခြံဝင်း...ည်ကျယ်တွင် နိုင်ခန့်လှပသော တစ်ထပ်တိုက်လေးဖြစ်သည်။ ...း စိတ်ချယုံကြည်ရသော တပည့်လင်မယားကို ထိုတစ်ထပ်...းလေးတွင် နေစေပြီး ခြံ၏အလှအပ၊ တစ်ထပ်တိုက်လေး၏ ...င်းရေးနှင့် ဗာဟီရတို့ကို ထိုတပည့်လင်မယားက ဆောင်...သည်။

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း နေရပ်လိပ်စာ ထိုတစ်ထပ်တိုက်အိမ်လေးတွင် ဧယျာအောင်က အမြဲတမ်းလိုလိုပင် ရှိမနေတတ်ပါလေ။ ဧယျာအောင်တွင် အိပ်ရာ နေရာတွေ ပေါများလှသည်။ အင်းစိန်ဆန်စက်တွင်လည်း သူ့အတွက် သီးသန့်အဆောက်အအုံနှင့် သီးသန့်အိပ်ရာရှိသည်။ ခနောင်တိုဆန်စက်တွင်လည်း အလားတူပင်။ ထိုကြားထဲကပင် ရန်ကုန်မြို့လယ်မှာဖြစ်စေ၊ ညဘက်ရောက်လျှင် ကြုံရာတည်းခိုခန်းတွင် ဝင်ရောက်တည်းခို အိပ်စက်သည်များလည်းရှိ၏။ ဧယျာအောင်အား တွေ့လိုလျှင် အဘယ်မှာလျှင် လွယ်ကူပါအံ့နည်း။

ဧယျာအောင်အဖို့ အခိက ဒုစရိုက်လုပ်ငန်းရှင်ကြီးတွေအား အလဲထိုးနှက်ခဲ့သည်များကြောင့် ရန်များလှသည်။ ထို့ကြောင့်လည်း ဧယျာအောင်က အသက်ကို ဉာဏ်စောင့်စေပြီး သတိမလပ်စေခြင်းဖြစ်၏။

သို့တစေ ဧယျာအောင်သည် သူ ညအိပ်ရောက်ရှိရာအရပ်မှ သူ၏အမြဲတမ်းလိပ်စာ ပြည်သာယာလမ်း တစ်ထပ်တိုက် တပည့်ဆီကိုတော့ ဖုန်းဆက်သည်။ အမြဲတမ်းလိပ်စာသို့ မည်သူတွေ လာရောက်သနည်း။ မည်သူတွေ ဆက်သွယ်သနည်းစသည်ကို မေးမြန်းသည်။

ထို့ကြောင့်လည်း ပဲခူးစခန်းမှ ရဲအရာရှိဦးဩ ဆိုသူ ပြည်သာယာတစ်ထပ်တိုက်အိမ်သို့ မနေ့ညနေက လာသွားကြောင်း ဧယျာအောင် သိရသည်။ တပည့်ကျော်၏ ပြောပြချက်အရ ရဲအရာရှိဦးဩသည် မိမိနှင့် တွေ့ဆုံရန် ဆန္ဒပြင်းလျက်ရှိကြောင်းနှင့် ဦးဩထံသို့ ပြန်လည်ဆက်သွယ်နိုင်ရန် ပေးသွားသော ဖုန်းနံပါတ်ကိုပါ၊ တပည့်ကျော်က ပြောပြသည်။



ပဲခူးမှ ရဲအရာရှိ ဦးဩ ဆိုသူကို ဧယျာအောင် တစ်ခါမျှ မသိစဖူးခဲ့။ ထို့ကြောင့် ဘာကိစ္စများပါလိမ့်ဟူသော အတွေးဖြင့် ရဲအရာရှိ ဦးဩကို ဧယျာအောင်ကလည်း တွေ့ဆုံရန် ဆန္ဒရှိသည်။ နောက်တစ်နေ့ ပြည်သာယာလမ်း တစ်ထပ်တိုက်အိမ်လေးမှာပင် တွေ့ဆုံရန် တပည့်ကျော်မှ တစ်ဆင့် ဖုန်းဆက်ခိုင်းလိုက်လေတော့သည်။

ချိန်းဆိုသည့် အချိန်နာရီ တိတိမှာပင် ရဲအရာရှိ ဦးဩ ရောက်ရှိလာသည်။ ရဲယူနီဖောင်းနှင့်ဖြစ်သည်။ ပခုံးထောင့်တွင် ငွေကြယ်ပွင့်နှစ်ပွင့် တင်ထားသည်။

"ထိုင်ပါ ဦးဩ၊ ကျွန်တော် ဧယျာအောင်ပါ၊ ဦးဩက ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ ဘာကြောင့်များလဲလို့ အခုထက်ထိ ကျွန်တော် စဉ်းစားလို့ မရသေးတာကတော့ အမှန်ပါပဲ ဦးဩ"

ဦးဩက ဆိုဖာဆက်တီတစ်လုံးတွင် ထိုင်သည်။ ဦးထုပ်ကိုချွတ်ကာ စားပွဲပေါ် တင်ထားလိုက်သည်။ ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ကာ မျက်နှာတစ်ပြင်လုံးသုတ်သိုက်သေးသည်။

"ကိုဧယျာအောင်ကမို ဘာကြောင့် တွေ့ချင်တယ်ဆိုတာ မပြောခင် ကျုပ်အကြောင်းကို အရင်ပြောပြမှ ထင်တယ်"

"ဟုတ်ကဲ့ ... ပြောပါ"

"ကျုပ်က ကိုဧယျာအောင်လို တက္ကသိုလ်ဘွဲ့ တစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ လွန်ခဲ့တဲ့ ၁၅–နှစ်ကျော်က ကျုပ် ဆယ်တန်းအောင်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တက္ကသိုလ်က ဘွဲ့ရထားမှန်းလည်း ဦးသြက သိထားသလား"

"ကိုဧယျာအောင်ရဲ့အကြောင်းကို ကျုပ် တော်တော်များများ လေ့လာထားပြီးသားပါ၊ သိပ်တောင် ခက်ခက်ခဲခဲ မလေ့လာရပါဘူး၊ ရန်ကုန်က ကျုပ်ရဲ့လုပ်ဖော်ကိုင်ဖက်ရဲ့အရာရှိတွေကတစ်ဆင့် လွယ်လွယ်ပဲ သိခွင့်ရပါတယ်"

ဧယျာအောင် သဘောပေါက်ရသည်။ ရန်ကုန်ရဲ့အရာရှိတော်တော်များများသည် ဧယျာအောင်နှင့် လက်တွဲခဲ့သည်မို့ ဧယျာအောင်ကို အကျွမ်းတဝင် တလေးတစား ရင်းနှီးသူများ ဖြစ်နေသည်။

"ကျုပ်တို့ခေတ်က ဆယ်တန်းအောင်ရုံနဲ့ ရဲအုပ်ရာထူး လျှောက်ခွင့်ရှိတယ်၊ ကျုပ်ကိုယ်တိုင်က ရဲအလုပ်ကို ငယ်ငယ်လေးကတည်းက ဝါသနာပါလို့ ရဲအုပ်ရာထူး လျှောက်ခဲ့တယ်၊ ချက်ချင်း အပွိုင်မင့်ရတယ်၊ ကျုပ် အဓိကဆိုလိုချင်တာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅-နှစ်ကျော်ကတည်းက ကျုပ်ဟာ ရဲအဖွဲ့မှာ ပခုံးပေါ်မှာ တစ်ပွင့်ရာထူးနဲ့ နေခဲ့တာလို့"

ဧယျအောင်က ဘာမျှပြန်မပြော။ ဦးသြ ပြောသည်ကိုသာ နားထောင်နေသည်။ ဦးသြက သူ့စကား ပြန်ဆက်သေးမီ ရယ်သွမ်းသွေးလိုက်၏။

"အခု ကျုပ်ပခုံးပေါ်မှာ နှစ်ပွင့်ရှိနေတာကို ကိုဧယျာအောင် အမြင်ပဲ၊ ကျုပ်ဟာ နှစ်ပေါင်း ၁၅-နှစ်ကျော် အလုပ်လုပ်ခဲ့ပါလျက်နဲ့ ရာထူးအနေနဲ့ တစ်ပွင့်တည်းသာ ရတာ ဘာလို့လဲဗျာလို့ ကိုဧယျာအောင်က ပြန်မေးပါလား"



"ဟုတ်ကဲ့ … ဦးသြအနေနဲ့ ရာထူးတက် အင်မတန်နှေးပါလားလို့တော့ မေးချင်တာ အမှန်ပဲ"

"ကျုပ်အသက် ၃၅-နှစ်ရှိပြီ၊ လုပ်သက် ၁၅-နှစ်ကျော်အတွင်းမှာ လာဘ်စားမှု မရှိဘူး၊ ပကတိ မှန်မှန်ကန်ကန် လုပ်ခဲ့တယ်၊ ကျုပ်က လူပျိုကြီးလေ၊ ဘယ်ဆွေမျိုးကိုမှလဲ ထောက်ပံ့စရာမရှိဘူး၊ ဒီတော့ လာဘ်စားဖို့လည်းမလိုဘူး၊ ဒါပေမဲ့ ကျုပ်ကို လုပ်ဖော်ကိုင်ဖက်တွေက မကြိုက်ဘူး ကိုဧယျာအောင်"

"ဗျာ … မှန်မှန်ကန်ကန် လုပ်တာကို မကြိုက်တာလား"

"အဲဒီလို မဟုတ်ဘူး၊ မှန်မှန်ကန်ကန် လုပ်တာကိုတော့ ကြိုက်တာပေါ့၊ အမှုတစ်ခုမှာ မှန်နေတယ်ထင်ရင် ကျုပ်က နောက်မဆုတ်ဘူး၊ ဇွတ်ရှေ့တိုးတယ်"

"ကျွန်တော် နားမရှင်းဘူး ဦးသြ၊ မှန်တာလုပ်လေ နှစ်ခြိုက်လေ ဖြစ်ရမှာပေါ့၊ မှန်တာ ဇွတ်တိုးလုပ်လို့ မနှစ်ခြိုက်ဘူးဆိုတာမျိုး ဥပမာတစ်ခုလောက် ကျွန်တော့်ကို ပြောပြနိုင်မလား ဦးသြ"

"အဲဒီဥပမာမျိုး သိပ်ပြောချင်လို့လည်း ကိုဧယျာအောင့်ဆီ တမင် ကျုပ်လာတွေ့တာပဲ၊ ဥပမာ ဆိုကြပါစို့၊ ဦးရှိန်လှမောင်ရဲ့ဇနီး ဒေါ်ကေသီဆိုတဲ့ အမျိုးသမီးက ပဲခူးဘသံကုန်းရပ် အေးရိပ်ငြိမ် အဆောက်အအုံထဲမှာ ညွှန့်ဦးဆိုတဲ့လူကို သေနတ်နဲ့ အသေပစ်သတ်ခဲ့တယ်၊ အဲဒီအမှုကို ဆက်လက်ဖွင့်ရန် မလိုဆိုပြီး ပိတ်ပစ်တယ်၊ ကျုပ်သဘောက မပိတ်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဇေယျာအောင်သည် နားရွက်ထောင်လာအောင် ဦးဩ၏စကားကို စိတ်ဝင်စားသွားလေပြီ။

"အဲဒီသေနတ်ပစ်မှုကို ကျွန်တော်လည်း အများနည်းတူ ကြားလိုက်သားပဲ ဦးဩ၊ အဲဒီအချိန်.အဲဒီအခြေအနေမျိုးမှာ ဒေါ်ကေသီ မဟုတ်လို့ တခြား ဘယ်အမျိုးသမီးဖြစ်ဖြစ် ထောင်ထွက်ညွန့်ဦးကို ကိုယ့်အသက်ကိုယ် ကာကွယ်တဲ့ အနေနဲ့ ပစ်သတ်မိမှာပဲ မဟုတ်လား"

"ဘာလဲ ... အဲဒီအချိန် ဆိုတာက လူခြေတိတ် ညဉ့်ဦးပိုင်းအချိန်၊ အဲဒီအခြေအနေ ဆိုတာက အေးရိပ်ငြိမ်ထဲမှာ လူဆိုးနဲ့ နှစ်ယောက်ချင်းတွေ့တဲ့ အခြေအနေ၊ ဒါကြောင့် ပစ်သတ်တာ မှန်တယ်လို့ ဆိုကြတာပဲ မဟုတ်လား"

"အဲဒီသဘောပဲပေါ့ ဦးဩ"

"ယေဘုယျသဘောအရ မှန်တယ် ကိုဇေယျာအောင် နောက်ပြီး သတ်မှတ်ထားတဲ့ ဥပဒေအကြောင်းအရလည်း မမှားဘူး၊ ဒါပေမဲ့ ဥပဒေရဲ့သဘောက မိမိအသက်အန္တရာယ်ကို ပြုလာသူကို မိမိက ကာကွယ်ခုခံရင်း အန္တရာယ်ပြုသူ သေဆုံးခြင်းဆိုလျှင် မိမိအသက်ဘေးအန္တရာယ်မှ ကာကွယ် ခုခံသူမှာ လုံးဝအပြစ်မရှိ ဆိုတာ မှန်တယ်၊ အဲဒီလိုပေါ့ ဘဲ ခုခံကာကွယ်ရတာကို အကြောင်းပြပြီး တစ်ဖက်လူကို မသေမချင်း သတ်တာမျိုးကျတော့ ..."

"အင်း ... ဆက်ပြောပါ ဦးဩ၊ ကျွန်တော် စိတ်ဝင်စားပါတယ်"



"ပထမဆုံး ကျုပ်ပြောမယ်၊ ဒေါ်ကေသီဟာ ညွန့်ဦးနဲ့ ပက်ပင်းကြီးတွေ့လို မိမိကိုယ်ကို ကာကွယ်တဲ့အနေနဲ့ ပစ်ရင် သေနတ်ပဲဗျာ၊ နောက်ပြီး အနီးကပ်ပစ်ရတာ တစ်ချက်ပေါ့၊ အလွန်ဆုံး နှစ်ချက် သုံးချက်ဗျာ၊ နွားတောင် ဒီလောက်အနီးကပ်ပစ်ရင် မခံနိုင်ပါဘူး၊ အခုတော့ သေနတ်ထဲရှိသမျှ ကျည်ဆန်တွေအားလုံး အကုန်ပစ်လိုက်တယ်၊ ပစ်ချက်တိုင်းဟာလည်း ညွန့်ဦးကို ထိတယ်လို့ အလောင်းခွဲစိတ်ဆရာဝန်က မှတ်ချက်ပြုတယ်၊ ညွန့်ဦး အလောင်းမှာ ကျည်ဆန်တွေ ဗရပွ ထိမှန်ထားတယ်တဲ့၊ အဲဒီအချက်က စပြီး ကျုပ်ရင်ထဲ မရှင်းခဲ့ဘူး၊ ဒေါ်ကေသီ အနေနဲ့ ရန်သူကို ခုခံကာကွယ်တဲ့နေရာမှာ သေနတ်ထဲရှိသမျှ ကျည်ဆန်တွေနဲ့ ပစ်လိုက်တာဟာ တကယ်ပဲ ညွန့်ဦးကို မသေမချင်း သေသွားတဲ့အထိ စိတ်ချရအောင် ပစ်တာများ ဖြစ်နေလားလို့"

"ဘာဖြစ်လို့ ဒေါ်ကေသီက ညွန့်ဦးလို ထောင်ထွက်တစ်ယောက်ကို သတ်ပစ်ရမှာလဲ ဦးဩ၊ ဘယ်လိုအဆက်အစပ်နဲ့ ပတ်သက်နေမလဲ၊ အဲ ... ဦးဩတို့ ရဲအရာရှိစကားနဲ့ ပြောရရင် ညွန့်ဦးလိုကောင်ကို ဒေါ်ကေသီက ဘယ်လိုမိုးတစ်ဗ်ရှိနေလို့ အသေသတ်ချင်ရမှာလဲ"

"အဲဒီ မိုးတစ်ဗ်မရှိလို့ ကျုပ်မှာ ကွင်းဆက်ပြတ်နေတာပဲ ကိုဇေယျာအောင်၊ နောက်တစ်ချက်ရှိသေးတာက ညွန့်ဦးဟာ အေးရိပ်ငြိမ် အဆောက်အအုံကို ဖွင့်နိုင်တဲ့သော့ရှိနေတယ်၊ ဒီသော့ သူ ဘယ်ကရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးရိပ်ငြိမ်ရဲ့ခြံစောင့်အလစ်မှာ အိမ်သော့ကိုဖယောင်းပုံနှိပ်ပြီး သော့တူလုပ်တာမျိုး ဆိုရင်ကော"

ဦးညြ ခေါင်းခါပြသည်။

"ရဲလုပ်သက် ဆယ့်ငါးနှစ်ကျော်ပြီ ကိုဇေယျာအောင်၊ ကျုပ် ထဘီရပ်တဲ့ ဘိန်းစားသူခိုးကစပြီး ထိတ်ထိတ်ကြဲ ဖောက်ထွင်းဝိဇ္ဇာ သူခိုးကြီးတွေနဲ့အထိ ဆက်ဆံခဲ့ဖူးတယ်၊ ဖယောင်းပုံနှိပ် သော့တူဆိုတာက သော့အိမ်ကိုဖြစ်ဖြစ် သော့ခလောက်ကိုဖြစ်ဖြစ် ပုံနှိပ်လို့ရတာမှ မဟုတ်တာ၊ သော့တံကိုသာ ပုံနှိပ်လို့ရတာ၊ အေးရိပ်ငြိမ်ရဲ့ခြံစောင့်ဟာ ခြံစောင့်သက်သက်ပဲ၊ အေးရိပ်ငြိမ်ထဲကို ဝင်နိုင်တဲ့သော့ ခြံစောင့်မှာ မရှိဘူး၊ ဦးရှိန်လှမောင်ကဖြစ်ဖြစ်၊ ဒေါ်ကေသီကဖြစ်ဖြစ် အေးရိပ်ငြိမ်အတွင်းကို ဖွင့်နိုင်တဲ့သော့တံချောင်းတွေ ခြံစောင့်ကို တစ်ချောင်းမှ ပေးမထားဘူး၊ ခြံစောင့်ကို ကျုပ် သေသေချာချာ စိမ်ပြေနပြေ ခေါ်စစ်ပြီးပြီ နောက်ပြီး အေးရိပ်ငြိမ်ရဲ့တံခါးသော့တွေက သော့ခလောက်ခေတ် မဟုတ်ဘူး၊ အင်္ဂလန်လုပ် သော့တံနဲ့ ထိုးဖွင့်မှ ပွင့်လို့ရတဲ့ အကောင်းစား သော့အိမ်ကြီးတွေ တပ်ထားတာ"

"ညွန့်ဦးက ထောင်လေးနှစ် ကျခဲ့တာပဲ၊ ထောင်ထဲမှာ သော့ဝိဇ္ဇာတစ်ယောက်ယောက်နဲ့ တွေ့ပြီး သော့ဖွင့်နည်း အတတ်ပညာတွေ တတ်လာတယ် ဆိုရင်ကော၊ ရုပ်ရှင်ထဲမှာ သော့ဝိဇ္ဇာတွေဟာ သံချောင်းလေး၊ နားဖာကလော်ချောင်းကလစ်လေးနဲ့တောင် တံခါးသော့အိမ်တွေဖြစ်ဖြစ်၊ သော့ခလောက်ကိုဖြစ်ဖြစ် ဖွင့်နေကြတာပဲ"



"အလကား ယုတ္တိမဲ့ပြကွက်တွေပါ။ ရုပ်ရှင်က ကိုယ်လိုရာဆွဲပြတာတွေပါ၊ တကယ့်လက်တွေ့မှာ အဲဒီလိုလွယ်လွယ်နဲ့ မဖြစ်နိုင်ကြောင်း ကျုပ် သိပ်ကို လေ့လာထားပြီးသားပါ ကိုဇေယျာအောင်၊ နောက်တစ်ချက် ရှိသေးတာက ညွန့်ဦးဟာ အသတ်ခံရမယ့်နေ့ကျမှ မိုးထဲလေထဲမှာ အေးရိပ်ငြိမ်ကို ရောက်လာတာ မဟုတ်ဘူး၊ ညွန့်ဦး ဝတ်စားထားတဲ့အဝတ်တွေဟာ ခြောက်သွေ့နေတယ်၊ အေးရိပ်ငြိမ်အပေါ်ထပ်မှာ စည်သွတ်အမဲသားဘူးခွံတွေ၊ စားလက်စပေါင်မုန့်ခြောက်တွေကို တွေ့ရတယ်၊ ညွန့်ဦး အေးရိပ်ငြိမ်ထဲမှာကို ဒေါ်ကေသီ မရောက်မီ နှစ်ရက်သုံးရက်စောပြီး ရောက်နေနှင့်တာလို့ ကျုပ်ယူဆတယ်၊ ညွန့်ဦးဟာ အေးရိပ်ငြိမ်ရဲ့ သော့ချောင်းတွေကို ဖန်တီးယူတာ မဟုတ်နိုင်ဘူး၊ ဒီအေးရိပ်ငြိမ်ကို ဖွင့်နိုင်တဲ့ သော့ချောင်းတွေ တစ်ဦးဦး သေသေချာချာ ညွန့်ဦးလက်ထဲကို ထည့်ပေးပြီး အေးရိပ်ငြိမ်မှာ သွားနေခိုင်းတာ"

"ဒါဆိုလည်း ပြောင်ပြောင်တလင်း ညွန့်ဦးက တက်နေရုံပေါ့၊ ဘာလို့ ခိုးကြောင်ခိုးဝှက် နေနေမှာလဲ၊ သူကဝရမ်းပြေးမှ မဟုတ်တာ၊ သူ့အပြစ် သူခံခဲ့ပြီး ထောင်ကတရားဝင်လွတ်ရက်စေ့လို့ လွတ်ပေးတဲ့လူပဲဟာ"

"မှန်တယ် ကိုဇေယျာအောင်၊ ဘာဖြစ်လို့ ညွန့်ဦးဟာ အေးရိပ်ငြိမ်ကိုလာပြီး ခိုးကြောင်ခိုးဝှက် နေနေရသလဲ၊ နောက်တစ်ချက်က ညွန့်ဦး တရားဝင် ထောင်ကလွတ်လာပြီး သူ့အလုပ်ရှင်ဟောင်းကတောင် ပြန်လက်ခံဖို့ အလား

www.burmeseclassic.com



အလာရှိနေပါလျက်နဲ့ ညွန့်ဦးက ဘာကိစ္စ အေးရိပ်ငြိမ်က မှလာခဲ့ချင်တာလဲ၊ အဲဒီအချက်တွေနဲ့ ပတ်သက်တဲ့ မိုးတစ် ကျူပ်က အထက်ကို မတင်ပြနိုင်ဘူး၊ ဒါကြောင့် ဒီအမှု အပိတ်ခံလိုက်ရတာပေါ့၊ အဲ ... ကျူပ်ရင်ထဲမှာ ယူဆထား တဲ့ မိုးတစ်ဗ်တော့ ရှိတယ်ပေါ့ဗျာ၊ ဒါပေမဲ့ အဲဒီမိုးတစ်ဗ် အထောက်အကူပြုတဲ့ သက်သေအထောက်အထား ဘာတ ချက်မှ မရှိတော့ အမှုပိတ်တာကို အောင့်သက်သက် ကြည့်နေလိုက်ရတာပါပဲ”

“ဦးသြ ရင်ထဲမှာ ယူဆထားတဲ့ မိုးတစ်ဗ် ကျွန်တော် ပြောပြခွင့် ရှိမလား”

“သိပ်ရှိတာပေါ့၊ အဲဒါတွေ ပြောချင်လွန်းလို့ ဦးရှိန် မောင်ကို ဆော်နေတဲ့ ကိုဗေယျာအောင်ဆီ တမင်လာ တာ”

“ပြောပါ ဦးသြ၊ ကျွန်တော် အလေးအနက် ထားပါတယ်”

“ညွန့်ဦး ထောင်ကလွတ်လာပြီး မကြာခင်မှာပဲ ရှိန် မောင်က သူ့အပန်းဖြေရိပ်သာ အေးရိပ်ငြိမ်မှာ ညွန့်ဦး တွေ့ဆုံဖို့ ခေါ်ယူမယ်၊ ခေါ်ယူတာကတော့ ဖြားယော တစ်ခုခုနဲ့ မျှားပြီးခေါ်တာမို့ ညွန့်ဦး အေးရိပ်ငြိမ်ကို နေတာပဲ ဖြစ်မယ်၊ ဒါပေမဲ့ ဦးရှိန်လှမောင်က သူ့ပိုင် အေးရိပ်ငြိမ်ကို ညွန့်ဦး ရောက်လာတာနဲ့ သတ်ပစ် အစဉ်ရှိနေရမယ်၊ ဒါကြောင့် သူ့ဇနီး ဒေါ်ကေသီကို ပြီး သတ်ခိုင်းလိုက်တာလို့ ယူဆနိုင်တယ် မဟုတ် ကိုဗေယျာအောင်”



“ကျွန်တော် မေးစရာ ရှိလာတယ် ဦးသြ၊ ညွန့်ဦး အေး ရိပ်ငြိမ်ကို ရောက်လာအောင် ဦးရှိန်လှမောင်က ဘာကြောင့် သွေးဆောင်သလဲ၊ ညွန့်ဦး ယုံကြည်လောက်တဲ့ သွေးဆောင် ချက် ဘာတွေရှိမလဲ”

“ငွေလေးသိန်းလေ၊ ညွန့်ဦး ဘဏ်ကထုတ်လာတဲ့ ငွေလေး သိန်း အလုပ်ခံရတဲ့ကိစ္စကို ဒီမှာ ဆက်စပ်ကြည့်နိုင်လာ တယ် ကိုဗေယျာအောင်၊ ညွန့်ဦးနဲ့ ရှိန်လှမောင်တို့ တင် ကြိုပြီး ချိတ်ဆက်လုပ်ထားမယ်၊ ညွန့်ဦး ငွေလေးသိန်း ထုတ်လာတော့ ရှိန်လှမောင်က ဖြတ်လုမယ်၊ အစ်ကတည်း ကူ ညွန့်ဦးက ထောင်ကျခံမယ် ...

“အဲဒီအတွက် ထောင်က ညွန့်ဦး ထွက်လာရင် ဘယ်လောက် ငွေတွေ ဦးရှိန်လှမောင်က ထုတ်ပေးရမယ် ဆိုတဲ့ ကတိပြုချက်တွေ ထားကြမယ်၊ ညွန့်ဦးက တကယ် တမ်း ထောင်ကထွက်လာတော့ ရှိန်လှမောင်က ညွန့်ဦးကို ကတိအတိုင်း ငွေတွေပြန်မပေးချင်ဘူး၊ ဒီတော့ ဘာလုပ် မလဲ၊ ညွန့်ဦးကို အယုံသွင်းပြီး သတ်ပစ်မယ်ပဲပေါ့”

“ဖြစ်နိုင်စရာ ရှိပါတယ် ဦးသြ၊ ဒါပေမဲ့ ဦးရှိန်လှမောင် နဲ့ ညွန့်ဦး ပူးပေါင်းကြံစည်ပြီး ငွေလေးသိန်း ရှိန်လှမောင် ရသွားတယ်ဆိုတဲ့ အထောက်အထားကကော”

“အဲဒီ အထောက်အထားကကော ဆိုတဲ့ မေးခွန်းကပဲ ခက်နေတာပေါ့ ကိုဗေယျာအောင်၊ မိုးတစ်ဗ်ကို ရှာရတာနဲ့ အထောက်အထား သက်သေသဲလွန်စ ရှာရတာဆိုတာမျိုး က အချိန်သိပ်ယူရတာ၊ ကျူပ်မှာ ဒေါ်ကေသီနဲ့ ညွန့်ဦး

www.burmeseclassic.com

အမှုကို လတ်တလော အချက်အလက်တွေမှာ မူတည်ပြီး အမှုပိတ်လိုက်ရတယ် ...

"ဒါပေမဲ့ ကျုပ်ရင်ထဲမှာ မကျေနပ်ဘူး၊ ဒါကြောင့် သူ့ဟာသူ အမှုပိတ်ပါလိမ့်စေ၊ ကျုပ်ဘာသာ ဒီအမှုနဲ့ပတ်သက်နိုင်မယ့် ကိစ္စတွေ ဆက်ရှာတယ်၊ အဲဒီလိုပိတ်ပြီးသား အမှုနောက်ကို အချိန်တွေ အကုန်ခံလိုက်တာမျိုးကိုမကြိုက်ကြဘူး၊ ဒါပေမဲ့ ဘယ့်နှယ်လုပ်မလဲ၊ ကျုပ်ကိုယ်တိုင်ရွေးပီဇနဲ့ ဝါသနာကိုက လျှို့ဝှက်မှုတွေကို စူးစမ်းရှာဖွေချင်လို့ ရဲအဖွဲ့ဝင်ခဲ့တဲ့လူပဲဟာ၊ ဒီတော့ အမှုပိတ်ထားပေမယ့် ရှိန်လှမောင်ကို ကျုပ် ဆက်စုံစမ်းတယ်"

ရဲအရာရှိ ဦးညြ၏ ပြောပြချက်တွင် မှားသလားမှန်သလား ဆိုသည်ကို ဇေယျာအောင် မဝေခွဲနိုင်။ မဆုံးဖြတ်နိုင်။ ဇေယျာအောင် ကိုယ်တိုင် အစိုးရအရာထမ်းဝန်ထမ်း မဟုတ်သောကြောင့် အမှုထမ်း အရာထမ်းတို့ လိုက်နာကျင့်သုံးအပ်သည့် အချက်အလက်များကို ဇေယျာအောင် မခေါက်မိ။ အရပ်သားလူပြိန်းအနေနှင့်မူ ရဲအရာရှိ ဦးညြအား စိတ်နေသဘောထား အယူအဆနှင့် လုပ်ဆောင်ချက်ကို ဇေယျာအောင် သဘောကျမိသည်။

"ရှိန်လှမောင်ဟာ ကျုပ် သေချာနောက်ကြောင်း စုံစမ်းသည့် သံသယဖြစ်စရာတွေ တွေ့လာလေ ဖြစ်လာတယ်၊ ရှိန်လှမောင်ဟာ ပထမဆုံး မူမူဆိုတဲ့ အမျိုးသမီးက စိန်ဘဆိုတဲ့ ရာဇဝင်လူဆိုးကြီးတစ်ယောက်ရဲ့သမီး၊ ဒါကြောင့် ကျုပ်အဖို့ ရာဇဝင်လူဆိုး စိန်ဘရဲ့နောက်ကြောင်းကို အခြေ



ပြီး လိုက်ရတာ လွယ်သွားတယ်၊ အမျိုးသမီးက မခွံပါဘူး၊ ရှိန်လှမောင်ကို အမိဖမ်းတာ။ သူ့အဖေ လူဆိုးစိန်ဘက သူ့သမီးကိုမယူရင် သတ်ပစ်မယ် ဘာမယ်နဲ့ဆိုလို့ မူမူ့ကို ယူလိုက်ရတာတဲ့ ...

"အဲ ... စိန်ဘရဲ့သမက် ဖြစ်သွားတော့လည်း ရှိန်လှမောင်ဟာ သူ့ယောက္ခမဆီက လူဆိုးတွေ တတ်အပ်တဲ့ ပညာတွေ ရမယ်ပေါ့ ကိုဇေယျာအောင်၊ ဒါပေမဲ့ ရှိန်လှမောင်က ဉာဏ်လည်းရှိတယ်၊ တက်တုန်းအရွယ်လည်း ဖြစ်ပြန်ဆိုတော့ စိန်ဘထက် လုပ်ရည်ကိုင်ရည် သာတယ်၊ စိန်ဘ ကိုးဆယ့်ခြောက်ပါးရောဂါနဲ့ သေပြီးတဲ့အချိန်မှာ ရှိန်လှမောင်နဲ့ မူမူဟာ ကမာရွတ်လမ်းမကြီးက သုံးထပ်တိုက် အပေါ်ဆုံးထပ်မှာ နေကြတယ်၊ သူ့အဖေ သေသွားပြီး မကြာခင်မှာပဲ မူမူဟာ စိတ်ဖောက်ပြန်တဲ့ ရောဂါနဲ့ သုံးထပ်တိုက်ပေါ်က ခုန်ချပြီး ပွဲချင်းပြီး သေသွားတယ်တဲ့"

"မူမူ့မှာ စိတ်ဖောက်ပြန်တဲ့ရောဂါရှိတယ် ... ဟုတ်လား"

"ဟုတ်တယ်၊ သူတို့အိမ်နီးနားချင်း အားလုံးက မူမူဟာ စိတ်ဖောက်ပြန်နေတာ အမှန်ပဲလို့ ထွက်ဆိုကြတယ်၊ ဒါကြောင့် နောက်ကြောင်းရဲ့မှတ်တမ်းကို ကျုပ်ရှာကြည့်တော့ မူမူ သေတာကို မတော်တဆ လူသေမှုလို့ အမှုပိတ်လိုက်တာ ပြန်တွေ့တယ်"

ဇေယျာအောင်သည် ဒေါ်ကေသီ ယခုလက်ရှိ မြစ်နှင့် နှိုင်းစာပြီး ခေါင်းတညိတ်ညိတ် လုပ်လိုက်မိသည်။

www.burmeseclassic.com



ရဲ့အရာရှိ ဦးသြကိုတော့ ဒေါ်ကေသီ အကြောင်း မပြောသေး၊ သူ့အရှိန်နှင့်သူ ဆက်ပြောသည်ကိုသာ နားစွင့်ထားမိသည်။

"ရှိန်လှမောင်ဟာ မူမူ သေပြီးတဲ့နောက် တော်တော်ကြာတဲ့အထိ အိမ်ထောင်မပြုဘဲ နေသေးတယ်၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကမှ သူ့ထက် အသက်ဆယ်နှစ်လောက် ပိုပြီးကြီးတဲ့ မုဆိုးမအမျိုးသမီးကြီး တစ်ယောက်နဲ့လက်ထပ်ပြန်တော့တယ်"

"သူ့ထက် ဆယ်နှစ်ပိုကြီးတဲ့ မုဆိုးမ ဟုတ်လား၊ ဒီလူ တစ်ခုခု ထွင်တာပဲ ဖြစ်ရမယ်"

"သေချာတာပေါ့ ကိုဖေယျာအောင်၊ အမှန်တော့ မုဆိုးမကြီး ငွေချမ်းသာတာ အမှန်ပဲ၊ ဒါပေမဲ့ အရင်လင်နဲ့ရတဲ့ သမီးသုံးယောက်ကို အမွေခွဲပေးပြီးမှ ရှိန်လှမောင်ကိုလက်ထပ်တာဆိုတော့ သိပ်မကျန်တော့ဘူး၊ အခု ရှိန်လှမောင်နေတဲ့ ကမ္ဘာအေးလမ်းက ခြံနဲ့တစ်ထပ်တိုက်တော့ မုဆိုးမကြီးဆီက ရှိန်လှမောင် ဆက်ခံလိုက်ရပါတယ်"

"ဆက်ခံလိုက်ရပါတယ် ဆိုတဲ့စကားက မုဆိုးမကြီး သေသွားပြီလို့ ဆိုလိုတာလား ဦးသြ"

"တစ်နှစ်ခွဲပဲ ပေါင်းလိုက်ရတယ်၊ မုဆိုးမကြီးဟာ ဝင်ရှော်မှာ ပြင်ထားတဲ့ကားကို ထုတ်မောင်းတဲ့ နေ့မှာပဲ ဘရိတ်ပေါက်ပြီး လမ်းဘေးသစ်ပင် ဝင်တိုက်လို့ အဘွားကြီးဗြဲသွားတယ်လို့ မှတ်တမ်းဟောင်းမှာ ကျုပ် ရှာတွေ့ခဲ့တယ်"



ဦးသြက ရှည်လျားစွာ ပြောကြားလာရသည့် အတွက် ခေတ္တနားလိုက်ပြီး သူ၏အိတ်ထဲမှ ဆေးပြင်းလိပ် တစ်လိပ်ထုတ်ယူကာ မီးညှိရှူဖွာနေလိုက်သေးသည်။

"မုဆိုးမကြီး သေသွားပြီးတဲ့နောက်လည်း ရှိန်လှမောင်ဟာ အခုလောက် မကြီးပွားသေးဘူး၊ ဒါပေမဲ့ လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး ရှိန်လှမောင် တစ်ရှိန်ထိုး ထောင်တက်လာတယ်၊ ဆက်စပ်ကြည့်ရင် ညွန့်ဦး ငွေလေးသိန်းကိစ္စ ဖြစ်ပြီးတဲ့အချိန်နဲ့ ရှိန်လှမောင် ထောင်တက်လာခဲ့တဲ့အချိန်ဟာ သွားပြီးကိုက်ညီနေတယ်၊ မုဆိုးမကြီးဆီကရတဲ့ တစ်ထပ်တိုက်ကိုင်ပြီး နှစ်ထပ်တိုက် ပြန်ဆောက်တာ ညွန့်ဦး ထောင်ကျပြီး ခြောက်လအကြာမှာ အခုလက်ရှိနေတဲ့ နှစ်ထပ်တိုက် ပြန်ဆောက်တာ"

"ဦးသြ ဆိုလိုတာက ညွန့်ဦးဆီက ငွေလေးသိန်း ရပြီးတဲ့နောက် ရှိန်လှမောင်ဟာ အရင်းအနှီးများများနဲ့လုပ်ရင်း သုံးလေးနှစ်အတွင်း အရှိန်းစီးပွားတက်တာလို့ ဆိုလိုတာလား"

"ဟုတ်တယ်၊ ဒါပေမဲ့ သူ့ဟာသူ စီးပွားတက်တာ ကျုပ်မဆိုလိုဘူး၊ ညွန့်ဦးဆီက ငွေလေးသိန်း ရလိုက်တာ မီးတစ်ဝင်တစ်ခု ဖြစ်နေတယ်လို့ ဆိုချင်တာ၊ အဲဒီနောက် ညွန့်ဦး ထောင်ကလွတ်လာတယ်၊ ညွန့်ဦး ငွေလေးသိန်းကိစ္စကို ဦးရှိန်လှမောင်ကရှင်းရမယ်၊ ဆက်စပ်တွေးကြည့် ကိုဖေယျာအောင်၊ ရှိန်လှမောင်ဟာ ညွန့်ဦးနဲ့ရှင်းနိုင်တဲ့ နည်းလမ်းနှစ်ခု ရှိနေတယ်၊ ပထမနည်းက ညွန့်ဦးအပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာ သစ္စာရှိစွာနဲ့ ရသင့်ရထိုက်တဲ့ ငွေတွေပေးမယ်၊ ဒုတိယ နည်းက သစ္စာမဲ့စွာ ညွန့်ဦးကို တစ်ပြားမှ ပြန်မပေးတော့ ဘဲ အခုလိုနည်းနဲ့ အသတ်ခံလိုက်ရစေရမယ်၊ ကျုပ်အယူ အဆပေါ့လေ၊ ညွန့်ဦးကို ငွေတွေပြန်ပေးမယ်ဆိုပြီး ပဲခူး ဟင်္သာကုန်းက အေးရိပ်ငြိမ်ကိုလာဖို့ ချိန်းမယ်၊ အေးရိပ် ငြိမ်ကိုဖွင့်ဖို့ သော့တွေ ညွန့်ဦးကို ပေးမယ်၊ ဒီနောက် ဒေါ်ကေသီက ညွန့်ဦးကို သတ်ပစ်လိုက်ပုံပဲ၊ ဘယ့်နှယ် သဘောရလဲ ကိုဇေယျာအောင်၊ ကျုပ် တွေးယူတဲ့ မိုးတစ်ဖ် လေ”

ဇေယျာအောင်က ဟားခနဲ လေပူပြင်းတစ်လုံး မှုတ်ထုတ်လိုက်သေးသည်။

“ဦးသြရဲ့မိုးတစ်ဖ်ကို ကျွန်တော် လက်ခံပါတယ်၊ ငွေတွေ ပြန်မပေးချင်လို့ ဦးရှိန်လှမောင်က ညွန့်ဦးကို ကိစ္စတုံးလုံး ပစ်မယ်ဆိုတာကို လက်ခံတယ်လေ၊ ဒါပေမဲ့ ...”

“ဒါပေမဲ့ ဘာဖြစ်လဲ ကိုဇေယျာအောင်”

“ဒေါ်ကေသီဟာ ဦးရှိန်လှမောင်ရဲ့ တရားဝင်လက်ထပ် ဇနီးပါ၊ ဦးရှိန်လှမောင်က ဒေါ်ကေသီကို ဒီလို ညွန့်ဦးကို ပစ်သတ်ပါလို့ ခိုင်းတယ်ထားဦး၊ ဒေါ်ကေသီမှာ အဲဒီ လောက်အထိ စွန့်စားရဲတဲ့သတ္တိ ရှိနိုင်ပါ့မလား၊ ရဲအဖွဲ့ အနေနဲ့ ဒီကိစ္စကို လွယ်လွယ်အမှုမပိတ်ဘဲ လူသတ်မှုအနေ နဲ့ အမှုဖွင့်နိုင်နေတာကို ဒေါ်ကေသီက မစဉ်းစားဘဲနေ လား၊ ဒီထက်ရှင်းရှင်း ပြောရရင် ဒေါ်ကေသီဟာ ဦးရှိန် လှမောင်ရဲ့လက်ပါးစေတပည့် မဟုတ်ဘူး၊ တရားဝင်ဇနီး



ဒေါ်ကေသီက ဒီကိစ္စကို မလုပ်နိုင်ဘူးလို့ အပြတ်ငြင်းနိုင် တယ်၊ ကျွန်တော့်အယူအဆပေါ့ ဦးသြ၊ ဦးရှိန်လှမောင် ဟာ ညွန့်ဦးကို သတ်ဖို့ဆိုရင် ဒေါ်ကေသီကို ခိုင်းမယ်မ ထင်ဘူး၊ တခြားနည်းတွေနဲ့ တခြားလွတ်လွတ်ကင်းကင်း တစ်နေရာရာမှာ ညွန့်ဦးကို မတော်တဆနည်းပေါင်းများ စွာနဲ့ သေစေဖို့ ဦးရှိန်မောင်လှ တတ်နိုင်တယ်၊ သူ့မှာ အဲဒီလို လုပ်ပေးနိုင်တဲ့ လက်သပ်မွေး တပည့်တွေလည်း ရှိနေတာပဲ”

ဦးသြက သက်ပြင်းမှုတ်ထုတ်လိုက်သည်။

“ဒါဆိုရင် ကျုပ်အယူအဆ မိုးတစ်ဖ်ဟာ လွဲမှားနေတာပေါ့ ဟုတ်လား”

ဇေယျာအောင်က ပခုံးတွန့်ပြသည်။

“မှားတယ်တော့ မဆိုနိုင်ဘူး ဦးသြ၊ ဒါပေမဲ့ တစ်နေရာရာ မှာ ကွင်းဆက်တစ်ခုခု ဆက်မိဖို့ လိုနေတယ်လို့ ထင်စရာ ရှိလိမ့်မယ် ထင်တာပဲ”

ဦးသြက ခေါင်းညိတ်ပြသည်။

“ဟုတ်ပါလိမ့်မယ်၊ ကျုပ်ကိုယ်တိုင်လည်း မိုးတစ်ဖ်ပေါ် လာအောင်သာ ဆက်စပ်ကြည့်တာကိုး၊ ကျုပ်အယူအဆ ဟာ တစ်ခုခု လိုနေသေးသလားလို့ပဲ ထင်နေမိတာပါ၊ ဒါကြောင့်လည်း ကိုဇေယျာအောင်နဲ့ တွေ့လိုက်ရင် လိုနေ တဲ့ ကွင်းဆက်လေးများ ပေါ်လာမလားလို့”

“ကျွန်တော်က ဦးသြလောက် ရာဇဝတ်မှုမှာ အတွေ့အကြုံ လည်းမရှိဘူး၊ ရာဇဝတ်မှုနဲ့ ပတ်သက်တဲ့ ဥပဒေတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကျွမ်းကျင်တာမှ မဟုတ်တာ၊ အခု ဦးသြ လာပြောပြတာတွေက ကျွန်တော့်အတွက် အင်မတန် အဖိုးတန်နေတာပဲ၊ ဒီတော့ ဒီလိုလုပ်ကြစို့လေ၊ ဦးရှိန်လှမောင်အပေါ်မှာတော့ ဦးသြရော၊ ကျွန်တော်ရော မျက်စိနောက်နေပြီ၊ ဆက်ပြီး သူ့ကို လေ့လာမယ်၊ သူ့ခြေလှမ်းတွေ ဂရုစိုက်စောင့်ကြည့်ကြစို့လေ၊ ဒါဆိုရင် ကျွန်တော်တို့မှာ တစ်ခုခုလိုနေတဲ့ ကွင်းဆက်ဟာ တစ်နေ့မဟုတ် တစ်နေ့မှာ လာဆက်မိနိုင်တဲ့ အခွင့်အရေး ရချင်ရလာနိုင်မယ် မဟုတ်လား"

ဦးသြက သဘောတူသည်။

စားပွဲပေါ်မှ ဦးထုပ်ကို ကောက်ယူပြီး ပြန်ဆောင်းသည်။ ပြီး ... လက်တစ်ဖက် ကမ်းပေးသဖြင့် ဖေယျာအောင်က လိုက်လှိုက်လှဲလှဲပင် ဦးသြ၏လက်ကို ဆွဲကိုင်လှုပ်ယမ်းလိုက်ပါလေတော့သည်။

✣ ✧ ✣



# ( ၁၅ )

ဦးရှိန်လှမောင် မျက်ထောင့်နီလေပြီ။

ကြားရသော သတင်းတွေသည် သူ့အတွက် သတင်းဆိုးတွေဟု ယူဆစရာချည်း ဖြစ်သည်။

စောစောလေးကပင် ခင်ထားရီသည် ပွဲရုံသို့ လာသွားသည်။ သနပ်ဖက်ပိုထဲတွင် မှောင်ခိုပစ္စည်းတွေ မိသွားခဲ့သည့်အကြောင်း ပစ္စည်းတွေ ဆုံးရှုံးပြီဆိုသည်ကိုတော့ ရှိန်လှမောင်က [illegible]တုံးတုံးချထားပြီးဖြစ်၏။

သက်ဆိုင်ရာမှ ဒရိုင်ဘာစံမြင့်ကို ဖမ်းချုပ်ထားသည်။ [illegible]ရှင် ဦးမြိုင် အမည်ခံ ဂျီအမ်စီ လော်ရီကားကြီးကိုလည်း သက်ဆိုင်ရာမှ ယာယီသိမ်းထားပြီး စခန်းဝင်းထဲမှာပင် ထားရှိသည်။

ဥပဒေသဘောအရ ပိုင်ရှင်မဲ့ဖြစ်သော ရွှေချောင်းတွေ [illegible]ဆောင်လာသည့် ဂျီအမ်စီကားကို အပြီးအပိုင် သိမ်းမည်ဆိုလည်း သိမ်းနိုင်သည်။ ပြန်လည်လွှတ်ပေးလျှင်လည်း ရနိုင်သည်။

ထိုကိစ္စတွင် အဆက်အသွယ်ကောင်းသော ခင်ထားရီ[illegible] ဦးရှိန်လှမောင်က ဦးမြိုင်၏ ဂျီအမ်စီကားကြီးကို ပြန်လွှတ်[illegible]အတွက် ဆောင်ရွက်ပေးရန် တောင်းပန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ထားရီ၏ စွမ်းဆောင်ချက်ကြောင့် ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် ဥပဒေသဘောကိုက သက်ညှာလျှင် သက်ညှာ၍ရသော ကိစ္စမို့လည်း ဖြစ်ကောင်းဖြစ်မည်။

ဂျီအမ်စီကားကြီးကို ဦးမြိုင်လက်သို့ ပြန်ပေးအပ်ရုံမက ဒရိုင်ဘာစံမြင့်ကိုပါ အချုပ်ရက် ရမန်ကုန်ဆုံးသည်နှင့် သက်ဆိုင်ရာမှ သတိပေး ပညာပေးပြီး ပြန်လွှတ်လိုက်သည်။

သို့သော် စောစောက ရောက်လာသော ခင်ထားရီက ဦးခေါင်းလေးခါ နှုတ်ခမ်းလေးမဲ့ပြီး ပြောပြသော စကားတွေသည် ဦးရှိန်လှမောင်အတွက် နောက်ပိုင်းမအေးစေသော စကားတွေဖြစ်နေသည်။

"နည်းနည်းတော့ ထူးခြားနေသလား ကိုရှိန်၊ ထား ကြိုးစားပေးလို့ ဂျီအမ်စီကားကြီးရော၊ ဒရိုင်ဘာစံမြင့်ရော သက်ဆိုင်ရာက လွှတ်ပေးထားပါတယ်၊ ဒါပေမဲ့ အံ့နာ ဦးမြိုင်ကို သက်ဆိုင်ရာက ပြန်ခေါ်ပြီး စစ်ဆေးနေသတဲ့။ ထား အံ့သြတာက ဒရိုင်ဘာရော၊ ဂျီအမ်စီကားရော လွှတ်ပေးပြီးမှ အံ့နာ ဦးမြိုင်ကို နောက်ဆက်တွဲ ဘာလို့ ခေါ်စစ်နေသလဲ ဆိုတာပဲ"

ခင်ထားရီက ရိုးရိုးလေး သူမ၏ရင်ထဲတွင် မရှင်းသည်ကို ပြောသွားခြင်း ဖြစ်သည်။ အမှန်တော့ ခင်ထားရီအနေနှင့် ဦးရှိန်လှမောင်၏ နောက်ကွယ်မှ ဒုစရိုက်လုပ်ငန်းတွေကို မသိရိုးအမှန်ဖြစ်သည်။ ဦးရှိန်လှမောင်သည် ရိုးသားစွာ စိန်ရွှေရတနာဆိုင် ဖွင့်ထားခြင်း၊ ပွဲရုံလုပ်ငန်းများ လုပ်ဆောင်ခြင်းများကြောင့် ကြွယ်ဝနေသူဟုပင် ခင်ထားရီ ယုံကြည်နေသည်။



သို့တစေ ခင်ထားရီ ပြောသွားသော စကားအတွက် ဦးရှိန်လှမောင် ဦးခေါင်းခဲရလေပြီ။

ဒရိုင်ဘာ စံမြင့်လိုကောင်သည် ကားမောင်းရုံသက်သက် ရိုးရိုးသားသားမှန်း သက်ဆိုင်ရာက သတိပြုနိုင်၏။ ထို့ကြောင့် လွှတ်ပေးသည်။

ဦးမြိုင်ကို သက်ဆိုင်ရာက ဆက်လက်စစ်ဆေးခြင်းသည် ပင်စည်၏အမြစ်ကို သက်ဆိုင်ရာက တူးလေပြီဟု ရှိန်လှမောင် သဘောပေါက်ရတော့သည်။ အကယ်၍သာ ...

ဦးမြိုင်က သက်ဆိုင်ရာတို့၏ လှည့်ပတ်မေးမြန်းခြင်းကို ခံနိုင်ရည်မရှိဘဲ ဤဂျီအမ်စီလော်ရီကားကြီးသည် ဦးမြိုင်က အမည်ခံပိုင်ဆိုင်သူသာဖြစ်ပြီး တကယ်တမ်း ပိုင်ရှင်မှာ ရှိန်လှမောင်ပါဟု ဖော်လိုက်လျှင် မလွယ်ကြော။ မောသွားမည်။ သက်ဆိုင်ရာမှ သံသယတွေ တစ်ပုံကြီးဖြင့် ရှိန်လှမောင်နောက်သို့ လိုက်တော့မည်။ သက်ဆိုင်ရာမှ အစတစ်စဆွဲမိလျှင် တောက်လျှောက် လိုက်လာမည်ကို ရှိန်လှမောင် စိုးရိမ်သည်။

ပြီး အစတစ်စ ကိုင်မိသည်နှင့် မိမိရှေ့ဆက်လုပ်ညှိလုပ်ငန်းဟူသရွေ့ သက်ဆိုင်ရာမှ မျက်ခြည်ပြတ်မခံ နောက်ယောင်ခံ လိုက်တော့မည်။ ဒါဆိုလျှင် ရှေ့လုပ်ငန်းတွေ ရှိန်လှမောင် ဘယ်လိုဆက်လက် လုပ်ဆောင်တော့မည်နည်း။ ရှေ့ဆက်လုပ်ရန် လုပ်ငန်းတွေ ပျိုးထားသည်မှာ အများကြီး ရှိနေသည်။

ပစ္စည်းတွေ အမိခံလိုက်ရခြင်းအတွက် ရှိန်လှမောင် ဒေါသ ဖြူသွားသည်။ သို့သော် မှောင်ခိုဒုစရိုက်သားကောင်း၏ အရည်အချင်းဖြစ်သော ဆင်ခြင်ချက်နှင့် ဇွဲမျိုး ရှိန်လှမောင်တွင် အပြည့်ရှိသည်။ ဤ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ မိသွားသောကြောင့် ဆုံးရှုံးရခြင်းကို နောက်ထပ် အချိုကြီး တွေ ဆက်လုပ်ခြင်းဖြင့် မကြာမီအတွင်း ရင်းစားပြန်ရရုံမက မြိုးမြိုးမြက်မြက် ထပ်မံရမည်ဟူသော မျှော်လင့်ချက်မျိုး ထားရှိ သည်။ ထို့ကြောင့်လည်း သက်ဆိုင်ရာများ မိမိအပေါ်သို့ အာရုံ စူးစိုက်လာမည်ကို သေမလောက် ကြောက်သည်။ စိုးရိမ်သည်။

မျှော်လင့်ချက်တော့ ရှိပါ၏။ ဦးမြိုင်အား မည်သူက မည်သို့ပင်မေးမေး ဂျီအမ်စီလော်ရီကားကြီးကို ဦးမြိုင်၏ ကားဟု သာ ပြောရမည်ဟု သေသေချာချာ မှာထားသည်။ ဦးမြိုင်သည် မိမိ၏စကားကို ပယ်ရှားဝံ့သူ မဟုတ်။

သို့သော် ဦးမြိုင်သည် မည်မျှသော အတိုင်းအတာ အထိ စိတ်ချရပါမည်နည်းဟုလည်း ရှိန်လှမောင်က တစ်ဆင့် တည်း တွေးတောပူပန်မိပြန်သည်။

ရှိန်လှမောင်သည် ဦးမြိုင်၏ကိစ္စကို တွေးရင်းမှ တောက်တစ်ချက် ပြင်းစွာခေါက်ကာ ဖေယျာအောင်အား ပယ်ပယ် နယ်နယ် ဆဲလိုက်သည်။

ဒရိုင်ဘာစံမြင့်ကို ပြန်လွှတ်ပြီး ဦးမြိုင်အား ပြန် လည်ချုပ်ကိုင်ခြင်းသည် ဖေယျာအောင်၏လက်ချက်ပင် ဖြစ်ရ မည်ဟု ရှိန်လှမောင် တွက်သည်။ သက်ဆိုင်ရာတွေသည် ဖေယျာ အောင်အား ယုံကြည်ကြသည်။ မိမိအနေနှင့် ဥပဒေကို လ တစ်လုံးခြား လှည့်နေမှန်း ဖေယျာအောင် ရိပ်မိသည်။ ထို့ကြောင့် ဘာမှန်းလုံးဝမသိသော ဒရိုင်ဘာစံမြင့်ထက် ဦးမြိုင်ကိုစစ်ဆေး ပင်စည် ပင်မနှင့် ရေသောက်မြစ်ကို ဖော်နိုင်လိမ့်မည်ဟု ဖေယျာ အောင်ပင် သက်ဆိုင်ရာများသို့ အကြံပေးခြင်း ဖြစ်နိုင်ပေသည်



ခင်ထားရီ ပြန်သွားပြီးနောက် ဦးမြိုင်ကိစ္စကို ဘဝင် မကျဘဲ တွေးတောနေစဉ်မှာပင် ကြီးမြင့် ရောက်လာသည်။ ကြီးမြင့် က သူ၏တာဝန်အရ မလေးလေးနှင့် ဖေယျာအောင်တို့ စန္ဒာ ဝင်းနိုင်၏ပွဲတွင် တွေ့ဆုံကြပုံကို သူ နောက်ယောင်ခံလိုက်ရသမျှ ပြောပြသည်။

လေးလေးနှင့် ဖေယျာအောင်တို့ စန္ဒာဝင်းနိုင်၏ပွဲ တွင် တွေ့ဆုံကြပုံသည် ရှိန်လှမောင်အဖို့ သိပ်ထူးထူးဆန်းဆန်း သတင်း မဟုတ်သောကြောင့် ကြီးမြင့် ပြောသရွေ့ နားထောင်ရုံ သာ နားထောင်ပြီး စကားအဆုံးတွင် ကြီးမြင့်အား ခေါင်းညိတ် ပြလိုက်သည်။

“အဲ ... အာစရိကို နောက်ထပ်ပြောရဦးမယ်၊ မနေ့က ဖေယျာအောင်ရဲ့ ဘောက်ထော်အိမ်ကို ပဲခူးက ရဲအရာရှိ ဦးသြ လာသွားတယ်”

“ဘာကွ”

“အာစရိ မှတ်မိမှာပေါ့၊ ပဲခူး ဟံသာကုန်းက အေးရိပ်ငြိမ် မှာ ဒေါ်ကေသီက ညွန့်ဦးကို ပစ်သတ်တုန်းက အဲဒီအမှု ကိုကိုင်ခဲ့တဲ့ ပဲခူးစခန်းက ရဲအရာရှိ ဦးသြလေ”

“နေပါဦး ကြီးမြင့်၊ ဦးသြက ဘာကိစ္စ ဖေယျာအောင်ဆီ သွားတာလဲ”

ကြီးမြင့်က ခေါင်းယမ်းပြသည်။

“ဘာကိစ္စ သွားမှန်းတော့ မသိဘူး အာစရိ၊ ဦးသြဟာ ဒေါ်ကေသီက ညွန့်ဦးကို ပစ်သတ်တဲ့အမှုမှာ အမှုပိတ်ပေး လိုက်ရတာကို မကျေနပ်မှန်း အာစရိ သိသားပဲ”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာပြုလဲ ကြီးမြင့်"

"ဇေယျာအောင့်ဆီမှာ ဦးသြဟာ တစ်နာရီနဲ့ မိနစ်လေး ဆယ်ကြာအောင်နေတယ်၊ ကျွန်တော်က အာစရိအမိန့် အတိုင်း ဇေယျာအောင် နောက်က ရှဲဒိုးလိုက်ရင်း ဘောက် ထော် ပြည်သာယာလမ်းထဲက ဇေယျာအောင်ရဲ့အိမ်ကို ဦးသြ ဝင်သွားတာ တွေ့တာဟာ အဆန်းပါလားလို့ စိတ် ထဲမသင်္ကာတာနဲ့ ဆက်ပြီး ပဲခူးက ဦးသြ ရန်ကုန်ကို ဘာလို့လာသလဲဆိုတာ စုံစမ်းကြည့်တယ်၊ ဦးသြကို ပေါ့ ပေါ့တွက်လို့ မရတော့ဘူးထင်တယ် အာစရိ၊ အမှုပိတ်ပေး လိုက်ပေမယ့် ဦးသြဟာ အာစရိရဲ့နောက်ကြောင်းတွေကို ပြန်လိုက်စုံစမ်းနေတယ်လို့ ကျွန်တော် သိခဲ့ရတယ်"

"အဲဒါ တကယ်လား ကြီးမြင့်"

"သြော် ... အာစရိရယ်၊ ကျွန်တော် ဘယ်လောက်စုံစမ်း နိုင်တယ် ဆိုတာလည်း အာစရိ သိသားနဲ့၊ ဦးသြဟာ အာစရိရဲ့ပထမအိမ်ထောင် သုံးထပ်တိုက်ပေါ်က ခုန်ချသွား တဲ့ ရဲမှတ်တမ်းရော၊ ဒုတိယအိမ်ထောင် ကားဘရိတ်ပေါက် ပြီး တိုက်ခိုက်သေဆုံးသွားတဲ့ မှတ်တမ်းတွေရော မှုခင်း မှတ်တမ်းရုံးမှာ သေချာလေ့လာဖတ်ရှုသွားသတဲ့ အာစရိ"

ဦးရှိန်လှမောင်သည် ငုတ်တုတ်ကြီး သတိလစ်သွား သလား အောက်မေ့ရအောင် ဘာတစ်ခွန်းမျှမပြောဘဲ ကြီးမြင့်အား သာ ငေးကြည့်နေမိတော့သည်။

"ဦးသြဟာ အန္တရာယ်ကြီးပါလား ကြီးမြင့်"



"အဲဒါကို ကျွန်တော် ပြောတာပေါ့၊ အခု တတိယမြောက် ဒေါ်ကေသီကိုလည်း အာစရိက ကြံစည်နေပြီ မဟုတ်လား၊ အဲဒါ ပိပိရိရိရှိဖို့ ကျွန်တော်က သတိပေးချင်တာပါ၊ ပထမ အိမ်ထောင် မှုမှုတုန်းက စိတ်ဖောက်ပြန်တယ်လို့ သတင်း လွှင့်ထားသလို အခု ဒေါ်ကေသီကိုလည်း စိတ်ရောဂါရှိ နေတယ်လို့ သတင်းလွှင့်ထားတာတွေဟာ ဒေါ်ကေသီကို ဒီပုံစံအတိုင်းကိစ္စတုံးလိုက်ရင် ပထမ မှုမှုတုန်းကနဲ့ ဆင်တူ ဖြစ်နေလို့ ဒီတစ်ခါ ရဲတွေ စုံထောက်တွေက သံသယရှင်း ပါ့မလားဆိုတာ ဆရာ စဉ်းစားနိုင်ဖို့ပါ"

"ရပါတယ်ကွာ၊ ကေသီကျတော့လည်း နောက်တစ်မျိုးပေါ့၊ ကေသီဟာ စိတ်ရောဂါကြောင့် သူ့ကိုယ်သူ သတ်သေတာ မျိုး မဖြစ်စေရဘူးပေါ့၊ ကဲ ... ကျေးဇူးတင်တယ် ကြီးမြင့်၊ မင်း ပြန်တော့"

ကြီးမြင့်က နောက်ထပ်များ ဦးရှိန်လှမောင်က ငွေ ထုတ်ပေးဦးမလားဟု စောင့်သေးသည်။ ဘယ်လိုမှ နောက်ထပ် ပုံ မပေါ်သဖြင့် ကြီးမြင့်သည် ဖြည်းလေးစွာပင် ထိုင်ရာမှ ထ ထွက်လာခဲ့တော့သည်။

ကြီးမြင့် ထွက်သွားပြီးနောက် ရှိန်လှမောင်သည် လေးနက်နက် တွေးသည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခု ဘယ်လီဖုန်း ကောက်ကိုက်ကာ ဂဏန်းကွက်များ လှည့် သည်။

"ဂျော်နီလားဟော့ ..."

"........"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ရှိန်လှမောင်ပဲ ကျော်နီ၊ ငါ့မှာ ကိစ္စနှစ်ခုရှိတယ်"

"..........."

"အေး ... ဒါပေါ့ ကျော်နီ၊ မင်းဆီ ဖုန်းဆက်တဲ့နောက် မင်းအတွက် အလုပ်သစ်ပေါ်လာလို့ပေါ့၊ အလုပ်နှစ်ခုက သိပ်ကြီးကြီးမားမား မဟုတ်ပါဘူး၊ တစ်ကောင်က အဆော စားပါ၊ နောက်တစ်ကောင်ကတော့ မင်းတို့လို အပြောသန် တဲ့ကောင်ပဲ"

"..........."

"ဒီလိုလုပ် ကျော်နီ၊ အခုနာရီဝက်အတွင်း ကရဝိတ်ဟိုတယ် က မင်း စောင့်နေ၊ ငါ လာခဲ့မယ်၊ ဘီယာ အအေးဆိုင် ရင်း အသေးစိတ် ငါ ပြောပြမယ် ကျော်နီ"

ဦးရှိန်လှမောင်က ဖုန်းကို ပြန်ချလိုက်သည်။ ထို နောက် ကရဝိတ်ဟိုတယ်သို့သွားရန် စားပွဲမှ ကားသော့ ကောက်ယူလိုက်လေတော့သည်။

✤ ✧ ✤



( ၁၆ )

လေးလေး အိပ်ရာမှနိုးပြီး အိပ်ခန်းတံခါးဖွင့်လိုက် သည်နှင့် ဤအိမ်ကြီးတွင် အခြေအနေတစ်ခုခု ပြောင်းလဲနေပြီ ဟု အကဲခတ်လိုက်မိသည်။

အကြောင်းမှ မထွေးကြည်သည် အပြင်ဘက် လေးလေး၏အခန်းတံခါးပေါက်ဝအောက်တွင် ကုလားထိုင်တစ်လုံး ဖြင့် ထိုင်နေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါ၏။

ရုံးတစ်ရုံးတွင် အရာရှိက ရုံးခန်းအတွင်း၌ ရှိနေစဉ် [illegible]စေ လုလင်က တံခါးဝမှ ကုလားထိုင်တစ်လုံးဖြင့် ထိုင်စောင့် နေသော ပုံစံမျိုးအတိုင်း ဖြစ်နေပါ၏။

"ဟဲ့ ... မထွေးကြည်၊ ဒါက ဘာလုပ်နေတာလဲ"

"အဖောင်း ... ဘာရယ် မဟုတ်ပါဘူး၊ မလေးလေးကို စောင့်ကြည့်နေလို့ အစ်ကိုကြီးက ခိုင်းထားလို့"

"ဦးရှိန်လှမောင်က ခိုင်းထားတယ် ဟုတ်စ"

မထွေးကြည်က ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးလေး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

မထွေးကြည်သည် နောက်မှ လိုက်ပါလာ၏။

လေးလေး ရိပ်မိလိုက်ပေပြီ။ ဦးရှိန်လှမောင်သည် အကြောင်းတစ်ခုခုကြောင့် မိမိအား အလစ်မပေးတော့ပြီ။ မိမိအား မည်မျှအထိ ချုပ်ချယ်ထားသည်ကို သိလို၍ လေးလေးအခြံထဲထွက်လာခဲ့သည်။ ထွက်ပေါက်တံခါးဆီသို့ လျှောက်လာခြင်း ဖြစ်သည်။

ဂိတ်ပေါက်သစ်သားအိမ်လေးထဲမှ အစောင့်ထွက် လာ၏။

"ဆရာကြီးက မှာထားတယ် အစ်မ၊ အပြင်ဘက်ကို အစ်မ ထွက်ခွင့် လုံးဝမပေးရဘူးတဲ့"

လေးလေးက ပခုံးတွန့်လိုက်ပြီး နောက်သို့ ပြန်လှည့် ကြည့်သည်။ မထွေးကြည်က မလှမ်းမကမ်းတွင် ရပ်ပြီး လေးလေး ကို ကြည့်နေပါ၏။

လေးလေးသည် အိမ်ကြီးဆီသို့ ပြန်လျှောက်လာ သည်။ မိမိတွင် အခြေအနေ သိပ်မကောင်းလှတော့မှန်း လေးလေး သိသည်၊ ဤအိမ်ကြီးထဲတွင် ဦးရှိန်လှမောင်၏ အကျယ်ချုပ် အကျဉ်းသားဘဝသို့ မိမိ သက်ဆင်းလေပြီဟုလည်း သဘော ပေါက်လိုက်သည်။ ထွက်ပေါက်ရှာရမည်။

အကောင်းဆုံးကတော့ ဤအိမ်ကြီးမှ မိမိလွတ် မြောက်သွားခြင်းသည် တစ်နေ့နေ့တွင် ဤသို့သော ဖြစ်ရပ်မျိုး ကြုံတွေ့ရမည်ဟု မိမိကိုယ်တိုင်လည်း တွက်ဆထားခဲ့သည် ကိုဇေယျာအောင်ကလည်း ဤအဖြစ်မျိုး ဖြစ်တော့မည်ကို ကြို



မြင်သည့်အတွက် ဤအိမ်ကြီးတွင် ဆက်လက်မနေရန် အကြိမ်ကြိမ်ပြောသည်။

ရန်သူကို အထင်သေးခြင်းမှာ မိမိ၏ပျော့ကွက်ပင် ဖြစ်တော့သည်။ မိမိ၏တွက်ကိန်းအရဆိုလျှင် ဦးရှိန်လှမောင်သည် ဤမျှ မြန်မြန်ဆန်ဆန် ကာလအတွင်း မိမိအား ထိန်းသိမ်းထားမည် မဟုတ်ဟုလည်း တွက်သည်။ ဦးရှိန်လှမောင်က မိမိအား မထိန်းချုပ်နိုင်မီ မိမိက လွတ်မြောက်သွားရမည်ဟုလည်း မိမိကိုယ်ကို အထင်ကြီးစွာ တွက်ဆခဲ့သည်။

တွက်ကိန်း မှားသည်ဟူ၍တော့ မဆိုနိုင်။ ဦးရှိန်လှမောင်တွင် ရုတ်တရက် အခြေအနေ ပြောင်းလဲစရာတွေ ပေါ်ပေါက်လာသောကြောင့်သာ မမျှော်လင့်သော ဤအချိန်မျိုးတွင် မိမိအား ဖြုန်းခနဲ အကျယ်ချုပ်ချလိုက်ခြင်း ဖြစ်ရပေလိမ့်မည်။

လေးလေးအတွက် အားကိုးစရာဟု တွေးလိုက်လျှင် ကိုဇေယျာအောင်ကိုသာ လှမ်းမြင်မိသည်။

ဇေယျာအောင်ထံ ဖုန်းဆက်ရလျှင် ကောင်းမည်။ သို့သော် ဇေယျာအောင်၏ဖုန်းနံပါတ်ကို မသိ။ ဇေယျာအောင်၏ နေခြဲဘမ်းလိပ်စာကို လေးလေး မသိ။ လူချင်းတွေ့စဉ်က ဖုန်း နံပါတ်နှင့် အိမ်လိပ်စာကို မေးမထားမိသည်ကို နောင်တရမိသည်။

ကိစ္စမရှိ။ တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင် ဇက် အက္ခရာကိုကြည့်ပြီး ရှာဖွေနိုင်သည်။

လေးလေးက တယ်လီဖုန်းစင်ဘေးတွင် ထိုင်လိုက် ပြီး တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ကောက်ယူပြီး ဇက်အက္ခရာ အောက်တွင် ရှာကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါ၏။ ဖေယျာအောင် အမှတ်(--)၊ ပြည်သာယာလမ်း၊ ဘောက်ထော် ဟူ၍။ ဖုန်းနံပါတ်လည်း ငါးဂဏန်းဖြင့်စသည်။

လေးလေးက ဝမ်းပန်းတသာဖြင့် ဖုန်းကိုကောက်ကိုင်လိုက်သည်၏။

သို့သော် ဂဏန်းကွက် အဝိုင်းပေါ်သို့ မထွေးကြည်၏ လက်ဝါးက ဖုံးအုပ်ထားလိုက်ခြင်း ခံလိုက်ရ၏။

"မလေးလေး တယ်လီဖုန်းဆက်ခွင့် မရဘူးလို့ အစ်ကိုကြီးက မှာခဲ့ပါတယ်"

လေးလေး လက်လျှော့လိုက်ရသည်။ ဒါဆိုလျှင် ဘာဆက်လုပ်ရမည်နည်းဟု လေးလေး စဉ်းစားသည်။ စဉ်းစားရင်း တစ်ခု တွေးမိသည်။ မိမိအား ဖုန်းဆက်ခွင့် မပေးသော်လည်း တယ်လီဖုန်းလမ်းညွှန်စာအုပ် ထိုင်ကြည့်နေသည်ကို မထွေးကြည်က လုံးဝမကန့်ကွက်။ ယင်းအချက်ကို လေးလေး သတိပြုမိလိုက်သည်။

"နေပါဦး မထွေးကြည်၊ ရှင့်အစ်ကိုကြီးက ဘယ်အထိ ဘာမလုပ်ရဘူးလို့ အမိန့်ပေးထားလဲ၊ ကျွန်မ အိမ်သာထဲဝင်ရင်လည်း မထွေးကြည်က အိမ်သာထဲအထိ လိုက်မှာလား"

မထွေးကြည်က ပြုံး၍ ခေါင်းခါပြသည်။

"အစ်ကိုကြီးက အဲဒီလောက်ထိ မချုပ်ချယ်ပါဘူး၊ မလေးလေး အပြင်ထွက်ခွင့် မပေးရဘူး၊ တယ်လီဖုန်း မဆက်ရဘူးလို့သာ ပြောခဲ့တာပါ၊ အိမ်ကြီးထဲမှာတော့ မလေးလေး



ခါတိုင်းနေသလို နေသွားတာကို ဘာမှမကန့်ကွက်ရဘူးလို့ပဲ အမိန့်ပေးထားခဲ့ပါတယ်"

"ဒါဆို ကျွန်မအိမ်ပေါ်ပြန်တက်မယ်၊ အိပ်ခန်းထဲမှာ တံခါးပိတ်ပြီး ပြန်အိပ်မယ်၊ ဒါဆို မထွေးကြည် ဘာလုပ်မလဲ"

"စောစောကလိုပဲ အခန်းဝမှာ ကုလားထိုင်တစ်လုံးနဲ့ထိုင်စောင့်နေရုံပေါ့ မလေးလေး"

"တိုက်ပေါ်ထပ် ပြတင်းပေါက်က ကျွန်မ ခုန်ချပြီး ထွက်ပြေးသွားမှာ မထွေးကြည် မစိုးရိမ်ဘူးလား"

မထွေးကြည်က ရယ်သည်။ ခေါင်းခါပြသည်။

"ဒီလောက် အမြင့်ကြီး ခုန်ချရင် မလေးလေး ခြေကျိုး၊ လက်ကျိုး၊ နံရိုးတွေ ကျိုးသွားမှာပေါ့၊ ဘာမှမကျိုးလို့ ထွက်သွားနိုင့်တယ်ဆိုတောင် ဂိတ်ဝတံခါးမှာ အစောင့်ရှိနေတာပဲ"

လေးလေး ပခုံးတွန့်ပြပြန်သည်။

ထို့နောက် အိမ်ပေါ်ထပ်တက်သည့် လှေကားဆီသို့ လျှောက်ခဲ့ပြီး အပေါ်ထပ် ပြန်တက်ခဲ့သည်။

မထွေးကြည်က နောက်မှကပ်လျက် ပါလာသည်ပဲ ဖြစ်မည်။

"ဪ ... ကေသီကော ဘယ်သွားလဲ"

"ရှိပါတယ်၊ မမကေသီက သူ့အခန်းထဲမှာ ရှိနေတာပဲ၊ ခေါင်းနည်းနည်းမူးနေတယ်လို့ ပြောတာပဲ"

"ကေသီနဲ့ ကျွန်မ စကားပြောရင်ကော ဦးရှိန်လှမောင်က ကန့်ကွက်ထားခိုင်းသလား မထွေးကြည်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … ကျွန်မ ပြောပြီကော၊ ဒီအိမ်ထဲမှာ မလေးလေး ခါတိုင်းနေသလိုနေပြီး အိမ်သားတွေ ဘယ်သူနဲ့မှ ဆို စကားပြောနိုင်ပါတယ်"

"ဒါဖြင့် တစ်ရေးအိပ်ဦးမယ်၊ အိပ်ရာကနိုးမှ ကေသီ့အခန်း သွားပြီး စကားပြောမယ်"

လှေကားမှ လေးလေး ဆက်တက်လာခဲ့သည်။ အခန်းတံခါးဝ အရောက်တွင် တံခါးမပိတ်မီ မထွေးကြည်အား မေးခွန်းတစ်ခု မေးလိုက်ပေသည်။

"နေပါဦး မထွေးကြည်၊ မထွေးကြည်ကတော့ ဦးရှိန်လှမောင်ရဲ့ တကယ့်လူယုံတော်မို့ သိများသိမလားလို့ပါ၊ ကျွန်မကို အခုလို ချုပ်ချယ်ထားတာ ဘယ်လောက်ကြာတဲ့အထိ ချုပ်ထားမှာတဲ့လဲ"

"တစ်ရက် နှစ်ရက်ပါ၊ မမကေသီကို ဒေါက်တာခင်မောင်ညို က စိတ်အပြောင်းအလဲဖြစ်အောင် ပဲခူး ဟံသာကုန်းက အေးရိပ်ငြိမ်ကို ပို့ပေးရမယ်တဲ့၊ အဲဒါ မကေသီရဲ့အဖော် အဖြစ် မလေးလေး လိုက်သွားရမှာတဲ့လေ"

"ဟဲ့ … အဆန်းပါလား၊ မကေသီ အေးရိပ်ငြိမ်မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကြောင့်ပဲ အခုလို စိတ်ရောဂါရနေတာ၊ အခုတစ်ခါ အေးရိပ်ငြိမ်ကို ပြန်ပို့ဦးမယ်ဆိုရင် ကေသီရဲ့အခြေအနေတွေ ပိုဆိုးကုန်မှာပေါ့"

"ဒါတော့ ကျွန်မ ဘာပြောတတ်မလဲ မလေးလေး"

လေးလေးသည် ဟူးခနဲ သက်ပြင်းချရင်း တံခါးကို ဆွဲပိတ်လိုက်သည်။



တံခါးပိတ်ပြီးနောက် သော့ပေါက်မှ အပြင်သို့ ချောင်းကြည့်သည်။ မထွေးကြည်သည် တံခါးဝတွင် ကုလားထိုင်နှင့် ထိုင်နေသည်ကို တွေ့ရသည်။

လေးလေးက စိတ်ချလက်ချဖြင့် စာရေးစားပွဲသို့လာခဲ့သည်။ ကိုဇေယျာအောင်ထံသို့ ယခုလက်ငင်း ဖြစ်ပေါ်နေသော အခြေအနေများကို ရေးပြသည့်အပြင် မထွေးကြည်၏ ပြောပြချက်အရ တစ်ရက် နှစ်ရက်အတွင်း ပဲခူး ဟံသာကုန်းမှ အေးရိပ်ငြိမ်သို့ ကေသီနှင့် မိမိအား ပို့ဆောင်ထားမည့်အကြောင်းပါ ထည့်ရေးသားလိုက်သည်။

စာကို သေချာခေါက်လိုက်သည်။ သို့သော် ကိုဇေယျာအောင်ထံ ရောက်အောင် မည်သို့ပို့ရမည် မသိသေး။

အိပ်ရာပေါ် လှဲလိုက်သည်။ ဦးရှိန်လှမောင်က မည်သို့သော အကြံအစည် စိတ်ကူးဖြင့် မိမိအား ချုပ်ကိုင်ထားလေသနည်း ဟူသော အချက်ကို စဉ်းစားသည်။

ပထမဆုံး စဉ်းစားမိသည်မှာ ကိုဇေယျာအောင်က မိမိအပေါ် တိမ်းညွတ်နေပြီမှန်း ဦးရှိန်လှမောင် သိရှိပြီး မိမိကို ဓားစာခံလုပ်ကာ ဇေယျာအောင်အား တစ်ခုခု အကျပ်ကိုင်ရန်ပေလား။

ဒါမှမဟုတ် …

မိမိသေတ္တာထဲမှ ရယူထားသော စာရွက်စာတမ်း၊ ဓာတ်ပုံတွေကို အကြောင်းပြုပြီး ချုပ်ကိုင်လိုက်ခြင်းပေလား။

ဒါဆိုလျှင် မိမိ၏စာရွက်စာတမ်းနှင့် ဓာတ်ပုံတွေ အကြောင်း ယခုလို အချိန်မျိုးတွင် ကေသီအား ဦးရှိန်လှမောင်က

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောပြီးလောက်ပြီ။ ယင်းစာရွက်စာတမ်းနှင့် ဓာတ်ပုံတွေအရ မိမိလေးလေးသည် မည်သူမည်ဝါ ဖြစ်ကြောင်း ကေသီ သိရှိသွားပြီဆိုလျှင် ကေသီသည် မိမိအပေါ်ဆို မည်သို့ သဘောဆက်ထားလေမည်နည်း။

လေးလေး လဲလျောင်းရာမှ ပြန်ထသည်။

တံခါးဖွင့်ကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ မထွေးကြည်က ထုံးစံအတိုင်း နောက်မှ လိုက်ပါလာသည်။ လှေကားရင်း အရောက်တွင် မထွေးကြည်ကို လေးလေးက စောင့်ပြီး ပြောလိုက်သည်။

"မထွေးကြည်က ဘယ်ဆိုးလို့လဲ၊ သေတ္တာကို သော့တွေ ဘာတွေနဲ့ ဖွင့်နိုင်သားပဲနော်"

"ဘာဆိုလိုတာလဲ မလေးလေး"

"ဩော် ... ကျွန်မအခန်းထဲက ကျွန်မရဲ့သော့ခတ်ထားတဲ့ သေတ္တာကိုဖွင့်ပြီး ဖိုင်တွဲယူသွားနိုင်လို့ပါ"

မထွေးကြည်က ပြုံးသည်။

"မလေးလေးရဲ့သေတ္တာက အပေါ်စားပဲ၊ ဆင်တူယိုးမှား ဘာသော့နဲ့မဆိုဖွင့် ရနိုင်နေတာပဲ၊ အစ်ကိုကြီးက အချောင်းအစိတ်လောက်ရှိတဲ့ သော့တွဲကြီး ကျွန်မကိုပေးပြီး ဖွင့်ခိုင်းတယ်လေ၊ အများကြီးတောင် မစမ်းရပါဘူး၊ ဒုတိယသော့ချောင်းနဲ့ပဲ မလေးလေးရဲ့သေတ္တာ ပွင့်သွားတာပဲ"

ရှင်းသွားသည်။ ပိုမိုတိကျသွားသည်။

မိမိဖိုင်တွဲသည် ဦးရှိန်လှမောင် လက်ထဲတွင် ရှိနေမှန်း သေချာသွားသည်။



ထို့ထက်မှာမူ မထွေးကြည်သည် မိမိမေးသမျှ ဖုံးကွယ်ခြင်းမရှိဘဲ အမှန်အတိုင်း ဖွင့်ပြောနေသည်မှာ မိမိအဖို့ အံ့ဩစရာထက် ကြောက်လန့်ဖွယ် ကောင်းနေပြီ ဟုလည်း လေးလေး သဘောပေါက်လာရသည်။

ဦးလှမောင်သည် မိမိနှင့်ပတ်သက်၍ ဘာမျှဖုံးကွယ်ထားခြင်း မရှိစေဘဲ မထွေးကြည်အား ဖွင့်ပြောစေသည်မှာ မိမိသည် သူ၏လက်ခုပ်ထဲမှရေ ဖြစ်နေပြီဟု စိတ်ချလိုက်ခြင်းကြောင့်ပင် ဖြစ်ဟန်ရှိသည်။ မိမိအပေါ် ကျရောက်လာတော့မည့် အန္တရာယ်သည် မဝေးတော့ပြီ။

ကေသီ၏အခန်းထဲသို့ ဝင်ခဲ့သည်။ မထွေးကြည် လိုက်မလာပေ။ အခန်းဝတွင် နေခဲ့လိမ့်မည် ထင်သည်။

"ဟော ... လေးလေး၊ လာ"

"ကေသီ ခေါင်းမူးလို့ဆို"

"နည်းနည်းပါးပါးပါ၊ ဟိုတွေး ဒီတွေး တွေးနေတာနဲ့ အပြင်မထွက်တာပါ"

ကေသီ၏အမူအရာသည် မပြောင်းလဲ၊ လေးလေးကို ခါတိုင်းလိုပင် လိုလိုလားလား အမူအရာတွေ ရှိနေသည်။ ကေန္တ ဦးရှိန်လှမောင်သည် မိမိဖိုင်တွဲအကြောင်း ကေသီအား ပြောပြသေးဟန် မတူပါလေ။

"ဘာတွေ ဟိုတွေး ဒီတွေး ဖြစ်နေတာလဲ ကေသီ"

ကေသီက လှဲနေရာမှ ထထိုင်သည်။ လေးလေး၏ လက်ကိုတွဲကာ သူမ၏ခုတင်ဆီမှာပင် ထိုင်စေသည်။

www.burmeseclassic.com



"ကိုမောင်ပေါ့ ... ကိုမောင်လေ၊ တို့ကို အေးရိပ်ငြိမ်မှာ သွားပြီး ဆယ်စီလေးငါးရက် နေရမယ်တဲ့"

"အဲဒါကို ကေသီ သဘောတူသလား"

"အဲဒီမသွားရင် စိတ်ကျန်းမာရေးဆေးရုံ တက်ရမယ်ဆိုတော့ အေးရိပ်ငြိမ် သွားနေတာက ပိုကောင်းတယ် မဟုတ်လား၊ နောက်ပြီး ကိုမောင်က တို့ကို စေတနာအပြည့်နဲ့ ရောဂါပျောက်စေချင်လွန်းလို့ ဒေါက်တာခင်မောင်ညိုရဲ့ ညွှန်ကြားချက်အတိုင်း လုပ်ရတာ"

"ဘယ်လို ဒေါက်တာခင်မောင်ညိုက ညွှန်ကြားလို့လဲ ကေသီ"

"ဒီအိမ်ကြီးထဲမှာ ဒီလိုသာ ဆက်နေသွားရင် ကေသီ ရောဂါဟာ အကြောင်းထူးလာမှာ မဟုတ်နိုင်ဘူးတဲ့၊ ဒီတော့ ပထမရွေးဖို့က စိတ်ကျန်းမာရေးဆေးရုံမှာ တစ်လကို သီတင်း သွားနေသင့်တယ်တဲ့၊ ဒါကိုတော့ တို့က အဆုတ် အကန် ငြင်းတယ်၊ ဒီတော့ ကိုမောင်က ဒေါက်တာခင် မောင်ညိုကို တခြားနည်း ရှာပါဦးလို့ ပြောတယ်၊ ဒေါက်တာ ခင်မောင်ညိုက ဒါဆိုလည်း ဒုတိယနည်း စမ်းရမယ်တဲ့ ဒီစိတ်ရောဂါ စတင်ဖြစ်ပွားစေတဲ့ အေးရိပ်ငြိမ်မှာပဲ လေး ငါးဆယ်ရက် သွားနေတဲ့၊ ဒီနည်းဟာ တန်ပြန်ကုနည်းတဲ့ ဒီနေရာမှာ ဖြစ်ပျက်ခဲ့တာတွေကို တစိမ့်စိမ့်တွေးပြီး သွေး လေ ချောက်ချားနေမယ့်အစား ဒီနေရာကို ပြန်သွားပြီး အမြင့်ဆုံးချောက်ချားမှုကို ခံစားလိုက်ရမယ်တဲ့၊ အဲဒီမှာနေ ရင်း စိတ်ပြန်ငြိမ်ပြီ ဆိုတာနဲ့ ရောဂါပျောက်ပြီတဲ့၊ ဘယ်



မှာပဲ ပြန်နေနေ ချောက်ချားတဲ့စိတ်ဝေဒနာ မရှိနိုင်တော့ ဘူးတဲ့၊ တို့စိတ်ရောဂါဟာ တစ်ချိတည်း ပျောက်သွားစေရ မယ်တဲ့၊ အဲဒီနည်းကို ကိုမောင်က လက်ခံတယ်၊ ဒါကြောင့် တို့ကို အေးရိပ်ငြိမ်မှာ သွားနေရမယ်လို့ ပြောတာပဲ၊ လေးလေးက တို့အတွက် အကောင်းဆုံး အဖော်အဖြစ် လိုက်ပေးမှာပဲ မဟုတ်လား"

လေးလေးသည် ချက်ချင်းတော့ အေးရိပ်ငြိမ်ကို မလိုက်ဟု ငြင်းလိုက်မည် စိတ်ကူးသေးသည်။ သို့သော် တဒင်္ဂ အတွင်းမှာပင် ဦးနှောက်ကို အလုပ်ပေးရသည်။ မိမိရင်ထဲတွင် တွက်ချက်ထားသည့်အတိုင်းသာ မှန်ကန်လျှင် ဦးရှိန်လှမောင် သည် မိမိအား အသာတကြည် အပြင်သို့ ပြန်လည်လွှတ်တော့ မည် မဟုတ်။ အပြင်သို့ ရောက်နိုင်သည့် နည်းလမ်းမှာ ကေသီ နှင့်အတူ အေးရိပ်ငြိမ်သို့ လိုက်မည်ဆိုပြီး အပြင်ရောက်လေမှ မိမိ၏ လွတ်မြောက်ရေးကို ဆက်လက်ကြံစည်နိုင်သည်။ ကြိုးစား နိုင်သည်။

မိမိအား ကေသီနှင့်အတူ အေးရိပ်ငြိမ်သို့ လွှတ်ခြင်း မှာပင် ဦးရှိန်လှမောင်တွင် အကြံအစည်တစ်ခုခု ရှိခြင်းကြောင့် ဖြစ်သည်။

မိမိက ငြင်းလျှင် သူ၏အကြံအစည်တို့ ပျက်မည်။ အလုက်ခံမည် မဟုတ်။ မိမိငြင်းလည်း ဦးရှိန်လှမောင်က အနိုင် အသက်လုပ်မည်မှာ သေချာသည်။ ယင်းသို့ဆိုလျှင် ယခုလက် ထဲလာ၌ မိမိက လိုက်လျောခေါင်းညိတ်ခြင်းသာ အကောင်းဆုံး ဖြစ်ချိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"လိုက်မှာပေါ့ ကေသီ၊ လေးလေးက ကေသီကို ကူညီချင်လို့ တမင်လာနေပေးတာပဲ၊ ကေသီရောဂါ သက်သာဖို့ဆိုရင် ဘယ်ဖြစ်ဖြစ် လိုက်ပေးမှာပေါ့၊ ဒါပေမဲ့ တစ်ခုတော့ ကေသီ စဉ်းစားစေချင်တယ်"

"ဘာကိုလဲ လေးလေး"

"ကေသီ့ကို အေးရိပ်ငြိမ်ပို့တာဟာ ဦးရှိန်လှမောင်ရဲ့အတွင်းစိတ်က ရိုးရိုးသားသားနဲ့ ပို့တာမှ ဟုတ်ရဲ့လားလို့"

"ကိုမောင့်အတွင်းစိတ်က ဘယ်လိုမရိုးမသား ဖြစ်စရာရှိလို့လဲ လေးလေး"

မပြောမီ လေးလေး ပခုံးတွန့်ပြသည်။

"ပထမဆုံး တွေးကြည့်ဖို့က ခင်ထားရီကိစ္စပဲ ကေသီ၊ ခင်ထားရီက ဦးရှိန်လှမောင်အပေါ်မှာ စိတ်ဝင်စားနေတယ်ဆိုတောင် ကေသီ ငုတ်တုတ်ကြီး ရှိနေသရွေ့ လက်ထပ်မှာ မဟုတ်ဘူး"

"အဲဒီတော့ ..."

"ဒုတိယ ဆက်တွေးကြည့် ကေသီ၊ အေးရိပ်ငြိမ်အိမ်ကို အခုနေ ပြန်သွားရင် ကေသီ့အတွက် ကိုညွန့်ဦးကို ပစ်သတ်ခဲ့တဲ့နေရာမို့ အချိန်မရွေး အေးရိပ်ငြိမ်မှာ အထိတ်တလန့်ဖြစ်ပြီး ရှော့ခ်ဖြစ်သွားနိုင်တယ်၊ အဲဒီလို ရှော့ခ်ဖြစ်ပြီး ကေသီ မတော်တဆ ဆုံးပါးသွားရင် ဦးရှိန်လှမောင်က ခင်ထားရီကို လက်ထပ်မှာပဲ"

ကေသီက လေးလေး၏စကားကို နားထောင်ရင်း တွေဝေသွားသည်တော့ မှန်သည်။ သို့သော် ခေတ္တသာ တွေဝေပြီး ဘာတွေ အတွေးပေါက်သွားသည် မပြောတတ်။ ပြုံးပင် ပြုံးလိုက်သေးသည်။



"ကိုမောင့်ကို တို့ သိပ်ချစ်တယ် လေးလေး၊ ကိုမောင်ကလည်း တို့ကို သိပ်ချစ်ရှာပါတယ်"

လေးလေးမှာ မသိမသာ သက်ပြင်းချရသည်။

"စွန့်စားရမှာပဲ လေးလေး၊ တို့ စိတ်ရောဂါကုဆေးရုံတော့ မတက်ချင်ဘူး၊ အခု ဒေါက်တာခင်မောင်ညိုရဲ့ စမ်းသပ်နည်းက သဘာဝကျတယ်၊ တို့ စိတ်ကိုတင်းမယ်၊ နိုင်အောင်ထိန်းမယ်၊ အေးရိပ်ငြိမ်မှာ တို့နေတဲ့အခိုက် ဘယ်လောက်ချောက်ချားပါလိမ့်စေ၊ ဒီဒဏ်ကို တို့ ခံနိုင်စွမ်းရှိသွားရင့် တို့ရောဂါ ရှင်းရှင်းပျောက်ပြီ"

"မတော်တဆ သိပ်ထိတ်လန့်ပြီး ရှော့ခ်ဖြစ်လို့ အသက်ပါသွားရင်ကော ကေသီ"

"ကံပေါ့ လေးလေး၊ ဘာတတ်နိုင်မလဲ၊ သေတဲ့လူဟာ ဘာမှမသိတော့ဘူးလေ၊ ဘာမှ ခံစားမှု မရှိတော့ဘူးလေ၊ အဲဒီတော့ တို့ သေသွားပြီးမှ ကိုမောင်က ခင်ထားရီကို လက်ထပ်တယ်ထားဦး၊ တို့ မသိတော့ဘူး၊ တို့ မခံစားနိုင်တော့ဘူး၊ ဒီတော့လည်း သေမြေကြီး ရှင်ရွှေထီး စွန့်စားမယ်လို့ တို့ ဆုံးဖြတ်ပြီးပြီ"

လေးလေး ဘာပြောဦးမည်နည်း။ ကေသီသည် ဦးရှိန်လှမောင် အပေါ်တွင် ချစ်လွန်းအားကြီးသည်။ ဦးရှိန်လှမောင် စည်းရုံးသွားသမျှ စကားတို့ကို ကေသီသည် မျက်ကန်းချစ်၊ မျက်ကန်းယုံ သဘောဖြင့် ယုံကြည်လွန်းနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယခု အခိုက်အတန့်တွင် ဦးရှိန်လှမောင်က သူ့အား သေစေလိုသောကြောင့် ယုတ္တိယုတ္တာရှိလေအောင် စိတ်ရောဂါ ရှိနေသည်ဟု သတင်းလွှင့်နေကြောင်းတွေ ပြောပြ၍လည်း ကေသီ ဘယ်လိုမျှ နားဝင်တော့မည် မဟုတ်ကြောင်း လေးလေး အကဲခတ်မိသည်။

"ဒါထက် အေးရိပ်ငြိမ်ကို ကေသီနဲ့ လေးလေးနဲ့ နှစ်ယောက်တည်း သွားနေရမှာလား ကေသီ"

"အဲဒီလို ဘယ်ဟုတ်ပါ့မလဲ၊ အေးရိပ်ငြိမ်မှာ မထွေးကြည်ရယ်၊ ဒရိုင်ဘာ ကိုမြမောင်ရယ်၊ ကေသီ့အတွက် ပို့ပေးထားမယ်လေ၊ သူတို့ကို တစ်ရက်ကြိုပြီး လွှတ်ပေးပြီး အေးရိပ်ငြိမ် သန့်ရှင်းရေးတွေ လုပ်စေထားနှင့်မယ်တဲ့ နောက်ပြီးမှ ကေသီနဲ့ လေးလေးက လိုက်သွားကြမှာ"

လေးလေးက ကေသီအား နှုတ်ဆက်ပြီး အပြင်ဘက် ထွက်လာသည်။

မတတ်နိုင်တော့ပြီ။ နောင်ခါလာ နောင်ခါချေးဘဲဟု သဘောထားလိုက်သည်။

ညနေခန်းအရောက်တွင် အိမ်ထဲသို့ ဝင်လာသော ကိုဝဏ္ဏနှင့် တန်းတိုးနေ၏။

"သြော် … ကိုဝဏ္ဏ၊ ထိုင်လေ"

ကိုဝဏ္ဏက ဆိုဖာတွင် ထိုင်ချရင်း လေးလေးကို ဘာမျှမပြောသေးမီ မလှမ်းမကမ်းတွင် ရှိနေသော မထွေးကြည်ကို လှမ်းပြောသည်။

"ဆရာဦးရှိန်လှမောင်ကော မထွေးကြည်"



"အစောကြီးကတည်းက ထွက်သွားတယ်၊ အိမ်မှာကော်ဖီတောင် သောက်မသွားဘူး"

"ကျွန်တော့်ကို ဆယ်နာရီမထိုးခင် ဒီအိမ်ကြီးကိုလာခဲ့လို့ မှာထားတယ်၊ ဆရာ မေ့သွားပြီထင်တယ်"

မထွေးကြည်က ဘာမျှပြန်မပြော။ ဦးရှိန်လှမောင်နှင့် ကိုဝဏ္ဏ ချိန်းဆိုထားသော ကိစ္စအတွက် မထွေးကြည် အနေနှင့် ဘာမျှပြောစရာလဲ မရှိ။

ကြက်မွေးတစ်ချောင်း ကောက်ယူကာ မထွေးကြည်သည် အလုပ်မရှိ အလုပ်ရှာကာ ရှိုးကေ့စ်များနှင့် အခြားပရိဘောဂတို့ကို လိုက်လံသုတ်နေပေတော့သည်။

"ဒီမှာ ကိုဝဏ္ဏ၊ လေးလေး ပြောတာ သေချာနားထောင်ပါ၊ လေးလေးကို ပြန်ပြီး မေးခွန်းမထုတ်ပါနဲ့၊ လေးလေးရဲ့ လက်ကို ကိုဝဏ္ဏက တယုတယအနေနဲ့ ကိုင်စမ်းပါ"

"ဗျာ … မလေးလေး"

"မအံ့သြပါနဲ့ ကိုဝဏ္ဏ၊ လေးလေး ပြောတဲ့အတိုင်း လုပ်ပေးစမ်းပါ၊ လေးလေးကို ကူညီတဲ့သဘောပါ၊ လေးလေးကို ကူညီပါ၊ အခု လေးလေးဟာ ဦးရှိန်လှမောင်ရဲ့ အကျဉ်းသား ဖြစ်နေရတယ်၊ မထွေးကြည်ဟာ လေးလေးကို လုံးဝ အလစ်မပေးဘူး"

"အင်း … ဟုတ်မယ်၊ ဆရာဦးရှိန်လှမောင်ရဲ့ မကောင်းသတင်းတွေ မနေ့ကပဲ ကျွန်တော် ဗောကကြားလာတယ်"

မထွေးကြည် အနီးသို့ မယောင်မလည် ကပ်လာသည်။ တိုးတိုး တိုးတိုးနှင့် ကိုဝဏ္ဏနှင့် လေးလေး ဘာတွေပြောသည်ကို ကြားနိုင်ရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လောက်တော့ ကိုဝဏ္ဏသည် အကင်းပါးပါ၏။ လေးလေး၏ လက်ဝါးလေးတစ်ဖက်ကို ကိုဝဏ္ဏက ကောက်ကိုင်လိုက်၏။ လေးလေးက မထွေးကြည်ကို လှမ်းကြည့်ပြီး ရှက်ကိုး ရှက်ကန်း အမူအရာလေးဖြင့် ကိုဝဏ္ဏ ဆွဲကိုင်ထားသောလက်ကို ရုန်းဟန်ဆောင်သည်။

အရွယ်ရှိသေးသော မထွေးကြည်က ကိုဝဏ္ဏနှင့် လေးလေးကို သဘောပေါက်သွားသလို မခို့တရို့ပြုံးကာ တခြားသို့ မျက်နှာလွှဲသွားသည်။

"လေးလေး ကိုဇေယျာအောင်ကိုပေးဖို့ စာတစ်စောင်ရေး ထားတယ်၊ မထွေးကြည်ရှေ့မှာ ပေးလို့မဖြစ်ဘူး၊ အဲဒီတော့ ကိုဝဏ္ဏပြန်ရင် ဒီအိမ်အပေါ်ထပ် လေးလေးနေတဲ့ အိပ်ခန်း ပြတင်းပေါက် တည့်တည့်အောက်ကို ခဏပတ်လာခဲ့ပါ၊ အပေါ်ထပ်က လေးလေး စာပစ်ချပေးမယ်၊ ကျေးဇူးပြုပြီး အဲဒီစာကို ကိုဇေယျာအောင်ဆီ အရောက်ပို့ပေးပါ"

ထိုစဉ်မှာပင် တယ်လီဖုန်းသံ ထွက်လာသည်။ မထွေးကြည်က တယ်လီဖုန်းကို ပြေးကာ ကောက်ယူနားထောင် သည်။

"ထွေးကြည်ပါ အစ်ကိုကြီး"

"........."

"ဟုတ်ကဲ့ ... အခုပဲ ကိုဝဏ္ဏ ဒီအိမ်ရောက်နေပါတယ်"

"........."

"ဟုတ်ကဲ့ ... ပြောလိုက်ပါ့မယ်"



မထွေးကြည် တယ်လီဖုန်း ပြန်ချပြီး ကိုဝဏ္ဏကို လှမ်းပြောသည်။

"အစ်ကိုကြီးက ကိုဝဏ္ဏကို အခုချက်ချင်း ရွှေဘုံသာလမ်း ကဆိုင်ကို လာခဲ့ပါတဲ့၊ အဲဒီမှာ အစ်ကိုကြီး စောင့်နေတယ် တဲ့"

ကိုဝဏ္ဏက လေးလေးလက်ကို လွှတ်ပေးပြီး ထိုင်ရာမှ ထသည်။

"သွားမယ် လေးလေး၊ စာကို အပေါ်က ချပေးလိုက်၊ ကျွန်တော် ယူသွားပြီး ဇေယျာအောင်ရဲ့ဘောက်ထော်က အိမ်မှာ သွားပေးပေးမယ်"

ကိုဝဏ္ဏ ထွက်သွားသည်နှင့် လေးလေးသည် အိမ်ပေါ်ထပ် တက်ခဲ့သည်။ မထွေးကြည်က လိုက်လာမြဲ လိုက်လာသည်။

အခန်းတံခါး ပိတ်ပြီးနောက် သော့ပေါက်မှ ပြန်ချောင်းကြည့်ပြန်၏။ မထွေးကြည်သည် အခန်းဝ ကုလားထိုင်တွင် ထိုင်နေသည်ကို တွေ့ရပါ၏။

လျင်မြန် သွက်လက်စွာပင် ပြတင်းပေါက်သို့ လေးလေး ရောက်သွားကာ စာခေါက်လေးကို အောက်သို့ ချပေးလိုက်လေတော့သည်။

✤ ✧ ✤

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၇ )

သတင်းစာတွင် မြို့ပတ်ရထား ခုတ်မောင်းနေ[illegible] လူတစ်ယောက် မတော်တဆ လိမ့်ကျသေဆုံးသွားခြင်းဟု ပါ[illegible] လာသည်ကို ဖတ်ရသော လူတွေအဖို့ အထူးအဆန်းဟူ၍ ထော[illegible] မှတ်သော သတင်းအတိုအထွာတစ်ခုသာ ဖြစ်ပေမည်။

သို့သော် ထိုသတင်း အတိုအထွာလေးကို ဖတ[illegible] သော ကြီးမြင့်အဖို့ ထိတ်လန့်ခြင်းနှင့် စိုးရွံ့ခြင်း အထွတ်အ[illegible] သို့ ရောက်သွားရလေသည်။

အကြောင်းမှု လိမ့်ကျသေဆုံးသောသူသည် ဦး[illegible] ဖြစ်နေသောကြောင့်ပါတည်း။ ဦးမြိုင်သည် ဦးရှိန်လှမော[illegible] ဂျိအမ်စီလော်ရီကားကြီးကို အုံနာအမည်ခံထားသူမှန်း ကြီးမြ[illegible] သိနေသောကြောင့်ပါတည်း။

ဆရာရှိန်လှမောင်သည် ရက်စက်လေပြီ။

ဦးမြိုင်သည် ရေမြွေဖြစ်ပါ၏။ ရေမြွေကိုပင် [illegible] ရှိန်လှမောင်က သတ်လိုက်သည်။ သူ၏အကျိုးစီးပွားနှင့် အန္တ[illegible] ဖြစ်နိုင်သူဆိုလျှင် ဆရာရှိလှမောင်က သတ်ပစ်ရန် ဝန်[illegible]



ကြောင်း ပေါ်လွင်ထင်ရှားပြီ။ ဦးမြိုင်သည် ဆရာရှိန်လှမောင်၏ အကြောင်း များများစားစား သိသူမဟုတ်။ လော်ရီကားဖြင့် ဥပဒေ မလွတ်ကင်းသော ပစ္စည်းများ တစ်ခါတစ်ရံ တင်တတ် ကြောင်းလောက်သာ သိသည်။ ဤမျှလောက်နှင့်ပင် ဦးမြိုင်ကို စိတ်မချလေသောအခါ သတ်ပစ်လိုက်သည်။

ဒါဆို မိမိအပေါ် ဦးရှိန်လှမောင်သည် မည်သို့ သဘောထားလေမည်နည်း။ မိမိက ဆရာရှိန်လှမောင် အကြောင်း သိသည်မှ အားကြီးပါးကြီးကို သိထားသည်။ သူ၏နောက်ကြောင်း မရှင်း မရှင်းတွေကိုလည်း သိထားသည်။ နောက်ဆုံး သူ၏ဇနီး ကိုပင် ဥပဒေလက်တစ်လုံးခြား သတ်ပစ်ရန်အထိ စီမံကြံစည်နေ သည်ကိုလည်း သိနေသည်။

ဆရာရှိန်လှမောင် ဦးမြိုင်ကို တကယ်သုတ်ရိုက် သတ် လိုက်ခြင်းသည် လတ်တလော ဆရာရှိန်လှမောင်တွင် အကျဉ်း အကျပ် တော်တော်ကြီး ရှိနေသောကြောင့် ဖြစ်ရမည်။

ဒါဆိုလျှင် မိမိကိုကော ဆရာရှိန်လှမောင်က သည် အတိုင်း လွှတ်ထားမည်တဲ့လား။

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာသည်။ ကြီးမြင့်သည် [illegible]ကုန်အရှေ့ပိုင်း ၅၄-လမ်း နှစ်ထပ်တိုက်၏ အပေါ်ခန်းတစ် [illegible]ခန်းတွင် နေထိုင်သူဖြစ်သည်။

နံနက် ၁၀ နာရီ အိပ်ရာမှအထ သတင်းစာဖတ် [illegible] ဦးမြိုင်၏သတင်းကို ဖတ်မိပြီး တွေးတောနေချိန်မှာပင် [illegible]ခေါက်သံ ထွက်လာခြင်း ဖြစ်ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမြင့် ထိုင်ရာမှထကာ တံခါးဖွင့်ပေးသေးဘဲ ချောင်းကြည့်ပေါက်မှ ကြည့်လိုက်သည်။

"ဟိုက် ... ဂျော်နီ"

လှေကားထိပ်တွင် ဂျော်နီသည် စီးကရက်ခဲရင်း စောင့်နေသည်ကို တွေ့လိုက်ရသည်။

ကြီးမြင့် တုန်လှုပ်ရလေပြီ။

ဂျော်နီနှင့် မိမိသည် သူ့လိုင်းနှင့်သူ ဆရာရှိန်လှမောင်၏တပည့်ကြေးစားတွေ ဖြစ်ကြသည်။ မိမိအကြောင်းကို ဂျော်နီက ကောင်းကောင်းသိသည်။ မိမိကလည်း ဂျော်နီ့အကြောင်းကို ကောင်းကောင်းသိသည်။

လိုင်းချင်းတူကြသည်တော့မဟုတ်။

ဂျော်နီက အလွန်လက်ယဉ်သော ကြေးစားဖြစ်သည်။ သူ့ကိုကြည့်လိုက်လျှင် မင်းသားလေးလို ကြော့ကြော့မော့မော့လေး နေတတ်၏။

စကားပြောလျှင်လည်း သိမ်သိမ်မွေ့မွေ့၊ လေအေးလေးနှင့် ပြောလေ့ရှိသည်။ ရုပ်ချောပြီး မျက်နှာအလွန်ချိုသော ဂျော်နီသည် လူသတ်ရာတွင်လည်း အလွန်ပိရိသည်။ လက်ရဲသည်။ လက်မြန်သည်။ သေနတ်ကို မသုံးတတ်။ ဓားကိုလည်း အမြဲတစေ မဆောင်တတ်။ အလွန်ဆုံးကိုင်ပါမှ မောင်းပြန်ဓားကိုသာ အလွန်လိုအပ်မှကိုင်သည်။

ဂျော်နီ လူသတ်ပုံမှာ ကျပန်းဖြစ်သည်။

သူသတ်တော့မည့် သူ၏ပတ်ဝန်းကျင် အနီးအနား ရှိ ပစ္စည်းများသည်ပင် ဂျော်နီ၏လူသတ်လက်နက် ဖြစ်သွား



သည်။ ဆေးလိပ်ပြာခံခွက်သည်လည်းကောင်း၊ အလှစိုက်ပန်းအိုးသည်လည်းကောင်း ဂျော်နီ၏လူသတ်လက်နက်များ ဖြစ်သွားတတ်သည်။

အထူးသဖြင့် ဂျော်နီ၏လက်ချောင်းလေးများသည် လိုအပ်လာလျှင် သံချောင်းလေးတွေလို မာကျောသန်မာစွာအသုံးပြုနိုင်သည်။

ထို့ပြင် ဂျော်နီသည် ပခုံးနှင့် လည်ကုပ်မှ အကြောတွေ အကြောင်းကို နားလည်နေသည်။ သူ၏သန်မာသော လက်ချောင်းများဖြင့် လူတစ်ယောက်၏ပခုံး၊ လည်ကုပ် စသည်တို့ကိုင်ပြီး အကြောတစ်ကြောလောက်ကို ညှစ်လိုက်ရုံဖြင့် ခံရသူမှာ တုံးခနဲ လဲကျသတိလစ်သွားစေသည်။

ဤသို့သော ဂျော်နီပါပေ။

ဤသို့သော ဂျော်နီပင်လျှင် မိမိ၏အိမ်တံခါးဝသို့ ရောက်လာလေပြီ။ တံခါးဝသို့ သေမင်းလာရပ်သည်နှင့် ဘာထူးသေးသနည်း။

တစ်ယောက်ချင်းဖြစ်သည်။ ယောကျ်ားချင်းဖြစ်သည် ဟူသော သတ္တိမျိုးဖြင့် ကြီးမြင့်သည် ယောကျ်ားသားတစ်ဦးဦးကို ရင်ဆိုင်ဝံ့ပါလေ၏။

ဂျော်နီကိုတော့ ကြီးမြင့် ကြောက်သည်။

မနေ့က ဦးမြိုင်အား မြို့ပတ်ရထားပေါ်မှ လိမ့်ကျသေဆုံးစေခြင်းသည် အာစရိ ဦးရှိန်လှမောင်၏ အမိန့်အရ ဂျော်နီ၏လက်ချက်ပင်ဖြစ်ကြောင်း ကြီးမြင့် တွက်ဆလိုက်သည်။ ဒါဆို မိမိအလှည့်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမြင့်သည် ခြေဖော့နင်းကာ အိမ်မနောက်ဖေးဘက်ဝင်ခဲ့၏။ မိမိအိပ်ခန်းထဲမှ ရှိသမျှပိုက်ဆံတွေ ဂျာကင်အိတ်ထဲထည့်ပြီး ဂျာကင်ကိုလည်း ဝတ်ခဲ့သည်။ ထို့နောက် နောက်ဘက်ပြတင်းပေါက်ကိုကျော်ပြီး အိမ်သာရေပိုက်ကို တွယ်ကာ အောက်သို့ ဆင်းခဲ့တော့သည်။

နောက်ဖေးလမ်းကြားကို ခြေချမိသည်နှင့် ကြီးမြင့်သည် ကတ္တရာလမ်းမကြီးဘက်သို့ သုတ်ခြေတင်ခဲ့ပေတော့သည်။

ကတ္တရာလမ်းပေါ် ရောက်သည်နှင့် တွေ့ရာလေးဘီးကားကို အတင်းလက်တားပြီး တက်စီးခဲ့တော့သည်။

ဆူးလေမီးပွိုင့်တွင် မီးနီသဖြင့် အငှားလေးဘီးကားရပ်နေစဉ် ကြီးမြင့်က အိတ်ထဲမှ ငါးဆယ်တန်တစ်ချပ်ထုတ်ကာ ကားဆရာကိုပေးပြီး မီးပွိုင့်မှာပင် ဆင်းလိုက်သည်။

ဆူးလေဘုရားလမ်းအတိုင်း လျှောက်လာပြီး ပထမဆုံးတွေ့ရှိသည့် ဒုတိယထပ်မှ တည်းခိုခန်း တစ်ခန်းပေါ်သို့ ကြီးမြင့် တက်ရောက်သွားသည်။ အမျိုးသားမှတ်ပုံတင်ကတ်ပြားကိုပြပြီး ချောင်ကျသော အခန်းတစ်ခန်းယူကာ ကျသင့်ငွေကို ထုံးစံအတိုင်းရှင်းပြီး အခန်းသော့ယူသည်။

သူ့အခန်းထဲ ရောက်လေမှ ကြီးမြင့်သည် ဟင်းချကာ အခန်းတံခါးပိတ်ပြီး အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ ကြီးမြင့်သည် သူ၏လုံခြုံရေးအတွက် ဘာဆက်လုပ်ရမည်နည်းဟု စဉ်းစားသည်။

ရန်ကုန်မှ တခြားနယ်တစ်ခုခုဘက်သို့ ထွက်ပြေးရလေမည်လား။ မယာန်။



ဂျော်နီသည် မိမိကို ရှာဖွေတော့မည် အမှန်။ မိမိအနေနှင့် ဤတည်းခိုခန်းမှ အပြင်သို့ထွက်ပြီး ဘူတာရုံကိုသွားသွား၊ သင်္ဘောဆိပ်ကိုသွားသွား၊ ကားဂိတ်တစ်ခုခုကို သွားသွား ဂျော်နီက ခြေရာကောက်မိသွားနိုင်သည်။ ဂျော်နီက သူ၏လူတွေ မည်မျှဖြန့်ထားသည်မသိ။

ဒါဆိုလျှင် ဤတည်းခိုခန်းတယ်လီဖုန်းမှ နေပြီး ရဲစခန်းတစ်ခုခုသို့ လှမ်းပြီးအကြောင်းကြားရ ကောင်းမည်လား။

ဒါလည်းမလွယ်ကြော။

ရဲစခန်းကိုဖုန်းဆက်ပါပြီတဲ့။ မည်သို့သောအကြောင်းတွေကို ပြောရမည်နည်း။ ဂျော်နီက မိမိအားသတ်ရန် လိုက်နေပါသည်ဟု ဆက်ရမည်လား။

ထိုသို့ဆိုလျှင် ဘာကြောင့် ဂျော်နီက မိမိကို သတ်ချင်သည်မှအစ ရဲအဖွဲ့လက်ခံအောင် အရှည်ကြီး ရှင်းပြရဦးမည်။ မိမိကိုယ်တိုင်ကလည်း လူကောင်းတစ်ယောက် မဟုတ်ခဲ့သည်ကို အကဲခတ်မိသည့်ရဲက အကဲခတ်မိနေသည်။ ရဲကိုတိုက်ရိုက်ကြီး ဖုန်းဆက်၍ မဖြစ်သေး။

ဒါဆိုလျှင် ဘာလုပ်ရမည်နည်း။ မိမိအနေနှင့် အပြင်သို့ လုံးဝပြန်မထွက်ရဲပါလေတော့။ ဂျော်နီ မည်မျှလျင်သည်ကို မိမိအသိဆုံး။

"ဪ ... ဇေယျာအောင်"

ကြီးမြင့်၏ခေါင်းထဲသို့ ဇေယျာအောင်အား အမှတ်မဲ့ သတိတရ ရှိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမြင့် အနေနှင့် မိမိဘာသာ သတင်းလိုက်၊ သတင်းရောင်းစားသော မကောင်းမှုလုပ်ငန်းကို လုပ်ဆောင်စေကာမူ ဇေယျာအောင်လို လူကိုတော့ နဂိုကပင် အထင်ကြီးသည်။ လေးစားခဲ့သည်။

ဇေယျာအောင်သည် တိုင်းပြည်နှင့် အများပြည်သူ အပေါ်တွင် စေတနာထားကာ တိုင်းပြည် မနစ်နာလေအောင် ဓာတ်က ဦးဇော်တင်၏ဂိုဏ်းကို ဖြိုခွဲခဲ့သည်။ တခြားကျိတ်ပြီး မြှိုနေသော ဒုစရိုက်ကောင်ကြီးတွေလည်း ဇေယျာအောင် လက်ချက်နှင့် မကင်းခဲ့။

မကြာမီကပင် ဆရာရှိန်လှမောင် အထိနာသွားသေးသည်။ ဒုစရိုက်ကောင်ကြီးတွေ အထိနာသည်နှင့်အမျှ တိုင်းပြည်၏ဘဏ္ဍာတော်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်တင်းပေးခဲ့သည်။

မိမိကို ကယ်နိုင်သူမှာ ဇေယျာအောင်သာ ဟူ၍ ကြီးမြင့် မြင်လာသည်။

ဆရာရှိန်လှမောင်၏ အကြောင်းများကို ရေးပြီး မိမိ၏ကျရောက်လာသော အန္တရာယ်ကို ရှင်းပြရလျှင် ဇေယျာအောင်က လွယ်လွယ်လက်ခံနိုင်သည်။ သက်ဆိုင်ရာများကလည်း ဇေယျာအောင်ကို ယုံကြည်ကြသည်။

ကြီးမြင့်သည် လဲလျောင်းရာမှ ထထိုင်ကာ အနီးရှိ စာရေးစားပွဲတွင်ထိုင်ကာ ဇေယျာအောင်ထံသို့ စာရေးလေတော့သည်။ စာရေးပြီးသည်နှင့် လူခေါ်လျှပ်စစ်ခလုတ်လေးကို နှိပ်လိုက်သည်။



မကြာခင်မှာပင် အပြင်မှ အခန်းတံခါးခေါက်သံ ထွက်လာသည်။ ကြီးမြင့်က တံခါးကို လက်နှစ်လုံးလောက်ဟပြီး တည်းခိုခန်းမှ စားပွဲထိုးမှန်း သေချာမှ တံခါးကို ဖွင့်ပေးလိုက်သည်။

"ဆရာ့အခန်းက လူခေါ်ခေါင်းလောင်း နှိပ်သလားလို့ပါ ဆရာ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဒီမယ် ... ရော့"

ကြီးမြင့်က ငါးဆယ်တန်တစ်ချပ် ထုတ်ကာ စားပွဲထိုးအား ပေးလိုက်သည်။

"မင်း ဘောက်ထော် ပြည်သာယာလမ်းကို သိသလား"

"သိတယ် ဆရာ၊ ကျွန်တော်က တောင်ဥက္ကလာမှာနေတာ၊ အဲဒီဘောက်ထော်ကို နေ့တိုင်းဖြတ်နေရတာပဲ"

"ဒါဆို ပြည်သာယာလမ်းထဲက ဒီစာအိတ်ပေါ်မှာပါတဲ့ လိပ်စာ အိမ်အမှတ်အတိုင်း ဒီစာသွားပေးပေးစမ်းပါ"

"ရတယ် ဆရာ"

"အခု သွားပေးလေကွာ၊ မင်း ပေးပြီး ပြန်လာတဲ့အခါ နောက်ထပ် ငါ ငွေတစ်ရာထပ်ပေးမယ်"

"စိတ်ချ ဆရာ၊ ကျွန်တော် အခုပဲ မန်နေဂျာဆီက ခွင့်ခဏခံပြီး သွားလိုက်မယ်၊ ကျွန်တော့်အတွက် နေ့ဝက်လုပ်ခ ဖြတ်ချင်ဖြတ်ပါစေ"

စားပွဲထိုးလက်သို့ စာကိုပေးအပ်လိုက်သည်။

စာလေးတစ်စောင် သွားပို့ပေးရုံဖြင့် ငွေတစ်ရာငါး ဆယ်ရမည့်အလုပ်ကို စားပွဲထိုးက ကျေနပ်စွာ လုပ်ပေးလိမ့်မည်။

✤ ✧ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ဇေယျာအောင်သည် ရန်ကုန်အတွင်း ရှိနေစဉ်ဆို လျှင် ညဘက် ဘယ်မှာပင်အိပ်အိပ် တစ်နေ့တစ်ကြိမ်တော့ ဘောက်ထော် ပြည်သာယာလမ်းအိမ်သို့ ပြန်တတ်သည်။ အကယ် ၍မပြန်လိုကလည်း ရောက်ရာနေရာမှ ပြည်သာယာလမ်း တပည့် ကျော်ထံ ဖုန်းဆက်ပြီး မိမိအိမ်သို့ မည်သူမည်ဝါ လာရောက် သနည်း၊ မိမိထံသို့ မည်သူမည်ဝါ ဖုန်းဆက်သနည်း၊ အကြောင်း ထူး ဘာရှိသနည်းဟူ၍ မေးမြန်းကြည့်တတ်သည်။

ယနေ့လည်း အင်းစိန်ဆန်စက် သူ၏သီးသန့်တိုက် အိမ်လေးတွင် ညအိပ်ရန် ညကိုးနာရီလောက်မှရောက်ပြီး ရေချိုး၊ ကိုယ်လက်သန့်စင်၊ ညဝတ်အကျႌ ဝတ်ပြီးသည်နှင့် ဘောက် ထော် ပြည်သာယာလမ်းအိမ်သို့ ဖုန်းဆက်သည်။ တပည့်ကျော် ပြန်လည်ပြောပြသည်ကို နားထောင်သည်။

"ဘယ်သူမှ မလာပါဘူး ဆရာ၊ တယ်လီဖုန်းနဲ့ ကို... ဆိုတဲ့ လူတစ်ယောက်ကတော့ ဆက်တယ်၊ ဆရာ မရှိ... ဆိုတော့ ကိစ္စမရှိဘူး၊ ဆရာ့ခြံဝက စာတိုက်ပုံးလေးထဲ...



စာထည့်ထားတယ်တဲ့၊ စာတိုက်ပုံးကို ကျွန်တော် ဒီနေ့ သွားသိမ်းတော့ သတင်းစာတွေနဲ့အတူတူ စာအိတ်နှစ်အိတ် ရောက်နေတယ် ဆရာ"

"စာအိတ်နှစ်အိတ်က ထူးခြားပုံ ရသလား"

"စာအိတ်ပေါ်က လိပ်စာရေးထားတဲ့ လက်ရေးအရဆိုရင် စာအိတ်ပေါ်က လက်ရေးဟာ မိန်းမလက်ရေးလို့ ကျွန် တော် ထင်တယ် ဆရာ"

"ဟေ ... ငါ့ဆီ ဘယ်မိန်းမကများ စာရေးစရာ ရှိမှာလဲ"

"ဒါကတော့ တပည့်ကြီး မသိနိုင်ပါဘူး ဆရာ၊ ဖွင့်ပြီး တယ်လီဖုန်းထဲက ဖတ်ပြရမလား ဆရာ"

ဖုန်းပြောရင်းပင် ဇေယျာအောင်က ခေါင်းခါငြင်း ဆန်လိုက်သည်။

"မဖွင့်နဲ့၊ ငါ့ဟာငါ ဖွင့်မယ်၊ ဒီအတိုင်းထားလိုက်၊ မနက် မှ ငါလာခဲ့မယ်၊ နောက် စာအိတ်ပေါ်က လက်ရေးက ကော"

"ယောကျ်ားလက်ရေးပဲ ထင်တယ် ဆရာ၊ ဒါပေမဲ့ စာတတ် ပေတတ်ထဲက ဖြစ်ပုံမရဘူး၊ ပြည်သာယာလမ်းကို ရေးတဲ့ နေရာမှာ ယာကို ယပက်လက်နဲ့မရေးဘဲ ရကောက်နဲ့ရေး ထားတယ် ဆရာ"

"အေးလေ ... ဒီအတိုင်းပဲ ထားလိုက်၊ မနက်စောစော ငါ လာခဲ့မယ်၊ ဒါပဲဟေ့"

ဇေယျာအောင် ဖုန်းပြန်ချထားလိုက်သည်။ အိပ်ရာ ...ခံလှဲရင်း မိန်းမလက်ရေးဆို၍ စဉ်းစားကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မလေးလေးဆီက စာများလား" ဟု တွေးလေသည်။ သို့သော် မဖြစ်နိုင်ဖို့က များသည်။ အကြောင်းမူ လေးလေးသည် မိမိ၏လိပ်စာကို မသိပေ။ သူမက မမေးသောကြောင့် မိမိကလည်း မပြောဖြစ်ခဲ့ပေ။

လေးလေး ဆိုလေမှ မိမိတစ်သက်တွင် ဤတစ်ကြိမ်သာ ပြင်းပြင်းထန်ထန် စိတ်ဝင်စားရုံမက မေတ္တာစကားပင် ဖွင့်ပြောခဲ့သော လေးလေးကို ဖေယျာအောင် တမ်းမောလွမ်းဆွတ်မိသည်။

ယက္ခဘီလူးတွေကြားဝယ် အာသာဝတီ နွယ်နီနတ်ပန်းပွင့်နေသည့်နှယ် ရှိန်လှမောင်၏အိမ်တွင် ရောက်ရှိနေသော လေးလေးအား မိမိအနေနှင့် ဆက်သွယ်ရန် ခက်ခဲလှသည်။ လေးလေးက မိမိကို ဆက်သွယ်မှသာ ဆက်သွယ်၍ ရနိုင်သည့် အခြေအနေ ဖြစ်နေသည်။

လေးလေးကို အကဲခတ်ရသည်ကလည်း ခက်သည်။ တိမ်းမယောင်ယောင် ယိမ်းမယောင်ယောင်နှင့် မိမိ ဘယ်လို အကဲခတ်ရမည်မှန်း မသိတော့။

နောက်ဆုံး မိမိ အကဲခတ်မိသည်မှာ သူမသည်မိမိ အပေါ် တုံ့ပြန်ချင်ပုံတော့ရှိသည်။ သို့သော် လောလောဆယ် အကြောင်းတစ်ခုခု ရှိနေသောကြောင့် စဉ်းစားဆိုင်းငံ့နေသည်ဟု ဖြစ်တန်ရာသည်။

ညက လေးလေးအကြောင်းတွေးရင်း တော်တော်လေး ညဉ့်နက်မှ ဖေယျာအောင် အိပ်ပျော်သွားသည်။ ထို့ကြောင့် အိပ်ရာထ နောက်ကျရလေသည်။



နံနက် ရှစ်နာရီလောက်မှ ထသည်။ နံနက်ခြောက်နာရီကတည်းက လည်ပတ်နေသော မိမိဆန်စက်ကို လိုက်လံကြည့်ရှုသည်။ မန်နေဂျာခန်းဝင်ကာ နေ့စဉ်စာရင်း၊ လစဉ်စာရင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

နံနက်ကိုးနာရီခွဲမှ အင်းစိန်ဆန်စက်မှ ထွက်ခဲ့ကာ ပြည်သာယာလမ်း ဘောက်ထော်အိမ်သို့ ထွက်လာခဲ့သည်။

ရောက်သည်နှင့် စာကြည့်ခန်းဝင်ကာ စားပွဲပေါ်တွင် အသင့်တင်ထားသော စာအိတ်နှစ်အိတ်အနက် မိန်းမလက်ရေးနှင့် စာအိတ်ကို ဖွင့်ဖတ်လိုက်သည်။

"ဟိုက် ... လေးလေးဆီကပါလား"

စာပါ အကြောင်းအရာ ဖတ်ကြည့်သည်။ ပြည့်စုံစွာ ရေးထားသည်တော့ မဟုတ်။

လေးလေမှာ ဦးရှိန်လှမောင်၏ အကျဉ်းသားဖြစ်နေသည်။ ယခုလို ပြင်ပထွက်ခွင့်နှင့် ပြင်ပဆက်သွယ်ခွင့် မပေးဘဲ အကျဉ်းချုပ်သဘော ထားသည်မှာ အဘယ်အတွက်ကြောင့်ဟု တည့်တည့်ပပ မပြောနိုင်သေး။ တစ်ရက် နှစ်ရက်အတွင်း ကေသီနှင့်အတူ ပဲခူး ဟသာ်ကုန်းမှ အေးရိပ်ငြိမ်တွင် ကေသီ၏ရောဂါအတွက် ဆယ့်လေးငါးရက် သွားရောက်နေထိုင်ရမည်ဟု သိရသည်။

ယခု ဤစာရေးနေသည့်အချိန် ဦးရှိန်လှမောင်၏ အိမ်မှာပင် ရှိနေကြသေးသည်။ လေးလေးအတွက် အခြေအနေ မကောင်းလှဟု ခန့်မှန်းသည်။ ကိုဖေယျာအောင် အလျဉ်းသင့် လျှင် လာရောက်ကူညီပေးပါဟု ရေးထားသည်။

စာမှာ ကမန်းကတန်း ရေးရပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဧယျာအောင် ချက်ချင်း ထိုင်ရာမှထသည်။ ရှိန်လှမောင်၏အိမ်ကို သွားရောက်လေ့လာပြီး လေးလေး၏အခြေအနေကို သိလိုလှသောကြောင့် ဖြစ်ပေသည်။

သို့သော် စားပွဲပေါ်တွင် အခြားစာတစ်စောင်ရှိနေသေးသည်။ မိမိထံသို့ ဆက်သွယ်နေကျ လက်ရေးမျိုးမဟုတ်သည့်အပြင် ထူးခြားသည်ဟု ထင်သောကြောင့် မတ်တတ်ရပ်လျက်ပင် အခြားစာကို ဖောက်ဖတ်လိုက်သည်။

ကြီးမြင့်ဆိုသူထံမှ ရေးလိုက်သောစာ ဖြစ်နေသည်။

စာထဲတွင် ဦးရှိန်လှမောင်သည် သူ့ဇနီး ဒေါ်ကေသီအား မကြာမီ သတ်ပစ်တော့မည့်အကြောင်း ဖော်ပြထားသည်။

မြို့ပတ်ရထားပေါ်မှ လိမ့်ကျ သေဆုံးသွားသော ဦးမြိုင် သေရခြင်းမှာလည်း ရှိန်လှမောင်၏လက်ချက်ဖြစ်သည်။

တစ်ဆက်တည်းပင် ရှိန်လှမောင်၏အကြောင်း စာ မြစ်အားလုံးကို သိရှိနေသော မိမိကိုလည်း ဦးရှိန်လှမောင် ဂျော်နီဆိုသည့် လူသတ်သမားကိုငှားကာ သတ်ဖို့ မိမိနောက် လိုက်နေ၍ မိမိမှာ ဆူးလေဘုရားလမ်း အမှတ်(--)ရှိ တည်း ခန်းတွင်ခိုအောင်းကာ အပြင်မထွက်ရဲတော့ဘဲ ဤစာဖြင့် ဧယျာ အောင်အား အကူအညီ တောင်းရကြောင်းတွေ ရေးထားသည်။

ဧယျာအောင်သည် ဦးခေါင်းထဲတွင် မှတ်သား သရွေ့တွေ မှတ်သားပြီး စာနှစ်စောင်စလုံးကို စားပွဲအံဆွဲ ထည့်ကာ သော့ခတ်ထားလိုက်သည်။

ထို့နောက် ကမန်းကတန်း အိမ်ပေါ်မှဆင်း ကားဂိုဒေါင်ထဲရှိ သူ၏မော်တော်ဆိုင်ကယ်ကို ထုတ်သည်။



ပထမဆုံး ရွှေဘုံသာလမ်း ရွှေဆိုင်သို့ သွားသည်။ ယ်ချင်း ဝဏ္ဏနှင့် တွေ့ဆုံရလျှင် အကျိုးအကြောင်း သိနိုင် ာက်သည်။ မနေ့က ဝဏ္ဏသည် ပြည်သာယာလမ်းအိမ်သို့ ဆက်သည် မဟုတ်လား။

ပွဲရုံဆီသို့ ဆက်မောင်းခဲ့သည်။ ဟိုမှာလည်း ဝဏ္ဏ မတွေ့ခဲ့ရ။ ပွဲရုံသို့ ရောက်မလာသေးဟု သိရသည်။

ဧယျာအောင် ဘာလုပ်ရမည်ကို စဉ်းစားသည်။ လှမောင် အိမ်ထဲသို့ သွားလို့တော့ အကြောင်းထူးမည်မဟုတ်။ င် ဝင်ခွင့်ရနိုင်မည် မဟုတ်ပါလေ။

ဝဏ္ဏကို တစ်ကျော့ပြန်စောင့်ရင်း ကျောက်တံတား သို့ ဧယျာအောင် မောင်းခဲ့သည်။ အသင့်ပင် ဧယျာအောင် ခင်မင်သော စခန်းမှူး ဦးရဲထွန်းကို တွေ့ရသည်။

ဧယျာအောင်က ကြီးမြင့်စာပါ အကြောင်းများကို ပြသည်။ ယခုလက်ရှိ အခြေအနေတွင် ကြီးမြင့်မှာ ခိုအောင်း တည်းခိုခန်းမှ အပြင်သို့ပင် မထွက်ရဲသော အခြေအနေရှိ ပြောပြသည်။

"စိတ်ချ ကိုဧယျာအောင်၊ ဒီကောင်တွေလောကမှာ ဒါမျိုး ဘဲ ရှိတတ်တယ်၊ အခုမှဲ ရဲနှစ်ယောက်ကို လွှတ်ပြီး တည်းခိုခန်းက ကြီးမြင့်ကို ကျွန်တော် ဖမ်းချုပ်ပေးထား မယ်၊ ကိုဧယျာအောင် ပြန်လာပြီးမှ ဒီကောင့်ကို မေးစရာ ာတွေ မေးကြတာပေါ့"

ကြီးမြင့်အတွက် စိတ်ချရပြီမို့ ဧယျာအောင် ဝဏ္ဏ ဘစ်ပတ်ကျော့ ပြန်ထွက်ခဲ့ပြန်တော့သည်။

✤ ✧ ပြီး။

www.burmeseclassic.com

www.burmeseclassic.com



# ( ၁၉ )

အခြေအနေသည် ဆိုးရွားလေပြီ။

ပထမက ကေသီသည် မိမိဘက်တွင် ရှိနေလိမ့်မည် ဟု ထင်မိခဲ့သည်။ လေးလေး၏ အထင်သည် တက်ထွက်ခဲ့ လွဲလေပြီ။ ဦးရှိန်လှမောင်က ကေသီအား မည်သို့ အပြုအမူ အယုအယတွေနှင့် နားသွင်းလိုက်သည်မသိ။ ဦးရှိန်လှမောင်၏ အမိန့်အတိုင်း တစ်သဝေမတိမ်း ကေသီ လုပ်ဆောင်ပေပြီ။

အိမ်ကြီးမှထွက်ကြရန် ကားပေါ်ရောက်လေမှ ကေသီ က သူမ၏သေနတ်ကို ပိုက်ဆံအိတ်ထဲမှထုတ်ကာ နောက်ခန်း တွင်ထိုင်နေသော မထွေးကြည်သို့ ပေးလိုက်၏။

မထွေးကြည်ကလည်း ခေသူမဟုတ်။ သူ့တွင် အသင့်ရှိနေသော လက်အိတ်ကိုစွပ်ပြီးမှ သေနတ်ကို လှမ်းယူ သည်။ သေနတ်ပြောင်းကို ရှေ့ခန်းတွင် နေရာယူ ထိုင်နေသော လေးလေး၏ ကျောပြင်ကို ချိန်းထားလိုက်သည်။ ဤအစီအစဉ် အားလုံးသည် ဦးရှိန်လှမောင်၏ အစီအစဉ်ပင် ဖြစ်ပေလိမ့်မည်ဟု လေးလေး တွေးမိပါ၏။



သူမ၏ကားကို ကေသီကပင် မောင်းသည်။ ကမ္ဘာ အေးလမ်းမကြီးအတိုင်း မရမ်းကုန်းဘက်သို့ ဦးတည်မောင်းလာခဲ့ သည်။

"ကဲ ... လေးလေး၊ လမ်းမှာ ဉာဏ်များပြီး လွတ်ပေါက် မရှာနဲ့နော်၊ နောက်က မထွေးကြည်ကို ကိုမောင်က ဘာ ဖြစ်ရင် ဘာလုပ်ရမယ်လို့ တော်တော် တိတိကျကျ မှာ လိုက်တယ်၊ ဒါတင်မကသေးဘူး၊ တို့ကားနောက်က ကိုမောင်က သူ့လူတွေလွှတ်ပြီး တခြားကားတစ်စီးနဲ့လိုက် ခိုင်းဦးမှာတဲ့"

လေးလေးက ပခုံးတွန့်လိုက်သည်။

"ကေသီ့ကို လေးလေး မေးမယ်၊ ကေသီဟာ ကိုယ့်ဟာ ကိုယ် ဘာတွေ လုပ်နေမှန်းကော သိရဲ့လားဟင်"

"သိတယ်လေ၊ ကိုမောင်က ပြောတယ်၊ လေးလေးဟာ ကိုဗေယျာအောင်ဆိုတဲ့လူနဲ့ ချစ်ကျွမ်းဝင်နေပြီတဲ့၊ အဲဒီ ဗေယျာအောင်ဟာ ကိုမောင့်အဖို့ ကြောက်စရာအကောင်း ဆုံး ရန်သူတဲ့၊ ကိုမောင့်မှာ ချမ်းသာသရွေ့ စည်းစိမ်တွေ ပြုတ်သွားရုံမက ကိုမောင် ထောင်ထဲရောက်သွားတဲ့အထိ ဗေယျာအောင် စွမ်းဆောင်နိုင်တယ်တဲ့၊ လေးလေးဟာ တို့အိမ်ကြီးပေါ်မှာ လာနေတာ ဗေယျာအောင်ရဲ့သူလျှို အဖြစ် လာနေတာတဲ့၊ ဒါကြောင့် တို့ကို အခု ရောဂါကုတဲ့ အေးရိပ်ငြိမ်ကို လွှတ်တဲ့အချိန်မှာ လေးလေးကို အပါခေါ် သွားမှဖြစ်မယ်တဲ့၊ တို့များ အေးရိပ်ငြိမ်မှာ နေနေတဲ့ရက်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းအတွင်းမှာပဲ ကိုမောင်က သူ့လုပ်ငန်းတွေ ပြီးပြတ်အောင် လုပ်မယ်တဲ့၊ သူ့လုပ်ငန်းတွေ ပြီးပြတ်သွားရင် ဇေယျာအောင် နှောင့်ယှက်မှာလည်း မစိုးရိမ်ရဘူးတဲ့၊ အဲဒီတော့မှ လေးလေးကို သွားချင်တဲ့ဆီသွားဖို့ လွှတ်ပေးမယ်တဲ့"

"လေးလေးက ကေသီတို့အိမ်မှာ လာနေတာ ကိုဇေယျာအောင်ရဲ့ သူလျှိုအဖြစ် လာနေတယ်ဆိုတာ ကေသီက ယုံသလား"

"ကိုမောင် ပြောတာပဲလေ၊ ကိုမောင်က ကေသီ့ကိုတော့ မဟုတ်တာ ဘယ်ပြောမလဲ"

"ဒီ့ပြင် အကြိမ်တွေမှာ ဦးရှိန်လှမောင်ဟာ ကေသီ့ကို အမှန်ပြောချင် ပြောမယ်ပေါ့၊ အခု လေးလေးနဲ့ ပတ်သက်ပြီး ပြောတာတော့ ဦးရှိန်လှမောင်က ကေသီ့ကို ညာတာပဲ"

"ဘာလို့"

"ကေသီတို့အိမ်ကို လေးလေး ဘာလို့ လာနေတယ်ဆိုတဲ့ အကြောင်းစစ် အကြောင်းမှန်ကို ဦးရှိန်လှမောင်က သိလျက်သားနဲ့ အမှန်မပြောလို့ပေါ့"

"ဒါဖြင့် ..."

"လေးလေးဟာ ကေသီကိုယ်တိုင် သေနတ်ထဲက ကျည်ဆန်တွေအားလုံးနဲ့ ပစ်သတ်လိုက်တဲ့ ထောင်ထွက် ကိုညွန့်ဦးရဲ့ ညီမအရင်းခေါက်ခေါက်မှန်း ဦးရှိန်လှမောင်က သိနေတာပဲ ကေသီ"



"ဘာ ... ဘာ ... ဘာ"

ကေသီမှာ ကြားလိုက်ရသော စကားအတွက် ကယောင်ချောက်ချားဖြစ်ကာ မော်တော်ကား စတီယာရင်ကိုပင် မှန်အောင်မကိုင်နိုင်ဘဲ လမ်းဘေးထိုးကျသွားမည်ဖြစ်၍ လေးလေးက ကားလက်ကိုင်ဘီးကို လမ်းပေါ်သို့ ပြန်ကွေ့တင်လိုက်သည်။

ယင်းအချိန်မှာပင် မထွေးကြည်က လေးလေး၏ ကျောပြင်ကို သေနတ်ပြောင်းဖြင့် ထောက်လိုက်သည့်အတွက် လေးလေးက ဆတ်ခနဲ နောက်သို့ပြန်ကြည့်လိုက်သည်။

"တကယ်ပစ်ရဲလို့လား မထွေးကြည်၊ ပစ်ရဲရင် ပစ်လိုက်လေ၊ ဟောဒီကားကို လမ်းဘေးက သစ်ပင်နဲ့ ခေါင်းတည်ပေးလိုက်မယ် နားလည်လား၊ ဒါဆို အားလုံးသေသွားနိုင်တယ်"

မထွေးကြည်က လေးလေး၏ တကယ့်မျက်နှာအမူအရာကိုကြည့်ပြီး သေနတ်ပြောင်းကို နောက်သို့ပြန်ဆုတ်ထားလိုက်သည်။

လေးလေး အကူအညီနှင့်ပင် မော်တော်ကားသည် လမ်းပေါ်သို့ တည့်မတ်စွာ ပြန်ရောက်သွားသည်။

"စိတ်ငြိမ်ငြိမ်ထားပါ ကေသီ၊ အမှန်တရားဆိုတာ ဖုံးကွယ်လို့ရရင် တစ်ခဏပေါ့၊ ကေသီနဲ့ ကိုညွန့်ဦးတို့ ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းတွေကို လေးလေး ကောင်းကောင်း သိထားပါတယ်"

"ဒါဖြင့် ဗိုလ်ချုပ်ဈေးက နန်းကြီးသုပ်ဆိုင်ထဲမှာ စားနေတဲ့ဆိုးလေးက ကိုညွန့်ဦး နာမည်ကို အကျယ်ကြီး ခေါ်နိုင်းတာ လေးလေးရဲ့ လက်ချက်ပေါ့ ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... စားပွဲထိုး ကောင်လေးကို ငွေငါးဆယ် ပေးပြီး တမင် အစ်ကိုညွန့်ဦး နာမည် အော်ခိုင်းတာ၊ ဘာလို့ အဲဒီလို အော်ခိုင်းသလဲ ဆိုတာကော ကေသီ သိချင်ပြီမဟုတ်လား၊ အစ်ကိုညွန့်ဦးနဲ့ ပတ်သက်ပြီး ကေသီ့ရင်ထဲမှာ ဘယ်လောက်ထိ အတိမ်အနက် ရှိနေတယ် ဆိုတာကို သိချင်လို့ပဲ ကေသီ"

ကေသီသည် ဆွံ့အသွားသူပမာ ဘာတစ်လုံးမျှ မပြောဘဲ ရှေ့ကိုသာ တူရူကြည့်ရင်း ကားကို မောင်းနေပေသည်။ ကေသီသည် သူမ၏စိတ်ကို အတင်းထိန်းချုပ်လျက်ရှိကြောင်း လေးလေး အကဲခတ်မိသည်။

"လေးလေးနဲ့ အစ်ကိုညွန့်ဦးဟာ မိဘမဲ့မောင်နှမပါ၊ လေးလေးက မန္တလေးက ဦးလေးအိမ်မှာ နေရတယ်၊ မိန်းကလေးမို့ ဦးလေးက အောင့်အောင့်အည်းအည်းတော့ ယူပေမယ့် အစ်ကိုညွန့်ဦးကျတော့ ကိုယ့်ထမင်း ကိုယ်ရှာစားဆိုပြီး လက်မခံဘူး၊ အစ်ကိုညွန့်ဦးဟာ ရန်ကုန်ဆင်းသွားပြီး အလုပ် လုပ်ခဲ့တယ်၊ အဲဒီအချိန်ကစပြီး မောင်နှမနှစ်ယောက်ဟာ အဆက်အသွယ် ပြတ်ခဲ့ကြတယ်၊ လေးလေးကလည်း စာကြိုးစားနိုင်မှ၊ တက္ကသိုလ်က ဘွဲ့ရလေမှ ရှေ့ကို လူတစ်လုံး သူတစ်လုံး နေနိုင်မယ်ဆိုပြီး စာကိုသာ ဖိကြိုးစားနေရတယ်၊ အစ်ကိုညွန့်ဦးကို ဆက်သွယ်ဖို့ကောင်း မကြိုးစားနိုင်ခဲ့ဘူး၊ အဲဒီအချိန်မှာပဲ အစ်ကိုညွန့်ဦး အလုပ်ရှင်ရဲ့ငွေတွေ မသမာမှုနဲ့ ထောင်ကျသွားတယ်လို့ ကြားရတယ်၊ လေးလေး ငိုခဲ့ရတယ်၊ နောက်ပြီး အခ



ညွန့်ဦးလို အင်မတန် ရိုးသားတည်ကြည်တဲ့လူ ငွေကြေးမသမာမှုဖြစ်တာ တစ်ယောက်ယောက်ရဲ့ သွေးဆောင်ဖြားယောင်းမှုကြောင့်ပဲလို့ လေးလေး တွက်ခဲ့တယ် ကေသီ"

ကေသီက ဆွံ့အဆဲပင်။ ကားကိုသာ မှန်မှန်မောင်းနေသည်၊ သူမစိတ်ဓာတ်တို့သည် အတော်အတန် ခံနိုင်ရည်ရှိသွားပုံလည်း ရသည်။

"အစ်ကိုညွန့်ဦး ထောင်ဘယ်နှနှစ်ကျမှန်းလဲ လေးလေး မသိပါဘူး၊ လွတ်လာတာလည်း မသိရဘူး၊ အစ်ကိုညွန့်ဦးက သူ့ကိုယ်သူ လူဆိုးထောင်ထွက်ဆိုပြီး ညီမဂုဏ်ငယ်မှာစိုးလို့ လုံးဝမဆက်သွယ်ဘူး ထင်ပါရဲ့"

"အစ်ကိုညွန့်ဦး ထောင်ဘယ်နှနှစ်ကျမှန်းလဲ လေးလေး မသိပါဘူး၊ လွတ်လာတာလည်း မသိရဘူး၊ အစ်ကိုညွန့်ဦးက သူ့ကိုယ်သူ လူဆိုးထောင်ထွက်ဆိုပြီး ညီမဂုဏ်ငယ်မှာစိုးလို့ လုံးဝမဆက်သွယ်ဘူး ထင်ပါရဲ့"

ကေသီက ငြိမ်နေရာမှ လေးလေးကို လှည့်မကြည့်ဘဲ မေးခွန်းမေးလိုက်သည်။

"ကိုညွန့်ဦးက တို့အကြောင်း လေးလေးကို တစ်ခါမှ မပြောခဲ့ဘူးလားဟင်"

"လုံးဝမပြောဘူး၊ လုံးဝ မဆက်သွယ်ဘူးလို့ လေးလေး ပြောခဲ့ပြီပဲ"

"ဒါဖြင့် လေးလေးက တို့နဲ့ ကိုညွန့်ဦးရဲ့အကြောင်းကို ဘယ်လိုသိတာလဲ"

"ကေသီက အစ်ကိုညွန့်ဦးကို သတ်ပစ်လိုက်ပြီး သတင်း

www.burmeseclassic.com

www.burmeseclassic.com



စာထဲ ဟိုးလေးတကျော်ကျော် ပါလာမှ လေးလေး…
အစ်ကိုညွန့်ဦးရဲ့အလောင်းကို တွေ့လိုတွေ့ငြား ဆိုပြီး …
ကို ဆင်းလာခဲ့တာ၊ ပဲခူးဆေးရုံ ရင်ခွဲရုံထဲမှာ အစ်…
ညွန့်ဦးရဲ့အလောင်းကို နောက်ဆုံးကြည့်ခြင်းအဖြစ် သွား…
ကြည့်ရတယ်လေ၊ အဲဒီမှာ လေးလေးလိုပဲ အလောင်း…
လာကြည့်တဲ့ ဦးသိဒ္ဓိဆိုတဲ့ လူကြီးနဲ့တွေ့တယ်၊ အစ်…
ညွန့်ဦးနဲ့ ထောင်ထဲမှာ ခင်မင်လာတဲ့ လူကြီးတဲ့…
လေးလေးကို တွေ့တာနဲ့ ရုပ်ချင်းဆင်ဆင်တူတာကို အ…
ခတ်ပြီး ကလေးမလေးက ညွန့်ဦးညီမ လေးလေးလား…
မေးတယ်၊ အစ်ကိုညွန့်ဦးက ညီမလေး ဂုဏ်ငယ်မှာ…
လုံးဝအဆက်အသွယ် မလုပ်ပေမယ့် တစ်လောကလုံး…
တစ်ယောက်တည်းသာရှိတဲ့ ညီမကို အမြဲသတိရ…
ထောင်ထဲမှာ ဦးသိဒ္ဓိကို သူ့ညီမ လေးလေးအကြော…
ပြောလေ့ရှိတယ်ဆိုပဲ၊ ဒါကြောင့် ဦးသိဒ္ဓိက လေးလေး…
တွေ့တာနဲ့ ညွန့်ဦး ညီမလေး ဖြစ်ရမယ်ဆိုပြီး မေး…

မော်တော်ကားသည် မရမ်းကုန်းမီးပွိုင့်ကိုဖြတ်…
မင်္ဂလာဒုံလမ်းအတိုင်း မောင်းနှင်နေပေသည်။ ကေသီသည်…
မောင်းရာတွင် အမှားအယွင်း မရှိသောကြောင့် တော်…
သူမ၏စိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းထားနိုင်ပြီဟု…
ရပေမည်။ လေးလေးကပင် စကားကို ဆက်ပြော၏။

"အဲဒီ ဦးသိဒ္ဓိကပဲ လေးလေးကို ရန်ကုန်လိုက်ခဲ့ဖို့…
တယ် သူ့အိမ်က သာကေတမှာ၊ သူ့အိမ်ရောက်…
အစ်ကိုညွန့်ဦး ကျန်ခဲ့တဲ့ စာရွက်စာတမ်းနဲ့ စာတ…



ညှပ်ထားတဲ့ဖိုင်တွဲ လေးလေးကို ဦးသိဒ္ဓိက ပေးလိုက်တယ်၊ ထောင်က ထွက်လာပြီးတဲ့နောက် အစ်ကိုညွန့်ဦးမှာ ခိုကိုးရာမရှိလို့ ဦးသိဒ္ဓိအိမ်မှာ ကပ်နေရသေးတယ်လေ၊ ဦးသိဒ္ဓိက တစ်နှစ်စောပြီး ထောင်ကလွတ်လာတယ်ဆိုပဲ ...

"စဉ်းစားကြည့်ပါ မကေသီ၊ အစ်ကိုညွန့်ဦး ထောင်ကလွတ်ပြီး စုတ်ပြတ်နေတဲ့ ဦးသိဒ္ဓိအိမ်မှာ တည်းနေချိန်မှာ ကေသီက ကမ္ဘာအေးလမ်းမကြီးမှာ ခြံကြီးဝန်းကျယ်တိုက်အိမ်ကြီးနဲ့ စတိုင်ကျကျ နေနေရတာ"

ကေသီ့ထံမှ ငိုရှိုက်သံ ထွက်လာပေသည်။ မျက်ရည်တွေ ပါးပေါ်သို့ စီးကျလျက်ပင် ကေသီသည် ကားကိုဖြောင့်တန်းစွာ မောင်းနှင်နိုင်ပါ၏။ မထွေးကြည်သည် ကေသီနှင့် လေးလေး ပြောနေသည်ကို ကြားချင်လည်း ကြားမည်။ မကြားချင်လည်း နေမည်။ ဘာတွေပြောပြော သူမ၏အလုပ်မဟုတ်သဖြင့် စကားတစ်လုံးမျှ စွက်ဖက်ခြင်း မပြုပါလေ။ သူမ၏တာဝန်မှာ သူမ ယခုကြားသရွေ့ကို ဦးရှိန်လှမောင်အား ပြန်လည်ပြောကြားရန်သာ ဖြစ်ပေလိမ့်မည်။

"လေးလေးဟာ အစ်ကိုညွန့်ဦးရဲ့ ဖိုင်တွဲကို ဖွင့်ဖတ်တယ်၊ ဖွင့်ကြည့်တယ်၊ ကေသီနဲ့ ချစ်ကြိုက်စဉ်က ကေသီကိုယ်တိုင် ပေးထားတဲ့ ကေသီရဲ့ဓာတ်ပုံတွေ၊ ကေသီကိုယ်တိုင် ရေးထားတဲ့ စာတွေကို တွေ့ရတာပဲ ...

"မှတ်မိရဲ့လား ကေသီ၊ အစ်ကိုညွန့်ဦး ဘဏ်ကငွေထုတ်လာတဲ့အခါ လမ်းမှာ ငွေတွေ ကေသီ့လက်ထဲအပ်ပြီး အစ်ကိုညွန့်ဦးက ဘာတွေဆက်လုပ်ပါ ဘာတွေဆက်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ပါလို့ ကေသီ ကိုယ်တိုင် အစီအစဉ် လုပ်ပေးတာ မှတ်မိသေးရဲ့လား”

ကေသီက ဘာမှုပြန်မပြောဘဲ ကျိတ်ပြီး မျက်ရည်တွေသာ ကျနေပါ၏။

“ကေသီ့စာထဲမှာ ဒီလိုငွေတွေ ဖြောင်လိုက်မှသာ ကေသီနဲ့ အစ်ကိုညွန့်ဦးတို့ ရာသက်ပန် လက်တွဲပြီး အဆင်ပြေပြေနေနိုင်မှာမို့ ဒီလိုစီစဉ်ရတာပါ ဆိုတာတွေလည်း စီကာပတ်ကုံး ရေးထားသေးတယ်လေ”

ကေသီက ရှိုက်သံနှင့်အတူ လေးလေးအား ပြန်ပြောပေသည်။

“ကိုညွန့်ဦးဟာ တကယ့်ကို လူတော်လူကောင်းတစ်ယောက်ပါ လေးလေး၊ ကေသီ့ကိုလည်း သူ တကယ့်ကို နှစ်နှစ်ကာကာ ချစ်ရှာလွန်းလို့ သူ ဒီလိုလုပ်လိုက်မိတာပါ”

“ဩော် ... ဩော်၊ ဒါကြောင့် ကေသီက သူ့ကို အေးရိပ်ငြိမ်ရဲ့သော့တူတွေ ပေးတယ်၊ အေးရိပ်ငြိမ်မှာ တွေ့ကြဖို့ ချိန်းတယ်၊ တွေ့တာနဲ့ သေနတ်ထဲရှိသမျှ ကျည်ဆန်တွေ အားလုံးနဲ့ လူတော်လူကောင်းကြီး ကေသီ့ကို နှစ်နှစ်ကာကာ ချစ်ရှာလွန်းတဲ့လူကြီးကို ပစ်သတ်လိုက်တယ်ပေါ့ ... ဟုတ်လား”

ကေသီ့ထံမှ ဘာအဖြေမှ ထွက်ပေါ်လာခြင်း မရှိပါလေ။

“အစ်ကိုညွန့်ဦးဟာ သူ့ဖိုင်တွဲမှာ သူ့ရင်ထဲ ခံစားရတာလေးတွေ ရေးညှပ်ထားသေးတယ် ကေသီ၊ နဂိုကတည်း



အစ်ကိုညွန့်ဦးဟာ နှလုံးသားနူးညံ့သိမ်မွေ့သူပါ၊ အစ်ကိုညွန့်ဦးနဲ့ လေးလေးတို့ မောင်နှမ မခွဲခွာခင်လေးက တွဲရိုက်ထားတဲ့ ဓာတ်ပုံလေးဆိုလည်း နောက်ဆုံး သေတဲ့အထိ တယုတယ ဖိုင်တွဲထဲမှာ ညှပ်ပြီးသိမ်းထားတယ်၊ နောက်ဆုံး သူ့ကိုယ်သူ ဆုံးမသလိုလို ရေးထားတာလေးတွေလည်း တွေ့ရတယ် ...

“မိုက်မဲစွာ ချစ်တတ်ခဲ့သူမို့ မိုက်မဲစွာနဲ့ပဲ အပြစ်ဒဏ်ကို သူ ခံခဲ့ရပြီးပါပြီတဲ့၊ သူ မိုက်မဲစွာ ချစ်ခဲ့ရတဲ့ ကေသီဟာ သူတစ်ပါးရဲ့ရင်ခွင်ထဲ ရောက်နေပါပြီတဲ့၊ ကေသီ့ကို မမုန်းပါတဲ့၊ ကေသီ့ကို အပြစ်မတင်လိုပါတဲ့၊ ကံစီမံရာကို လူသားတိုင်း ခံစားရစမြဲပါတဲ့၊ သူတစ်ပါးရဲ့ တရား[illegible]ဝင်ဇနီးမယား ဖြစ်နေတဲ့ ကေသီ့ကိုလည်း သူ့အနေနဲ့ ကာမေသုမိစ္ဆာစာရကံကြီးကို ချိုးဖောက်ပြီး မမျှော်မှန်းတော့ပါတဲ့၊ ဒါပေမဲ့ သူ့ဘဝလမ်းကို သူပြန်လည် ဖြောင့်ဖြောင့်တန်းတန်း လျှောက်နိုင်ဖို့အတွက် သူ့အလုပ်ရှင်က ငွေတချို့တစ်ဝက် ပြန်ပေးရင် အလုပ်တစ်နေရာ ပြန်ပေးမှာမို့ ကေသီက ငွေတချို့တစ်ဝက် သူ့ကိုပေးပါ၊ ကြည့်စမ်းပါ ကေသီ၊ အစ်ကိုညွန့်ဦးဟာ ဘယ်လောက် စိတ်ထားကောင်းမွန်လိုက်သလဲလို့၊ ကေသီ့ကို လိုချင်မက်မောလွန်းလို့ ထောင်ကျခံပြီး ငွေတွေဖြောင်ခဲ့တယ်၊ ထောင်ကထွက်လာတော့ ကေသီက ဦးရှိန်လှမောင်ရဲ့တရားဝင်ဇနီးမယား ဖြစ်နေပြီ၊ တော်ရုံယောကျ်ားဆိုရင် ကေသီ့ကို သင်္ချိုင်းပစ်ဖို့ ကြိုးစားမှာပေါ့၊ အစ်ကိုညွန့်ဦးကတော့ ကေသီ့ကိုအာဃာတ

www.burmeseclassic.com

www.burmeseclassic.com



မထားဘဲ တရားသဘောနဲ့ ကံစီမံရာလို့သာ ဖြေသိမ့်လိုက် ရာတယ်၊ တကယ်ဆို ကေသီဟာ နည်းနည်းလေး ငဲ့ စိတ်ထားရင် သူ့ငွေတချို့ ပြန်ပေးလိုက်ရုံပဲ၊ အခု ကေသီက ဖြာယောင်းပြီး အေးရိပ်ငြိမ်ကိုခေါ်တယ်၊ နော ပြီး ရက်ရက်စက်စက် သတ်ပစ်လိုက်တယ်”

“တော်ပါတော့ လေးလေးရယ်၊ ဒါတွေကို တို့ရင်ထဲ မချိလွန်းလို့ စိတ်ရောဂါတောင် ဖြစ်လာရတယ် မဟုတ် လား၊ ဒါပေမဲ့ အဲဒီတုန်းက အခြေအနေဟာ တို့အနေ ဘာဆိုဘာမှ မတတ်နိုင်တဲ့ အခြေအနေမို့ ကိုညွန့်ဦး သေနတ်နဲ့ ပစ်သတ်လိုက်ရတာပါ လေးလေး”

“ဘာမှ မတတ်နိုင်တဲ့ အခြေအနေ ဟုတ်လား”

“တို့ လေးလေးကို ပြောဖူးပါတယ်၊ ကိုမောင်ဟာ တို့ တကယ့်ကို ကျကျနန စည်းစိမ်နဲ့ ထားခဲ့ပါတယ်၊ ဝ ချင်တာဝတ်၊ စားချင်တာစား၊ ဝယ်ချင်တာဝယ်ရတာ လေ၊ ဒါပေမဲ့ တို့ကို ငွေအလုံးအရင်းကိုင်ခွင့် မပေးဘူး တို့ကို လုပ်ပေးထားတဲ့ လက်ဝတ်လက်စားဆိုလည်း တို့ အနေနဲ့ ပေါင်မရ၊ ရောင်းမရအောင် ကိုမောင်က ချုပ်ကိုင် ထားတယ်၊ အဲဒီအခြေအနေမှာ ကိုညွန့်ဦးက အနည်းဆုံး ငွေနှစ်သိန်းလောက် ပြန်လိုချင်တယ်ဆိုတော့ တို့မှာ ဘယ် လိုမှ ပေးနိုင်စွမ်း မရှိဘူးလေ”

“သူ့ငွေကို သူပြန်တောင်းတာပဲ ကေသီ၊ ဒါတောင် လေး သိန်းထဲက ထက်ဝက်ဖြစ်တဲ့ နှစ်သိန်းတည်း အစ်ကို ညွန့်ဦးက တောင်းတာပါ”



“ဟုတ်ပါတယ်၊ အဲဒီတုန်းက တို့လက်ထဲမှာ ရှိနေရင် ကိုညွန့်ဦးကို ရော ... အင့်လို့ ပေးလိုက်ချင်စိတ်ရှိတာ အမှန်ပါ”

“ငွေလေးသိန်းက ဘယ်ရောက်သွားသလဲ”

“ပြောမယ် လေးလေး၊ နဂိုစိတ်ကူးအမှန်က ငွေလေးသိန်းကို သိမ်းသိမ်းဆည်းဆည်းထားပြီး ကိုညွန့်ဦး လွတ်လာမှ လက်ထပ်ပြီး အတူနေကြဖို့ပါ၊ အဲဒီလိုနေရင်း ကိုမောင်နဲ့ တွေ့ကြတယ်၊ တို့ မရှက်ပါဘူး လေးလေး၊ ကိုမောင့်ကို တွေ့တဲ့အချိန်ကစပြီး တို့ ကိုယ်တိုင်က သိပ်ချစ်မိတယ် တို့တစ်သက်မှာ ကိုမောင့်ကိုချစ်တဲ့ အချစ်မျိုးနဲ့ တစ်ခါ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး၊ ဒီတော့ ကိုမောင်က တို့ကို တရားဝင်ဇနီးအဖြစ် လက်ထပ်လာအောင် ငွေလေးသိန်း စလုံး ကိုမောင့် လက်ထဲ ပုံပေးလိုက်တာပဲ လေးလေး”

နှစ်ယောက်သား ငြိမ်သက်သွားကြသည်။

မော်တော်ကားသည် ထောက်ကြန့်ကို ကျော်ဖြတ်နေသည်။

“လေးလေးအနေနဲ့ ကိုယ့်အစ်ကိုအတွက် တို့ကို သိပ်မုန်းမှာပဲနော်”

“မုန်းခဲ့တယ် ကေသီ၊ လေးလေးကို အစ်ကိုညွန့်ဦးရဲ့ညီမ မှန်း ကေသီက မသိပေမယ့် ဖိုင်တွဲထဲက ဓာတ်ပုံအရ ကေသီ့ကို လေးလေးက သိနေတယ်၊ ဒါကြောင့် ဗိုလ်ချုပ်ဈေး နန်းကြီးသုပ်ဆိုင်ထဲမှာ ကေသီ့ကို ရိပ်ခနဲ တွေ့တာနဲ့ တမင်ဝင်ပြီး စားပွဲထိုးလေးကို ပိုက်ဆံပေး အစ်ကိုညွန့်ဦး

www.burmeseclassic.com

www.burmeseclassic.com



နာမည်အော်ခေါ်ခိုင်းတာပဲ၊ ကေသီရဲ့တကယ့် ဝမ်းတွင်းသဘောကို အကဲခတ်ချင်လို့လေ၊ အဲဒီနောက် ထပ်ပြီးအဆင်ပြေသွားတာက ကေသီ ကိုယ်တိုင်က လေးလေးရဲ့ဇာစ်မြစ်အကြောင်း ဘာမှမသိဘဲနဲ့ ခင်ထားရီကို မခံချင်စိတ် ပြင်းထန်ပြီး လေးလေးကို အိမ်ကြီးပေါ် ခေါ်တင်လိုက်တာပဲ"

"ဒါဖြင့် တို့အိမ်ကို လိုက်နေဖို့ သဘောတူခဲ့တဲ့ လေးလေးဟာ အစ်ကို့အတွက် တို့ကို လက်တုံ့ပြန်မယ်ဆိုတဲ့ စိတ်နဲ့ပေါ့"

"အမှန်ပဲ၊ ဒါပေမဲ့ အိမ်ကြီးပေါ် လေးလေး ရောက်ပြီးမကြာခင်မှာပဲ ကေသီ့ကို လေးလေးက လက်တုံ့ပြန်ဖို့တောင်မလိုတော့ဘူး၊ ကေသီ့ယောက်ျား ဦးရှိန်လှမောင် ကိုယ်တိုင်က ခင်ထားရီနဲ့ လက်ထပ်နိုင်ဖို့အတွက် ကေသီ့ကိုအမှည့်ခြွေခြွေနေပြီဆိုတာ လေးလေး အကဲခတ်မိတယ်၊ လူ့စိတ်ဆိုတာ အဆန်းသားပဲ ကေသီ၊ အစကတော့ အစ်ကိုညွန့်ဦးအတွက် လက်တုံ့ပြန်ချင်တဲ့စိတ် ရှိခဲ့တယ်၊ ဒါပေမဲ့ တကယ့် လက်တွေ့မှာ ကေသီရဲ့အဖြစ်ဆိုးကိုဘေးကမြင်တွေ့ရပြီး ကေသီ့ကိုပဲ လေးလေးက ပြန်ပြီးသနားစိတ် ဖြစ်ပေါ်လာတယ်၊ လေးလေး စကားကို မယုံမရှိနဲ့ ကေသီ၊ ကေသီရဲ့ကိုမောင် ဦးရှိန်လှမောင်ဟာကေသီ့ကိုသေစေဖို့ ကြံစည်နေတာ အမှန်ပဲ"

မထွေးကြည်သည် တစ်ချိန်လုံး ငြိမ်သက်နေခဲ့ရာမှ လေးလေး၏စကားအဆုံးတွင် ဝင်ရောက်ပြောဆိုလိုက်ပေသည်။



"မမကေသီ ... မလေးလေးရဲ့စကားတွေ နားမထောင်ပါနဲ့၊ လက်မခံပါနဲ့၊ အစ်ကိုကြီးဟာ မမကေသီကို ဘယ်လောက်ချစ်တယ်ဆိုတာ မမကေသီက လင်မယားချင်းချင်း အသိဆုံးပါ၊ အခု မလေးလေး ပြောနေတာတွေဟာ သူ့ရဲ့လွတ်ပေါက်အတွက် မမကေသီကို ဖြားယောင်းပြီး ပြောနေတာတွေပါ"

ကေသီ့စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်ရသည်။ အမှန်တော့ မထွေးကြည် ပြောသကဲ့သို့ပင် ကိုမောင်သည် စတင်ညားခဲ့သည့်အချိန်မှစ၍ ယခုအချိန်အထိ မိမိအပေါ်တွင် ကြင်နာခဲ့သည်။ ယုယခဲ့သည် မဟုတ်လား။ လေးလေး မိမိအပေါ်တွင် သူမ၏အစ်ကိုအား သတ်ခဲ့မှုအတွက် ကျားနာ ဖြစ်နိုင်သည်။ ယခု လေးလေး ပြောသမျှသည် အလိမ္မာစကားတွေသာ ဖြစ်ပေမည်။

ကေသီက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဒါဖြင့် ကိုညွန့်ဦး ထားခဲ့တဲ့ ဓာတ်ပုံတွေနဲ့ စာတွေပါတဲ့ ဖိုင်တွဲကော ဘယ်မှာလဲ လေးလေး"

"လေးလေး သေတ္တာထဲက ဟောဒီ မထွေးကြည်ပဲ သော့တူနဲ့ဖွင့်ပြီး ခိုးယူတယ်လေ၊ ဦးရှိန်လှမောင်ကို ပေးလိုက်တယ်တဲ့၊ နောက်မှာ မထွေးကြည် ရှိနေသားပဲ၊ မေးကြည့်ပေါ့ ကေသီ"

"ဟုတ်တယ် မမကေသီ၊ မလေးလေးက ဒီစာတွေပြပြီးကိုညွန့်ဦးကို မမကေသီ သတ်တာပါလို့ ခြိမ်းခြောက်နိုင်တဲ့သက်သေ ဘာမှ မလေးလေး လက်ထဲမှာ မရှိတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးက ဒါတွေရိပ်မိလို့ မလေးလေးကို စကတည်းက မသက်ာလို့ သေတ္တာကိုဖွင့်ရှာခိုင်းတာပဲ၊ အဲဒါကိုပဲ ထောက်ကြည့်ပေါ့ မကေသီ၊ အစ်ကိုကြီးဟာ မမကေသီကို ဘယ်လောက် အကာအကွယ်ပေးချင်တယ် ဆိုတာ"

ကေသီက မထွေးကြည်၏ စကားကို ဦးခေါင်း တညိတ်ညိတ် နားထောင်ရင်း ...

"ကိုမောင်က လေးလေဟာ ကိုညွှန့်ဦးရဲ့ညီမမှန်း ဖိုင်တွဲ လက်ထဲရောက်ပြီးတဲ့ အချိန်ကစပြီး သိလျက်သားနဲ့ တို့ကို ဘာလို့ ဒီအကြောင်း မပြောဘဲ မြိုနေခဲ့သလဲ မသိဘူးနော်"

"ရှင်းနေသားပဲ ကေသီ၊ ဦးရှိန်လှမောင်က သူ့နည်းသူ့ဟန်နဲ့ ကေသီကို သေစေချင်နေတုန်းမှာ လက်တုံ့ပြန်မလို့ လေးလေး ရောက်လာတော့ လွှတ်ပေးထားတဲ့ သဘောပေါ့၊ လေးလေးက လက်တုံ့ပြန်လိုက်လို့ ကေသီ သေသွားလည်း သူလုပ်ရမယ့် တာဝန်တစ်ခု ပေါ့သွားတာပေါ့၊ လေးလေးက ကေသီ့ကို သတ်ခဲ့ရင် ဦးရှိန်လှမောင်ရဲ့ ကိုယ်စား သတ်ပေးရာတောင် ရောက်မယ်လေ၊ ဒါကြောင့် လေးလေးဟာ ကိုညွှန့်ဦး ညီမမှန်း သိပေမယ့် ကေသီ့ကို ဘာမှ ပြန်မပြောဘဲ ဦးရှိန်လှမောင်က မြိုထားတာ နေမှာပေါ့၊ ဒါပေမဲ့ လေးလေးက ကေသီ့ကို တကယ်တမ်းကျတော့ လက်တုံ့မပြန်ရက်ဘူး၊ ဦးရှိန်လှမောင်က လေးလေး လက်တုံ့ပြန်နိုးစောင့်ရင်း သူ့အစီအစဉ်ကိုလည်း ဆက်လုပ်တာ ကေသီ အကဲခတ်မိလောက်ပါတယ်"

"ကိုမောင်က ဘာဆက်လုပ်တာကို ဆိုလိုတာလဲ လေးလေး"



"မျက်နှာဖုံးကို စာအိတ်တစ်ခုထဲထည့်ပြီး ကေသီ့ဆီပို့ခိုင်းတယ်လေ၊ ဟောဒီ မထွေးကြည်ပဲ လာပို့တာ မဟုတ်လား၊ နောက်ပြီး ကေသီ ရေချိုးခန်းဝင်တုန်းပဲ ဒီမျက်နှာဖုံးကို မထွေးကြည်က ပြန်ခိုးယူလိုက်တယ်၊ ကေသီက ကိုညွှန့်ဦးကို သတ်ပစ်စဉ်တုန်းက အိမ်ကထွက်ကတည်းက မျက်နှာဖုံးတစ်ခု ယူသွားပြီး အစ်ကိုညွှန့်ဦးကို ပစ်သတ်လို့လည်းပြီးရော မျက်နှာဖုံးကို ရဲတွေက ဘာလိုလို အထင်မှားအောင် အလောင်းဘေးမှာ ပစ်ချခဲ့တယ် မဟုတ်လား"

"မှန်တယ် လေးလေး၊ ကေသီ တစ်ယောက်တည်း ရှိနေတုန်း မျက်နှာဖုံးတပ် လူဆိုးက ဖောက်တွင်းဝင်လာတယ်လို့ ရဲတွေထင်အောင် လုပ်ခဲ့တာပဲ"

"ဘာပဲပြောပြောပေါ့ ကေသီ၊ အကြောင်းအမျိုးမျိုးကြောင့် အစ်ကိုညွှန့်ဦးကို ကေသီ သတ်ခဲ့ရပေမယ့် မုန်းစိတ်နဲ့လည်း မဟုတ်ဘူး၊ နာကြည်းစိတ်နဲ့လည်း မဟုတ်ဘူး၊ အတ္တသဘောပေါ့လေ၊ မိမိကိုယ်ကလွဲပြီး သူတစ်ပါးကို မသနားနိုင်လို့ အစ်ကိုညွှန့်ဦးကို ကေသီ သတ်ခဲ့ရတယ်၊ သတ်ပြီးတဲ့နောက် မုန်းစိတ်၊ နာကြည်းစိတ်နဲ့ မဟုတ်တာမို့ ကေသီ ယူကျုံးမရ ဖြစ်ရတယ်၊ တွေးလိုက်တိုင်း ကေသီကို ချောက်ချားအောင် ဦးရှိန်လှမောင်က သောက်ဆေးနဲ့ရော၊ အဖြစ်အပျက် တစ်ခုခုနဲ့ရော ခြောက်လှန့်ခဲ့တာပဲ ကေသီ"

ကေသီသည် မျက်ရည်မကျတော့။ သို့သော်သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လွန်ပြီးတာတွေ ပြီးသွားပြီ လေးလေး၊ မှန်တာပြောရရင် တို့ဟာ အခု ကိုမောင်နဲ့အတူတူ စည်းစိမ်တွေ အခြွေအရံတွေနဲ့ နေရတာကို အင်မတန် ပျော်ပိုက်နေတယ်၊ လက်ရှိဘဝကို မစွန့်နိုင်ဘူး၊ ဒီတော့ တို့စွန့်စားရမှာပဲ၊ လေးလေးပြောသလို ကိုမောင်က တို့ကို သေကြောင်းကြံနေတာမှန်ရင်လည်း သေပါလိမ့်စေတော့။ အဲ ... လေးလေး ပြောတာ မမှန်ဘဲ ကိုမောင်က တို့အပေါ်မှာ တကယ်စေတနာရှိးနဲ့ဆိုလည်း ရာသက်ပန် ကိုမောင်နဲ့ပဲ အတူတူ ပျော်ပျော်ကြီး နေသွားမယ် လေးလေး"

လေးလေး ပခုံးတွန့်ပြရတော့သည်။ ကေသီ့အားလက်လျှော့လိုက်ပြီလည်း ဖြစ်တော့သည်။ ကေသီသည် ဦးရှိန်လှမောင် အပေါ်တွင် ထားရှိသော ချစ်ခြင်းမေတ္တာနှင့်ပင် နောက်ဆုံးသေချင်လည်း သေပါလိမ့်စေဆိုသည့် နောက်မှာတော့ လေးလေးအနေနှင့် ကျွဲအပါးတွင် ဘယ်လိုစောင်းမျိုး ဆက်၍တီးနိုင်အံ့တော့နည်း။

✤ ✧ ✤



## ၂၀

အေးရိပ်ငြိမ် တောင်ကုန်းပေါ်သို့ မော်တော်ကားသည် ဦးမော့ကာ တက်ခဲ့လေပြီ။

ခြံတံခါးမှာ ဖွင့်လျက်သား ရှိနေသည်။

ညွှန့်ဦးအား ပစ်သတ်ခဲ့သည့်ကိစ္စ၏ နောက်ပိုင်း...ယ် ခြံစောင့်သည့် တာဝန်မကျေပဟုဆိုကာ အလုပ်မှ ရပ်စဲလိုက်...သည်။ ခြံစောင့် မရှိပြီ။

အေးရိပ်ငြိမ်၏ ဆင်ဝင်အောက်တွင် ကေသီက ...ကို ရပ်လိုက်သည်။

အေးရိပ်ငြိမ်၏ တံခါးသော့များသည် ပိတ်လျက် ... ရှိနေသည်ကို တွေ့ရလေသည်။

သူတို့သုံးယောက်စလုံး ကားတံခါး ဖွင့်ဆင်းကြ...ည်၊ မထွေးကြည်သည် မလှမ်းမကမ်းတွင် အမြဲရှိနေပေသည်။

ကေသီ ကိုယ်တိုင် အေးရိပ်ငြိမ်၏ မျက်မှန်အခြေ...ကြည့်ပြီး အံ့သြသွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကေသီ၏စိတ်ထဲတွင် မထွေးကြည်မှာ မိမိတို့နှင့် အတူပါလာသည်မို့ ဒရိုင်ဘာ ကိုမြမောင်က အေးရိပ်ငြိမ်သို့ မနေ့ကတည်းက ရောက်နှင့်နေကာ အေးရိပ်ငြိမ်ကို သန့်ရှင်းထား ပြီး တံခါးဖွင့် စောင့်ကြိုလိမ့်မည်ဟု ထင်ခဲ့သည်။

ယခု တွေ့ရသည်မှာ အရာရာသည် ပိတ်ဆို့ငြိ ငြိမ်သက်နေသည်။

တံခါးဖွင့်၍ အထဲသို့ ဝင်ခဲ့သည်။ ကေသီကရှေ့မှ ဝင်သည်။ ကေသီ့နောက်မှ လေးလေး ဝင်လိုက်ခဲ့သည်။

ဧည့်ခန်းတွင် ဖုန်တွေတက်နေသည်။

"ဘယ်လိုလဲ ကေသီ၊ ဘယ်သူတစ်ယောက်မှ ဒီကိုရောက် မနေ နှင့်ပါလား၊ ဒါရိုက်တာ ကိုမြမောင်ကို ပို့ထားပေးခဲ့ ဆို"

"ရောက်ချင်လည်း ရောက်နေမှာပေါ့ လေးလေး၊ တို့များ ဒီနေ့ ဒီအချိန် လာမယ်ဆိုလို့ မြို့ထဲကို စားစရာသော စရာတွေများ သွားဝယ်နေလားမှ မသိတာ"

"မဖြစ်နိုင်ဘူး ကေသီ၊ ကိုမြမောင် ရောက်မယ်ဆိုရင် တစ်နေ့ ကြိုပို့ပေးမယ်ဆိုတော့ မနေ့ကတည်းက ရောက် ရမယ်၊ ဒါဆို ဧည့်ခန်းမှာ ဖုန်တွေ အမှိုက်တွေ ရှင်း ပေးမှာပေါ့၊ ဘာပဲပြောပြော လေးလေးနဲ့ ကေသီ ဦးရှိန်လှမောင်ရဲ့ ထောင်ချောက်ထဲ ရောက်နေတာ သေ တယ် ကေသီ"

ကေသီသည် ဇဝေဇဝါ စိတ်ဖြင့် စဉ်းစား လက်ရှိ အခြေအနေပေါ်တွင် မူတည်ပြီး လေးလေးဖြေ



များသည် ဟုတ်များ ဟုတ်နေပြီလားဟုလည်း သံသယဖြစ်လာ သည်။

နောက်ဆုံး ကေသီသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက် သည့်အလား သူမလက်တွင် ကိုင်ထားသော ကားသော့ကို လေး လေးအား လှမ်းပေးလိုက်သည်။

"တို့များ ထောင်ချောက်ထဲ ဝင်မိတာ ဖြစ်ချင်လည်းဖြစ် မယ် လေးလေး၊ တို့အဖို့တော့ အခုအဖြစ်ဟာ ထောင် ချောက်ဆိုလည်း ထောင်ချောက်မှာပဲ အမိခံရတော့မယ်၊ တို့အတွက် ကိုမောင့် ရင်ခွင်ကလွဲပြီး တခြား ဘယ်ကိုမှ သွားစရာမရှိဘူးလေ၊ ဒါပေမဲ့ လေးလေးတော့ တို့ကားကို ယူပြီး မောင်းသွားပါ၊ လေးလေးဟာ တို့အပေါ်မှာ လက် တုံ့ပြန်ဖို့ အင်မတန် ကောင်းပါလျက် တို့ကို လက်တုံ့မပြန် ရုံမကဘူး၊ ကြင်နာစိတ်ပါ ထားခဲ့တယ်၊ တို့ကို လက်တုံ့ ပြန်နိုင်တဲ့ အခွင့်အရေးတွေ အကြိမ်ကြိမ်ရလျက်နဲ့ မတုံ့ပြန် ခဲ့ဘူး၊ ဒီတော့ တို့ကလည်း လေးလေးကို ပြန်ပြီးစေတနာ ရှိတာ အမှန်ပါ၊ ပြေးတော့ လေးလေး၊ တို့ကားကို မောင်း ချင်ရာမောင်းပြီး ပြေးပေတော့"

"ကေသီ့စေတနာကို လေးစားပါတယ်၊ ဒါပေမဲ့ လေးလေး အတွက် ပြေးမလွတ်ဘူး ကေသီ၊ အပြင်ဘက်မှ မထွေး ကြည်က သေနတ်ကိုင်ပြီး စောင့်နေတယ် မဟုတ်လား"

"လာ … တို့လိုက်ခဲ့မယ်၊ မထွေးကြည် လက်က သေနတ် ကို တို့ ပြန်တောင်းပေးမယ်၊ လေးလေး မောင်းသွားပေ သော့"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား အပြင်ပြန်ထွက်လာကြသည်။ အပြင်ဘက်တွင် မထွေးကြည်ကို မတွေ့ရတော့ပေ။ ကေသီက မထွေးကြည်ကို အော်ခေါ်သည်။

"မထွေးကြည် ... မထွေးကြည်"

ဘယ်နေရာကမှ မထွေးကြည်၏အသံကို မကြားရတော့။ မထွေးကြည်၏အရိပ်အယောင် မတွေ့ရတော့။ ခြံထဲမှာပင် မထွေးကြည်သည် ရှိန်းဆာယာပိုမောက်ပြီး ကိုယ်ပျောက်သွားလေပြီ။

"ကဲ ... မထွေးကြည်လည်း လစ်သွားပြီ ထင်တယ် လေးလေး ကားယူသွားတော့လေ"

"ကေသီပါ တစ်ပါတည်း ပြန်လိုက်ခဲ့ပါ"၊

ကေသီ ခေါင်းခါသည်။ မျက်နှာကိုလည်း တင်းမာထားလိုက်သည်။

"တို့အတွက် ရွေးစရာလမ်း မရှိတော့ဘူး လေးလေး၊ တို့ ဒီမှာပဲ နေခဲ့မယ်၊ သွားတော့ လေးလေး"

မတတ်နိုင်ပြီ။

ကျန်စစ်သားသည် စေတနာမှန်ဖြင့် စောလူးကို ကယ်၏။ စောလူးက စေတနာမှန်သော ကျန်စစ်သားကို မယုံကြည်။ ငရမန်ကန်းကိုသာ ယုံကြည်သောကြောင့် ဖွတ်နေခဲ့သည်။ ကျန်စစ်သား ဘာတတ်နိုင်မည်နည်း။ မိမိအသက်အားအတွက် အလွတ်ပြေးရသည်သာ။

လေးလေး မော်တော်ကားဆီသို့ လာခဲ့သည်။ မော်တော်ကားအနီး ရောက်သည်နှင့် မိမိလည်း မပြေးနိုင်တော့ပြီး ချက်ချင်းနားလည်လိုက်ရတော့သည်။



အကြောင်းမှု မော်တော်ကား လေးဘီးစလုံးသည် ပြားချပ်နေသည်။ မထွေးကြည်သည် မော်တော်ကားဘီး လေးဘီးစလုံးကို လေတစ်စက်မျှ မကျန်အောင် လေတွေလျှော့ပစ်ခဲ့ပြီးလေပြီ။

လေးလေးက ကားဘီးများကို သက်ညှိုးထိုးပြလိုက်ခြင်းဖြင့် ကေသီကလည်း လှမ်းကြည့်ကာ သဘောပေါက်သွားသည်။

"လာ ... လေးလေး၊ အေးအကောင်းဆုံးကတော့ အခုလောလောဆယ် အိမ်ထဲမှာ တံခါးပိတ်နေတာ အကောင်းဆုံးပဲ ဖြစ်မယ်"

အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြသည်။ တံခါးပိတ်ထားလိုက်သည်။ ညှိခန်းထဲဝယ် ဖုန်တက်နေသော ဆက်တီကုလားထိုင်များပေါ်တွင် ဖုန်ပင်မခါနိုင်ထဲ ထိုင်ချလိုက်ကြ၏။

မထွေးကြည် ကိုယ်ယောင်ဖျောက်သွားခြင်း၊ ကားဘီးများကို လေလျှော့ခဲ့ခြင်းများအရ ကေသီသည် မိမိတို့နှစ်ယောက်အပေါ်သို့ ကိုမောင်က တစ်ခုခု မကောင်းကြံလေပြီဟု ယုံကြည်လာရတော့သည်။

နှစ်ယောက်သား စိတ်အားငယ်စွာဖြင့် တစ်ယောက်ကိုတစ်ယောက် ငူငူငိုင်ငိုင် ကြည့်နေစဉ်မှာပင် နောက်ဖေးဘက်မှ ခြေသံလိုလို ကြားရပေတော့သည်။

"ဟော ..."

နှစ်ယောက်သား ပြိုင်တူပင် အသံဗလံ ကြားရာသို့ လှည့်ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဘက်ဆီမှ တံခါးသည် တဖြည်းဖြည်း ပွင့်လာသည်။ တံခါးအားလုံး ပွင့်သွားသည်နှင့် လူတစ်ကိုယ်လုံးကို ကေသီရော လေးလေးပါ တွေ့လိုက်ရပေပြီ။

ဦးရှိန်လှမောင်ပင် ဖြစ်ပါ၏။

ဦးရှိန်လှမောင်၏ လက်ထဲတွင် အမျိုးသမီးကိုင်သေနတ်တစ်လက် ကိုင်ထားသည်။

စောစောက မထွေးကြည် ကိုင်ခဲ့သော ကေသီ၏ ပစ္စတိုသေနတ်ဖြစ်သည်။ ချိုင်းကြားတွင်လည်း ဖိုင်တွဲတစ်ခုညှပ်ထားသေး၏။ လေးလေးထံမှ မထွေးကြည် ခိုးယူသွားသောဖိုင်တွဲ ဖြစ်ပေသည်။

ကေသီနှင့် လေးလေးက ကြက်သေ,သေပြီး ဦးရှိန်လှမောင်ကို လှမ်းကြည့်နေစဉ်မှာပင် ဦးရှိန်လှမောင်သည် တစ်လှမ်းချင်း ရှေ့သို့တိုးလာ၏။

ကေသီက အထိတ်တလန့် လေသံဖြင့် ဦးရှိန်လှမောင်အား လှမ်းမေးလိုက်သည်။

"ကိုမောင် ... ကိုမောင်၊ လက်ထဲက သေနတ်နဲ့ ကိုမောင်က ကေသီ့ကို သတ်တော့မလို့လားဟင်"

"ကြံကြံဖန်ဖန် ကေသီရယ်၊ ကိုမောင်က ကေသီ့ကို ဘာလို့သတ်ရမှာတုံး၊ ကေသီ့ကို သတ်တယ်လို့ အများစွပ်စွဲရမှာက ဟောဒီ မလေးလေးလေ၊ ကေသီ ပစ်သတ်ခဲ့တဲ့ ညွန့်ဦးရဲ့ ညီမအရင်းခေါက်ခေါက် မလေးလေးကသာ ကေသီ့ကို သတ်တယ်လို့ ဖြစ်ရမှာပေါ့၊ ကေသီက သူ့အစ်ကို ညွန့်ဦးကို သတ်ခဲ့တာ မလေးလေးက သိတယ်၊



ကေသီ့ကို မကျေဘူး၊ ဒီတော့ ကေသီ့ကို အပြတ်ရှင်းလက်တုံ့ပြန်ဖို့ မလေးလေးက တင်ကြိုကြံစည်ချက်တွေပြုခဲ့တယ်၊ ကေသီ့ကို အနီးကပ်ပေါင်းပြီး ကိုမောင်တို့အိမ်ကြီးထဲ အတွင်းလူအဖြစ် ဝင်ခဲ့တယ်၊ နောက်ပြီး သူ့အစ်ကို ညွန့်ဦးကို သေစေခဲ့တဲ့ သေနတ်နဲ့ပဲ ကေသီ့ကို ပြန်လက်တုံ့ပြန်ချင်တဲ့အတွက် ကေသီ့ဆီက သေနတ်ကိုရအောင် မလေးလေး ယူထားတယ်၊ နောက်တစ်ချက်က ကေသီ့ကို အိမ်ကြီးထဲမှာ လုပ်ကြံဖို့ အခွင့်သာတာလည်းတစ်ကြောင်း၊ သူ့အစ်ကို သေခဲ့ရတဲ့ အေးရိပ်ငြိမ်မှာပဲ ကေသီ့ကိုသေစေလိုတာကြောင့်တစ်ကြောင်း၊ စိတ်ရောဂါဖြစ်နေတဲ့ ကေသီ့ကို ဖြားယောင်းပြီး ဒီအေးရိပ်ငြိမ်ကို အပါခေါ်လာတယ်၊ ဒီကျမှ လက်တုံ့ပြန် ပစ်သတ်လိုက်တယ်လို့ ရဲတွေက ယူဆရတော့မယ်လေ၊ အဲ ... ကေသီ့ကို လက်တုံ့ပြန်ပြီးတဲ့နောက် မလေးလေးဟာ အစိုးရအပြစ်ဒဏ် မခံတော့ဘဲ သူ့ကိုယ်သူပြန်ပြီး ပစ်သတ်သေလိုက်တယ်ပေါ့၊ ဟောဒီ ဖိုင်တွဲက မလေးလေး အလောင်းနားမှာပဲ ရှိနေမယ်လေ၊ အဲဒီလိုပါ ကေသီ၊ ဒါဆိုရင် ကိုမောင်က ကေသီ့ကိုသတ်တာ မဟုတ်တော့ဘူးပေါ့"

ကေသီသည် ဆက်တီကုလားထိုင်ပေါ်မှဆင်းကာ ကြမ်းပြင်တွင် ဒူးထောက်ထိုင်ချလိုက်သည်။ ပြီး ... ရှိန်လှမောင်အား လက်အုပ်လေးချီ ကန်တော့ကာ တောင်းပန်ရှာသည်။

"ကိုမောင်ရယ် ... ကိုမောင့်ကို ကေသီ ဘယ်လောက်ချစ်တယ်ဆိုတာ ကိုမောင် အသိပါနော်"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်သိတာပေါ့ အချစ်ရယ်၊ ကိုမောင်ကလည်း ကေသီ့ကို သိပ်ချစ်ခဲ့တာပဲ မဟုတ်လား၊ ကေသီ မရှိတဲ့နောက်မှာ ကိုမောင်ဟာ ကေသီ့ကို တတမ်းတတ ဖြစ်နေရမှာပေါ့၊ ယုံပါ ကေသီ"

"ကိုမောင် တကယ်ရက်စက်တော့မှာလားဟင်"

"မလွဲသာလွန်းလို့ပါ ကေသီ၊ ကေသီ ကောင်းရာမွန်ရာ ရောက်အောင် ကိုမောင် စည်းစိမ်ထက်ဝက် ကုန်တဲ့အထိ ကောင်းမှုကုသိုလ်တွေ လုပ်ပြီးတော့ ကေသီ့ကို အမျှဝေပေးပါ့မယ် ကေသီ"

လေးလေးမှာ ကြောက်စိတ်တွေပင် ပျောက်သွားအောင် ကေသီ့ကို သနားမိသည်။ ကေသီ့ကို သနားသလောက် ဦးရှိန်လှမောင်အား အစိမ်းလိုက် ဝါးစားချင်လောက်အောင် မုန်းစိတ်တွေ ပေါ်လာသည်။

ရှိန်လှမောင်က သေနတ်ပြောင်းကို ကေသီ့ ရင်ဘတ်ဆီသို့ ချိန်လိုက်သည်။

လေးလေးက စားပွဲပေါ်ရှိ ဖန်သားဖြင့် လုပ်ထားသော ဆေးလိပ်ပြာခံခွက်ကို ကောက်ကိုင်သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

ရှိန်လှမောင်က ကေသီ့ကို ပစ်လေပြီ။

လေးလေးကလည်း ဘာပဲဖြစ်ဖြစ်ဟု ပိုင်းဖြတ်ကာ ကိုင်မိထားသော ဆေးလိပ်ပြာခံခွက်ဖြင့် ရှိန်လှမောင်အား ပေါက်ထည့်လိုက်သည်။



ကေသီ့အတွက်မူ လေးလေး၏အန်တုချက်သည် အရာမရောက်ပေ။

ဆေးလိပ်ပြာခံခွက်ကလည်း ရှိန်လှမောင်၏နားထင်ကိုပင် ထိသည်။

ရှိန်လှမောင်က ကေသီ့ကိုပစ်ပြီး နားထင်သို့လာထိသောအခါ သေနတ်ပြောင်းကို လေးလေးသို့ လှမ်းချိန်လိုက်သည်။

သူ၏နားထင်သာ မထိပါက ကေသီ့အား သုံးချက်တက် ပိုပြီးပစ်ဦးမည်ထင်သည်။ သို့မှသာ ကေသီက ညွန့်ဦးအား ပစ်သတ်ခဲ့ဖူးသည်နှင့် ထပ်တူ လေးလေး လက်တုံ့ပြန်သည်ဟု ပိုမိုခိုင်လုံမည် မဟုတ်လား။

နားထင်သို့ အထိနာသောကြောင့် လေးလေးအား ချိန်လိုက်သည်။

"ဒိုင်း ..."

သေနတ်သံတစ်ချက်သာ ထွက်လာသည်။ ယင်းသေနတ်သံကြောင့် လေးလေးမှာ ဘာမျှဖြစ်မသွားဘဲ ရှိန်လှမောင်သာလျှင် အားခနဲအော်ကာ လက်ထဲမှ သေနတ်ရော၊ ချိုင်းကြားမှ ဖိုင်တွဲရော ပြုတ်ကျကုန်ကာ ရှိန်လှမောင် ချာလပတ်လည်သွားသည်။ ရှိန်လှမောင် သေနတ်ကိုင်ခဲ့သောလက်သည် တွဲလောင်းကြီး အောက်သို့ကျသွားပြီး လက်မောင်းမှသွေးတွေ ထွက်လာသည်ကို တွေ့ရသည်။

"ဘယ်လိုလဲ ကိုရှိန်လှမောင်၊ ကျုပ် ဦးသြလေ၊ ပဲခူးရဲစခန်းက ရဲအရာရှိ ဦးသြလေဗျာ။ ဒီတစ်ချီတော့ ကျုပ်သိပ်မှန်သွားပြီ ကိုရှိန်လှမောင်"

www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးပွင့်နေသည်၊ တံခါးဝတွင် ရဲအရာရှိဦးဩ က ရှေ့ဆုံးမှ သူ၏ခြောက်လုံးပြူးကြီးကိုကိုင်ရင်း ရပ်နေသည်။

ဦးဩသည် သေနတ်ပစ်ရာတွင် မြန်လည်းမြန် သလောက် လက်လည်း တည့်လှသည်။ သေနတ်ဖြင့် လေးလေး ကိုချိန်နေပြီဖြစ်သော ရှိန်လှမောင်၏ သေနတ်ကိုင်ညာလက်ကို ဦးဩက သူ့ခြောက်လုံးပြူးကျည်ဆန် တစ်တောင့်တည်းနှင့်ပစ် ချိုးလိုက်နိုင်သည်။

ရဲအရာရှိနောက်တွင် ရဲကြပ်၊ ရဲသားများ ပါလာသည့် အပြင် ဇေယျာအောင်နှင့် ကိုဝဏ္ဏတို့ပါ ပါရှိလာသည်ကို လေးလေး မြင်တွေ့ရသည်။

ဇေယျအောင်သည် လေးလေးရှိရာသို့ ပြေးသွား သည်။ လေးလေးကလည်း လက်နှစ်ဖက် ဆန့်တန်းကာ ဇေယျာ အောင်အား ကြိုပါ၏။

နှစ်ဦးသား ဖွေ့ပိုက်ထားမိကြသည်။ လူ့မနော လူ့သဘာဝပင် ဖြစ်ပါ၏။ လေးလေးအဖို့ အသက်အန္တရာယ်နှင့် ကြုံရပြီး သေအံ့မူးမူးတွင် မမျှော်လင့်ဘဲ လွတ်မြောက်သွားချိန်၌ မိမိအားကိုးအားထားပြုသူကို ဖြုန်းခနဲ တွေ့လိုက်ရာတွင် ဟန် ဆောင်ရန်ပင် သတိမရတော့ဘဲ ဖက်လဲတကင်း ဖြစ်သွားရခြင်း မျိုး ဖြစ်သွားပါတော့၏။

"ကောသီကို ကြည့်ပါဦး ကိုဇေယျာအောင်၊ ကောသီဟာ တကယ့်ကို သနားစရာပါ"

ဇေယျာအောင် ဒူးထောက်ပြီး ကောသီကို သေချာ စမ်းသပ်ကြည့်သည်။ သွားပြီ။ အသက်ငွေ့ငွေ့လေးပင် မထော့ တော့ပြီ။



ဇေယျာအောင်က ကောသီအပါးမှထပြီး ရှိန်လှမောင် ထံ လျှောက်သွားသည်။

ဘာမပြော ညာမပြောပင် ရှိန်လှမောင်၏ပါးကို ဖြန်းခနဲ ဇေယျာအောင်က ရိုက်ပစ်လိုက်သည်။

ရှိန်လှမောင်က အရိုက်ခံရစေကာမူ အပြုံးမပျက်ပါ လေ။

"ဘယ်လိုလဲ ဇေယျာအောင်၊ မင်း သိပ်ကျေနပ်သွားပြီ မဟုတ်လား၊ ငါ့ပစ္စည်းတွေကိုလည်း မင်း မိအောင်ဖမ်း တယ်၊ အခု ငါ့ကိုလည်း မင်းပဲ ရဲအရာရှိဦးဩကို သတင်း ပေးပြီး ဝင်ဖမ်းတာ မဟုတ်လား"

ဇေယျာအောင်က ဦးရှိန်လှမောင်ကို စေ့စေ့ကြည့် ပြီး ပြန်ပြော၏။

"ဒေါ်ကောသီကို ကျုပ် မကယ်လိုက်နိုင်တာကိုပဲ မကျေနပ် နိုင်သေးဘူး သိလား"

"မှားတော့မပေါ့ ဇေယျာအောင်၊ ကောသီကို ငါပစ်သတ် တာ မင်းတို့ လက်ပူးလက်ကြပ်မမိဘဲ ငါလွတ်သွားရင် ဒီတစ်သက် မင်း ငါ့ကို ဘယ်ဖမ်းမိမလဲကွာ နော်"

"သိပ်အထင်မကြီးနဲ့ ဦးရှိန်လှမောင်၊ ကျုပ် ပဲခူးကိုထွက် လာတဲ့ အချိန်မှာပဲ ကျောက်တံတားရဲစခန်းမှူးက ကြီးမြင့် ကို ဖမ်းလိုက်ပြီ၊ ကြီးမြင့် ဖော်သရွေ့ ခင်ဗျား နောက်ပိုင်း က လူသတ်မှုတွေကော ပြေးလွတ်မတဲ့လား၊ ကြီးမြင့် တောင်မကဘူး၊ ရော်နီကိုလည်း ဖမ်းမိမှာ သေချာတယ်၊ ရော်နီကလည်း ဦးမြိုင်ကို သတ်ခဲ့တာတွေ ဖော်မှာပဲ ဦးရှိန်လှမောင်၊ ခင်ဗျားအတွက် ဓာတ်က သိမ်းပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိဦးသြသည် သူ့တပည့်လက်သား စုံညီစွာဖြင့် စီစဉ်စရာရှိသည်တို့ကို စီစဉ်တော့သည်။ ကေသီ၏အလောင်းကို ပဲခူးဆေးရုံကြီးသို့ ပို့ပေးသည်။ ဦးရှိန်လှမောင်ကိုလည်း လက်ထိတ်ခတ်ကာ ရဲအစောင့်နှင့် ဆေးရုံပို့ဖို့ စီစဉ်သည်။ မထွေးကြည်ကို လတ်တလော မမိလိုက်သော်လည်း မိအောင်လိုက်လံရှာဖွေ ဖမ်းဆီးမည်မှာ သေချာပေသည်။

✤ ✧ ✤



BURMESE CLASSIC .com

## ( ၄၂ )

"ကဲ ... သူငယ်ချင်း ဝဏ္ဏ၊ ငါ့မော်တော်ဆိုင်ကယ်ကို မင်းပဲ ရန်ကုန်ကို စီးသွားပေတော့"

"ငါတစ်ယောက်တည်း စီးသွားရမယ် ဟုတ်လား"

ပဲခူးရဲစခန်းမှ ရဲအရာရှိ ဦးသြ သိချင်သမျှ မေးမြန်းသည်များကို ဖြေကြားပြီး ဇေယျာအောင်၊ လေးလေးနှင့် ဝဏ္ဏတို့ ထွက်လာကြတော့သည်။

ဦးသြက လိုအပ်သည့်နေ့ရက်များတွင် ဇေယျာအောင်ထံ ဖုန်းဆက်အကြောင်းကြား ခေါ်ယူမည်။ ယခုမူ ဇေယျာအောင်ကား လေးလေးပါ ပင်ပန်းလှပြီဖြစ်၍ ရန်ကုန်သို့ ပြန်လိုကပြန်နိုင် ခွင့်ပြုလိုက်ခြင်း ဖြစ်ပေသည်။

ရန်ကုန်မှလာစဉ်က ဇေယျာအောင်က သူ၏မော်တော်ဆိုင်ကယ်ကို ရှေ့မှ တရကြမ်းမောင်းလာပြီး ဝဏ္ဏကနောက်မှ ဇေယျာအောင်၏ ခါးကိုဖက်ပြီး လိုက်ခဲ့ခြင်းဖြစ်သည်။ ယခုအပြန်ခရီးတွင် ဇေယျာအောင်က သူ၏မော်တော်ဆိုင်ကယ်ကြီးကို ထိုးပေးပြီး ဝဏ္ဏအား တစ်ယောက်တည်း ပြန်လွှတ်နေသည်ကို [illegible]ဘ မကျေမနပ်ဖြင့် ရှုံ့မဲ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကော ဘာနဲ့ပြန်မှာလဲ ဖေယျာအောင်"

"ဟ ... ငါက ကားတစ်စီးငှားပြီး လေးလေးနဲ့ အတူတူ ပြန်မယ်လေကွာ"

"ကောင်းကွာ"

ဝဏ္ဏက ညည်းတွားရင်း မော်တော်ဆိုင်ကယ်ကိုစွ လိုက်သည်။

ထို့နောက် တစ်ချက်တည်း စက်နှိုးကာ ဖေယျာ အောင်ကိုရော လေးလေးကိုပါ နှုတ်ဆက်ခြင်းမပြုတော့ဘဲ ဗွူးခနဲဆိုင် ကယ်မောင်းထွက်သွားပေတော့သည်။

"လာ ... လေးလေး၊ စာတိုက်ကြီးနားမှာ အငှားကားတွေ ရှိတတ်တယ်"

နှစ်ဦးသား ယှဉ်တွဲလျှောက်လာကြသည်။ လျှောက် လာရင်း ဖေယျာအောင်က လေးလေး၏စာရပြီး ချက်ချင်း သူ၏ လုပ်ဆောင်ချက်တွေကို လေးလေးအား ပြောပြလေသည်။

"ဝဏ္ဏကို လိုက်ရှာနေရတာနဲ့ အချိန်နည်းနည်း နောက်ကျ သွားတယ် လေးလေး၊ နို့မို့ရင် ဒေါ်ကေသီကိုပါ အသက် ကယ်နိုင်မှာ၊ အခုတောင် လေးလေးရဲ့အသက်ကို လက်စ တင်လေး မီလိုက်တာ"

လေးလေးကလည်း ကေသီ၏အဖြစ်ကို မျက်ရည် လေးဝဲကာ အသံတုန်တုန်လေးနှင့် ပြန်ပြောပြသည်။

"လေးလေးကတော့ ကေသီ့ကို သိပ်သနားတာပဲ ကိုဖေယျာ အောင်၊ ဦးရှိန်လှမောင်ကို ကေသီ ချစ်ပုံမျိုးကတော့ တကယ် ရှားတယ်၊ အသက်ပေးချစ်တယ်ဆိုတာ ကေသီ့လို မိန်းမ



မျိုးပေါ့၊ ကေသီကချစ်သလောက် ဦးရှိန်လှမောင်က တကယ် ရက်စက်တယ်၊ တစ်ချိန်လုံး ဦးရှိန်လှမောင်ဟာ ကေသီ့ကို ချစ်ဟန်ဆောင်ခဲ့တဲ့ လူပဲ၊ ဦးရှိန်လှမောင်ကို ကြည့်ပြီး ယောကျ်ားတွေရဲ့အချစ်ကို ဘယ်လိုမှ ယုံကြည်ချင်စရာ မကောင်းဘူး"

"ကိုယ့်ကိုတော့ ယုံပါ လေးလေး"

"ဘာရယ် ..."

"ကိုယ် လေးလေးကို ချစ်တာဟာ ပေတစ်သီး ကျီးတစ် သားဆိုတဲ့ အချစ်မျိုးပါ၊ ပေပင်ဟာ သူ့တစ်သက်မှာ တစ်ခါ သီးတယ်၊ ကျီးဟာလည်း တစ်သက်မှာ တစ်သားသာမွေး တယ်လေ၊ ကိုယ့်တစ်သက်မှာလည်း လေးလေး တစ်ယောက် တည်းကိုသာ ဒီတစ်ကြိမ်မှာပဲ ချစ်မိသူပါ လေးလေး"

"ကောင်းတာပေါ့ ကိုဖေယျာအောင်၊ သူတစ်ပါးအပေါ်မှာ စေတနာထားတယ်၊ မေတ္တာထားတယ်ဆိုတာ မင်္ဂလာတစ် ပါးပဲ၊ ဖရဟိတအလုပ်မို့ ကုသိုလ်လည်း ရပါတယ်"

"ဘာရယ် လေးလေး"

ဖေယျာအောင်က အကြိတ်အနယ် သူ၏နှလုံးသား အတ္တာဒိုက်ကာကြီး ဖွင့်ပြသည်။ လေးလေး ပြောပုံက သူ၏မေတ္တာ ...ည် အများသူငါအပေါ် ထားရှိသော မေတ္တာပုံစံမျိုး ပြောသဖြင့် ...ဲ့သဲတွင် အောင့်သက်သက်ဖြစ်ကာ အာခေါင်သံကြီးနှင့် ဘာ ... လေးလေးဟု ဟိန်းလိုက်သည်။

လေးလေးက ပါးချိုင့်လေးပေါ်အောင် ပြုံးလိုက် သည်၊

www.burmeseclassic.com

www.burmeseclassic.com



“လေးလေး နက်ဖြန်ဖြစ်ဖြစ်၊ ဒီညရထားလက်မှတ်ရလည်း ဒီညပဲဖြစ်ဖြစ် မန္တလေး ပြန်တော့မလို့”

“ဘာကိစ္စ ပြန်ရမှာလဲ၊ မဟုတ်တာ”

“လေးလေးရဲ့ဦးလေးနဲ့ အဒေါ်အိမ်က မန္တလေးမှာလေ၊ လေးလေး ရန်ကုန် ဆင်းလာတာကိုက အစ်ကိုညွန့်ဦး အတွက် တစ်ခုခုလုပ်မယ် ဆိုတဲ့စိတ်နဲ့ သူ ရှင်းသွားပြီ၊ လေးလေးအတွက် ရန်ကုန်မှာ နေစရာမရှိဘူး ကိုဖေယျာ အောင်”

“နေစရာ အများကြီးသိလား၊ လေးလေး မန္တလေးကို မပြန်ရဘူး၊ အခု ရန်ကုန်ပြန်ရောက်ရောက်ချင်း ကိုယ့်ကား အသစ်တစ်စီး ဘယ်လောက်ပေးရပေးရ ဝယ်လိုက်မယ်”

“ဘာဆိုင်လဲ”

“သိပ်ဆိုင်တာပေါ့၊ ကိုယ်တစ်ခါက လေးလေးကို ပြောဖူးသားပဲ၊ ကိုယ့်စိတ်ကြိုက် မိန်းကလေးကို လက်ထပ်တော့မယ်ဆိုကာမှ ကားအသစ်စက်စက်တစ်စီး ဝယ်စီးမယ်လို့လေ”

လေးလေးက မကြားသလို ကြားသလိုဖြင့် တစ်ဖက်သို့ မျက်နှာလွှဲနေလိုက်သည်။ ဒါကိုပင် ဖေယျာအောင်က မချင့်မရဲ ဖြစ်လာသဖြင့် လေးလေး၏ လက်ဝါးတစ်ဖက်ကို သူ့လက်ဝါးကြီးဖြင့် ဖမ်းဆုပ်ဖျစ်ညှစ်လိုက်သည်။

“လုပ်မနေနဲ့၊ ရန်ကုန်ရောက်ရင် တစ်ရက်နှစ်ရက်တော့ လေးလေး ကြိုက်တဲ့အဆောင်မှာ ခဏနေပေး၊ ကိုယ် လေးလေးနဲ့ လက်ထပ်ဖို့ အားချင်းစီစဉ်မယ်၊ ကိုယ့် ပြင်



သာယာလှမ်းက တိုက်အိမ်လေးကို ပရိဘောဂအသစ်တွေ ပြန်လဲပြီး မွမ်းမံမယ်၊ အဆင်သင့်ဖြစ်တာနဲ့ ကိုယ်နဲ့ လေးလေး တရားသူကြီး တစ်ယောက်ယောက်ဆီမှာ လက်ထပ်မယ်၊ လက်ထပ်ပြီးတာနဲ့ ကိုယ့်ပြည်သာယာလမ်းက တစ်ထပ်တိုက်လေးမှာ လင်မယား အတူနေမယ်၊ ဒါပဲ”

“အွန် ... ရင့်လိုက်တာ၊ ကိုယ့်ကို ဘယ်သူက ချစ်ပါပြီ လို့ ပြောသေးလို့လဲ”

“သိပ်ပြောတာပေါ့၊ ဟောဒီ ပါးချိုင့်လေးနဲ့ ဟောဒီမျက်လုံးလေးတွေက လေးလေး ရင်ထဲက ကိုယ့်ကို ချစ်နေပါပြီလို့ ပြောနေမှန်း ကိုယ် သိနေတာပဲ”

“မဟုတ်လိုက်တာ”

“ဘာမဟုတ်လိုက်တာလဲ၊ မဟုတ်တဲ့လူကလား အေးရိပ်ငြိမ်ထဲ ကိုယ့်ကိုလည်းတွေ့ရော အတင်းလက်ဆန့်ပြီး ပြန်ဖက်ထားတာလေ”

“အို ... ဒါက ... ဒါက ... သေဘေးက သီသီလေး အလွတ်မှာ ကိုယ်အားကိုးတဲ့လူကို တွေ့ရလို့ ဖြန်းခနဲ သွေးရူးသွေးတန်းနဲ့ ဖက်မိတာပဲဟာ”

“မညာနဲ့၊အားကိုးအားထား သွေးရူးသွေးတန်းနဲ့ဖက်မိတာ ဆိုရင် ဦးညြကြီးကို ဖက်ပါလား၊ ဒါမှမဟုတ် ဝဏ္ဏကို ဖက်ပါလား၊ ဘာလို့ ကိုယ့်ကိုမှ ရွေးဖက်ရလဲ”

“ဒါကတော့ ... ဒါကတော့ ...”

“ဒါကတော့တွေ ဘာတွေ လုပ်မနေနဲ့ လေးလေးအလောက် ဂျစ်ကန်ကန် ပြောနေတဲ့ လေးလေးရဲ့ပါးစပ်ကို ဒီလမ်း

www.burmeseclassic.com

www.burmeseclassic.com



လယ်ကောင်ကြီးမှာ ပိတ်ပစ်လိုက်မယ်၊ ငြင်းဆန်တဲ့စကား မျိုး ပြောရဲရင် နောက်ထပ် ပြောကြည့်”

လေးလေး ပါးစပ်ပိတ်သွားသည်။ ချစ်သူကို ဤမျှ ကသိကအောက်ဖြစ်အောင် စရလျှင် ကျေနပ်လောက်ပြီဟုလည်း အောက်မေ့လိုက်သည်။ ထို့ထက်မှာမူ သူ့ကို တကယ်တမ်းကျ တော့ လေးလေး လန့်သည်။ လမ်းလယ်ကောင်ကြီးမှာပင် သူက တကယ်နမ်းပစ်ချင် နမ်းပစ်မည့်လူကြီး။

ဘာပြောပြော ကျေနပ်ကြည်နူးစိတ်ဖြင့်ပင် လေးလေး က ချစ်သော ဖေယျာအောင်ကြီး၏ လက်ဝါးကို ပြန်လည်ဖျစ် ညှစ် ဆုပ်ကိုင်လိုက်မိပါတော့သတည်း။

BURMESE CLASSIC .com

နားကြပ်ဦးစို့

တက္ကသိုလ်တင်မြင့်

www.burmeseclassic.com